www.burmeseclassic.com

# မေဝါ၏ကလဲ့စား

## MAIWA'S REVENGE

SIR H.RIDER HAGGARD

ဒုတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မေဝါ၏ ကလဲ့စား

အဂုန်ရွှေမျှား

# MAIWA'S REVENGE

BY

Sir H. Rider Haggard

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၇၆၀ /၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၈၄ /၂၀၀၃ (၉)

❖

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် - (၂၀၀၃၊ ဒီဇင်ဘာလ)
အုပ်ရေ - [redacted]

❖

မျက်နှာဖုံး - တင်မောင်မျိုး
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ ယာယီ (ရ၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၆၀၀ - ကျပ်

BURMESE CLASSIC .com

၁

## အလန် ငှက်ပစ်ထွက်ခြင်း

မုဆိုးကြီး အလန်ကွာတာမိန်းသည် ကျွန်ုပ်အား သူ၏ခြသေ့် ၃ ကောင်'ပုံဝတ္ထုနှင့် ထိုအချိန်က သနားစဖွယ် သေဆုံးခဲ့ရရှာသော 'ဂျင်ဂျင်' ဆိုသူ ကောင်လေးအကြောင်းကို ပြောခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်ကြာသောအခါ တစ်နေ့တွင် ကျွန်ုပ်တို့သည် ငှက်ပစ်ထွက်၍ အိမ်သို့ပြန်ခဲ့ကြ၏။ သူသည် 'ယောက်ရှိုင်းယား' နယ်တွင် အိမ်သစ်တစ်လုံးကို ဝယ်ခဲ့ရာ၊ ထိုအိမ်၏ ဝန်းကျင်တွင် အမဲလိုက် ငှက်ပစ်ရန်ကောင်းသော မြေဧက ၂၀၀၀ ခန့်ရှိလေသည်။ ယင်းဧက ၂၀၀၀ အနက် ဧက ၁၀၀ ကျော်မှာ တောဖြစ်၏။ မြေကို ဝယ်ခဲ့သည်မှာ ၂ နှစ်မျှသာရှိသေးသော်လည်း ရစ်ကောင်အတော်များများ မွေးမြူထားပြီးဖြစ်၍ သူသည် အမဲလိုက်ရုံမျှမက ငှက်ပစ်ရန်လည်း ဝါသနာပါသူတစ်ယောက်ဖြစ်ကြောင်း သိရလေသည်။ ရိုးရိုးသေနတ်သာမက ၈၀ ဗို့ သေနတ်ကိုလည်း ကိုင်၍ပစ်ရန် ဝါသနာပါသူ ဖြစ်၏။ ထိုနေ့က သူ၊ ကျွန်ုပ်နှင့် ဆာဟင်နရီကာတစ် ၃ ဦးတို့သည် ဝါသနာပါသူချင်းဖြစ်၍ ငှက်ပစ်ထွက်ခဲ့ကြ၏။ နေ့လယ်ဘက်၌ ဆာဟင်နရီမှာ သူ၏တဲတွင် ကိုယ်စားလှယ်တစ်ယောက်နှင့် စကားပြောရန် ကိစ္စရှိသဖြင့် ပြန်သွား၏။ သို့သော် ညစာစားရန်ပြန်လာမည်ဖြစ်၍ သူလာသောအခါတွင် ကပ္ပတိန် 'ဂွဒ်' ကိုလည်း ခေါ်လာမည်ဖြစ်လေသည်။ သုံ့နေသော 'ပဒရရီ ကောလ်' နှင့် ကျွန်ုပ်၏ 'ဂရိန်း' အိမ်မှာ ၂ မိုင်ခန့်မျှ ဝေး၏။

ကျွန်ုပ်တို့ ရောက်ခဲ့သောနေရာမှာ တောစွန်တောဖျားမျှသာ ဖြစ်သော်လည်း ငှက်အတော်များများရခဲ့၏။ ငုံးတစ်ကောင်နှင့် ခါတစ်တွဲဖြစ်၍ အားလုံး ၅၇ ကောင်ဖြစ်သည်ထင်၏။ ယင်းတို့အား ခြောက်လှန့်၍ အပုံလိုက် ပစ်ခတ်ရရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်၏။ အိမ်အပြန်လမ်းမှာ အတော်ရှည်၍ ခပ်ကျဉ်းကျဉ်း ချိုတောကလေး ရှိရာ ထိုချိုတောကလေးမှာ ငုံးများ အကြိုက် ခိုအောင်းရာနေရာ ဖြစ်လေသည်။ ငုံးများ သာမက ရစ်များလည်း ရှိတတ်၏။

ထိုအခါ ကွာတာမိန်းက ကျွန်ုပ်အား –

"ကိုင်း … ဘယ့်နှယ့်လဲ၊ လက်စသတ်တဲ့အနေနဲ့ ဒီချိုတောထဲ ကျုပ်တို့ ဝင်ကြဦးမလား"

"ဝင်တာပေါ့ဗျာ"

ကျွန်ုပ်လည်း ဦးခေါင်းကိုညိတ်၍ သဘောတူလိုက်၏။ ထို့ကြောင့် သူသည် သူ့မြေကို ထိန်းသိမ်းစောင့်ရှောက်သောသူအား ခေါ်လိုက်ရာ ထိုသူလည်း တောခြောက်သမားများနှင့်အတူ ကျွန်ုပ်တို့၏နောက်မှ လိုက်ပါလာခဲ့၏။ ထိုသူအား ကွာတာမိန်းက ချိုတောကိုခြောက်ပေးရန် ပြောရာ ထိုသူသည် ကွာတာမိန်းအား အရိုအသေ ပေးပြီးနောက် –

"ကောင်းပါပြီ ဆရာ၊ ဒါပေမဲ့ အချိန်က နည်းနည်း မှောင်လာပြီ။ ပြီးတော့ လေကလေးကလည်း နည်းနည်းထန်နေတယ်။ ဒီတော့ ချုံတွေထဲမှာ ငုံးရှိရင်တောင် အတော်ပစ်ယူရမှာ အချိန်အတော်ကုန်လိမ့်မယ် ဆရာ"

"ဒီမယ် ဂျက်ဖရီ … ခင်ဗျားက ရုံးတွေသာ ကျုပ်တို့ကိုပြပါ။ ကျုပ်တို့ပစ်ပြမယ်"

ကွာတာမိန်းသည် စကားကို ခပ်ဆတ်ဆတ် ပြောလိုက်၏။ သူသည် ပစ်ရာခတ်ရာတွင် စိတ်ဆိုးအောင်လုပ်ခြင်းကို မနှစ်သက်ချေ။ ထိုသူသည် မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ထွက်သွား၍ ခြေလှမ်းအတန်ငယ် ရောက်သောအခါ "ဆရာက လက်တော့ဖြောင့်ပါရဲ့။ နို့ပေမဲ့ အခုလိုလေနဲ့ ငုံးတစ်ကောင်ရအောင် ပစ်နိုင်ရင်တော့လား … အင်း" ဟု မကြားတကြား ပြောသွားသည်ကို ကျွန်ုပ် ကြားလိုက်ရ၏။

ကွာတာမိန်းကိုယ်တိုင်လည်း ကြားလိုက်မည်ထင်၏။ သို့သော် မည်သို့မျှ မပြောချေ။ လေမှာ တစ်မိနစ်ထက်တစ်မိနစ် ပို၍ထန်လာ၏။ တောခြောက်သော အချိန်၌မူ လေပြင်းပင်ကျ၍ နေလေပြီ။ ကျွန်ုပ်က လက်ယာဘက်တွင် နေရာယူလိုက်၏။ ထိုနေရာမှာ ကွေ့ကလေးကဲ့သို့ ဖြစ်နေ၍ ကွာတာမိန်းက ကျွန်ုပ်၏ လက်ဝဲဘက် ခြေလှမ်း ၄၀ ခန့်အကွာတွင် နေရာယူ၏။ တစ်ခဏ အကြာ၌ကား ရစ်ထီးကြီးတစ်ကောင် ကျွန်ုပ်၏ဦးခေါင်းပေါ်မှ တဟုန်ထိုး ပျံလာနေသည်ကို တွေ့ရ၍ ၎င်း၏အမြီးမှ အမွေးများသည် လေထဲတွင် ပြန့်ကြဲလျက် ကျလာ၏။ ကျွန်ုပ်သည် ထိုအကောင်ကို ပစ်ချလိုက်ရာ ပထမအချက်မှာ လွဲသွားသော်လည်း ဒုတိယအချက်တွင် ထိမှန်၍ ကျသွားသောကြောင့် ကျွန်ုပ်မှာ ဝမ်း





အသာကြီးသာ၍ နေမိတော့၏။ ကွာတာမိန်းသည် နေရောင်ခပ်မှိန်မှိန်တွင် ရပ်ကာ ကျွန်ုပ်၏ ပစ်ချက်ကို သဘောကျဟန်ဖြင့် ရပ်ကြည့်နေသည်ကို မြင်ရ၏။ ထိုအခိုက် တရှုံ့ရှုံ့ မြည်နေသော သစ်ပင်များကြားမှ တောခြောက်သူများ၏ အသံကိုပါ ကြားလာရ၏။

"ရှေ့မှာ ငုံးတစ်ကောင်၊ ညာဘက်မှာ"

တောခြောက်သံများ ဆူညံသွားတော့၏။

"ညာဘက်မှာ ငုံးလာနေတယ်။ ဘယ်ဘက်မှာရော … ခေါင်းပေါ်မှာ"

ကျွန်ုပ်လည်း အပေါ်သို့ မော့ကြည့်လိုက်ရာ လေအစုန်နှင့် ပျံလာသော ငုံးတစ်ကောင်ကို တွေ့လိုက်ရ၏။ အကောင်မှာ သစ်ပင်ထိပ်များပေါ်တွင် ကွေ့ကောက်ပျံသန်းနေသောကြောင့် မှောင်တရီတွင် ၎င်း၏ လှုပ်ရှားမှုအားလုံးကို အမိလိုက်၍ မကြည့်နိုင်ချေ။ အမှန်သော် အတောင်ပံကို ခတ်လိုက်သည်မှ ၎င်းအား ကျွန်ုပ် မြင်လိုက်ရ၏။ ထိုအခိုက် ကျွန်ုပ်၏ဦးခေါင်းတည့်တည့်ပေါ်သို့ ရောက်နေပြီဖြစ်၍ 'ဒိုင်း' ခနဲ ပစ်လိုက်၏။ သို့သော် ပထမပစ်ချက်မှာ လွဲသွားသဖြင့် နောက်တစ်ချက်ထပ်မံပစ်လိုက်ရာ ထိသွားပြီဟု ကျွန်ုပ်ထင်၏။ သို့သော် ငှက်မှာ ဘယ်ဘက်သို့ တဟုန်ထိုးပျံသွားလေသည်။

"ခင်ဗျားဘက်ကို တစ်ကောင်လာလေရဲ့ဗျို့ … ကွာတာမိန်း"

ကျွန်ုပ်သည် ရှေ့သို့ အတန်ငယ်တက်သွားပြီးလျှင် ကွာတာမိန်းအား အော်၍ ပြောလိုက်၏။ ကျွန်ုပ်သည် ပျောက်ကွယ်လုမတတ် ဖြစ်နေသော အလင်းရောင်နှင့် ကျွန်ုပ်၏ စပ်ကြားတွင် ကွာတာမိန်းအား ရှိစေလို၍ဖြစ်၏။ သူပစ်ခတ်ပုံကို နီးကပ်စွာ ကြည့်လိုသောကြောင့် အော်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

သူသည် သေနတ်ကို အတန်ငယ် မြှောက်လိုက်ပြီးနောက် ရှေ့သို့ ခပ်ကုန်းကုန်း လုပ်လိုက်၏။ ထိုအခိုက် ငုံး ၂ ကောင် ဘွားခနဲ ပေါ်လာရာ ကျွန်ုပ် မမိလိုက်သော အကောင်က သူ၏ညာဘက်၌လည်းကောင်း၊ အခြားတစ်ကောင်က သူ၏ဘယ်ဘက်၌လည်းကောင်း ရှိနေ၏။

ထိုခဏ၌ပင် "ငုံးတစ်ကောင်လာနေတယ်" ဟု အော်သံကြားလိုက်သဖြင့် ချိုတောတစ်လျှောက် မျှော်ကြည့်လိုက်သောအခါ သစ်ရွက်ခြောက်ကလေး လေထဲတွင် ပျံဝဲလာသကဲ့သို့ တတိယငှက်တစ်ကောင်သည် ကွာတာမိန်း၏ ဦးခေါင်းတည့်တည့်ပေါ်သို့ ပျံလာနေသည်ကို တွေ့လိုက်ရ၏။ ထို့နောက်တွင်ကား ကျွန်ုပ်တစ်သက်တွင် မမြင်ဖူးသော အလှပဆုံးသော သေနတ်ပစ်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။ ညာဘက်က ငှက်သည် ခင်ဗျန်း၏ အသက် ၁၀ ကိုက်ခန့် အမြင့်တွင်သာ ပျံလျက်ရှိ၏။ ကွာတာမိန်းက ထိုငှက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထမဆုံး ပစ်ချလိုက်၏။ ထိုငှက်ကို ပထမဆုံး ပစ်လိုက်ခြင်းမှာ အခြားအကောင်များသက် ဦးစွာပျောက်ကွယ်သွားတော့မည် ဖြစ်သောကြောင့် ဖြစ်၏။ မည်သို့ဆိုသော် သိန်းငှက်၏မျက်လုံးကဲ့သို့ လျင်မြန်ဖျတ်လတ်သော မျက်စိရှိသူတစ်ယောက် မဟုတ်ပါက ဤကဲ့သို့ မြင်လည်းမြင်၊ ပစ်လည်းပစ်နိုင်မည် မဟုတ်ချေ။ ကွာတာမိန်းမှာ မြင်လည်းမြင်တတ်၏။ မလွဲတမ်းလည်း ပစ်တတ်၏။ အမြင်သန်သလောက် လက်မြန်သူဖြစ်၏။ ထိုအကောင်ကို ပစ်ချလိုက်ပြီးနောက် သူသည် ချာခနဲ လှည့်ကာ ၄၅ ကိုက်မျှအကွာရှိ ဒုတိယငှက်ကို ပစ်ချလိုက်ပြန်၏။ ထိုအချိန်လောက်တွင် တတိယ ငှက်မှာ သူ့ဦးခေါင်းပေါ်ရောက်လုနီးပါးဖြစ်နေပြီးလျှင် အမြင့်ပေ ၁၀၀ ခန့် သို့မဟုတ် ၁၀၀ ကျော်ခန့်မှနေ၍ လေစုန်တွင် ပျံနေ၏။ သူသည် ထိုငှက်ကို ကြည့်ရင်း သေနတ်ယမ်းအိမ်ကိုဖွင့်၍ ယမ်းတောင့်ကို ကပျာကယာ ထိုးထည့်ကာ ဖျတ်ခနဲ လှည့်လိုက်၏။ ထိုအချိန်၌ ငှက်မှာ သူနှင့်ကိုက် ၅၀ မျှအဝေးတွင် တစ်ရှိန်ထိုးပျံလျက်ရှိရာ၊ သူသည် သေနတ်ကို မြှောက်ကာ ဒိုင်းခနဲ ပစ်ထည့်လိုက်၏။ ကွာတာမိန်းမှာ လက်ဖျားခါရလောက်အောင် လက်ဖြောင့်လှသဖြင့် ငှက်သည် တစ်ချက်တည်းဖြင့် ကျသွားလေသည်။ ငှက်ကျသွားချိန်၌ လေသည် တစ်ချက်ပြင်းထန်စွာ တိုက်လိုက်ရာ သစ်ပင်ပေါ်မှ ကြွေကျသည့် သစ်ရွက်ကလေးတစ်ရွက်ကို လေပင့်သွားသကဲ့သို့ ငှက်မှာ လေထဲတွင် ပါသွားပြီးနောက် ကိုက် ၁၃၀၊ သို့မဟုတ် ၎င်းထက်ကျော်သော နေရာတစ်နေရာတွင် ကျသွားတော့၏။ တောခြောက်သူများ ရောက်လာသောအခါ ကျွန်ုပ်က ကွာတာမိန်းအား –

"ဒီမယ် ကွာတာမိန်း ... ခင်ဗျား ဒီလိုပစ်ပုံမျိုး မကြာမကြာ ပစ်ရသလား ဗျ"

ကွာတာမိန်းက စိတ်မပါ့တစ်ပါပြုံးလျက် "အင်း ... နောက်ဆုံးတစ်ကြိမ် ကျုပ်ဒီ... မျိုးပစ်တုန်းက ယမ်းတောင့်သုံးတောင့်ကို မြန်မြန်ကြီး ၃ ခါ ထိုးပြီး လျှပ်တစ်ပြက်ပစ်ရတယ်ဆိုပါတော့ဗျာ။ နို့ပေမဲ့ ပစ်ရတဲ့ အမဲကောင်ကကြီးတယ်။ ဆင်တွေဗျ ... အခု ငုံး ၃ ကောင်ကို အသေပစ်ချလိုက်သလို ဟိုဆင် ၃ ကောင်ကိုလည်း အသေပစ်ထည့်လိုက်တာပဲ။ ဒါပေမဲ့ သူတို့ မသေဘဲ ကျုပ်သေမလို ဖြစ်ခဲ့ရတယ်ဗျို့။ ဒီကောင်ကြီးတွေက ကျုပ်ကို သတ်မလို့ လုပ်တယ်လေ"

ထိုအခိုက် ဂျက်ဖရီးရောက်လာပြီးလျှင် ကွာတာမိန်းအား "စောစောက ငှက်တစ်ကောင် ရလိုက်သလို ပါသလား ဆရာ" ဟု မေးလေသည်။ သူမေးပုံ ဟန်အမူအရာမှာ "ဟုတ်တယ်၊ တစ်ကောင်မှ မရလိုက်ဘူးဗျ" ဟူသော အဖြေကို ကြားလိုသည့် ဟန်အမူအရာမျိုး ဖြစ်လေသည်။





"ဟာ ... ရလိုက်တာပေါ့ ဂျက်ဖရီး။ တစ်ကောင်ကို ရိုးတန်းဆီလောက်မှာ တွေ့ရလိမ့်မယ်။ နောက်တစ်ကောင်ကိုတော့ ဘယ်ဘက်ကိုက် ၅၀ လောက်အကွာမှာ တွေ့ရလိမ့်မယ်"

ဂျက်ဖရီးသည် ငှက်များကို ကောက်ရန် လှည့်၍ ထွက်သွားတော့မည် အပြုတွင် ကွာတာမိန်းက ပြန်၍ ခေါ်လိုက်ပြီးနောက် –

"ခဏနေပါဦးလေ၊ ဒီကင်နေပြီး ကိုက် ၁၄၀ လောက်အဝေးမှာရှိတဲ့ သစ်ကိုင်းတွေကို ချိုးထားတဲ့သစ်ပင်ကို မြင်ရဲ့မဟုတ်လား ... အဲဒီသစ်ပင်နဲ့ တည့်တည့် ခြေလှမ်း ၆၀ လောက်အကွာ လယ်ကွင်းထဲမှာ နောက်တစ်ကောင် တွေ့ရလိမ့်ဦးမယ်"

ဂျက်ဖရီးသည် ပြန်၍လှည့်ရင်း "ဟုတ်ပေ့ဗျာ ... လက်ဖျားခါလောက်အောင် တော်ပါပေတယ်" ဟု တီးတိုးပြောဆိုရင်း ငှက်သေများကို ကောက်ရန် ထွက်သွားလေသည်။

ထို့နောက် ကျွန်ုပ်နှင့် ကွာတာမိန်းတို့သည် အိမ်သို့ ပြန်ခဲ့ကြရာ မကြာမီပင် ဆာဟင်နရီကာတစ်နှင့် ကပ္ပတိန်ဂွဒ်တို့ ရောက်လာကြလေသည်။ ကပ္ပတိန်ဂွဒ်မှာ အလှအပ အလွန်ကြိုက်တတ်သူဖြစ်သည့်အတိုင်း အကောင်းဆုံးအထည်ကို အထူးတလည် မွမ်းမံချုပ်လုပ်ထားသည့် ကျပ်ပေ့ဆိုသော အင်္ကျီအဝတ်အစားများကို ဝတ်ထား၏။ ရုပ်အင်္ကျီပေါ်မှ ထပ်ဝတ်သည့် ဖွဲ့စ်ကုတ်အင်္ကျီတွင် သန္တာကြယ်သီး ၅ လုံး တပ်ဆင်ထားသည်ကို ကျွန်ုပ် သတိပြုမိ၏။

ညစာစားပွဲကြီးမှာ စိုစိုပြည်ပြည်ရှိလှ၍ ကွာတာမိန်းကြီးမှာ အထူးပင် စိတ်ပျော်ရွှင်နေပုံရ၏။ သူ့လက်ကို မယုံသင်္ကာဖြစ်ခဲ့သော ဂျက်ဖရီးအပေါ်တွင် အနိုင်ရလိုက်သဖြင့် ဤကဲ့သို့ ရွှင်ရွှင်လန်းလန်း ဖြစ်နေဟန်တူ၏။ ကပ္ပတိန်ဂွဒ်မှာ သူ၏ဝါသနာအတိုင်း ပုံတိုပတ်စများကို အမျှင်မပြတ် ပြောဆိုလျက်ရှိရာ တစ်ခါက ကက်ရှမီးပြည်သို့ သူသွား၍ တောင်ဆိတ်များကို ထူးဆန်းစွာ ပစ်ခဲ့ပုံ အကြောင်းများလည်း ပါရှိ၏။ လေးရက်လုံးလုံး သူသည် နေထွက်မှနေဝင်အထိ တောင်ဆိတ်များကို မည်သို့မည်ပုံလိုက်ခဲ့ရကြောင်း၊ ပဉ္စမမြောက်နေ့တွင်မှ တောင်ဆိတ်အုပ်တစ်အုပ်အနီးသို့ ရောက်သွားကြောင်း၊ ထိုအုပ်ထဲတွင် ကြီးမားခန့်ညားလှသော ဆိတ်ထီးကြီးတစ်ကောင် ပါလာကြောင်း၊ (ဆိတ်ထီးကြီး၏ဦးချိုမှာ ရှည်လှသည် ဆိုကြောင်း၊ မည်မျှရှည်သည်ဟု သူပြောသည်ကို ကျွန်ုပ် ဖော်ပြရန် မဝံ့ချေ။) ထိုဆိတ်ထီးနှင့်အတူ ဆိတ်မ ၅ ကောင်၊ ၆ ကောင်လောက် ပါကြောင်း၊ ထိုဆိတ်အုပ်ကို တွေ့သောအခါ ဂွဒ်မှ မြေပေါ်တွင် သူ၏ ဝမ်းဗိုက်ဖြင့် ရှပ်၍ သွားသွားကာ ခဲယဉ်းပင်ပန်းစွာ အနီးသို့ ကပ်သွားရကြောင်း၊ ကျောက်တုံးကြီးများကို အကာအကွယ် ပြု၍သွားရကြောင်း၊ ကိုက် ၂၀၀ မျှ အဝေးသို့ရောက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ထီးကြီးအား သေနတ်နှင့် ချိန်ထားလိုက်ကြောင်း၊ ထိုအခိုက်တွင် အနောင့်အယှက်တစ်ခု ဖြစ်ပေါ်လာကြောင်း၊ ၎င်းမှာ တောင်ပေါ်နေ တိုင်းရင်းသားအချို့သည် ခပ်လှမ်းလှမ်းရှိ တောင်ထိပ်ပေါ်သို့ ဘွားခနဲ ရောက်လာသဖြင့် ဆိတ်မများသည် ကျောက်တုံးပေါ်သို့ ခုန်ပျံကျော်လွှားကာ ထွက်ပြေးပျောက်ကွယ်သွားတော့ကြောင်း၊ သို့သော် ဆိတ်ထီးကြီးသည် ဆိတ်မများနောက်သို့ မလိုက်ဘဲ သူ့ရှေ့တည့်တည့်တွင် ရှိသည့် ပေ ၃၀ ခန့်ကျယ်သော ချိုင့်ကြီးကို လွှားခနဲ ခုန်သွားတော့ကြောင်း၊ ဤကဲ့သို့ ဆိတ်ထီးကြီးခုန်အသွား လေထဲတွင် ပျံနေဆဲမှာပင် သူက သေနတ်နှင့် ပစ်လိုက်သဖြင့် ထိမှန်သွားကြောင်း၊ ဆိတ်ကြီးမှာ လေထဲတွင် ကျွမ်းတစ်ပတ်လောက် လိမ့်ပျံသွားပြီးနောက် ချိုင့်ကြီး၏ အခြားဘက် ကမ်းပါးစွန်းတွင် သူ့ဦးချိုဖြင့် ချိတ်တွယ်၍ နေတော့ကြောင်း၊ သူသည် ခဲယဉ်းပင်ပန်းစွာဖြင့် ချိုင့်ကြီးအခြားဘက်ရှိ ကမ်းပါးထိပ်သို့ရောက်အောင် ကွေ့ကောက်သွားရ၍ ရောက်လျှင် ကြိုးကွင်းပစ်ပြီးနောက် ဆိတ်ကြီးကို ဆွဲငင်ယူရကြောင်းဖြင့် ဝင့်ကြွားစွာ ပြောပြလျက်ရှိလေသည်။

ဂွဒ်၏စွန့်စားခန်းပုံပြင်ကို ကြားရသူအပေါင်းက ယုံကြည်ပုံမရချေ။

"ကောင်းပြီလေ ... ကျုပ်ပြောတဲ့ပုံကို ခင်ဗျားတို့တစ်တွေ မယုံကြဘူး မဟုတ်လား။ ကျုပ်က တကယ့်အမှန်ကို ပြောနေတာဗျ။ ကျုပ်ပြောတာကို မယုံကြရင်ဗျာ ... ခင်ဗျားတို့အထဲက တစ်ယောက်ယောက် ကျုပ်ပြောတဲ့ပုံထက် ကောင်းတဲ့ပုံ ပြောနိုင်ပါ့မလား။ မှန်တာ မမှန်တာ အပထားဗျာ"

ဤကဲ့သို့ ပြောလိုက်ပြီးနောက် ဂွဒ်သည် ဣန္ဒြေကြီးစွာဖြင့် ငြိမ်သက်စွာနေတော့၏။ ထိုအခါ ကွျန်ုပ်က –

"ကိုင်း ... ကွာတာမိန်း ... ဂွဒ်ကိုတော့ အနိုင်မပေးနဲ့ဗျာ။ ငုံးကောင်တွေကို ပစ်အပြီး ညနေက ကျုပ်ကို ခင်ဗျား ပြောတဲ့ ဆင်တွေကို ခင်ဗျား သတ်လိုက်ပုံအကြောင်း ကြားရအောင် ပြောစမ်းပါဦးဗျာ"

ကွာတာမိန်း၏ မျက်လုံးညိုကြီးများတွင် ဖျတ်ခနဲ အရောက်လက်သွားသကဲ့သို့ ဖြစ်သွားပြီးနောက် ခြောက်ကပ်ကပ် အသံဖြင့် ဤသို့ ပြောလိုက်၏။

"အင်း ... ဂွဒ် ခင်းပေးတဲ့လမ်းကြောင်းကို လိုက်ပြီး ပြောရမယ့် လူအဖို့တော့ဖြင့် ကံဆိုးတယ် ပြောရမှာပဲ။ ဒီလိုပါ ကာတစ် ... ခင်ဗျား မှတ်မိဦးမှာပေါ့။ ကိုက် ၃၀၀ လောက် အဝေးမှာ ပြေးသွားနေတဲ့ သစ်ကုလားအုပ်ကောင်ကြီးကို ဂွဒ်က သူ့မာတီနီရိုင်ဖယ်နဲ့ မှန်အောင် ပစ်ထည့်လိုက်တာကိုသာ ကျုပ်တို့ မမြင်လိုက်ရဘူးဆိုရင်တော့ အခု သူပြောတဲ့ ပုံပြင်ဟာ မဖြစ်နိုင်ဘူးလို့ ဆိုရမှာပဲ"





ကွာတာမိန်းက ဤသို့ ပြောလိုက်သောအခါ ဂွဒ်က သူ လိမ်ညာ၍ မပြောရကြောင်း ခံပြင်းသည့် လက္ခဏာဖြင့် ဦးခေါင်းကို ဆတ်ခနဲ မော့ကြည့်လိုက်၏။

ကွာတာမိန်းသည် နေရာမှထကာ ဆက်လက်၍ –

"ဒါပေမဲ့ ခင်ဗျားတို့ ဒီလောက် ကြားချင်ကြရင် ကျုပ်ပုံတစ်ခု ပြောပြပါ့မယ်။ တစ်နေ့ညက ခင်ဗျားတို့အထဲက တစ်ယောက်ကိုတော့ ခြင်္သေ့ကြီး ၃ ကောင်အကြောင်းနဲ့ ခြင်္သေ့မကြီးက ကျုပ်ရဲ့တပည့်ကလေး ဂျင်ဂျင်ကို ကိုက်သတ်လိုက်တဲ့အကြောင်း၊ ဒီကောင်ကလေးကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ရတဲ့အကြောင်းကို ပြောပြီးပြီ။ ဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက် ကျုပ်ဟာအေးအေးလူလူပဲ နေဦးမ ဒ်ဆိုပြီး လူတစ်ယောက်နဲ့ ဖက်စပ်အလုပ် လုပ်ကြတယ်။ ဒီလူကတော့ ကံစမ်းဖို့ တော်တော်ဝါသနာပါတဲ့လူ၊ သူက ပရီတိုးရီးယားမြို့မှာ ဆိုင်တစ်ဆိုင်တည်ပြီး ကုန်ရောင်းကုန်ဝယ်လုပ်ဖို့ စိတ်ကူးတယ်။ အကြွေးမရောင်း၊ လက်ငင်းသာရောင်းမယ်တဲ့။ ဒီတော့ ကျုပ်တို့နှစ်ဦး ပါတနာလုပ်ကြရော၊ ကျုပ်က ငွေစိုက်၊ သူက လူစိုက် သဘောပေါ့ဗျာ။ ဒါပေမဲ့လို့ ကျုပ်တို့ ဖက်စပ်က ကြာကြာမခံပါဘူး။ ဘာကြောင့်ဆိုတော့ ဟိုက 'ဘိုးဝါး' တွေက လက်ငင်းမပေးဘဲ အကြွေးသာ ယူချင်ကြတာကိုးဗျ။ ဒါနဲ့ ၄ လလောက်အကြာမှာ ကျုပ်တို့ ဖက်စပ်ဟာ ခွာပြဲသွားကြရတယ်။ ဟိုလူကတော့ ငွေရလိုက်ပြီး ကျုပ်ကတော့ အတွေ့အကြုံနဲ့ အမြတ်ပဲ ရလိုက်တယ်ဗျို့။ နောက်ကျတော့ စဉ်းစားမိတယ်။ ဆိုင်ဖွင့်ပြီး အရောင်းအဝယ်လုပ်တာဟာ ငါနဲ့ မကိုက်ဘူးဆိုတာပဲ။ ကျုပ်မှာ နောက်ဆုံး ငွေကလေး ပေါင် ၄၀၀ လောက်ပဲ လက်ထဲမှာ ရှိတော့တယ်။ ဒါနဲ့ ကျုပ်ရဲ့သား ဟင်နရီကို နေတယ်လ်မြို့က ကျောင်းတစ်ကျောင်းကို ပို့လိုက်တယ်။ ဒီနောက် ကျုပ်ကတော့ ခရီးထွက်ရာမှာလိုတဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ခြမ်းပြီး ခရီးထွက်ခဲ့တာပဲ။

"ဒီတစ်ကြိမ် ခရီးထွက်ရာမှာ အရင်အကြိမ်တွေတုန်းက ရောက်ခဲ့တဲ့ နေရာထက်ဝေးတဲ့ဆီကို ရောက်အောင်သွားမယ်လို့ စိတ်ကို သံန္နိဋ္ဌာန်ချလိုက်တယ်။ ဒါနဲ့ 'ဒါဗန်' မြို့နဲ့ 'ဒီလာဂိုအာဘေး' (ပင်လယ်ကွေ့) ကို သွားနေတဲ့ ကုန်သင်္ဘောတစ်စင်းမှာ ငွေပေါင် နည်းနည်းပေးပြီး လက်မှတ်ယူလိုက်တယ်။ ဒီသင်္ဘောနဲ့ ဒီလာဂိုအာဘေးကို ရောက်တော့ အထမ်းသမား ၂၀ ငှားပြီး အာဖရိကအတွင်းပိုင်းကို ထွက်လာခဲ့တယ်။ ကျုပ်ရဲ့ အကြံကတော့ မြောက်ဘက်မှာရှိတဲ့ 'လင်ပိုပို' မြစ်အထိ သွားဖို့ပဲ။ ကမ်းခြေကနေ မိုင် ၁၅၀ လောက် အကွာကနေပြီး ကမ်းခြေနဲ့ အပြိုင် ချီတက်သွားမယ် စိတ်ကူးတယ်။ ခရီးထွက်လာခဲ့ပြီးနောက် အတော်ကြာ ... လောက် အတော်ပဲ ဒုက္ခရောက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖျားကြနာကြလို့ပဲ။ ဖျားနာတယ်ဆိုတာက ကျုပ် မဟုတ်ပါဘူး ... ကျုပ်လူတွေပါ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာဘော့ အဖျားအနာ ကင်းတယ်လို့ဆိုရမှာပေါ့။ နောက်တစ်ချက်ကတော့ စားဖို့ သောက်ဖို့ ဟင်းကျွေးဟင်းလျာ အလုံအလောက် မရနိုင်တဲ့ ကိစ္စပါပဲ။ နယ်မြေက လူသူ အရောက်အပေါက် နည်းတယ်ဆိုပေမဲ့ အမဲကောင်ရဖို့ဟာက အင်မတန် ခဲယဉ်းတယ်။ တစ်ချိန်လုံး ကျုပ်ဟာ ရေဒရယ်ထက် ကြီးတဲ့အကောင်ကို ပစ်လို့ မရခဲ့ဘူး။ နောက်ပြီး ဒီရေဒရယ်ကောင်ရဲ့ အသားဟာလည်း စားလို့ တယ် ကောင်းတာ မဟုတ်ဘူး။ ဒါနဲ့ အရက် ၂၀ မြောက်တဲ့နေ့ရောက်တော့ ကျုပ်တို့ဟာ မြစ်ခပ်ကြီးကြီးတစ်ခုဆီကို ရောက်သွားကြတယ်။ အဲဒီမြစ်ကို 'ဂိုန္နားရွား' မြစ်လို့ ခေါ်တယ်။ ဒီနောက် ကျုပ်တို့လည်း မြစ်ကို ဖြတ်ပြီး တောင်တန်းကြီးတွေရှိ တဲ့ အတွင်းပိုင်းကို ဝင်ကြတယ်။ တောင်တန်းကြီးတွေရဲ့ ထိပ်ဖျားတွေကို အဝေး ကြီးကနေပြီး ကောင်းကင်မှာ အရိပ်လိုလို မြင်နေရတယ်။ စင်စစ်တော့ ဒီတောင် တန်းကြီးတွေဟာ နေတယ်လ်ပြည် ကမ်းရိုးတန်းတစ်လျှောက်မှာ တည်ရှိနေတဲ့ ဒရက်ကင်းတာ့ဂ် တောင်တန်းကြီးရဲ့ အဆက်ပဲ။ ဒီတောင်တန်းကြီးက နေပြီး တောင်စွယ်တစ်ခုဟာ ကမ်းရိုးတန်းဘက်ကို မိုင် ၅၀ လောက် ဖြာထွက်လာ တယ်။ တောင်စွယ်ရဲ့ အဆုံးမှာတော့ ဧရာမမြင့်မားတဲ့ တောင်ထွတ်ကြီးတစ်ခု ရှိနေတယ်။ ဒီတောင်စွယ်ကြီးက 'နာလာ' ရယ် 'ဝမ်ဘီ' ရယ်လို့ ခေါ်တဲ့ နယ်မြေ ၂ ခုကို ပိုင်းခြားထားတဲ့ နယ်နမိတ်ကြီးပဲ။ ဝမ်ဘီက မြောက်ဘက်က၊ နာလာက တောင်ဘက်က နယ်မြေပဲ။ ဒီနယ်မြေ ၂ ခုရဲ့ အကြီးအကဲတွေကို ဝမ်ဘီနဲ့ နာလာ လို့ပဲ ခေါ်ကြတယ်။ နာလာအုပ်ချုပ်တာကတော့ ဖူးလူးအမျိုးအနွယ်ဖြစ်တဲ့ ဘူတီ ရာနာလို့ခေါ်တဲ့ လူမျိုးဖြစ်တယ်။ ဝမ်ဘီအုပ်ချုပ်တာကတော့ ပိုပြီး လူဦးရေများ ပြားတဲ့ မာတူကူလို့ ခေါ်တဲ့လူမျိုးတွေပဲ။ ဒီမာတူကူတွေဟာ ဇဆူတိုတွေနဲ့ သွင်ပြင် စရိုက် အတော်ပဲ တူညီကြတယ်။ ဥပမာအားဖြင့်ဆိုရင် သူတို့ရဲ့တဲတွေမှာ တံခါး တို့၊ ဝရံတာတို့ ရှိကြတယ်။ နောက်ပြီး သားရေကို နိုင်နိုင်နင်းနင်း ကိုင်နိုင်ချုပ်လုပ် နိုင်ကြတယ်။ နယ်ပိုင်းကို ဝတ်ကြတယ်။ လွန်ခဲ့တဲ့အနှစ် ၂၀ လောက်တုန်းက မာတူကူတွေက ဘူတီရာနာတွေကို အလစ်ဝင်တိုက်ခိုက်ကြပြီး ရက်ရက်စက်စက် သတ်ဖြတ်သုတ်သင်လိုက်ကြတဲ့အတွက် အခုဆိုရင် ဘူတီရာနာတွေဟာ မာတူ ကူတွေရဲ့ လက်အောက်ခံတစ်ပိုင်း ဖြစ်နေကြရတယ်။ နို့ပေမဲ့ တဖြည်းဖြည်းတော့ သူတို့ဟာ ထူထူထောင်ထောင် ပြန်ပြီး ဖြစ်လာနေကြပါပြီ။ သူတို့ဟာ မာတူကူ တွေကို မုန်းတီးတယ်။ မနှစ်သက် မလိုလားကြဘူး။

"ကျုပ် ခရီးဆက်ပြီးသွားရင်း ဝမ်ဘီရဲ့နယ်စပ် တောင်ခြေတစ်လျှောက် မှာရှိတဲ့ တောနက်ကြီးတွေထဲမှာ ဆင်တွေ အများကြီးပဲ ရှိတယ်ဆိုတာ သိ တယ်။ နောက်ပြီး ဝမ်ဘီရဲ့သတင်းကိုလည်း ကြားရတယ်။ သူက တောင်ခြေ ပေါ်မှာ တည်ထားတဲ့ ရွာမှာနေတယ်။ ရွာကို ခိုင်ခိုင်လုံလုံ ကာရံထားတဲ့အတွက်





ရန်သူ ထိုးဖောက်လို့ မရနိုင်ဘူးဆိုတယ်။ အာဖရိက ဒီဘက်ပိုင်းမှာဆိုရင်တော့ သူဟာ အရက်စက်ဆုံးဇော်ဘွားလို့ ပြောကြတာပဲ။ လွန်ခဲ့တဲ့ ၇ နှစ်လောက်က သူ့နယ်ထဲ ဆင်ပစ်သွားတဲ့ အင်္ဂလိပ်လူမျိုးတွေအားလုံးကို သတ်ပစ်လိုက်တယ် ဆိုပဲ။ ဒီအင်္ဂလိပ်လူမျိုးတွေက ကျုပ်ရဲ့မိတ်ဆွေကြီးကို လမ်းပြအဖြစ် ခေါ်သွား ကြသတဲ့။ ဒီမိတ်ဆွေကြီးရဲ့နာမည်ကတော့ 'ဂျွန်အေဗရီ' လို့ ခေါ်တယ်။ သက် တမ်းမစေ့ခင် ကျုပ် မိတ်ဆွေကြီး အဲဒီလိုသေရတဲ့အတွက် ကျုပ်လည်း အများ ကြီး စိတ်မကောင်းဖြစ်မိတယ်။ ဘာပဲဖြစ်ဖြစ် ဝမ်ဘီသောဘာသော ကျုပ် ဂရု မစိုက်ပါဘူး။ ဒါနဲ့ သူ့နယ်ထဲသွားပြီး ဆင်ပစ်ဖို့ ကျုပ် စိတ်ပိုင်းဖြတ်လိုက်တယ်။ ဒီအာဖရိက တိုင်းရင်းသားတွေကို ကျုပ် ဘယ်တုန်းကမှ မကြောက်ခဲ့ဘူး။ အခု လည်းပဲ ကြောက်ကိုမကြောက်ဘူး။ ခင်ဗျားကို သိတဲ့အတိုင်း ကျုပ်ဟာ ဖြစ်ချင် ရာဖြစ်ဆိုပြီး သဘောထားတတ်တဲ့လူ။ ဒီတော့ ဝမ်ဘီဆိုတဲ့အကောင်က ကျုပ် မိတ်ဆွေကြီး ဂျွန်အေဗရီသွားရာလမ်းအတိုင်း ကျုပ်ကိုလည်း ပို့ပယ်ဆိုရင်၊ သူ့လို သေရမယ့် ကံကြမ္မာ ကျုပ်မှာ ပါတယ်ဆိုရင်တော့ သေပါစေ။ အရေးမကြီးပါဘူး။ သေလည်း အေးတာပဲ၊ သွားမှာကတော့ သွားမှာပဲ။

"တောင်ထွတ်ကြီးကို မြင်ရပြီး ၃ ရက်မြောက်နေ့မှာ ကျုပ်တို့ဟာ တောင်အောက်ကို ရောက်သွားကြတယ်။ တောင်ခြေမှာရှိတဲ့ ကောကြီးထဲကို ဖြတ်ပြီးစီးဆင်းတဲ့ မြစ်ကြောင်းအတိုင်း ကျုပ်တို့ ခရီးဆက်သွားကြတော့ ကြောက်စရာကောင်းတဲ့ ဝမ်ဘီရဲ့နယ်မြေထဲ ရောက်သွားကြတာပဲ။ ဒီလိုရောက် သွားရတာဟာ လည်းပဲ လျှောလျှောလျူလျူ မဟုတ်ပါဘူး။ ကျုပ်နဲ့ ကျုပ်ရဲ့ အထမ်းသမားတွေ စကားများကြရသေးတယ်။ ဝမ်ဘီရဲ့ နယ်စပ်ကို ရောက်သွား ကြတော့ အထမ်းသမားတွေက ထိုင်ရာက မထကြတော့ဘူး။ ရှေ့ကို တစ်လှမ်းမှ မသွားဘူးဆိုပြီး အကြောက်အကန် ငြင်းနေကြတော့တာပဲဗျို့။ ဒီတော့ ကျုပ် လည်း သူတို့နဲ့ အကြေအလည်ဖြစ်အောင် ထိုင်ပြီးစကားပြောရတာပေါ့ဗျာ။ သေ ခါနီးနေ့ မွေးတစ်နေ့ဆိုတဲ့ ကျုပ်ရဲ့ အဘိဓမ္မာကို ကျုပ် အတတ်နိုင်ဆုံး သူတို့နား လည်အောင် ရှင်းပြတယ်။ ဒါပေမဲ့ အဘိဓမ္မာကို ကျုပ်သဘောပေါက်သလို သူတို့ သဘောမပေါက်နိုင်ကြဘူး။ သူတို့က ဘာပြောသလဲဆိုတော့ 'ကျွန်တော်တို့ရဲ့ ကိုယ်ခန္ဓာနဲ့တကွ အသားအရေတွေဟာ အခု အကောင်းပကတိရှိနေပါတယ်။ အခုလို ဝမ်ဘီရဲ့ ခွင့်ပြုချက်မရဘဲ သူ့နယ်ထဲသွားမိရင် ကျွန်တော်တို့ ကိုယ် ခန္ဓာဟာ ရေစားခြင်းခံရတဲ့ သစ်ရွက်လို အပေါက်ပေါက်အပြဲပြဲ ဖြစ်ကုန်ပါလိမ့် မယ်၊ ဒီလို အဖြစ်ခံရရင် ဆရာကြီးကတော့ ကံကြမ္မာပဲလို့ ပြောမှာပဲ။ ဒီကံကြမ္မာ ဆိုတဲ့ အကောင်ကြီးဟာ ဝမ်ဘီရဲ့ နယ်မြေထဲမှာ ကူးလူးလှုပ်ရှားသွားလာနေ တယ်ဆိုတာဟာ ယုံမှားစရာ မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ သူ့နယ်



www.burmeseclassic.com

www.burmeseclassic.com



မြေထဲကို မဝင်ဘူးဆိုရင် ဒီကံကြမ္မာဆိုတဲ့ အကောင်ကြီးကို တွေ့ရမှာ မဟုတ်ဘူး လို့ သူတို့က ပြောနေကြတယ်ဗျ။

"ဒီတော့ ကျုပ်က အထမ်းသမားခေါင်းဆောင် ဂိုဘိုကို ဒီလိုမေးလိုက်တယ်။ 'ကောင်းပြီ ... ဒီတော့ မင်းဘာလုပ်ဖို့ စိတ်ကူးသလဲ' "

'ကျွန်တော်တို့ ကမ်းခြေဘက်ကို ပြန်သွားလို့ စိတ်ကူးပါတယ်' လို့ သူက မချေမငံဖြေတာကိုးဗျ။

" 'ဟုတ်ရဲ့လား' လို့ ကျုပ်က ပြန်မေးလိုက်တယ်။ ကျုပ်စိတ်ပေါက်လာပြီလေ။ ဒီတော့ ကျုပ်က 'ဘာပဲဖြစ်ဖြစ် မစွတာ ဂိုဘို ... မင်းရယ်၊ နောက်တစ်ယောက် နှစ်ယောက်ရယ်တော့ ဘယ်တော့မှ ကမ်းခြေကို ရောက်မှာ မဟုတ်ဘူး။ ကိုင်း ... ဒီမှာ ကြည့်စမ်း မိတ်ဆွေကြီး' ဆိုပြီး ကျုပ်က ရိုင်ဖယ်ကို ဆွဲယူပြီး သစ်ပင်ကို ကျကျနန မှီထိုင်လိုက်တယ်။ ဒီနောက် ကျုပ်က 'ကျုပ်မနက်စာ စားပြီးရုံ ရှိသေးတယ်၊ ဒီနေရာမှာ တစ်နေ့ကုန်နေရလည်း အရေးမကြီးဘူး။ မင်းပဲဖြစ်ဖြစ်၊ မင်းရဲ့လူတစ်ယောက်ပဲဖြစ်ဖြစ်၊ ဒီနေရာကနေပြီး ကမ်းခြေဘက်ကို ခြေတစ်လှမ်း လှမ်းစမ်း၊ မင်းကို ကျုပ် သေနတ်နဲ့ ပစ်ထည့်လိုက်မယ်။ ကျုပ်ပစ်ရင် မလွဲဘူးဆိုတာ မင်း သိတယ် မဟုတ်လား'

"ဒီလို ပြောလိုက်တော့ ဒီအကောင်က သူဆောင်တဲ့ လှံကို ဆွဲယူလိုက်တယ်ဗျ။ ကံအားလျော်စွာပဲ ကျုပ်ရဲ့ သေနတ်တွေအားလုံးကို ကျုပ်မှီထိုင်နေတဲ့ သစ်ပင်မှာ မှီထောင်ထားတယ်။ အကောင်က လှံကိုဆွဲပြီး လှည့်ထွက်သွားတော့ မလို့ လုပ်တယ်လေ၊ တခြားအကောင်တွေကတော့ သူ့ကိုပဲ စိုက်ကြည့်နေကြတယ်။ နောက် ကျုပ်က ကိုယ်ကိုမတ်လိုက်ပြီး သူ့ကို သေနတ်နဲ့ ချိန်ထားလိုက်တယ်။ သူကတော့ မကြောက်သလို အမှုမထားသလို ဟန်ဆောင်နေပေမဲ့လို့ တစ်ချိန်လုံး ကြောက်နေတဲ့ လက္ခဏာနဲ့ ကျုပ်ကိုပြန်ပြီး လှည့်ကြည့်လှည့်ကြည့်နဲ့ သွားနေတယ်။ ကိုက် ၂၀ လောက်အဝေး သူရောက်သွားတော့ ကျုပ်က အေးအေးဆေးဆေးနဲ့ပဲ ....

"ကိုင်း ... ဂိုဘို ပြန်လာခဲ့။ မလာရင် ပစ်ထည့်လိုက်မယ်" လို့ ပြောလိုက်တယ်။ အမှန်ကတော့ အဲသလို အကြမ်းကိုင်လိုက်ရတာဟာ အင်မတန် လွန်လွန်းရာရောက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ပြုလိုတဲ့ စော်ဘွားရဲ့ နယ်မြေထဲဝင်ရင် သေမင်းနဲ့ ရင်ဆိုင်ရမှာကို ကြောက်လို့ သူတို့က မလိုက်လိုကြောင်း ကန့်ကွက်တဲ့အတွက် ကျုပ်က ဂိုဘိုကိုပဲဖြစ်ဖြစ် သူ့လူတွေထဲက တစ်ယောက်ကိုပဲဖြစ်ဖြစ် သတ်ပစ်ပိုင်ခွင့် မရှိလို့ဘဲ။ ဒါပေမဲ့ ကျုပ်ရဲ့ သြဇာအာဏာ သူတို့အပေါ်မှာ တည်နေစေချင်ရင်တော့ဖြင့် တကယ်ပစ်မသတ်တောင် ကိစ္စကို အပြင်းထန်ဆုံး အရေးယူမှ ဖြစ်မယ်ဆိုတာ တွေးမိတယ်။ ဒါကြောင့် ကျုပ်ထ





ထိုင်နေပြီး ခြသေ့်ကြီးတစ်ကောင်လို စားတော့ ဝါးတော့မယ့်ဟန် လုပ်နေလိုက်ရတယ်။ ဒီလိုလုပ်နေရင်းက ရိုင်ဖယ်ကို ဂိုဘိုရဲ့ ရင်ဘတ်ဆီရွယ်ပြီး ချိန်ထားတယ်။ နောက်တော့ အခြေအနေ မဟန်တော့ကြောင်း ဂိုဘို သိရှိသွားဟန်တူပါရဲ့။ အညံ့ခံတော့တာပဲဗျို့။

"ဒီနောက် သူက လက်ကို မြှောက်ပြီး 'မပစ်ပါနဲ့ဆရာ ... ကျွန်တော် ဆရာနဲ့ လိုက်ခဲ့ပါမယ်' လို့ အော်ပြောလိုက်တယ်။

"ဒီတော့ ကျုပ်က 'အေး ... ဒီလိုမှပေါ့။ ကံကြမ္မာဆိုတာဟာ ဝမ်ဘီရဲ့ နယ်မြေထဲတွင်သာ မဟုတ်ဘူးကွ။ သူ့နယ်မြေအပြင်ဘက်မှာလည်း ကူးသန်းသွားလာနေတယ်ဆိုတာ မင်း နားလည်ပြီလား' လို့ အေးအေးပဲ ပြောလိုက်တယ်။

"အဲဒီနောက်ပိုင်းကျတော့ ကျုပ်လည်း ဘာအနှောင့်အယှက်မှ မတွေ့ရတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဂိုဘိုက ခေါင်းဆောင်ကိုးဗျ။ အပင်ရင်းကိုလဲ့ တော့ အဖျားထင်းဖြစ်ဆိုသလို သူ့ကို နှိမ်လိုက်တော့ တခြားအကောင်တွေလည်း မထောင်နိုင်တော့ဘူးပေါ့ဗျာ။ ဒါနဲ့ အခြေအနေပြန်ကောင်းသွားတော့ ကျုပ်တို့ နယ်စပ်ကို ကျော်ပြီးသွားကြတယ်။ နောက်တစ်နေ့ မနက်ကျတော့ ကျုပ်လည်း စိတ်ရှိလက်ရှိ လိုက်ပြီး အမဲပစ်တော့တာပဲဗျို့"

www.burmeseclassic.com

www.burmeseclassic.com

၂

## နံနက်ခင်း အာမဲလိုက်ခြင်း

"ကျုပ်ပြောခဲ့တဲ့ တောင်တွတ်ကြီးရဲ့ ခြေရင်းကနေပြီး ၅ မိုင် ၆ မိုင်လောက် လှည့်ပတ်သွားမိကြတယ်ဆိုရင်ပဲ 'ကူကူအာနာ နယ်မြေအပြင်ဘက် အာဖရိကမှာရှိတဲ့ ပြည်နယ်ထဲမှာဖြင့် အသာယာဆုံးလို့ ခေါ်နိုင်တဲ့ ပြည်နယ်ထဲကို နေ့ချင်းပေါက်ပဲ ရောက်သွားကြတယ်ဗျ။ တောင်နဲ့မြောက် မျက်စေ့တစ်ဆုံးတန်းနေပြီး တိမ်တိုက်ထဲ ထိုးဖောက်နေတဲ့ တောင်တန်းကြီးကနေ တံတောင်ဆစ်ချိုးပြာတွက်လာတဲ့ တောင်စွယ်ဟာ ဒီနေရာမှာအတွင်းပိုင်းထဲကို ကွေ့ဝင်လာတယ်။ အဲဒီတောင်ကွေ့ကြီးဟာဆိုရင် အဖျားတစ်ဘက်ကနေ တစ်ဘက်အထိ ၃၅ မိုင်လောက်ရှိတယ်။ လခြမ်းပုံသဏ္ဍာန်လို ကွေးကွေးလေးဖြစ်နေတဲ့ တောင်ကွေ့ကြီးကို ဖြတ်ပြီး မြစ်ကြီးဟာ ငွေရောင်တလက်လက်နဲ့ စီးဆင်းသွားတယ်။ မြစ်ရဲ့တစ်ဘက်မှာဆိုရင် အင်မတန် အပြောကျယ်တဲ့ ကုန်းပြင်ကြီး ဖြစ်နေပြီး ဘာနဲ့သဏ္ဍာန်တူသလဲဆိုရင် ချုံနွယ်ပိတ်ပေါင်းတွေပေါက်ပြီး ဖုံးနေတဲ့ သဘာဝဥယျာဉ်ကြီးနဲ့ပဲ တူနေတယ်ဗျ။ ချုံနွယ်ပိတ်ပေါင်း တစ်ကွက်တစ်ကွက်ဟာ ဆိုရင်လည်း စတုရန်းမိုင် အတော်ကို ကျယ်ဝန်းတယ်လို့ ဆိုရမယ်။ တစ်ကွက်နဲ့ တစ်ကွက်ကြားမှာဆိုရင် မြက်တွေပေါက်နေပြီး အဲဒီမြက်ခင်းမှာ သစ်ပင်အုပ်ကြီးတွေဟာ ဟိုတစ်စု ဒီတစ်စုပေါက်နေတယ်ဗျ။ တချို့နေရာများမှာဆိုရင် ထူးဆန်းတဲ့ ပုံသဏ္ဍာန်ရှိတဲ့ကျောက်သားလပို့ကြီးတွေ ထိုးထိုးထောင်ထောင် ထွက်နေတာကို တွေ့ရတယ်။ ကျောက်တောင်ပို့ကြီးတွေပေါ့ဗျာ။ တချို့ကျောက်သားတောင်ပို့ကြီးတွေဟာ ဘယ်လောက်တောင် ထူးဆန်းသလဲဆိုရင် နှစ်ပရိစ္ဆေဒအားဖြင့်





ကာလကြာမြင့်ပြီကိုပြတဲ့ သဘာဝမှတ်တိုင်ရယ်လို့တောင် မထင်ရဘူး။ တမင်သက်သက် လူများက ထွင်းထုထားတဲ့ အမှတ်အသား ကျောက်တိုင်ကြီးတွေလို ဖြစ်နေတာကို တွေ့ရတယ်။ အဲဒီကုန်းပြင်ကြီးရဲ့ အနောက်ဘက်မှာတော့ တောင်ကြီးတစ်လုံးက ပိတ်ပြီးကာဆီးနေတယ်။ ဒီတောင်ကြီးရဲ့ အစွန်းကနေပြီး ကုန်းပြင်ကြီးဟာ မြောက်ဘက်ကိုတော့ ဘယ်အထိ ပေါက်တယ်ဆိုတာ ကျုပ်မပြောနိုင်ဘူး။ တိုင်းရင်းသားတွေအဆိုကတော့ ရှစ်ရက်ခရီးလောက် သွားရတယ်လို့ ပြောတာပဲ။ ဒီခရီးကို လွန်ပြီး ဟိုဘက်မှာဆိုရင်တော့ လူသူမရောက်ပေါက်တဲ့ နွံအိုင်ကြီးတွေပဲ ရှိတော့တယ်ဆိုတာ သိရတယ်။

"မြစ်ရဲ့ဒီဘက်မှာကတော့ ရှုမြင်ခင်းဟာ ဟိုဘက်ကနဲ့ မတူဘူး။ ကမ်းခေပ်တစ်လျှောက်မှာ မြေဟာပြန့်ပြီး စိမ်းလန်းတဲ့ နုံးမြေကွက်တွေ ရှိတယ်။ နောက်တော့ ကျယ်ပြန့်တဲ့ မြက်ခင်းပြင်ကြီးရှိတယ်။ ဒီမြက်ခင်းပြင်ကြီးမှာတော့ ပစ်စရာအကောင်တွေ ပြည့်လို့ပဲ။ မြက်ခင်းပြင်ကြီးဟာ တဖြည်းဖြည်း မြင့်တက်သွားပြီး တောကြီးရဲ့အစပ်ကို ရောက်သွားတယ်။ ဒီတောကြီးဟာ ကုန်းပြင်ကနေ ပေ ၁၀၀၀ လောက်ကစပြီး တောင်ထိပ်အထိ တောက်လျှောက် တောင်ခါးပန်းတစ်ခုလုံးကို ဖုံးနေတာပဲ။ တောကြီးထဲမှာတော့ အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီးတွေပေါက်နေတယ်။ အများအားဖြင့် သစ်ဝါသားပင်တွေလိုလိုချည့်ပဲ။ တချို့အပင်ကြီးတွေဟာ ဘယ်လောက်တောင် မြင့်သလဲဆိုရင် သစ်ပင်ထိပ်ဖျားမှာ နားနေတဲ့ ငှက်ကို အောက်ကနေပြီး ရိုးရိုးသေနတ်နဲ့ပစ်ရင် မထိဘူး။ ကျည်ဆံရောက်နိုင်တဲ့ အကွာအဝေးထက် ပိုပြီးမြင့်နေလို့ပေါ့။ ဒီသစ်ပင်ကြီးတွေနဲ့ ပတ်သက်ပြီး ထူးဆန်းတဲ့ နောက်တစ်ချက်ကတော့ သူတို့ကို သစ်ကပ်မှော်တစ်မျိုးက ပိတ်နေအောင် ဖုံးထားတယ်။ တိုင်းရင်းသားတွေဟာ ဒီမှော်ကနေပြီး အရောင်ဆိုးဆေး ထုတ်ယူကြတယ်။ အရောင်ကတော့ ခရမ်းရောင်ဗျ။ ဒီဟာနဲ့ သူတို့ရဲ့ ကျက်ပြီးသားရေတွေအဖို့ အရောင်ဆိုးဆေး ထုတ်ယူကြတယ်။ မှော်ပင်တွေကရော၊ တွဲလွဲကျနေတဲ့ မှော်ပွင့်တွေကရော ဖုံးနေတာကို မြင်ရတာကိုကပဲ စိတ်ထဲမှာ ဘာလိုလိုကြီး၊ တအံ့တသြ ထူးထူးခြားခြား ဖြစ်နေမိတယ်။ လေကလေးများ တိုက်ခတ်လို့ရှိရင်လည်း တလှုပ်လှုပ် တရွရွနဲ့ အင်မတန် ကြည့်လို့တစ်မျိုးကောင်းတာ။ အဝေးကနေ ကြည့်မယ်ဆိုရင် ဒီအပင်ကြီးတွေဟာ ဘာနဲ့တူသလဲဆိုတော့ အင်မတန်ကြီးတဲ့ ဘိလူးကြီးတစ်ကောင်ဟာ သူ့ခေါင်းမှာ အစိမ်းရောင် သစ်ရွက်တွေ ဖုံးထားပြီး သူ့ကိုယ်မှာတော့ သစ်ခွပန်းတွေက ဟိုဟိုဒီဒီ တွယ်ကပ်ပြီး နေသလိုပဲ။

"ဂိုဘိုနဲ့ကျုပ် ကတောက်ကဆဖြစ်ရတဲ့နေ့ ညမှာတော့ ကျုပ်တို့ဟာ ဒီတောကြီးရဲ့အစပ်မှာ စခန်းချကြတယ်။ နောက်တစ်နေ့ မနက်မိုးလင်းချိန်ကစ


www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျွင်း အခဲလိုက် ထွက်တော့တာပဲ။ ကျုပ်တို့မှာ စားစရာ အသားက ကုန်နေတော့ အနည်းဆုံး ကျွဲတစ်ကောင်ရအောင် ပစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာမှာက ကျွဲတွေ အင်မတန် ပေါများတော့ ဆင်နောက်ကို အနံ့ခံမလိုက်ခင် ကျွဲကိုပဲပစ်ဖို့ စိတ်ကူးရတယ်။ ကျုပ်တို့ စခန်းချတဲ့နေရာကနေပြီး မိုင်ဝက်မရှိတရှိ နေရာမှာ လှည်းလမ်းကြောင်းလောက်ကျယ်တဲ့ လမ်းကြောင်းတစ်ခုကို သွားတွေ့သဗျ။ ဒီလမ်းကြောင်းဟာ ကျွဲအုပ်ကြီး လျှောက်သွားတဲ့လမ်းကြောင်း ဖြစ်စရာရှိတယ်။ ကျွဲတွေဟာ သူတို့ကျက်စားတဲ့ ရွှံ့နွံအိုင်တွေက မိုးမလင်းခင် တက်လာကြပြီး ကုန်းမြင့်နေရာမှာ တစ်နေ့လုံး ဝပ်နေဖို့သွားကြတာ ဖြစ်လိမ့်မယ်။ ဒီလမ်းကြောင်းကို ကျုပ် ရဲရဲကြီးပဲ လိုက်သွားတယ်ဗျို့။ ဘာကြောင့်လဲဆိုတော့ တိုက်နေတဲ့လေက ကျွဲတွေသွားတဲ့နေရာဆီက ကျုပ်ဆီကို လေပြန်တိုက်နေလို့ပဲ။ သူတို့က လေညာ၊ ကျုပ်တို့က လေအောက်ဆိုပါတော့ဗျာ။ တစ်မိုင်လောက် ဆက်ပြီးသွားမိတော့ တောဟာ ပိုနက်လာတာကို တွေ့ရပြီး လမ်းကြောင်း အခြေအနေကို အကဲခတ်ရခြင်းအားဖြင့် ကျုပ်ဟာ ကျွဲအုပ်နဲ့ မဝေးတော့ဘူးဆိုတာ ခန့်မှန်းရတယ်။ နောက်ထပ် ကိုက် ၂၀၀ လောက် သွားမိတယ်ဆိုရင်ပဲ ချုံနွယ်ပိတ်ပေါင်းတွေက သိပ်ထူလာတာ တွေ့ရတယ်။ ကျွဲလျှောက်သွားတဲ့ လမ်းကြောင်းသာ မရှိရင် ကျုပ်တို့ ရှေ့ကို တိုးသွားလို့ရမယ် မဟုတ်ဘူး။ မြေအနေအထားက အဲသလို ဖြစ်နေလေတော့ ကျုပ်ရဲ့ ရှစ်ဗိုရိုင်ဖယ်ကို သယ်လာတဲ့ ဂိုဘိုနဲ့အတူ ကျုပ်ခေါ်လာခဲ့တဲ့ တခြားလူနှစ်ယောက်ကပါ ရှေ့ဆက်ပြီး မသွားချင်တဲ့အကြောင်း အတင်းနှင်းကန်ပြီး ငြင်းနေကြတော့တာပါပဲဗျာ။ သူတို့အကြောင်းပြချက်ကတော့ ပြေးပေါက်မရှိလို့ဘဲတဲ့။ ဂိုဘိုကို ရှစ်ဗိုရိုင်ဖယ် အသယ်ခိုင်းပြီး ကျုပ်ကိုယ်တိုင်ကတော့ ဒသမ ၅၇၀ စပယ်ရှယ်ရိုင်ဖယ်ကို ကိုင်ထားတယ်။ အဲဒီလို သူတို့မလိုက်ချင်ဘူးလို့ ငြင်းကြတော့ ကျုပ်က ကောင်းပြီ မင်းတို့ မလိုက်ချင်နေကြ၊ ကျုပ်ဟာကျုပ် သွားမယ်လို့ ပြောလိုက်တဲ့ အခါ သူတို့ ရှက်သွားကြတယ် ထင်ပါရဲ့။ လိုက်မယ်ဆိုပြီး လိုက်လာကြတယ်။

"နောက်ထပ်ကိုက် ၅၀ လောက် ဆက်သွားမိတော့ လမ်းကြောင်းကြီးဟာ ပွင့်သွားပြီး ကွင်းပြင်ကလေးတစ်ခုထဲ ရောက်သွားကြတယ်ဗျ။ အဲဒီကျတော့ ကျုပ်လည်း မြေကြီးပေါ်မှာ ဒူးထောက်ချလိုက်ပြီး ဟိုကြည့်ဒီကြည့် ကျွဲတွေကို ရှာကြည့်တယ်။ နို့ပေမဲ့ ကျွဲတစ်ကောင်မှ မတွေ့ရဘူး။ ကျွဲတွေဟာ ဒီနေရာမှာ အုပ်စုကွဲသွားတာ ဖြစ်ရမယ်။ ဒီလို ကျုပ် သိရတာကလည်း သူတို့ခြေရာကို ကြည့်ပြီး သိရတာပဲ။ သူတို့ဟာ မျက်နှာချင်းဆိုင်ဘက်က ချုံတောထဲကို ၂ ကောင်တစ်တွဲ၊ ၃ ကောင်တစ်တွဲဝင်သွားကြဟန်တူတယ်။ ဒီတော့ ကျုပ်လည်း ကွင်းပြင်ကလေးကို ဖြတ်ပြီး ခြေရာကြောင်းတစ်ခုကို ခံပြီးလိုက်သွားတော့ ကိုက်





၅၀၊ ၆၀ လောက်လည်း ရောက်ရော ကျုပ်ကို ကျွဲတွေ ဝိုင်းနေမှန်းသိလိုက်ရတယ်။ ဒါပေမဲ့ ချုံတွေက ထူထပ်လွန်းလို့ ဒီအကောင်တွေကို တစ်ကောင်မှ မမြင်ရဘူး။ နို့ပေမဲ့ ကျုပ်ရဲ့ ဘယ်ဘက် ကိုက်အနည်းငယ်လောက်မှာ ကျွဲတစ်ကောင်ဟာ သူ့ဦးချိုကို သစ်ပင်တစ်ပင်နဲ့ ပွတ်တိုက်နေတဲ့ အသံကို ကြားရတယ်။ ကျုပ်ရဲ့ ညာဘက်ဆီကတော့ တအွန့်အွန့် တအဲအဲ လည်ချောင်းသံကြီးနဲ့ မြည်နေသံ တစ်ချက်တစ်ချက် ကြားရတယ်။ ဒီဟာတွေကို ယောက်ချင့်ပြီး ကျုပ်ဟာ ကျွဲအိုကြီးတစ်ကောင်ရဲ့ မလှမ်းမကမ်းမှာ ရောက်နေတယ်ဆိုတာ ခန့်မှန်းရတယ်။ ဒီတော့ ကျုပ်ဟာ အန္တရာယ်နဲ့ နီးကပ်နေပြီဆိုတာ သိရလို့ အသက်ကို ဖက်နဲ့ထုပ်ပြီး အကောင်ကြီးဆီကို အသံမကြားရအောင် တွားသွားရတယ်။ ဘယ်လောက်တောင် ညင်ညင်သာသာ သွားရသလဲဆိုရင် ဘဲဥတွေပေါ် လျှောက်ပြမယ်။ ဘဲဥတွေ မကွဲစေရဘူးဆိုပြီး လောင်းကြေးစားကြေးလျှောက်သလို သတိ အင်မတန် ထားပြီး လျှောက်ရပါတယ်။ ကိုယ့်ရှေ့မှာ တွေ့သမျှ သစ်ကိုင်းသစ်စတွေကိုလည်း ဂရုတစိုက်ကောက်ပြီး ဖယ်ပစ်ရတယ်။ မတော် သူတို့အပေါ် တက်နင်းခံပြီး ဂျိုးခနဲ ဖျတ်ခနဲ အသံမြည်သွားရင် ကျွဲကြီးကို သတိပေးသလိုဖြစ်နေမယ် မဟုတ်လား။ ကျုပ်နောက်ကတော့ ကျုပ်လူ ၃ ယောက်လည်း တန်းစီပြီး လိုက်လာကြတယ်။ သူတို့အထဲက ဘယ်အကောင် ကြောက်ဒူးတုန်နေသလဲဆိုတာကိုတော့ ကျုပ်မသိဘူး။ ဒါနဲ့ ခဏကြာတော့ ဂိုဘိုက ကျုပ်ရဲ့ ခြေထောက်ကို သာတို့တဲ့အတွက် လှည့်ကြည့်လိုက်တဲ့အခါ သူက ဘယ်ဘက် ခပ်စွေစွေနေရာကို လက်ညှိုးထိုးပြနေတာ တွေ့ရတယ်။ ကျုပ်က မော့ပြီးနွယ်ပင်တွေအပေါ် ကျော်ပြီး ကြည့်လိုက်တော့ ဆူးနဲ့အရွက်တွေ ဘေးကိုကားထွက်နေတဲ့ ရှားစောင်းလက်ပတ်ပင်တွေ ထူထပ်စွာ ပေါက်နေတာရယ်၊ အဲဒီအပင်တွေရဲ့ဟိုဘက် ကျုပ်တို့နဲ့ ၁၅ လှမ်းလောက် မရှိတရှိမှာတော့ အင်မတန် ကြီးမားတဲ့ ကျွဲကြီးရဲ့ ဦးချိုရယ်၊ လည်ပင်းရယ်၊ သူ့ကျောကုန်းတန်းကြီးရယ် မြင်ရတယ်။ ဒါနဲ့ ကျုပ်လည်း ရှစ်ဗိုရိုင်ဖယ်ကိုယူပြီး ဒူးထောက်အနေအထားနဲ့ အကောင်ကြီးကို ပစ်ဖို့ အသင့်ပြင်လိုက်တယ်။ စိတ်ကူးကတော့ သူ့လည်ပင်းကို ပစ်ထည့်လိုက်ပြီး ကျောရိုးကြီး ပြတ်သွားအောင် လုပ်ဖို့ပဲ။ ရှားစောင်းလက်ပတ်ရွက်တွေက လူကို ကွယ်မထားဘဲ လွတ်နေတဲ့ နေရာကနေပြီး ချိန်သားကိုက်အောင် နေသားတကျ ချိန်ထားလိုက်တယ်။ အဲဒီလိုလုပ်လိုက်ကာမှ မောင်မင်းကြီးသားက သက်ပြင်းချသလို လေကို မှုတ်ထုတ်လိုက်ပြီး လှဲချလိုက်ပါရောဗျာ။

"ကျုပ်လည်း စိတ်ပျက်လက်ပျက်နဲ့ ဟိုကြည့်ဒီကြည့် လုပ်နေ...း ဒါ အခု ဘာလုပ်ရမလဲလို့ စဉ်းစားမိတယ်။ အကောင်ကြီးကလှဲနေတော့ သူ့ကို မမြင်ရဘဲနဲ့ ပစ်လို့ မဖြစ်ဘူး။ ရှားစောင်းလက်ပတ်ပင်တွေကို ကျည...ဖောက်ပင်



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တယ်ထားဦး၊ မမြင်ဘဲနဲ့ ဘယ်နည်းနဲ့မှ ပစ်လို့ မဖြစ်ဘူး။ နောက်တစ်ကြောင်းကလည်း ကျည်ဆံက ဒီအပင်တွေကို ထိုးဖောက်သွားနိုင်မလား။ မသွားနိုင်ဘူးလားဆိုတာကလည်း မသေချာဘူး။ ဒီတော့ ပစ်ချင်းပစ်ရင် မတ်တတ်ရပ်ပစ်မှ ဖြစ်တော့မယ်။ ခက်တာက မတ်တတ်ရပ်လိုက်ရင် ဒီကောင်ကြီး ထွက်ပြေးချင်ပြေးမယ်။ ဒါမှမဟုတ်လည်း ကျုပ်ကို ရန်မူချင်မူမယ်။ စဉ်းစားကြည့်လိုက်တော့ နည်းတစ်နည်းပဲ ရှိတော့တယ်။ သတ္တဝါကြီး လှဲနေတုန်း ငါလည်း ထိုင်နေမှ ဖြစ်တော့မယ်ဆိုတာကို သဘောပေါက်လာတယ်။ တောတွေ၊ ချုံတွေ ထူတဲ့နေရာမှ တခြားကျွဲတွေကိုလည်း လိုက်ရှာချင်တဲ့ စိတ်မရှိလှဘူး။ ကျွဲတစ်ကောင်ဝပ်နေတယ်ဆိုရင် တစ်ချိန်ချိန်မှာတော့ သူပြန်ထရမယ်ဆိုတာ သေချာတယ်။ စိတ်ရှည်ဖို့သာ လိုတယ်။ ဖူးလူးတိုင်းရင်းသားတွေ ပြောသလို 'ထိုင်စစ်ပွဲနွဲခြင်း' ဆိုသလိုပေါ့။

"ဒါနဲ့ ကျုပ်လည်း ထိုင်နေပြီး ဆေးတံကို မီးညှိလိုက်တယ်။ သဘောကတော့ ဆေးနံ့ရသွားလို့ရှိရင် ဒီသတ္တဝါကြီးထစ်ကောင်း ထမယ်ဆိုတဲ့ စိတ်ကူးနဲ့ပဲ။ နို့ပေမဲ့ လေက ဘခြားက လှည့်တိုက်နေလေတော့ ထင်သလို ဖြစ်မလာဘူး။ ပထမ ဆေးတစ်အိုးကုန်တော့ နောက်တစ်အိုး ထပ်ညှိပြန်တယ်။ ဒီဆေးတံအတွက် နောက်ထပ်မှ နောင်တရဖို့ ဖြစ်လာတယ်။

"ဒါနဲ့ ကျုပ်တို့လည်း နာရီဝက်ကျော်ကျော် ၄၅ မိနစ်လောက် ထိုင်ပြီးစောင့်နေလိုက်ကြတာ၊ ကြာတော့ဗျာ ကျုပ် လုပ်ပုံကိုပဲ ကျုပ် အကြီးအကျယ် စိတ်ပျက်လာမိတယ်။ တကယ့်ကို ပျင်းစရာကောင်းတဲ့ အလုပ်ပါပဲဗျာ။ ကျုပ်ရဲ့ ပတ်ဝန်းကျင်မှာ ကျွဲတွေက အသက်ပြင်းပြင်းရှူနေသံတွေ၊ ဟိုဟိုဒီဒီ သွားလာလှုပ်ရှားနေကြသံတွေကို ကြားနေရတယ်။ နှုတ်သီးနီနီကလေးတွေနဲ့ ငှက်ကလေးတွေဟာ ကျွဲကြီးတွေရဲ့ ကျောကုန်းပေါ်ကနေပြီး ထပျံပြေးကြတာတွေကိုလည်း မြင်နေရတယ်။ အဲဒီလို ထပျံကြတဲ့အခါ ကျုပ်တို့ အင်္ဂလန်က မြေလူးငှက်ကလေးတွေ အော်သံလို အော်အော်ပြီး သွားကြတယ်လေ။ ဒါပေမဲ့ တစ်ခုခက်တာက သူတို့ကို တစ်ကောင်တလေမှကို မမြင်ရဘူး။ ဟို အကောင်ကြီးဆိုရင် အိပ်များပျောင် ပျော်နေသလား မသိဘူး။ တုတ်တုတ်မှ မလှုပ်ဘူးဗျ။

"အခြေအနေလှအောင်တော့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်လို့ ကျုပ်က စိတ်ပိုင်းဖြတ်လိုက်တဲ့ အချိန်မှာ တဂျိုးဂျိုး တဂ္ဂိဂ္ဂိ ကြိတ်သံလိုလို ခတ်ဆန်းဆန်း အသံတစ်သံ ကြားလိုက်ရလို့ ကျုပ်အာရုံပြောင်းသွားတယ်။ ပထမတော့ ဒီအသံဟာ ကျွဲတစ်ကောင်ကောင် စားမြုံ့ပြန်နေတဲ့ အသံပဲလို့ အောက်မေ့မိတယ်။ ဒါပေမဲ့ အသံက စားမြုံ့ပြန်တဲ့ အသံထက် ကျယ်နေလေတော့၊ ကျွဲစားမြုံ့ပြန်တာလို့ ပထမ ထင်မြင်ချက်ကို စွန့်လွှတ်လိုက်ရတယ် ဆိုပါတော့ဗျာ။ နောက်တော့





ကျုပ်က နေရာကို ဟိုရွှေ့ဒီရွှေ့နဲ့ ချုံကြားထဲကနေ အသံလာရာဆီကို မှန်းပြီး ချောင်းကြည့်လိုက်တော့ ကိုက် ၅၀ လောက် အဝေးမှာ ခပ်မှိုင်းမှိုင်းသဏ္ဍာန်တစ်ခု ရွေ့လျားနေတာကို မြင်လိုက်သလိုလိုပဲ၊ နို့ပေမဲ့ အသေအချာတော့ မသိရဘူး။ တဂျိုးဂျိုး တဂ္ဂိဂ္ဂိသံကိုတော့ ကြားမြဲ ကြားနေရတုန်းပဲ။ ဒါပေမဲ့ ဘာကိုမှ နောက်ထပ် သဲသဲကွဲကွဲ မမြင်ရတော့ ဒီအကြောင်းကို တွေးမနေတော့ဘဲ ကျုပ် အာရုံဟာ ကျွဲတွေဆီကို ပြန်ရောက်သွားတယ်။ အဲဒီအချိန်ကျမှ အမှန်ကို သိရတော့တာပေါ့ဗျို့။ ကိုက် ၄၀ လောက်အဝေးဆီက တရှူးရှူး တရှဲရှဲ မြည်သံကြီးကို ရုတ်တရက် ကြားလိုက်ရတယ်။ အွှသံက ဘာနဲ့ပိုပြီး တူသလဲဆိုတော့ ရထားတွဲအများကြီးကို ဆွဲလာရတဲ့ မီးရထား စက်ခေါင်းတွဲကြီး ရှူးရှူးရှားရှား မြည်လာသံကြီးလိုပဲ။ ဘုရား ... ဘုရားလို့ ကျုပ်လည်း ဘုရားကို တ,လိုက်မိတယ်။ တဂျိုးဂျိုး တဂ္ဂိဂျိ မြည်သံလာတဲ့ဘက်ကို လှည့်ကြည့်လိုက်ရင်း ကျုပ်စိတ်ထဲမှာ ဒီအသံဟာတော့ ကြံ့ကောင်ကြီးရဲ့ အသံဖြစ်မှာပဲ။ ကျုပ်တို့ရဲ့ အနံ့ရလို့ လိုက်လာတာနဲ့ တူတယ်လို့ တွေးလိုက်မိတယ်။ ခင်ဗျားတို့ သိကြတဲ့အတိုင်း ကြံ့တစ်ကောင်ဟာ လူနံ့ရလို့ရှိရင် ဒီလို အသံမျိုး ပြုတတ်တယ်။ ဒီအသံဟာ မုချကြံ့တစ်ကောင်ရဲ့ အသံပဲ။ မှားစရာ မရှိဘူး။

နောက်တစ်စက္ကန့်လောက် အကြာမှာတော့ နားကွဲလုမတတ် ကဝုန်းဝုန်း အသံကြီးကို ကြားလိုက်ရတယ်။ ဒီနောက် ကျုပ်မှာ ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွားပြီး နေရာတတောင် မထမီ ကျုပ်နောက်က ချုံပုတ်ကြီးဟာ ကွဲထွက်သွားသလို ထင်လိုက်ရတယ်။ ကြည့်လိုက်တော့ လား ... လား ကျုပ်တို့ရဲ့ ရှေ့ ရှစ်ကိုက်လောက် အကွာမှာ ကြံ့ကောင်ကြီးဗျို့၊ ချိုကြီးက ထောင်လို့ မျက်လုံးတွေက ပေကလပ် ပေကလပ်ရဲ့ ဒေါသူပုန်ထပြီး ကြည့်တဲ့ အကြည့်မျိုးဆိုပါတော့။ ဒီကောင်ကြီးဟာ ကျုပ်တို့ရဲ့ အနံ့ကိုပဲလား။ ဒါမှမဟုတ် ကျုပ်သောက်တဲ့ ဆေးနံ့ကိုပဲလား၊ ဘယ်အနံ့ကို ရသွားသလဲတော့ ကျုပ် မပြောတတ်ဘူး။ ဘာနံ့ပဲရရ အနံ့တစ်ခုခု ရတယ်ဆိုရင်ပဲ ဒီအကောင်ကြီးတွေရဲ့ သတ္တိက အနံ့ရှိရာကို တိုက်ခိုက်ဖို့ တစ်ဟုန်ထိုး လာတတ်တာမျိုးပဲ။ ကျုပ်မှာထလည်း မထနိုင်၊ ထဖို့ရာလည်း အချိန်မရှိ၊ သေနတ်နဲ့လည်း မချိန်နိုင်၊ ချိန်ဖို့ရာလည်း အချိန်မရှိ။ ကျုပ် ဘာလုပ်လိုက်ရသလဲဆိုတော့ ဒီအကောင်ကြီး လာမယ့်လမ်းက လွတ်အောင်ဆိုတဲ့ ချောဟယဲကို တစ်ခါတည်း လိမ့်ဝင်နိုင်သမျှ ဝင်လိုက်ရတာပဲဗျို့။ မကြာပါဘူး အကောင်ကြီးက ကျုပ်ကိုယ်ပေါ်မှာ မိုးနေပါလေရော။ အမယ်လေး သူ့ကိုယ်ထည်ကြီးဟာ ကျုပ်အပေါ်မှာ တောင်ကြီးတစ်လုံး ပိတ်နေသလိုပါပဲ။ ဒါ[illegible] [illegible]ဦးမယ်။ သူ့အနံ့ဟာ ကျုပ်နှာခေါင်းထဲမှာ စွဲနေလိုက်တာ တစ်ပတ်လောက်ရှိသဗျ။ အခြေအနေနဲ့ အဖြစ်အပျက်ကြောင့်လား မပြောတတ်ဘူး။ သူ့အနံ့က



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းထဲ ရှဲသွားတာနဲ့ တူပါတယ်။ သူမှုတ်ထုတ်လိုက်တဲ့ နှာခေါင်းထဲက လေတွေက ကျုပ်မျက်နှာပေါ် ကျနေသဗျ။ နောက်ပြီး သူ့ ရှေ့ခြေတစ်ချောင်းက ဆိုရင် ကျုပ်ခေါင်းနဲ့ သီသီကလေး လွဲသွားတယ်။ နောက် ခြေတစ်ချောင်းကတော့ ကျုပ်ရဲ့ဘောင်းဘီစကို တက်နင်းထားလို့ ကျုပ်အသားကိုတောင် နည်းနည်းပွတ်မိသလို ဖြစ်နေတယ်။ အဲဒီတော့ ကျုပ်မှာ ပက်လက်လန်လျက် ဖြစ်နေပြီး အကောင်ကြီးဟာ ကျုပ်ကို ကျော်လွှားသွားတာပဲဗျို့။ ဒီနောက် ဘာဖြစ်သလဲဆိုတော့ ကျုပ် လူတွေက ကျုပ် နောက်က မဟုတ်လား။ ဒီတော့ ကြံ့ကောင်ကြီးလာရာ လမ်းတည့်တည့်မှာ ပိတ်ပြီး တိုးနေတာပေါ့။ တစ်ယောက်ကတော့ ချုံတောထဲကို ပက်လက်ခုန်ပြီး လှဲချလိုက်တဲ့အတွက် လွတ်သွားတယ်။ နောက်တစ်ယောက်ကတော့ ငယ်သံပါအောင် အော်တဲ့ပြီး ခုန်လိုက်တာ တစ်ခါတည်း ကြက်ပေါင်စေးဘော်လုံးလို ရှားစောင်းလက်ပတ်ဆူးတွေပေါ် ကျသွားတော့တာပဲ။ ဟတိယလူ ကျုပ်မိတ်ဆွေကြီး ဂိုဘိုကတော့ ဘယ်လိုနည်းနဲ့မှပြေးလို့ မလွတ်နိုင်တော့ဘူး။ မတ်တတ်တော့ ရပ်လိုက်နိုင်ပါသေးရဲ့၊ ဒါပဲ သူလုပ်နိုင်တော့တယ်။ ကြံ့ကောင်ကြီးက သူ့ခေါင်းကြီးကို မြေမှာစိုက်ပြီး တစ်ခါတည်း ထိုးလာတာကိုးဗျ။ သူ့ဦးချိုကြီးက ဂိုကိုရဲ့ခြေကြားထဲ ရောက်သွားတော့ သူ့နှာခေါင်းပေါ်မှာ တစ်စုံတစ်ခု ရှိနေတယ်ဆိုတာ သိသွားပြီး တစ်ခါတည်း ပက်လိုက်ပါလေရောဗျာ။ ဘာပြောကောင်းမလဲ၊ ဂိုဘိုခမျာလည်း တစ်ခါတည်း လေထဲမြောက်တက်သွားတာပေါ့။ လေထဲမှာ ကျွမ်းတစ်ပတ်လောက် ပျံလိုက်သေးသဗျ။ အဲသလို ကျွမ်းပျံနေတုန်း သူ့မျက်နှာကို ကျုပ်မြင်လိုက်ရတယ်။ ပါးစပ်ကြီး အဟောင်းသားနဲ့ အကြောက်ကြီးကြောက်ပြီး မျက်နှာတစ်ခုလုံး ပြာနေတော့တာပဲ။ ဒီနောက် သူပြန်ပြီးကျလာတော့ လား ... လား ... ကြံ့ကောင်ကြီးရဲ့ ကျောပေါ်ကျလာတာကိုးဗျ။ အကျတော်တယ် ပြောရမှာပေါ့လေ။ သူ့ကုသိုလ်ကံပဲ ပြောရမယ် ထင်တယ်။ ဘာကြောင့်ဆိုတော့ ဟိုသတ္တဝါကောင်ကြီးက သူ့ကျောပေါ်ကနေ လိမ့်ကျသွားတဲ့ ဂိုဘိုကို တစ်ချက်မှ ပြန်လှည့်မကြည့်တော့ဘဲ ရှားစောင်းလက်ပတ်ပင်ကို ကမူးရှူးထိုး ဝင်ထိုးတော့တာပဲ။ ရှားစောင်းလက်ပတ်ပင်ပေါ် ခုန်တက်မိတဲ့ ဟိုငနဲကောင်လည်း သီသီကလေး လွတ်သွားတယ်။ စိတ်ထင် တစ်ကိုက်လောက်ပဲ လွဲသွားလိမ့်မယ် ထင်တယ်။

"ဒီနောက်တော့ အခြေအနေတွေ ရှုပ်ထွေးကုန်ရော ဆိုပါတော့ဗျာ။ ချုံကြီးရဲ့ ခပ်လှမ်းလှမ်း တစ်ဘက်မှာ အိပ်နေတဲ့ ကျွဲကြီးဟာ အသံဗလံတွေကြားရတော့ ဝပ်နေရာက ကမန်းကတန်း ထလိုက်တယ်။ နောက်တော့ ဘာလုပ်ရမှန်းမသိသေးသလို ခဏရပ်နေတယ်။ အဲဒီအခါ အရှိန်နဲ့ ပြေးလာတဲ့ ကြံ့ကောင်ကြီးက ကျွဲကြီးကို တည့်တည့်ကြီး ဝင်ဆောင့်လိုက်တော့တာပဲဗျို့။ ကြံ့ကြီးရဲ့ဦးချိုဟာ





ကျွဲကြီးရဲ့ ဝမ်းဗိုက်ကို ဝင်ထိုးမိရက်သား ဖြစ်သွားပြီး ကျွဲကြီးဟာ တစ်ခါတည်း ပက်လက်လန်ကျသွားတယ်။ ကြံ့ကြီးလည်း ကျွဲကောင်ကြီးပေါ် အရှိန်နဲ့ တစ်ခါတည်း လဲကျသွားတော့တာပဲဗျို့။ ဒါပေမဲ့လို့ ချက်ချင်းဆိုသလို ကြံ့ကြီးဟာပြန်ထလိုက်တယ်။ ဒီနောက် ဘယ်ဘက်ကို ချာခနဲလှည့်ပြီး ချုံပုတ်တွေကို တရကြမ်းတိုးပြီးတဲ့နောက် မြေနိမ့်ပိုင်း တောရှင်းတဲ့နေရာကို ဆင်းပြေးပါလေရောဗျာ။

"ဒီနောက် ချက်ချင်းလိုပဲ နေရာတစ်ခုလုံး ကြောက်စရာကောင်းတဲ့ အသံတွေနဲ့ ဆူဆူညံညံ ဖြစ်သွားတော့တာပဲဗျို့။ အရပ် ရှစ်မျက်နှာမှာ တရှူးရှူးတရှဲရှဲ ဖြစ်နေတဲ့ ကျွဲတွေဟာ ကြောက်အားလန့်အားနဲ့ အရမ်းကာရော တဟုန်ထိုးပြေးကြလွှားကြ ဖြစ်နေတာပေါ့ဗျာ။ ချုံပုတ်ဟိုဘက်မှာ ဒဏ်ရာရသွားတဲ့ ကျွဲကြီးလည်း ရူးသွားသလို တကတည်း နင်းကန်အော်နေတော့တာပဲဗျို့၊ ဒီတော့ ကျုပ်လည်း ခဏလောက်အသက်တောင် မရှူဝံ့ဘဲနေပြီး ပြေးလွှားနေတဲ့ ကျွဲတွေ တစ်ကောင်မှ ငါ့ဘက်မလာပါစေနဲ့လို့ စိတ်ရောကိုယ်ပါ ဆုတောင်းနေရတယ်။ ဒီနောက် ဘေးအန္တရာယ် နည်းနည်းကင်းသွားပြီဆိုတာ သိရတော့မှ ကျုပ်လည်း နေရာက ဖုတ်ဖက်ခါထပြီး ပတ်ဝန်းကျင်ကို ကြည့်ရတယ်။ ချုံပုတ်ပေါ် ပက်လက်လှဲချလိုက်တဲ့ ကျုပ်အကောင်ကတော့ အခုသစ်ပင်တစ်ပင်ပေါ် တက်ပြီး နေလိုက်တာ တစ်ဝက်လောက် ရောက်နေပြီ။ သစ်ပင်ထိပ်ဖျားမှာ ဘုရားသခင်ရဲ့ ကောင်းကင်ဘုံ တည်ရှိနေတယ်ဆိုရင်တောင် သူ ဒီလောက် မြန်မြန်ကြီး တက်နိုင်လိမ့်မယ်လို့ ကျုပ် မထင်ဘူး။ ဂိုဘိုကတော့ ကျုပ်အနားထိုင်ပြီး တဗျစ်တောက်တောက် ညည်းညူနေတော့တာပါပဲဗျို့၊ နောက်ပြီး ကျုပ်ထင်တဲ့အတိုင်း ဒီကောင်မှာ ဒဏ်ရာအနာတရ မရပါဘူး။ ရှားစောင်းပင်ပေါ် တင်းနစ်ဘောလုံးလို ခုန်ပျံသွားတဲ့ နံပတ် ၃ အကောင်ကတော့ နှာလွန်းလို့ကုန်းပြီး အော်နေတော့တာပဲဗျို့။

"သူ့ကို ကြည့်လိုက်တော့ ဒီကံဆိုးရှာတဲ့အကောင်ဟာ အင်မတန်ကိုသက်မသာ ဖြစ်နေတာကို တွေ့ရတယ်။ ရှားစောင်းဆူးကြီးတစ်ချောင်းက သူ့ခါးမှာ ပတ်ထားတဲ့ ခါးပတ်က သားရေထဲကို ဖူးဝင်နေတယ်။ ဒါပေမဲ့ အသားကိုတော့ ထိဟန်မတူပါဘူး။ ဆူးကြီးဝင်နေပုံက သူ မလှုပ်မရှားနိုင်ရုံ ဖူးဝင်နေတယ်။ ကောင်းတယ်ဆိုရမှာပေါ့ဗျာ။ နောက်ပြီး သူနဲ့ ၆ ပေလောက်အကွာမှာက ဒဏ်ရာရထားတဲ့ ကျွဲကြီးက ရှိနေတယ်။ ဒီသတ္တဝါကြီးက သူ့ကို ဒဏ်ရာရအောင် တိုက်တဲ့အကောင်ဟာ ရှားစောင်းပင်ပေါ်က အကောင်ပဲလို့ ထင်နေဟန်တူပါရဲ့၊ တစ်ခါတည်း အော်အော်ပြီး သူ့ချိုကြီးနဲ့ ရှားစောင်းပင်ကို ထိုးလိုက်ခတ်လိုက် လုပ်နေတော့တာပဲဗျို့၊ ရှားစောင်းပင်ပေါ်က အကောင်ရဲ့အသက်ကို ကယ်ချင်လို့ ရှိရင်တော့ အချိန်မြန်းနေလို့ မဖြစ်ဘူး။ ဒါနဲ့ ကျုပ်ရဲ့ ရှစ်ဗိုသေနတ်ကို ချလိုက်တယ်။ ကံကောင်းထောက်မလို့ ဒီသေနတ်ဟာ ဘာမှမဖြစ်ဘူး။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လို သေနတ်ကိုဆွဲပြီး ကြံ့ကြီးကြောင့် အကျယ်ကြီးဖြစ်သွားတဲ့ ချုံပုတ်အပေါက် ရှိတဲ့နေရာ လက်ဝဲဘက်ကို ကျုပ် တဖြည်းဖြည်း ရွှေ့ပြီး သေနတ်ကို ကျွဲကြီးရဲ့ ပခုံးဆီ ချိန်လိုက်တယ်။ ချိန်ချင်တာကတော့ ကျွဲကြီးရဲ့ နှလုံးသားနေရာကို ချိန်ချင်တာပဲ။ နို့ပေမဲ့ ကျုပ်ရောက်နေတဲ့ နေရာကနေပြီး သူ့နှလုံးသားရှိတဲ့ နေရာကို ကောင်းကောင်းပစ်လို့ရမယ် မဟုတ်ဘူး။ အဲသလို သေနတ်ကိုချိန်လိုက်တော့ တကတည်းဗျာ ... ကြံ့ကြီးတိုးသွားတဲ့ ဝမ်းဗိုက်က ဒဏ်ရာက နည်းတာမှမဟုတ်ဘဲဆိုတာ မြင်လိုက်ရတယ်။ နောက်ပြီးတော့ ကြံ့ကြီး ဝင်ဆောင့်လိုက်တဲ့ အရှိန်ကြောင့် ကျွဲကြီးရဲ့ ဘယ်ဘက်နောက်ခြေထောက်တစ်ဘက်ဟာလည်း ခါးကနေပြီး အဆစ်လွဲသွားတာကို တွေ့ရတယ်။ ဒီနောက် ကျုပ်လည်း သေနတ်မောင်းကို ဖြုတ်ချလိုက်တော့တာပါပဲ။ ကျည်ဆံဟာ ကျုပ် ချိန်တဲ့အတိုင်း ပစ်ချက်ကိုမှန်လို့ ကျွဲကြီးဟာ ပခုံးကျိုးပြီး ဘုံးဘုံးလဲကျသွားတော့တာပါပဲဗျာ။ ရှေ့ရောနောက်ရော ဒဏ်ရာတွေရနေတော့ ဒီကောင်ကြီး ဘယ်နည်းနဲ့မှ မထနိုင်တော့ဘူးဆိုသာ စိတ်ချရပြီ။ ဒါနဲ့ အကောင်ကြီးရှိတဲ့အနားကို ကျုပ် နည်းနည်းကပ်သွားတယ်။ ပါးစပ်ကတော့ အော်တုန်းဟစ်တုန်းပဲဗျို့။ လဲကျနေတဲ့ နေရာကနေပြီး မြေကြီးကိုလည်း သူ့ချိုကြီးနဲ့ ထိုးလိုက် ခုတ်လိုက် လုပ်နေတုန်းပဲ။ ဒါနဲ့ ကျုပ်လည်း နောက်ဆုံး သူ့အနား ၂ ကိုက်လောက်အကွာအထိ သွားပြီး သူ့လည်ဆစ်ရိုးကို တစ်ခါတည်း ချိန်ပြီးပစ်လိုက်တယ်။ ကျည်ဆံဟာ ကျုပ်ချိန်တဲ့နေရာကို တည့်တည့်ကြီး ဖောက်သွားတယ်။ သူ့ခေါင်းကြီးဟာလည်း မြေပေါ်ကို ဘုတ်ခနဲ ကျပြီး တစ်ခါတည်း အသက်ထွက်သွားတော့တာပါပဲဗျာ။

"ဒီအချိန်မှာ ဂိုဘိုဟာ ထနိုင်လျှောက်နိုင်ရှိသွားပါပြီ။ သူ့အကူအညီနဲ့ပဲ ကျွဲကြီးရဲ့ ကိစ္စကို အပြီးသတ်လုပ်ခဲ့ရတယ်။ ဒီနောက်မှ ရွာစောင်းချုံပေါ်မှာ မသက်မသာဖြစ်နေတဲ့ ကျုပ်တို့ရဲ့ ရဲဘော်တစ်ကောင်ကို ကယ်ဖို့လုပ်ရပြန်တယ်။ သူ့ကိစ္စက လွယ်တဲ့ကိစ္စ မဟုတ်ဘူးဗျ။ လွယ်မလိုလိုနဲ့ အတော်ခဲခဲယဉ်းယဉ်း လုပ်ယူရတယ်။ ဒါပေမဲ့လို့ နောက်ဆုံးတော့ ချောချောမောမောပဲ ရွာစောင်းပင်ပေါ်က အောက်ကိုချယူနိုင်ပါတယ်။ ဒဏ်ရာကြီးကြီးကျယ်ကျယ်တော့ ဒီအကောင်မှာ မရပါဘူး။ နို့ပေမဲ့ ဒီအချိန်ကစပြီးတော့ ဒီအကောင်ဟာ ဘုရား တရားကို သိပ်ကြည်ညိုလာတာ တွေ့ရတယ်လေ။ သူဟာ အဲဒီအချိန်မှာ ဘုရား တရားကို အောက်မေ့နေလို့ မသေမပျောက်ဘဲ အသက်နဲ့ကိုယ် မြဲရတာပါဆရာလို့ ပြောသဗျ။ ဒါပေမဲ့ ဘုရား တရားကြောင့်သာ မဟုတ်ဘဲ ကျုပ်ရဲ့ရှစ်ဗိုကြီးက သူ့ကို ကယ်လိုက်တယ်ဆိုတာတော့ ကျုပ် သူ့ကို ဖွင့်မပြောလိုက်ပါဘူး။ ကျုပ် ဝမ်းထဲမှာပဲ ထားပါတယ်။





"ကျွဲကြီးကို ဖျက်ယူဖို့ သူ့ကိုပဲ အထမ်းသမားတွေ သွားခေါ်ဖို့ လွှတ်လိုက်ရတယ်။ စခန်းကို အဲဒီလို ပြန်လွှတ်လိုက်ပြီးတဲ့နောက် ကျုပ်ဟာ ကြံ့ကြီးကို ကလဲ့စားချေချင်စိတ် ပေါက်လာလို့ ဒီအကောင်ကြီးရဲ့ ခြေရာကိုခံပြီး လိုက်ပြန်တယ်။ ဒီအကြံအစည်ကိုတော့ ဂိုဘိုကို ကျုပ် မပြောသေးဘူး။ နို့ပေမဲ့ အခုအချိန်မှာတော့ ကံကြမ္မာကောင်ကြီးဟာ ဝမ်ဘီရဲ့ နယ်မြေထဲမှာ လွတ်လပ်စွာ သွားလာနေတယ်ဆိုတာကိုတော့ ဂိုဘို ကောင်းကောင်းကြီး ယုံကြည်သွားပါပြီ။ ကြံ့ကြီးဟာ ချုံတောကို တိုးထွက်သွားပြီးတဲ့နောက်၊ ကွင်းပြင်ကလေးတစ်ခုကို ရောက်သွားတယ်။ ဒီနေရာမှာ ခြေလှမ်းမှန်မှန်နဲ့ပဲ ကွင်းပြင် အဆုံးထိအောင် လျှောက်သွားတာတွေ့ရတယ်။ ကွင်းပြင်အဆုံးရောက်တော့ ညာဘက်ကိုကွေ့၊ တောကိုဖြတ်၊ ချုံတောနဲ့ မြစ်အကြားမှာရှိတဲ့ လဟာပြင်ကို ဦးတည်ပြီးသွားတာကို တွေ့ရတယ် ခင်ဗျ။ ဒါနဲ့ ကြံ့ကြီးနောက်ကို တစ်မိုင်လောက် တစ်မိုင်ကျော်ကျော်လောက် လိုက်မိရင်ပဲ ကျုပ်ဟာ လဟာပြင်ကွင်းထဲကို ရောက်လာတယ်။

ဒီနေရာရောက်လို့ ကျုပ်က မှန်ပြောင်းထုတ်ပြီး ကွင်းပြင်ကို စေ့စေ့စပ်စပ် ရှာကြည့်တော့ တစ်မိုင်လောက် အဝေးမှာ ခပ်ညိုညို ခပ်မှိုင်းမှိုင်း သဏ္ဍာန်တစ်ခုကို သွားတွေ့ရတယ်။ ကျုပ်ထင်တာကတော့ ဒီသဏ္ဍာန်ဟာ ကြံ့ကြီးပဲလို့ ထင်တာပဲ။ ဒါနဲ့ ကျုပ်လည်း ရှေ့ကို မိုင်တစ်မတ်လောက်သွားပြီး တစ်ခါကြည့်ပြန်ကယ်။ မြင်ရတာက ကြံ့ကြီးမဟုတ်ဘူး။ အင်မတန်ကြီးတဲ့ ခြတောင်ပို့ကြီး ခင်ဗျ။ ဒီနေရာမှာ အတော်ခေါင်းရှုပ်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ကြံ့ကြီး သွားတဲ့ ခြေရာအတိုင်းဆိုရင် ဒီအကောင်ကြီးဟာ ရှေ့တစ်နေရာရာမှာ မုချရှိရမယ်။ ကျုပ်ကလည်း အလေ့ျာမပေးချင်ဘူးလေ။ ဒါပေမဲ့ လေက ကျုပ်ဘက်ကနေပြီး ကြံ့သွားရာလမ်းကြောင်းအတိုင်း တိုက်ပြီးနေတယ်ခင်ဗျ။ ကြံ့ဆိုရဲ့ သတ္တဝါဟာ တစ်မိုင်လောက် အဝေးကနေပြီး လူနံ့ကိုရတယ်လေ။ ဒါကြောင့်မို့ သူသွားရာ လမ်းကြောင်းအတိုင်းလိုက်ရင် အန္တရာယ်ရှိမယ်ဆိုတာ သိတယ်။ ဒီတော့ တည့်တည့်မလိုက်ဝံ့ဘဲ တစ်မိုင်သာသာလောက် ကွေ့ကောက်ပြီး သူ့နောက်ကို လိုက်ရတယ်။ နောက်ဆုံး ခြတောင်ပို့ကြီးနဲ့ မျက်နှာချင်းဆိုင်ရောက်လုနီးပါး နေရာရောက်လာတော့ ကွင်းပြင်ကို တစ်ခါပြန်ရှာကြည့်ပြန်တယ်။ ကြည့်ပေမဲ့ ဘာမှ အကြောင်းမထူးပါဘူး။ အကောင်ကြီးရဲ့ အရိပ်အယောင်တောင်မှ မတွေ့ရဘူး။ ဒါနဲ့ ကျုပ်လည်း လက်လျှော့ပြီး မိုးကုတ်စက်ဝိုင်းဆီမှာ မြင်လိုက်ရတဲ့ ချုံထောင် ဒရယ်ကိုပဲ ပစ်တော့မယ်လို့ စိတ်ကူးလိုက်တယ်။ ဒီလိုလည်း စိတ်ကူးလိုက်ရော ခြတောင်ပို့ကြီးကနေ ကိုက် ၃၀၀ လောက်အလွန်မှာ မောင်မင်းကြီးသား ကြံ့ကောင်ကြီးဟာ မြက်ခင်းပေါ်က ဗြုန်းခနဲ ထလိုက်တာ သွားတွေ့ရသော့တာကိုး ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား လို့ ဘုရားသခင်ကို တလိုက်မိတယ်။ ဘာကြောင့်ဆိုတော့ ဟိုသတ္တဝါကြီး တစ်ချိတစ်မောင်း ထွက်များမပြေးဦးမလားလို့ အောက်မေ့လိုက်မိလို့ပဲ။ ဒါပေမဲ့ အကောင်ကြီးက မပြေးဘူးဗျ။ သပြီး တစ်မိနစ် နှစ်မိနစ်လောက် ဘေးဘီငေးကြည့်နေပြီး ပြန်လှဲချလိုက်ပြန်တယ်။

"ကိုင်း ... ဒီတော့ ကျုပ်မှာ အခု ပြဿနာ ပေါ်လာပြီဗျို့။ ခင်ဗျားတို့သိကြတဲ့အတိုင်း ကြံ့သတ္တဝါဟာ သူ့မျက်စိက ခပ်ဝေးဝေးကို သိပ်မြင်တာမဟုတ်ဘူး။ မျက်စိက အဝေးကို မမြင်သလောက် အနံ့ခံရာမှာတော့ ပြောစရာမရှိဘူး။ သူ့အစွမ်းအစကိုလည်း သူ့ဟာသူ ကောင်းကောင်းကြီးသိတယ်။ သဘာဝကပေးတဲ့ သူ့အစွမ်းအစကိုလည်း သူ့ဟာသူ ကောင်းကောင်းကြီး အသုံးချတတ်တယ်ဗျ။

ဥပမာဆိုကြပါစို့။ သူလှဲအိပ်တဲ့အခါများမှာ သူ့ဦးခေါင်းကို လေစုံဘက်မှာထားပြီး လှဲအိပ်တတ်တယ်ဗျ။ ဒီတော့ ရန်သူဟာ လေအစုန်အထက်ကလာနေမယ်။ ဒါမှမဟုတ် ဖြတ်သွားမယ်ဆိုရင် ချက်ချင်းသိပြီး လွတ်ရာကို ပြေးနိုင်မယ်။ ဒီလိုမှ မဟုတ်လည်း ခုခံတိုက်ခိုက်ဖို့ သူ အသင့်ပြင်ပြီးသားဖြစ်မယ်။ ဒါမှမဟုတ်ရင်လည်း တခြားတစ်ဘက်က ရန်သူလာမယ်ဆိုရင် ရန်သူကိုတော့ အနည်းဆုံးမြင်လိုက်နိုင်မယ်။ လေဆန်ကလာတဲ့ ရန်သူကို သူ မမြင်ဘူးဆိုရင်တော့ဖြင့် သူ့အနားကပ်သွားပြီး ခြေနဲ့တောင် ကန်လို့ ရနိုင်တယ် ခင်ဗျ။

"ဒီတော့ အရေးကြီးတာက ဒီအကောင်ကြီး အနားကို သေနတ်တစ်ပစ်စာ အဝေးလောက်အထိ ဘယ်လို ရောက်အောင် သွားမလဲဆိုတာ ကျုပ်ရဲ့ ပြဿနာပဲ။ အတော်ကြာကြာ ကျုပ် စဉ်းစားပြီး သူ့နံဘေးဘက်က ချဉ်းကပ်သွားရင် သူ့ပခုံးကို ပစ်ထည့်နိုင်ကောင်းရဲ့လို့ ကျုပ် ယူဆတယ်။ ဒီအကြံအတိုင်းလုပ်မယ်ဆိုပြီး ကျုပ်တို့ ကုန်းကုန်းကွကွ သွားကြရသဗျ။ ကျုပ်က ရှေ့ဆုံးက ဂိုဘိုက ကျုပ်ရဲ့အင်္ကျီစကို ဆွဲပြီး နောက်က၊ ကျန်တဲ့ ကောင်ကလေးက ဂိုဘိုရဲ့လန်ကွက်တီစဆွဲပြီး နောက်ကပေါ့။ တောသတ္တဝါကောင် ကြီးကြီးမားမားကို လိုက်တဲ့အခါမျိုးမှာ ဒီအစီအစဉ်အတိုင်း အမြဲတမ်း ကျုပ်လိုက်နာတယ်။ တခြားအစီအစဉ်မျိုးဆိုရင် အထမ်းသမားတွေဟာ သွားချင်ရာသွားတတ်ကြတယ် ခင်ဗျ။ ဒါနဲ့ ကျုပ်တို့ဟာ ကိုက် ၃၀၀ လောက်အထိတော့ ချောချောမောမော ရောက်သွားပါတယ်။ အဲဒီနေရာရောက်တော့ တကယ့် အခက်အခဲတွေနဲ့ တွေ့ရပြန်တာကိုး ခင်ဗျ။

တောတိရစ္ဆာန်ကောင်တွေက မြက်တွေကို တိုနေအောင် စားထားကြတော့ ကျုပ်တို့မှာ ပုန်းအောင်းစရာ ကာကွယ်စရာဆိုလို့ ဘာမှမရှိဘူး ခင်ဗျ။ ဒီတော့ ဘာလုပ်ကြရသလဲဆိုတော့ လေးဘက်ထောက်မသွားလို့ကို မဖြစ်တော့





ဘူး။ ဒီလိုပုံနဲ့ သွားရတော့ ကျုပ်အတွက်မှာ တစ်ခက် ဖြစ်နေပြန်ရော၊ ဘယ်လိုလဲဆိုတော့ တစ်လှမ်းချင်း လှမ်းရာမှာ ကျုပ်ရဲ့ ရှစ်ဖိုကြီးကို မြေကြီးပေါ် ချလိုက်၊ ဒီနောက် ပြန်ပြီး မ,ယူလိုက်လုပ်နေရတာကိုး။ ဒါပေမဲ့လို့ ကျုပ်ကတော့ ရပါတယ်။ သွားလို့ရအောင်ကိုပဲ သွားပါတယ်။ ဒါပေမဲ့ ခက်တာက ဂိုဘိုနဲ့ နောက်တစ်ကောင်အတွက်ကြောင့် အားလုံး အစီအစဉ်တွေ ကိုးရိုးကားယား ဖြစ်ကုန်တာဆဲ့။ ခင်ဗျားတို့တော့ သိကြမလား မဆိုနိုင်ဘူး။ ဒီအာဖရိက တိုင်းရင်းသားတွေတောလိုက်မယ်ဆိုရင် သူတို့ရဲ့ စိတ်ဓာတ်ဟာ ငှက်ကုလားအုပ်ရဲ့ စိတ်ဓာတ်အတိုင်း လိုက်လုပ်ကြတယ်။ ငှက်ကုလားအုပ်ရဲ့ စိတ်ဓာတ်က သူ့ဦးခေါင်းကို ရန်သူက မမြင်ရရင်၊ သူ့တစ်ကိုယ်လုံးကိုလည်း မမြင်ရဘူးဆိုတဲ့ စိတ်ဓာတ်ပဲ။ အဲဒီ စံနမူနာအတိုင်း ဂိုဘိုရယ်၊ နောက်တစ်ယောက်ရယ်၊ လေးဘက် တွားသွားကြတဲ့အခါမှာ သူတို့ခေါင်းတွေကိုလည်း ငုံ့နိုင်သမျှ ငုံ့ထားပြီး သွားကြတယ်ဗျ။ ဒီမှားကွက်ကို နောက်အကျကြီးကျပြီးတော့မှ ကျုပ်က သိရတယ်။ သူတို့က အဲသလို ခေါင်းတွေကို အောက်စိုက်ထားကြတော့ သူတို့ရဲ့ နောက်ပိုင်းတွေက လေထဲမှာ ထောင်လျက်သား ဖြစ်နေကြတာပေါ့။ တိရစ္ဆာန်တွေဟာ လူတွေရဲ့ ခင်ပိုင်းကိုလည်းပဲ ခေါင်းပိုင်းက မျက်နှာကို မယုံသင်္ကာရှိသလို ရှိတတ်ကြသဗျ။ ဒါနဲ့ပတ်သက်လို့ မှန်တယ်ဆိုတာ သက်သေပြနိုင်စရာအကြောင်း ပေါ်လာတော့တယ်။ ကြံ့ကြီးနဲ့ ကိုက် ၂၀၀ လောက်အကွာလည်း ရောက်လာပါရော။ ဒီတော့ နေမင်းကြီးက မီးဖိုကြီးလို ကျုပ်တို့ ကျောပေါ်မှာ ထိုးနေပြီ၊ အဲဒီလို ကျောပူခံပြီး တွားလာခဲ့ရသမျှ အပင်ပန်းခံလာခဲ့ရသမျှ ကျောပူခံရကျိုး အပင်ပန်းခံရကျိုးတော့ နပ်ပေပြီလို့ ကိုယ့်ဖာသာကိုယ်ကျိတ်ပြီး ဝမ်းသာမိတုန်းမှာ ကြံ့ကောင်ကြီးရဲ့ ကျောပေါ်မှာနားပြီး အေးအေးဆေးဆေး ကြံ့ကြီးရဲ့ ကိုယ်ပေါ်က သန်းတွေကို ခမ်းပြီး စားသောက်နေကြတဲ့ ငှက်တွေဟာ တရှိုးရှိုးမြည်ပြီး ၄–၅ ကောင်ဟာ ထပျံသွားကြတယ်။ ကျောပေါ်မှာ အေးအေးဆေးဆေး အကျအန နားနေတဲ့ ငှက်တွေ ထပျံသွားကြတာဟာ ကြံ့ကောင်ကြီး 'အဖို့ သတိနဲ့နေ'လို့ ပြောလိုက်တာနဲ့ အတူတူပဲ။ ထပြီး ပျံသွားတဲ့ ငှက်တွေလေထဲမှ ရောက်မယ် မကြံသေးဘူး။ မြက်တွေ လှုပ်ရှားလာတာ တွေ့လိုက်ရတယ်။

"အဲဒီလိုလည်း တွေ့လိုက်ရော 'ဟော့ မင်းတို့ ဝပ်လိုက်ကြ'လို့ ကျုပ်က သူတို့ နှစ်ယောက်ကို လေသံနဲ့ ပြောလိုက်ပြီး ကျုပ်ကိုယ်တိုင်လည်း ဝပ်မယ်လို့ အလုပ်မှာ ကြံ့ကောင်ကြီးက မတ်တတ်ထလာပြီး မယုံသင်္ကာဖြစ်သလို ဘေးဘီကြည့်ကြည့်နေတာတွေ့လိုက်ရသဗျ။ နို့ပေမဲ့ ကျုပ်တို့တစ်တွေ မတ်တတ်ရပ်နေရင်တောင် အဲသလောက်အဝေးကနေပြီး ကျုပ်တို့ကို ဒီအကောင်ကြီးမြင်မယ် မထင်ဘူး။ ဒီနောက် တစ်ချက်နှစ်ချက်လောက် အနံ့ခံလိုက်ပြီး မြေပေါ်ကို ပြန်လှဲချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်။ ခေါင်းကိုတော့ လေစုန်ဘက်မှာပဲထားတယ်။ အဲဒီလို လှဲချလိုက်တော့ ငှက်တွေဟာ တစ်ခါပြန်လာပြီး သူ့ကျောပေါ်မှာ နားကြပြန်တယ်။

"လှဲချပြီး အိပ်တယ်ဆိုပေမဲ့ သူ့မျက်လုံးတစ်ဘက်ကို ဖွင့်ထားမယ်ဆိုတာတော့ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာ သံသယဖြစ်နေလို့ပဲ။ ဒီဟာတင်မကသေးဘူး။ လာပြီး ရန်မစလာနဲ့ ရန်စရင်ပြန်ချမယ်ဆိုတဲ့ စိတ်ကလည်း ရှိနေလို့ပဲ။ ဒီလို အနေအထားမှာ ဒီအကောင်ကြီးကို လိုက်နေလို့ အကျိုးရှိမယ် မဟုတ်ဘူး။ ဒါ့ကြောင့် ကျုပ်ဟို့လည်း နောက်ကို အသာဆုတ်သွားပြီး အခြေအနေကို ကျုပ် အကဲခတ်နေတယ်။ မြေကြီးရဲ့ အနေအထားအရ အကာအကွယ်ရှာတယ်။ နို့ပေမဲ့ အနီးအနားမှာက အကာအကွယ်ဆိုလို့ ဘာမှ မတွေ့ရဘူး။ ခြတောင်ပို့တော့ ရှိပါရဲ့။ ဒါပေမဲ့လို့ ဒီတောင်ပို့က ကြွံကြီးရဲ့ လေဆန်ဘက် ကိုက် ၃၀၀ လောက်မှာရှိနေတယ်။ သူ့ရှေ့မျက်နှာစာကနေပြီး ကျုပ်တို့တိုက်မယ်ဆိုရင် အောင်မြင်မှာ မဟုတ်ဘူးဆိုတာ ကျုပ် သိတယ်။ ဘေးကနေတိုက်ဖို့ ကြိုးစားမယ်ဆိုရင်လည်း သူကပဲဖြစ်ဖြစ်၊ သူ့ကျောပေါ်မှာ နားနေတဲ့ ငှက်တွေကပဲဖြစ်ဖြစ် ကျုပ်တို့ကို မြင်သွားမှာပဲ။ ဒါ့ကြောင့် ကျုပ် စိတ်ကို ဆုံးဖြတ်လိုက်တယ်။ ဒါက ဘာလဲဆိုတော့ ခြတောင်ပို့အထိ ကျုပ်သွားမယ်။ ကျုပ်အနံ့ကို သူရသွားမယ်။ ဒီတော့ ကျုပ်က သူ့ကိုလိုက်ရမယ့်အစား သူက ကျုပ်ကို ပြန်လိုက်အောင် လုပ်မယ်။ ဒီနည်းလမ်းကတော့ မဝံ့မရဲလုပ်ရမယ့် နည်းလမ်းပဲ။ စိတ်ချရတာ မဟုတ်ဘူး။ ဒီလိုနည်းလမ်းမျိုးကိုလည်း ဘယ်မှဆိုးကိုမှ ကျုပ် အကြံမပေးလိုဘူး။ ဘယ်တော့မှလည်း ပေးဖို့ကောင်းတဲ့ အကြံမဟုတ်ပါဘူး။ ဒါပေမဲ့လို့ အခုတစ်ခါတော့ ဒီကြွံကြီးနဲ့ ကျုပ်တော့ဖြင့် သူသေသေ ကိုယ်ကြေကြေ အပြိုင်ကြဲရတော့မှာပဲလို့ အောက်မေ့လိုက်တယ်။

"ဒီအကြံ သူတို့ကို ပြောလိုက်တော့ နှစ်ယောက်စလုံးဟာ လက်တွေမြှောက်ပြီး သိပ်ကြောက်နေကြတယ်။ ဒါပေမဲ့ ကျုပ်က 'မင်းတို့နှစ်ယောက် ငါနဲ့လိုက်ဖို့ မလိုပါဘူး' လို့ ပြောလိုက်ရော ဂိုဘိုက လမ်းသလားနေတဲ့ ကံကြမ္မာကောင်ကြီးနဲ့ ကျုပ်နဲ့ ပက်ပင်းပါမတွေ့ဖို့ သူက ဆုတောင်းတဲ့အကြောင်း၊ ဟိုတစ်ယောက်ကလည်း တကယ်လို့များ ကျုပ်ဟာ ကြွံကောင်ကြီး အလိုက်ခံရရင် ဘုရားသခင်က ကျုပ်ကို ဘေးရန်ကင်းအောင် စောင့်မပါစေလို့ ဘုရားသခင်ဆီမှာ သူ ဆုတောင်းတဲ့အကြောင်း ပြောပြီး ဘေးအန္တရာယ် လွတ်မယ့်နေရာကို နှစ်ယောက်စလုံး ထွက်သွားတော့တာပါပဲဗျာ။

"ဒါနဲ့ ကျုပ်လည်း ယမ်းထိုးပြီး ရှစ်ဗိုသေနတ်နဲ့ ယမ်းတောင့်အပိုဖြ တောင့်လောက် ကျုပ်အိတ်ထဲမှာ ထည့်ယူခဲ့ပြီး ခြတောင်ပို့ဆီကို တည့်တည့်မသွားဘဲ ဘေးက ကွေ့ဝိုက်ပြီးသွားတယ်။ ဟိုရောက်တော့ ကျုပ်အသာဝပ်နေ





လိုက်တယ်။ လေဟာ ခဏလောက်ငြိမ်သွားတယ်။ ဒါပေမဲ့ မကြာခင် လေပြည်ကလေး ကျုပ်ကို ကျော်ပြီး ကြွံကြီးဘက်ကို တိုက်ခတ်သွားတာကိုးဗျ။ ဒါနဲ့ စကားမစပ်ပြောရဦးမယ်။ လူနံ့ဆိုတာ လူရဲ့အစိတ်အပိုင်းမှာ ဘယ်က အနံ့ဆုံးလဲ၊ ဘယ်နေရာက အနံ့အရဆုံးလဲဆိုတာ ကျုပ်တွေးမိတယ်ဗျ။ လူ့ကိုယ်က နံ့တာလား၊ ဒါမှမဟုတ် အသက်ရှုပြီး မှုတ်ထုတ်တဲ့ လေက နံ့တာပဲလား။ ဘယ်သင်းက နံ့တယ်ဆိုတာ ကျုပ်တော့ ခွဲခြားလို့မရဘူး။ ကျုပ်ကြားမှုတာက တော့ ဒီလိုခင်ဗျ။ ကြက်မတစ်ကောင်ကို 'တည်ကြက်'(တဲယ်ကြက်) အဖြစ်လုပ်သလို ကြက်ရဲ့နေရာမှာ လူက ဝင်ပြီးလုပ်မယ်ဆိုရင် သူ့ပါးစပ်ရှေ့မှာ မီးရှို့ထားတဲ့ မြက်ခြောက်ကို ကိုင်ထားရဆိုပဲ။ အဲဒီလို ကိုင်ထားရင် သူ့အနံ့ကို တိရစ္ဆာန်တွေက မရဘူးတဲ့။ ဒီတော့ လူ့အနံ့ဆိုတာက လူရဲ့ထွက်သက်က ရတဲ့လေပဲလို့ ဆိုရမလို ဖြစ်နေတာပေါ့။ ထားပါတော့လေ၊ ကျုပ်ရဲ့အနံ့ကို ဘယ်ကပဲရရ ကြွံကြီးကတော့ မကြာခင် ကျုပ်အနံ့ကို ရသွားတော့တာပဲဗျို့။ ဘာကြောင့် သိရသလဲဆိုရင် ခုနက လေပြည်ကလေးဖြတ်သွားလို့ တစ်မိနစ်လောက်ပဲ ရှိဦးမယ် အကောင်ကြီးဟာ ဝပ်နေရာက ထလိုက်တယ်။ ပြီးတော့ သူ့ခေါင်းကို လေဆန်ဘက်လှည့်လိုက်ပါရော၊ မကြာပါဘူး။ သူဟာ မူလနေရာက ခပ်နည်းနည်းရွေ့လိုက်တယ်။ ပထမတော့ ခပ်မှန်မှန်ကလေး ပြေးလာပြီး ဒီနောက် အနံ့ခပ်ပြင်းပြင်းလည်းရရော တစ်ခါတည်း ကဆုန်ပေါက်ပြီး ပြေးလာတော့တာပဲဗျို့။ ဘသားချောကြီး တရှူးရှူးတရှဲရှဲနဲ့ပေါ့။ မီးရထားစက်ခေါင်းကြီး ခုတ်လာတာကျနေတာပဲ။ အမြီးကလည်း လေထဲမှာ တန်းလို့ခင်ဗျ။ ကျုပ်က ဟိုနေရာမှာ ဝပ်နေတယ်ဆိုတာကို အတတ်မြင်လို့ ပြေးလာတောင် ဒီလောက်တည့်တည့် မတ်မတ်ကြီး လာနိုင်မယ် မထင်ဘူး။ ကျုပ်ပြောတာကို ယုံပါ။ ကြွံကြီးလာပြီး တိုက်ခိုက်မှာကို စောင့်နေရတာ တကယ့်ကို ကြောက်စရာကောင်းတဲ့ အလုပ်ပဲဗျို့၊ ဘာကြောင့်ဆို ဒီအကောင်ကြီး ပြေးလာနေတာက တောင်ကြီးတစ်လုံး ရွေ့လာနေတာနဲ့ တူနေသကိုးဗျ။ သူ့မျက်လုံးကို ကောင်းကောင်းမမြင်ရသေးသရွေ့ သေနတ်မောင်းကို မဖြုတ်ဘူးလို့ ကျုပ်ဆုံးဖြတ်ထားတယ်။ ဘာကြောင့်ဆိုတော့ ဒီဥပဒေအရဆိုရင် တောထဲက အမဲကောင် ကြီးကြီးမားမား ပစ်မယ်ကြံရင် သူ့ မျက်လုံးကို မြင်နိုင်တဲ့ အကွာအဝေးကနေပြီးပစ်မှ ပစ်ကွင်းမိမှာကိုးဗျ။ ချိန်သားလည်း ကိုက်မယ်။ အကွာအဝေးလည်း အလောတော်ဖြစ်ပြီး ပစ်မှတ်ကို ထိနိုင်မယ်။ ဒါနဲ့နောက်ဆုံး အကောင်ကြီးဟာ့ ကိုက် ၄၀ လောက် အကွာလည်း ရောက်လာရော ကျုပ်လည်း ပစ်ဖို့အချိန်ရောက်ပြီဆိုတာ သိလို့ သူ့ရင်ဘတ်အလယ်လောက်ဆီ တည့်တည့်ချိန်ပြီး မောင်းကို ဆွဲလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်းဆိုလည်း မြည်သွားရော အကောင်ကြီးဟာ တောတစ်ခုလုံး ဟိန်းသွားအောင် အော်လိုက်ပြီး လဲကျသွားတယ်ဗျ။ လဲပုံက သေနတ်မှန်တဲ့ ယုန်ကလေးတစ်ကောင်အတိုင်းပါပဲဗျာ။ ဒါပေမဲ့ ဒီအကောင်ကြီး ကိစ္စချောပြီလို့ ကျုပ်ထင်ရင်တော့ မှားပြီးသားပဲ။ ဘာကြောင့်ဆို ချက်ချင်းပဲ လူးလဲပြန်ထလိုက်သဗျ။ ပြန်ထပြီး ကျုပ်ဆီကို တရကြမ်း ပြေးလာပါလေရောဗျာ။ ဒီတစ်ကြိမ် ခပြေးအလာမှာတော့ သူ့ခေါင်းကို အောက်စိုက်ထားတယ်။ အကောင်ကြီးဟာ သူ့ရင်ဘတ် ဖော်လာမလားဆိုတာ မျှော်လင့်ပြီး ၁၀ ကိုက်လောက် အကွာအထိ ကျုပ်စောင့်ကြည့်နေသေးတယ်။ ဒါပေမဲ့ အကောင်ကြီးက သူ့ရင်ဘတ်ကို မဖော်ဘူးဗျို့။ ဒါနဲ့ကျုပ်လည်း ဘယ်ဘက်ပြောင်းက ကျည်နဲ့ သူ့ခေါင်းဆီကို ပစ်ထည့်လိုက်ရတယ်။ ဖြစ်လိုရာဖြစ်စေလို့ အောက်မေ့ ရတာပဲ။ ကျုပ်ကံကောင်းချင်တော့ အကောင်ကြီးက သူ့ချိုကို ကျည်ဆံလာမယ့် လမ်းကြောင်းနဲ့ တည့်သွားအောင် လုပ်ပေးလိုက်သလို ဦးခေါင်း အနေအထားကို ပြောင်းလိုက်တယ်။ ဒီတော့ ချိုရဲ့ အရင်းအထက် ၃ လက်မလောက် နေရာက ချိုကြီးဟာ ပြုတ်ထွက်သွားပြီး လေထဲလွင့်သွားတာပဲ။

"ဒီနောက် အခြေအနေလည်း ဆိုးသွားတယ် ဆိုရတာပေါ့ဗျာ။ သေနတ်ထဲမှာက ယမ်းတောင့်မရှိတော့ဘူး။ ဒီကြားထဲကြံကြီးကတော့ တဟုန်ထိုး လာလျက်ပဲ။ လာတဲ့အရှိန်က မြန်လွန်းအားကြီးလေတော့ သူ့ကို ရှောင်ပေးမှပဲ ဖြစ်တော့မယ်။ ဒါနဲ့ အဲဒီလို စိတ်ကူးပေါက်တဲ့အတိုင်း ကျုပ်ဟာ လွှားခနဲ ခုန်ထလိုက်ပြီး ညာဘက်ဆီကို တအားကုန် ပြေးရတော့တာပဲဗျို့။ ကျုပ်က အပြေးမှာ သူလည်း ကျုပ်နေရာကိုရောက်လာပြီး ခြတောင်ပို့ကို တစ်ခါတည်း ဝင်ဆောင့်လိုက်တာ တောင်ပို့ဟာ ပြားသွားတာပဲ။ တောင်ပို့ကြီးကို ဝင်လည်းတိုက်ရော သူလည်း နံဘေးကိုလဲကျသွားတော့တာပဲ။ ဒုတိယအကြိမ် လဲကျခြင်းဆိုပါတော့ဗျာ။ အဲဒီလို သူလည်း သွားတုန်း ကျုပ်မှာ စက္ကန့်အနည်းငယ်လောက် ပြေးဖို့ အချိန်ရသွားတယ်ဆိုပါတော့။ ဒီလိုနဲ့ ကျုပ်လည်း လေစုန်လိုက်ပြီး ပြေးလိုက်တာ ပြေးလိုက်တာ၊ အမယ်လေး ... ပြေးဆို တကယ့်ကို ပြေးရတာနော်။ ကံမကောင်းချင်တော့ ကျုပ်ပြေးတာကို အကောင်ကြီးက မြင်တယ်ဗျ။ သူလည်း ပြန်ပြီးထလိုက်နိုင်ရော ကျုပ်ကို တစ်ခါလိုက်ပြန်တော့တာပါပဲဗျာ။

"ဒါနဲ့ ပြောရဦးမယ်။ ဒေါပွနေတဲ့ ကြံတစ်ကောင် ဒုံးပြေးတာထက်မြန်အောင် ဘယ်လိုသတ္တဝါမှ မပြေးနိုင်ဘူးဆိုတာ မှတ်ပါ။ အနှေးနဲ့အမြန် ကျုပ်ကိုမီတော့မယ်ဆိုတာ သိတယ်။ ကျုပ်မှာက ဒါမျိုး အတွေ့အကြုံရှိခဲ့ဖူးတော့ ကံအားလျော်စွာပဲ ကျုပ်ဟာ အကြောက်မလွန်ဘဲ ခေါင်းကို အေးအေးထားနိုင်တယ်။ ဒါနဲ့ ပြေးရင်းလွှားရင်းဆိုသလို သေနတ်မောင်းချိုးပြီး ဖွင့်၊ ဖွင့်ပြီး ယမ်းတောင့်





ဟောင်းတွေကို ထုတ်၊ အသစ် ၂ တောင့်ကိုထည့်၊ အဲသလို လုပ်နိုင်ဖို့ရာ အပြေးကို နည်းနည်း လျှော့ပစ်လိုက်ရသေးတယ်ပေါ့။ ကျည်သစ်တွေကိုထည့်ပြီး ဂျောက်ခနဲ သေနတ်ကို ပြန်ပိတ်လိုက်တဲ့အချိန်မှာ ကျုပ်နဲ့ နည်းနည်းလောက်ပဲ ဝေးတော့တယ်။ တဒုန်းဒုန်းနဲ့ အကောင်ကြီး ရောက်လာပါလေရောဗျာ။ ကျုပ်က ဘြုန်းဆိုအပြေးရပ်ပစ်လိုက်တယ်။ နောက်ပြီး သေနတ်ကို မောင်းတင်လိုက်တယ်။ နောက်ပြီး ခြေဖနောင့်ပေါ် အားယူပြီး တအားလှည့်လိုက်တယ်။

"ဒီအချိန်မှာဆိုရင် အကောင်ကြီးက ကျုပ်နဲ့ ၆ ကိုက်၊ ၇ ကိုက်လောက် အဝေးမှာ ရောက်နေပြီ။ ကံအားလျော်စွာပဲ သူ့ခေါင်းကြီးကို မော့ထားသဗျ။ ကျုပ်လည်း ရိုင်ဖယ်ကိုမြှောက်ပြီးမောင်းကို ဖြုတ်လိုက်တော့တာပဲ။ ဒါကတော့ သိပ်ပြီး မချိန်နိုင်ဘဲ 'ရမ်းပစ်' ဆိုပါတော့။ ဒါပေမဲ့ ကံကောင်းထောက်မလို့ ကျည်ဆံက သူ့ရင်ဘတ်ကိုမှန်ပြီး အဆုတ်ထဲ ဝင်သွားတာကိုးဗျ။ ဒါနဲ့တောင် အကောင်ကြီးဟာ အပြေးမရပ်သေးဘူးဗျို့။ ကျုပ်ဆီလိုက်တုန်းပဲ။ ဒီတော့ ကျုပ်ဘာလုပ်ရသလဲဆိုရင် ဘေးကို ခုန်ပြီး ရှောင်လိုက်ရတယ်။ ဘယ်လောက်တောင်မြန်မြန်ကြီး ခုန်လိုက်သလဲဆိုတာပြောရရင်တော့ ခင်ဗျားတို့ အံ့သြကြမှာပဲ။ သူလည်းပဲ ကျုပ်ကို ဖြတ်ပြီး ကျော်သွားရော ကျုပ်လည်း နောက်ကစ်ချက် သူ့နံဘေးကို ပစ်ထည့်လိုက်တော့တာပဲ။ ကျည်က သူ့ပခုံးကိုဖြတ်ပြီး နှလုံးကို ဖောက်သွားတယ် ခင်ဗျ။ ဒီတော့ အကောင်ကြီးလည်း ဘေးတိုက် လဲကျသွားပြီး အသံကုန်အော်တော့တာပါပဲဗျာ။ ဝက်တစ်ဒါဇင် ပြိုင်တူအော်တာတောင် သူ့အသံလောက်ကျယ်မှာ မဟုတ်ဘူးလို့ ထင်တယ်။ အော်လည်းပြီးရော အသက်လည်း ထွက်သွားရောဆိုပါတော့။ နို့ပေမဲ့ မျက်လုံးကြီးတွေကိုတော့ ပြူးထားလျက်ခင်ဗျ။

"ကျုပ်အဖို့ကတော့ ကျုပ်နှပ်တစ်ချက်ညှစ်လိုက်တယ်။ ပြီးတော့ အကောင်ကြီးလဲကျတဲ့ နေရာဆီသွားပြီး သူ့ခေါင်းပေါ် တက်ထိုင်လိုက်တော့တာပဲ။ အဲဒီနေ့အဖို့တော့ 'ကြီးမားတဲ့ အမဲကောင်ကြီးပစ်မှု' တစ်ခုကို အောင်မြင်ပြီလို့ ကျုပ်မှတ်တမ်းတင်လိုက်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

၃

## ဆင်သုံးကောင်နှင့် ပထမအချီတွေ့ခြင်း

ဒီကနေ့အဖို့ အမဲကလည်း လုံလောက်အောင်ရလို့ စခန်းရှိရာကို ကျုပ် တို့ ပြန်လာကြတယ်။ စခန်းရောက်တော့ ကျွဲသားနဲ့ ဟင်းသီးဟင်းရွက်ရောပြီး ရေလုံပြုတ်ချက်တယ်။ ဒီနောက် စားသောက်ပြီး ကျုပ်လည်း တရေးတမော အိပ်တော့တာပဲ။ ဒါနဲ့ ညနေ ၄ နာရီလောက်ကျတော့ ဂိုဘိုလာနှိုးလို့ ကျုပ် အိပ်ရာက နိုးတယ်။ ဝမ်ဘီပိုင်တဲ့ ပိုက်နက်အတွင်း ရွာတစ်ရွာက ရွာသူကြီးတစ် ယောက်ဟာ ကျုပ်ကို တွေ့ချင်လို့ လာစောင့်နေတဲ့အကြောင်း ပြောတယ်။ ကျုပ် က ဒီသူကြီးကိုခေါ်ခဲ့ဖို့ ပြောလိုက်တော့ သူကြီးရောက်လာတယ်။ လူကြီးက ပိန်ခြောက်ခြောက်ပေမဲ့ စကားတော့ အင်မတန် ပြောတဲ့လူကြီး။ သူ့ကိုယ်မှာက လန်ကွတ်ဘီပဲရှိတယ်။ ပြီးတော့ ယုန်ရေကို ချုပ်ထားတဲ့ သင်တိုင်းကလည်း ညစ်ညစ်ပတ်ပတ်နဲ့ စုတ်ပြတ်နေပြီ။

"ကျုပ်က အဘိုးကြီးကို အထိုင်ခိုင်းပြီး ကျွန်ုပ်ကို အနှောင့်အယှက်လာ ပေးတဲ့အတွက် ကြိမ်းမောင်းလိုက်တယ်။ အခုလို ရိုင်းရိုင်းစိုင်းစိုင်း ကျုပ်ကို လာပြီး အနှောင့်အယှက်ပေးတာ ဘာသဘောလဲ။ ကျုပ်လို ဧရာမပုဂ္ဂိုလ်ကြီး တစ်ဦးကို ဘာမဟုတ်တဲ့ သူလို အနံ့ညာတ တစ်ယောက်က ရာရာစစ တွေ့ချင် သလေး စကားပြောချင်သလေးနဲ့ ဘာလို့ အိပ်နေတာကို နှိုးခိုင်းသလဲ ... ဘာလဲ ပေါ့လေ။

"ဒါကို ကျုပ်က တမင်လုပ်ပြီး ပြောလိုက်ရတာဗျ။ ဘာကြောင့်ဆို ဒီလို ခပ်ကြမ်းကြမ်းကလေး အပေါ်စီးက နေပြီး ပြောလိုက်မှ ကျုပ်ကို အထင်ကြီး ပြီး လေးစားသွားမယ် မဟုတ်လား။ ကျုပ်ဟာ တကယ့်ကို ကြီးကျယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လို့ သူလိုလူစားကို ဒီလို မောက်မောက်မာမာ ပြောရဲတယ်လို့





သူယူဆသွားမယ်။ ဒီလိုခင်ဗျ ... လူရိုင်းဆိုတာမျိုးဟာ သူတို့စိတ်ရင်းကိုယ်နှိုက် က သူတစ်ပါးကို အနိုင်ကျင့်လိုတဲ့ စိတ်ရှိတဲ့အကောင်တွေ၊ ထန်ထန်မာမာ မုဒ်ထိ လေးစား ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်မှ ပါဝါကြီးတယ်။ အင်အားကြီးတယ်လို့ သူတို့ ထင်တယ်။

"ကျုပ်က အဲဒီလို အသံမာမာနဲ့ ခပ်ထန်ထန် ကြိမ်းလိုက်မောင်းလိုက် တော့ ဘာပြောကောင်းမလဲ အဘိုးကြီးဟာ တစ်ခါတည်း ပပ်သွားပေတော့တာပဲဗျို့။ သူက ဘာပြောသလဲဆိုတော့ သူဟာ ဟကယ်ကို ကြောက်ပါတယ်တဲ့။ သူဟာ ကျုပ်ကို မနှောင့်ယှက်လိုပါဘူး။ သူ့စိတ်မှာ ဒွိဟဖြစ်နေပါတယ်တဲ့။ သူ့အပြားကို လည်း သူသိပါတယ်တဲ့။ ဒါပေမဲ့လို့ ကိစ္စက အင်မတန် အရေးကြီးနေလို့ပါတဲ့။ သူတို့ရွာကို အင်မတန် တန်ခိုးသတ္တိနဲ့ ပြည့်စုံပြီး ရုပ်ရည်ချောမောတဲ့ လူဖြူမုဆိုး ကြီးတစ်ယောက်ရောက်နေတာ သိရတဲ့အကြောင်း၊ အပယ်လေး ကျုပ် ရုပ်ကို များ အဘိုးကြီး မမြင်လေရော့လားဗျာ ... ကျုပ်ကို လူချောတစ်ယောက်လို့ ပြောရအောင်။ အဲဒီလူဖြူမုဆိုးကြီး ရောက်နေတယ် ကြားလို့ အကူအညီ တောင်း ရအောင်လာခဲ့တဲ့အကြောင်း ပြောတယ်။

"ကိစ္စက ဒီလိုဗျ။ သူတို့ရွာကို ... ရွာဆိုပေမဲ့ လင်းသေးသေးပါတဲ့။ အဲ ... သူတို့ရွာကို ဆင်ထီးကြီး ၃ ကောင်က အနှောင့်အယှက် ပေးနေတယ်တဲ့။ အဲဒီဆင်တွေက မကြုံဖူး၊ မကြုံဖူးအောင် အင်မကန်ကြီးတဲ့ ဆင်ကြီးတွေဆိုပဲ။ သူ အုပ်ချုပ်ရတဲ့ ရွာက ဝမ်ဘီရဲ့ ကျွဲတွေ၊ နွားတွေကို ထိန်းသိမ်းစောင့်ရှောက် ပေးရတဲ့ ရွာပဲ။ မကြာမီကလေးက အဲဒီဆင်တွေဟာ သူတို့ကို အများကြီး ဒုက္ခ ပေးခဲ့သတဲ့။ မနေ့ညကပဲ သူတို့ရဲ့ ပြောင်းခင်းတစ်ခင်းကို ဖျက်ဆီးပစ်လိုက်တယ် ဆိုပဲ။ နောက်တစ်ကြိမ် ဒီလိုသာ အကောင်ကြီးတွေ ထပ်ပြီးလာမယ်ဆိုရင် နောင် နှစ်မှာ အစာငတ်ပြီး သူတို့သေကြရပါလိမ့်မယ်တဲ့။ အဲဒီအတွက်ကြောင့် တန်ခိုး သတ္တိ ကြီးမားလှတဲ့ လူဖြူမုဆိုးကြီးက ဒီဆင်ကြီးတွေကို ပစ်သတ်ပေးပါတဲ့။ ဒီလိုသတ်ဖို့ဟာ လူဖြူမုဆိုးကြီးအတွက် မခဲယဉ်းပါဘူး။ အလွယ်ကလေး ဖြစ်မှာ ပါတဲ့။ ပထမ ကျုပ်က သစ်ပင်တစ်ပင်ပေါ်တက်နေပြီး အင်မတန်လသာတဲ့ လ ပြည့်နေ့ည ဆင်တွေလာတဲ့အခါ သေနတ်နဲ့ စကားပြောလိုက်ရုံပါပဲတဲ့။ အဲဒီလို သေနတ်နဲ့ စကားပြောလိုက်ရင် ဆင်တွေဟာ အတုံးအရုံး သေပြီး သူတို့ရဲ့ ဒုက္ခ တစ်ခါတည်း ငြိမ်းသွားမှာပါပဲတဲ့ လို့ပြောတာကိုးဗျ။ စကားများလိုက်တာက လည်း လွန်ရောဗျာ။ ကိစ္စက တော်တော်ရယ်၊ သူ့စိတ်ထဲရှိသမျှဟာတွေ လျှောက် ပြောတော့တာပဲ။

"ပထမတော့ ကျုပ်က ဟန်လုပ်ပြီး မူယာမာယာတွေ များပြလိုက်ရ သေးတယ်။ သူတို့ကို အကူအညီပေးဖို့ သဘောတူရတာဟာ ကြီးကျယ်တဲ့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့မှုကြီးတစ်ခု ကျုပ်က လုပ်လိုက်တဲ့ဟာန်ပေါ့ဗျာ။ တကယ်တော့ ဒီအခွင့်အရေးမျိုးကို ကျုပ်ကတောင် လိုက်ရှာနေရတာပါ။ အဘိုးကြီးကို ကျုပ်တောင်းဆိုတဲ့အချက်ကတော့ ဒီကနေပြီး ၂ ရက်ခရီးလောက် ဝေးတဲ့ ဝမ်ဘီရဲ့ရွာကို ဆက်သားလွှတ်ပြီး မကြာခင် အခုလေး ငါးရက်အတွင်း သူ့ကို ကျုပ်လာပြီး တွေ့ဆုံနှုတ်ဆက်မယ့်အကြောင်း၊ ပြီးတော့ သူ့နယ်မြေထဲမှာ ကျုပ်ကို အမဲလိုက်ခွင့်ပေးဖို့အကြောင်း၊ နောက်ပြီးတော့ သူ့ကို ကျုပ်က လက်ဆောင်ပဏ္ဏာဆက်သမယ့်အကြောင်း၊ သူ့ဆီမှာ အတော်များများရှိတဲ့ ဆင်စွယ်တွေကို ရောင်းဝယ်ချင်တဲ့အကြောင်းတွေကို အပြောလွှတ်ပေးရမယ်ပေါ့။

"ဒီတော့ အဘိုးကြီးကလည်း အခု ကျုပ်လိုချင်တဲ့ အချက်တွေကို ခုက်ချင်းပဲ ဆက်သားလွှတ်ပြီး အပြောခိုင်းပါ့မယ်လို့ ကတိပြုတယ်။ ဒါပေမဲ့ သူ့ကို ကြည့်ရတာက ကျုပ်လိုချင်တဲ့တောင်းဆိုချက်တွေကို ဝမ်ဘီက လက်မခံပါ့မလားလို့ သံသယရှိနေပုံပဲ။ ဒါနဲ့ ကျုပ်လည်း အခုလက်ရှိရောက်နေတဲ့ စခန်းကို သိမ်းပြီး အဘိုးကြီးရဲ့ရွာကို ပြောင်းလာခဲ့တယ်။ နေမဝင်ခင် တစ်နာရီလောက်အလိုမှာ ရွာကို ကျုပ်တို့ ရောက်သွားကြတယ်။ အဲ ... ရွာကတော့ ဆယ်အိမ်လောက်ပဲ ရှိတဲ့ ရွာကလေးပေါ့။ ရွာကို သူးတပ်နဲ့ကာထားတယ်။ ရွာကတောင်ကြားထဲမှာရှိလို့ တောင်ပေါ်ကနေပြီး စီးကျနေတဲ့ ချောင်းကလေးတစ်ချောင်းရှိတယ်။ တောင်ကြားက တောထူထပ်ပေမဲ့ ရွာရဲ့ အထက်ပိုင်းကတော့ ချုံနွယ်ပိတ်ပေါင်းတွေ မရှိဘူး။ ချောင်းရေဖြတ်ဆင်းတဲ့ တောင်စောင်းမှာ အသီးအနှံ စိုက်ထားတဲ့ စိုက်ခင်းတွေရှိတယ်။ အကျယ်အဝန်းကတော့ ဧကနှစ်ဆယ် အစိတ်လောက်ရှိမယ်လို့ ခန့်မှန်းရတယ်ဗျ။ ရွာဘက်က စိုက်ခင်းတစ်ခုထဲမှာ တဲကလေးတစ်လုံးကို တွေ့ရတယ်။ မူလကတော့ ပြောင်းဖူးတွေ လှောင်ထားဖို့ ယာတဲကလေးလို့ ပြောတယ်။ ဒါပေမဲ့ အခုတော့ ဘာပစ္စည်းမှ မထားဘဲ အဘိုးကြီးရဲ့ ပထမမယား အဘွားကြီးတစ်ယောက်တည်း နေနေတယ်။

"ဖြစ်ပုံက ဒီလိုခင်ဗျ။ ရွာသူကြီးမှာက အသက်ငယ်ငယ်နဲ့ ပိုပြီး ချစ်စရာကောင်းတဲ့ မယားကလေးတစ်ယောက်ရှိတယ်။ အဲဒီမယားကလေးကို သူကြီးက ပထမ မယား အဘွားကြီးထက် သြဇာအာဏာပိုပေးထားတယ်။ အဲဒါကို အဘွားကြီးက မခံမရပ်နိုင်ဖြစ်ပြီး ရွာထဲမနေတော့ဘူးလို့ ပြောင်းခင်းထဲသွားနေတာပဲ။ သူ့စိတ်ကြိုက်နဲ့မတွေ့လို့ အဲသလိုလုပ်တာဟာ ဘာနဲ့တူသလဲဆိုတော့ ကိုယ့်ကိုယ်ကို ဒုက္ခပေးတာနဲ့အတူတူလို ဖြစ်သွားတယ်။

"အဘွားကြီးရဲ့ တဲကလေးနားမှာ အာဖရိကလို 'ဗာအိုဗက်' လို့ ခေါ်တဲ့ အင်မတန်ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိတယ်။ ပြောင်းခင်းတွေကြည့်လိုက်တော့ သူကြီးပြောတာက မပိုပါဘူး။ ဆင်တွေဖျက်ထားလို့ အတော့်ကို ပျက်စီးနေ





တာ တွေ့ရတယ်။ ပြောင်းတွေဟာဆိုရင် တချို့မှည့်တောင်နေပြီ၊ ပြောင်းခင်းတစ်ဝက်နီးပါးလောက် ပျက်စီးနေတယ်။ ဆင်ကြီးတွေက သူတို့စားနိုင်သမျှ အဝစားသွားပြီး ကျန်တာတွေကို နင်းချေဖျက်ဆီးပစ်ခဲ့တယ်။ ဆင်ခြေရာတွေကို သွားကြည့်တော့ ကျုပ်ဖြင့် လန့်တောင်သွားသဗျို့။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက်ကြီးတဲ့ ခြေရာကြီးတွေမျိုးကို ကျုပ်တစ်သက်နဲ့တစ်ကိုယ် မတွေ့ဖူးဘူး။ တကယ့်ကို ကြီးတဲ့ ဆင်ခြေရာကြီးတွေပဲဗျို့။ ဒီအထဲမှာ အထူးခြားဆုံးကတော့ ဆင်ကြီးတစ်ကောင်ရဲ့ ခြေရာပဲ။ အဲဒီအကောင်ကြီးမှာက အစွယ်တစ်ချောင်းပဲရှိတယ် ('တယ်' ဟု ခေါ်သော ဆင်မျိုး) လို့ သူတို့က ပြောကြတယ်။ ပြောလို့ပြောတာမဟုတ်ဘူး။ ဆင်ခြေရာခွက်ကြီးတွေထဲ ထိုင်ပြီး ရေချိုးရင်တောင် ရနိုင်ရဲ့။

"ဒါနဲ့ ကျုပ်လည်း အခြေအနေကို သုံးသပ်ကြည့်လိုက်တယ်။ ဒီနောက်လုပ်ရမယ့် အလုပ်ကတော့ အဲဒီဆင်တွေကို ပစ်ဖို့ အစီအစဉ် လုပ်ဖို့ပဲရှိတော့တယ်။ သူတို့ရဲ့ ခြေရာကိုခံပြီး လိုက်ကြည့်တော့ တောင်ကြားရဲ့ အထက်ချုံတွေထဲရောက်အောင် ခြေရာတွေကို တွေ့ရတယ်လို့ပြောတယ်။ ဒီတော့ ကျုပ်ခန့်မှန်းတာက ဒီကနေ့ညလည်း သူတို့လာပြီး ကျန်နေသေးတဲ့ ပြောင်းတွေကို စားလိမ့်ဦးမယ်လို့ ခန့်မှန်းတယ်။ ဒီကနေ့ညမှာ လကလည်း သာမှာဖြစ်လို့ ဉာဏ်ကလေးသုံးပြီး အလုပ်လုပ်လိုက်ရင်တော့ ကိုယ့်မှာ ဘေးအန္တရာယ်မဖြစ်နိုင်တဲ့ အနည်းဆုံးအကောင်ကြီးတစ်ကောင် ဒါမှမဟုတ်လည်း ဒီထက်ပိုပြီး ရနိုင်ကောင်းရဲ့လို့ ကျုပ်တွက်တယ်။ ဆင်ထီးကြီးတွေရဲ့ တိုက်ရည်ခိုက်ရည်ကို ကျုပ် ကောင်းကောင်းသိတယ်။ ဒါကြောင့် သူတို့ရဲ့ အစွမ်းအစကို ကောင်းကောင်းကြီး ဂရုစိုက်မှ ဖြစ်မယ်။ ဒါကို ထည့်မတွက်လို့ မရဘူး။

"ကျုပ်ရဲ့ အစီအစဉ်ကို ပြောရဦးမယ်။ တောင်ကြားရဲ့ အထက်မှာက ကျုပ် စောစောကပြောတဲ့ 'ဗာအိုဗက်' လို့ ခေါ်တဲ့ အပင်ကြီးရှိတယ်။ ဒီအပင်ကြီးက ပြောင်းခင်းတွေကို မိုးနေသလိုပေါ့ခင်ဗျာ။ အပေါ်ကစီးပြီး ကောင်းကောင်းကြီး မြင်နိုင်တယ်။ ဒီအပင်ကြီးအပေါ် ကျုပ်တက်နေမယ်။ ဆင်တွေလာရင် သစ်ပင်ပေါ်ကနေ ပစ်မယ်။ ဒီအကြံ သူကြီးကို ပြောပြတော့ သူကြီးက သဘောကျပြီး ...သာသွားတာပေါ့ဗျာ။ သူ့လူတွေဟာ ညညမှာ ကောင်းကောင်းအိပ်ရတော့မယ်။ သစ်ပင်ထက်မှာ တန်ခိုးသတ္တိနဲ့ပြည့်စုံတဲ့ လူဖြူမုဆိုးကြီးက နတ်မင်းကြီးလို ...ပြီး သူ့ရွာရဲ့ ကောင်းကျိုးကို စောင့်ရှောက်ပေးမယ်ဆိုရင် ဘာကို ကြောက်ဖို့ ...သေးသလဲလို့ သူကြီးက ပြောသဗျ။

"ဒီတော့ ကျုပ်က တစ်ချီတစ်မောင်း ဟောက်လိုက်ပြန်တယ်။ 'အလဲ ... ကျုပ်ကတော့ လင်းတနာကြီးလို သစ်ပင်ပေါ်မှာ မအိပ်မနေ ခင်ဗျားတို့အကျိုး ...တွက် စောင့်ရှောက်ပေးနေရပြီး ခင်ဗျားတို့ကတော့ အေးအေး...လူ အိပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်ပေါ့ ဟုတ်လား။ တယ်ကျေးဇူးသိတတ်တဲ့ လူတွေပါကလား’ ဆိုပြီး ဘာ လား ညာလားနဲ့ ကြိမ်းလိုက်တော့ အဘိုးကြီး တစ်ခါဝပ်သွားပြန်ပါရော။ နောက် တော့ သူက ဘာပြောသလဲဆိုတော့ ကျုပ်ပြောတာဟာ အခံရခက်ပေမဲ့လို့ မှန် ပါတယ်တဲ့။

“သို့သော် ကျုပ်ပြောသလိုပဲ ကျုပ်အပေါ် ယုံကြည်စိတ်ချမှု လုံး ထားရှိကြပါတယ်။ အဲဒီနေ့ညကျတော့ ရွာထဲရှိ လူတွေအားလုံး ဟိုတဲကလေးက အဘွားကြီး အပါအဝင်ပေါ့။ ဆင်တွေရဲ့ ဘေးရန်ကရော ညအခါမှာ သွားလာ ကျက်စားတတ်တဲ့ သားရဲတိရစ္ဆာန်တွေရဲ့ ဘေးကရော ကင်းဝေးပြီလို့ စိတ်ခ လက်ချ အိပ်ကြတာပေါ့ဗျာ။

“ကျုပ်ကတော့ ရွာရဲ့အောက်ပိုင်းကျကျမှာ စခန်းချလိုက်တယ်။ သ ကြီးဆီက သစ်သားယက်မကြီးတစ်ချောင်း တောင်းပြီး ဒီယက်မကြီးကို သစ်ပ ကြီးကနေပြီး ဘေးကိုကားထွက်တဲ့ သစ်ကိုင်းကြီး ၂ ခုပေါ်မှာ ကန့်လန့်ဖြတ်တ ထားလိုက်တယ်။ ဒီသစ်ကိုင်း ၂ ခုဟာ မြေကြီးပေါ်ကနေ ပေအစိတ်လောက်မြ တယ်။ အဲဒီလိုတင်ထားတဲ့အတွက် ကျုပ်နဲ့လူတစ်ယောက် ခြေတွဲလွဲချပြီး ထို ချင်ထိုင်နိုင်တယ်။ နောက်ပြီး သစ်ပင်ကိုမှီပြီး လှဲနေချင်နေနိုင်တယ်ပေါ့။ ဒါ ပြောရဦးမယ်။ သူကြီးဆီကရတဲ့ သစ်သားချောင်းကြီးက အဆွေးကြီးခင်ဗျ။ အ သလို ပြင်ဆင်ထားပြီးတဲ့နောက် ကျုပ်လည်း စခန်းပြန်ပြီး ညစာစားတယ် လမထွက်ခင် နာရီဝက်လောက်အလို ည ၉ နာရီလောက်ကျတော့ ကျုပ် ဂိုဘိုကို ခေါ်လိုက်တယ်။ နို့ပေမဲ့ ဒီအကောင်က ဘယ်လိုလဲဆိုတော့ အမဲပစ် ပျော်ရွှင်ရတာကွကို တစ်နေ့လုံး တွေ့ခဲ့ရ မြင်ခဲ့ရလို့ အီနေပြီ။ နောက်ထ မကြည့်ချင် မမြင်ချင်သလို အင်တင်တင် ဖြစ်နေတယ် ခင်ဗျ။ နို့ပေမဲ့ သူ ဘယ်လိုပဲ မလိုက်ချင်ဘူး ပြောနေပေမဲ့ ကျုပ်ရဲ့ ရှစ်ဗို့သေနတ်ကြီးကို အတ သယ်နိုင်းပြီး ကျုပ်ကတော့ ဒသမ ၅၇၀ သေနတ်ကြီးကို ယူခဲ့တယ်။

“ဒီနောက် ကျုပ်တို့လည်း သစ်ပင်ကြီးဆီကို လာခဲ့ကြတယ်။ မှော လိုက်တာမှ မည်းနေတာပဲဗျ။ ဒါပေမဲ့ သစ်ပင်ကြီးကိုတော့ ရှာလို့ တွေ့တာ ဗျာ။ သစ်ပင်ပေါ် တက်တာတော့ ခဲခဲယဉ်းယဉ်း တက်ရတယ်ဆိုပါတော့။ ဒ အပေါ်ရောက်တော့ ကျုပ်တို့ ထိုင်လိုက်ကြတယ် ခင်ဗျ။ ဘာနဲ့တူသလဲဆို ကလေးနှစ်ယောက်ဟာ သူတို့နဲ့စာရင် အင်မတန်ကြီးမြင့်တဲ့ ပျဉ်ပြားကြီး တက်ထိုင်နေသလိုပေါ့ဗျာ၊ ဒါနဲ့ ကျုပ်တို့နှစ်ယောက်သား ထိုင်ပြီး စောင့်နေ တယ်။ ဒီတော့ ကျုပ်လည်း ဟိုကြဲ့သတ္တဝါကြီးကို သွားသတိရပြီး ဆေး သောက်ချင်ပေမယ့်လို့ မသောက်ရဲဘူး ခင်ဗျ။ နောက်ပြီးတော့လည်း ကျုပ် ဘက်ကို ဆင်တွေလာနေမယ်ဆိုရင်လည်း သူတို့ အနံ့ရသွားမှာ စိုးရသေးတ





ဒါနဲ့ ဆေးတံမသောက်ဘဲ အတော်ကြာနေရတော့ ကျုပ်မှာ ပျင်းခြောက်ခြောက် ကြီးလိုလို ပင်ပန်းသလိုလိုကြီး ဖြစ်နေတာပေါ့။ ဒီတော့ ကျုပ် ဘာလုပ်ရသလဲဆို ရင် အငြိမ်ကြီး ငြိမ်သက်နေတာကိုပဲ စဉ်းစားပြီး တွေးနေမိတယ်။

“နောက်ဆုံးကျတော့ လထွက်လာပါလေရော၊ လလည်း ထွက်လာ ရော လေကလည်းကိုက်လာတယ်ခင်ဗျ။ လေနဲ့အတူ ထူးထူးဆန်းဆန်း အသံ တွေလည်း ကြားလာရတယ်။ တောကြီးတွေ၊ လွင်ပြင်ကြီးတွေဟာ လရောင် အောက်မှာ ဒီကမ္ဘာလောကကြီးတစ်ခုလုံးကို သူတို့ချည့်အုပ်စိုးနေသလို မားမား မတ်မတ် ရပ်တည်နေတာ မြင်ရတော့ အိပ်မက်ကမ္ဘာထဲ ရောက်နေသလိုကောင် စိတ်ထဲမှာ ထင်မိတယ်ဗျ။ အိပ်မောကျနေတဲ့ ကျုပ်တို့ရဲ့ ကမ္ဘာမဟုတ်ဘဲ၊ ကျုပ် တို့ မသိနိုင် မမြင်နိုင်တဲ့ အင်မတန် အေးချမ်းသာယာတဲ့ တခြားကမ္ဘာတစ်ခုခုရဲ့ သဏ္ဌာန်ဟာ ဒီမှာလာပြီး အရိပ်သဖွယ် ထင်ဟပ်နေသလားလို့တောင် ထင်ရ တယ်။ ကျုပ် ထိုင်နေတဲ့ သစ်တုံးဟာ မာကြောလှပါကလား ဆိုတာကိုသာ သတိရပြီး မနေရင်တော့ အင်မတန်လှပတဲ့ ဒီရှုမျှော်ခင်းကို ကြည့်ပြီး စိတ်ကူးယဉ် နေမိမှာ အမှန်ပဲ။ ဒါပေမဲ့ နေရာကလည်း စိစွတ်နေပြန်၊ သစ်ပင်ကြီးရဲ့ ကစ်ဝက် အမြင့်လောက်မှာရှိတဲ့ မာကြော ကြမ်းတမ်းတဲ့ သစ်တုံးကြီးပေါ်မှာလည်း ထိုင်နေ ရပြန်ဆိုတော့၊ စိတ်ကူးရေယဉ်ကြောမှာ ကြာကြာ မျောမနေနိုင်ဘူးဆိုတာ ကျုပ် လောင်းရဲတယ်ဗျာ။ ဒီတော့ ကျုပ်လည်း အင်မတန် သာယာတဲ့ ညတစ်ညပါ လားဆိုတာ သတိထားလိုက်မိပြီး ဆင်တွေဆီကို အာရုံ ပြောင်းပစ်လိုက်ရတယ်။ ဒါပေမဲ့ နောက်တစ်နာရီလောက်အထိ အာရုံစိုက်နေတာတောင် ဘာဆင်မှ ပေါ် မလာဘူး ခင်ဗျ။

“ဒါနဲ့ စောင့်ရတာလည်း ငြီးငွေ့လာ၊ ဆင်တွေ မလာတာကြောင့် လည်း စိတ်က ခပ်ပျက်ပျက် ဖြစ်လာတော့ တစ်ခါတစ်ခါ ငိုက်သွားမိတာပေါ့ ဗျာ။ နို့ပေမဲ့ မကြာခင်ပဲ ဖျတ်ခနဲ လန့်နိုးလာတယ်။ ဂိုဘိုကလည်း ကျုပ် အနားမှာ ထိုင်လျက်ပဲ။ အနားမှာ ဆိုပေမဲ့ ကပ်ကပ်ကြီးတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒီလိုဗျ ... လူဖြူက လူမည်းရဲ့ အနံ့ကို မခံနိုင်ဘူး။ လူမည်းကလည်း လူဖြူရဲ့ အနံ့ကို မခံနိုင်ဘူး။ လူဖြူက လူမည်းရဲ့အနံ့ကို မသတိသလို လူမည်းကလည်း ထိုနည်း လည်းကောင်းပဲ။ ဒါကြောင့် သူနဲ့ကျုပ် ခပ်လှမ်းလှမ်းမှာ ထိုင်နေကြရတယ်။ အဲသလို ထိုင်နေကြရင်း ဂိုဘိုဟာ သူ့လက်ညှိုးနဲ့ လက်မကို ဖျတ်ခနဲ အသာပွတ် ပြီး လက်ဖျောက်တီးနေသံကို ကြားရတယ်၊ တိုင်းရင်းသား မဆိုးပဲဖြစ်စေ၊ အထမ်း သမားပဲဖြစ်စေ တစ်စုံတစ်ခု သူတို့ကြားရတယ်။ မြင်ရတယ်ဆိုရင် ဒီလိုပဲ လုပ် တတ်တယ်ဆိုတာ ကျုပ်သိတယ်။ ဒါနဲ့ သူ့မျက်နှာကို ကျုပ်က ကြည့်လိုက်တဲ့ အခါ ပြောင်းခင်းစိမ်းစိမ်းရဲ့ ဟိုဘက်မှာ ရှိတဲ့ မှုန်မွှားမွှားမြင်နေရတဲ့ ပုတ်အစွန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆီကို သူစိုက်ပြီး ကြည့်နေဟာ တွေ့ရတယ်။ ဒါနဲ့ ကျုပ်လည်း အဲဒီနေရာကို စူးစိုက်ကြည့်လိုက်တယ်။ နွားလည်း ထောင်ကြည့်လိုက်တယ်။

"မကြာခင်မှာပဲ အသံတစ်သံ ကြားလာရတယ်ဗျ။ အသံက ခပ်ညှင်းညှင်း ခပ်သဲ့သဲ့ ဖြစ်ပေမဲ့ သေသေချာချာ ကြားရတာတော့အမှန်ပဲ။ ဘာသံနဲ့တူသလဲဆိုရင် ဘီလူးကြီးတစ်ကောင်ဟာ သူ့လက်ကြီးတွေကို ဆန့်ပြီး ပြောင်းနှံတွေကို သူ့နောက်ဘက်ကို ဖိပြီး ဖယ်ရှားနေတဲ့ အသံမျိုးပဲ။ ဒီနောက် အသံပျောက်သွားတယ်။ အသံလည်း ပျောက်သွားရော ဘာတွေ့လိုက်သလဲဆိုရင် တကတည်း တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ဖူးဘူး။ ကြောင်လည်း မြင်ဖူးဖို့ ခဲယဉ်းတဲ့ ဆင်ကြီးတစ်ကောင်ကို တွေ့ရသဗျ။ ကြီးမားလိုက်တဲ့ဖြစ်ခြင်း၊ ခံ့ညားလိုက်တဲ့ ဖြစ်ခြင်း ... မပြောပါနဲ့တော့ဗျာ။ 'ဘုရား ... ဘုရား' လို့တောင် စိတ်ထဲက ရေရွတ်လိုက်မိတယ်။ အင်မတန် ကြီးမားတဲ့ ဆင်ကြီးပဲ။ နောက်ပြီး အစွယ်ကတော့ တစ်ချောင်းတည်းဗျ။ သူရဲ့တစ်ခုတည်းသော အစွယ်ကြီးကို လရောင်က ထိုးထားတော့ ဖြူဖွေးပြီး ပြောင်လက်နေတာပဲ။ တခြားအစွယ်တစ်ချောင်းတော့ မရှိဘူး။ အကောင်ကြီးဟာ ပြောင်းပင်တွေ ကြားထဲရပ်နေပြီး အင်မတန် ကြီးတဲ့ သူ့နားရွက်ကြီးတွေကို တဖျပ်ဖျပ်ခတ်ရင်းက လေလဲမှာ အနံ့ခံနေပုံရတယ်။ ကျုပ်လည်း သူ့ရဲ့ရောမကိုယ်ထည်ကြီးကို တအံ့တသြ ကြည့်နေမိတယ်။ သူ့အစွယ်ကြီးဟာ အချိန်ဘယ်လောက် ရှိမလဲ ဆိုတာကိုလည်း စိတ်ကူးနဲ့ မှန်းဆတွက်ချက်နေမိတယ်။ ဒီအစွယ်ကြီးဟာ မကြာခင် ငါပိုင်တဲ့ အစွယ်ကြီး ဖြစ်လာရမယ်ဆိုတာကို တွေးနေတုန်း ဗြုန်းဆို ဒုတိယဆင်ကြီးတစ်ကောင် ရောက်လာပြီး သူ့အနားမှာ လာရပ်သဗျ။ ဒုတိယ အကောင်က ပထမ အကောင်လောက် မမြင့်ပေမဲ့လို့ ပထမ အကောင်ထက်တောင် ကိုယ်လုံးကြီးသေးတယ်။ သူ့ အစွယ် ၂ ချောင်းဟာ ပထမတန်းစား ဖြစ်တယ်ဆိုတာ လရောင်မှာ အထင်းသား မြင်နေရလို့သိရတယ်။ နောက်တစ်ခဏလောက်ကြာပြန်တော့ တတိယ အကောင်ကြီး တစ်ကောင် ရောက်လာပြန်တယ်။ ဒီအကောင်က တခြား ၂ ကောင်ထက် နိမ့်ပေမယ့်လို့ နံပါတ် ၂ အကောင်ထက် ပခုံးပိုမြင့်တယ်။ ဒီအကောင်ကြီးတွေရဲ့ အလျား၊ အနံ၊ အမြင့်တွေကို နောက်တော့မှ သေသေချာချာ တိုင်းကြည့်လို့ သိရတယ်။ သူတို့အထဲက အငယ်ဆုံး အကောင်ဟာ ၁၂ ပေ တစ်လက်မခွဲ ပခုံး အမြင့်ရှိတယ်ဆိုရင် သူတို့ရဲ့ အလုံးအထည်ပမာဏ ဘယ်လောက်ရှိတယ်ဆိုတာ ခန့်မှန်းနိုင်ကြမှာပေါ့။ ဆင်သုံးကောင်ဟာ ဘေးချင်းယှဉ်တန်းစီလိုက်ကြပြီး ခဏလောက် ငြိမ်ငြိမ်ကလေး ရပ်ကြည့်နေကြတယ်။ အစွယ်တစ်ချောင်းနဲ့ အကောင်ကြီးက သူ့ဘယ်ဘက် နံဘေးမှာ ရှိတဲ့ အကောင်ကြီးကို သူ့နှာမောင်းကြီးနဲ့ ပွတ်သီးပွတ်သတ် လုပ်ပေးနေတာ မြင်ရတယ်။





"ဒီနောက် သူတို့စားကြပါလေရောဗျာ။ ပြောင်းဖူးတွေကို ချိုးချိုးပြီး ပါးစပ်ထဲကို ထည့်ရင်း ညာဘက် ခပ်ယွန်းယွန်းဆီကို သူတို့လာနေကြတယ်။ တစ်ချိန်လုံး သူတို့ဟာ ကျုပ်နဲ့ ကိုက် ၁၀၀ ကျော်လောက် အဝေးမှာ ရှိနေကြတယ်။ (ဤမျှအကွာအဝေးရှိသည်ကို သိခြင်းမှာ အခြားကြောင့် မဟုတ်၊ သစ်ပင်မှ နေ၍ အရပ်ရှစ်မျက်နှာသို့ လျှောက်ကာ မည်သည့်နေရာအထိ ခြေလှမ်းဘယ်နှစ်လှမ်းရှိသည်ကို ကြိုတင်မှတ်သားထားသဖြင့် သိခြင်းဖြစ်၏။) ဒီအကွာအဝေးကနေပြီး ဒီလောက် လရောင်နဲ့ ဆင်တွေကို မပစ်သင့်သေးဘူးလို့ ကျုပ်ယူဆတယ်။ အကောင်ကြီးက လခြမ်းပုံသဏ္ဍာန် အနေအထားနဲ့ တရွေ့ရွေ့ စားသောက်လာလိုက်ကြတာ တဖြည်းဖြည်း အဘွားကြီး အိပ်နေတဲ့ တဲနားကိုတောင် ရောက်လာကြပြီ။

"တဖြည်းဖြည်း သူတို့စားနေကြတာဟာ တစ်နာရီ၊ တစ်နာရီခွဲလောက်ကြာသွားတော့ ကျုပ်လည်း စိတ်ထဲမှာ မရိုးမရွ ဖြစ်လာတယ်။ စိတ်ကလည်း ဂနာမငြိမ်တော့ဘူးလေ။ စောင့်ရတာ ဒီလောက်ကြာတော့ မစောင့်ချင်တော့ဘူး။ သစ်ပင်ပေါ်က ဆင်းပြီး သူတို့ကို လရောင်အောက်မှာ လိုက်ပစ်ဖို့တောင် စိတ်ကူးမိသေးတယ်။ နို့ပေမဲ့ လေဟာပြင်ထဲမှာ ဒီလို မိုက်ရူးရဲလုပ်ရဲတယ်ဆိုတာ စိတ်မနှံ့တဲ့ လူတစ်ယောက်သာ လုပ်တဲ့ အလုပ်မျိုးကိုဗျ။ ဒါမျိုးတောင် လုပ်ဖို့ ကျုပ် စိတ်ကူးတယ်ဆိုတော့ ကျုပ်ရဲ့ စိတ်အခြေအနေ ဘယ်လိုဖြစ်နေသလဲဆိုတာ ခင်ဗျား ခန့်မှန်း ကြည့်နိုင်ပါတယ်။ စောင့်မျှော်နေတတ်တဲ့ လူဆီ နောက်ဆုံးဘယ်အရာမျိုးမဆို ရောက်လာတတ်တယ်ဆိုတာ တစ်ခါတစ်ခါလည်း မစောင့်မမျှော်တတ်တဲ့သူဆီကိုလည်းပဲ ရောက်လာတတ်ပါတယ်။ နောက်ဆုံးတော့ဗျို့ ... ဆင်ကြီးတစ်ကောင်ဟာ ကျုပ်ဘက်ဆီကို လာနေပါလေရော။

"ဒီအကောင်ကြီးတွေ တစ်ဝကြီးစားပြီးတဲ့နောက် တဲကလေးရဲ့ ဘယ်ဘက်ကိုက် ၇၀ လောက်မှာ ဘေးချင်းယှဉ်ရပ်နေကြပြန်တယ်ဗျ။ သူတို့ ရပ်နေတဲ့နေရာက ပြောင်းခင်းတွေ အစွန်လောက်ဆီမှာပဲ ကျုပ်ဆီကနေပြီးတော့ ၈၅ ကိုက်လောက် ဝေးမယ်ထင်တယ်။ နောက်ဆုံးတော့ အစွယ်တစ်ချောင်းနဲ့ အကြီးဆုံးဟာ နပ်ညှစ်သလို နှာမောင်းကြီးနဲ့ တဂေါက်ဂေါက်လိုလို ခလောက်သံလိုလို လုပ်ပြီး အဘွားကြီး အိပ်နေတဲ့ တဲဆီကို တန်းတန်းမတ်မတ်ကြီး သွားပါလေရော၊ ဒီတော့ ကျုပ်လည်း ရိုင်ဖယ်ကို အသင့်ပြင်လိုက်ပြီး လကို မော့ကြည့်လိုက်တယ်။ အဲဒီလို မော့ကြည့်လိုက်တော့ အခြေအနေဟာ မကြာခင် ရှုပ်ရှုပ်ထွေးထွေးဖြစ်လာတော့မယ်ဆိုတာ သိလိုက်ရတယ် ခင်ဗျ။ လထွက်လာတာနဲ့အတူ [illegible]ဟာလည်း တိုက်လာတယ်လို့ စောစောက ကျုပ်ပြောခဲ့ပြီ မဟုတ်လား။ လေက တိမ်သား တိမ်တိုက်တွေကို သယ်ဆောင်လာတာပေါ့ဗျာ။ တိမ်တိုက်ခပ်ပါးပါး



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ဖုံးသွားတဲ့အခါ လရဲ့ အလင်းရောင်ဟာ ခပ်မှေးမှေး ခပ်မှိန်မှိန် ဖြစ်သွားတယ်။ ဒါပေမဲ့ လုံးလုံးကြီး မှောင်ကျသွားတာ မဟုတ်ဘူး။

"အဲဒီ တိမ်တိုက်ပါးပါးကလေးတွေ ဖြတ်သွားပြီးတဲ့နောက် တိမ်တိုက် မည်းမည်းကြီး ၂ ခုဟာ တရွေ့ရွေ့ လာနေတာ တွေ့ရတယ်။ ပထမတိမ်တိုက်က တော့ သေးပြီး အလျားရှည်တယ်။ ဒီနောက်ကဟာကတော့ ကြီးပြီး ကျယ်ပြန့် တယ်။ တိမ်တိုက် ၂ ခုကို ဆက်ကြည့်တဲ့အခါ အရုပ်တစ်ခုပေါ်လာသဗျ။ ဘာရုပ် လဲဆိုတော့ အရိုးပေါ် အရေတင်နေတဲ့ ရှည်လျားတဲ့မြင်းတစ်ကောင်က ကုန်တင် လှည်းကို ဆွဲလာနေတဲ့ ရုပ်ပုံပဲ။ ဖြစ်ပုံက ဆင်ကြီးဟာ ကျုပ်ဆီကနေပြီး ၂၅ ကိုက်လောက်ကွာတဲ့ နေရာလည်း ရောက်ရော ရှေ့က ရွေ့လျားလာတဲ့ မြင်းနဲ့ တူတဲ့ တိမ်တိုက်ဟာ လကို ဖုံးသွားပါလေရောဗျာ။ ဒီတော့ မှောင်ကျသွားပြီး ကျုပ်လည်း ဆင်ကို မပစ်နိုင်တော့ဘူး။ ဒါပေမဲ့ ကျုပ်နေတဲ့ အလင်းရောင်ကလေး ကြောင့် ကြီးမားတဲ့သဏ္ဌာန်ကြီးဟာ တဲဆီကို တရွေ့ရွေ့ သွားနေတယ်ဆိုတာ တော့ မြင်ရတယ်။ နောက်တော့ လုံးဝ ဘာမှ မမြင်ရတော့သလို ဖြစ်သွားပြီး ကျုပ်မှာလည်း နားကိုပဲ အားကိုးရတော့တယ်။ ဆင်ကြီးဟာ သူ့နှာမောင်းနဲ့ တဲအမိုးကို စမ်းနေသလိုလို ကြားရတယ်။ ဒီနောက် တဲအမိုးက သက်ကယ် တစ်စကို ဆွဲနှုတ်ယူလိုက်သလိုလို ကြားလိုက်ရပြီး လုံးဝ တိတ်ဆိတ်သွားတော့ တယ်ခင်ဗျ။

"ဒါနဲ့ ခဏအကြာမှာ တိမ်တိုက်ဟာ လကို ကျော်ပြီးသွားတော့ ဆင် ကြီးရဲ့ သဏ္ဌာန်ကို မြင်ရပြန်တယ်။ အကောင်ကြီးရဲ့ ခေါင်းဟာ တဲအမိုးပေါ်မှာ မှီးနေတယ်ခင်ဗျ။ နို့ပေမဲ့ သူ့နှာမောင်းကိုတော့ မမြင်ရဘူး။ မမြင်ရဆို နှာမောင်း က တဲထဲရောက်နေတာကိုး၊ နှာမောင်းကို ခေါင်မိုးကြားထဲက နေပြီး အထဲကို သွတ်လိုက်တာနဲ့ တူပါတယ်။ တဲထဲမှာ ပြောင်းတွေ လှောင်ထားတာက ရှိနေ တော့ ပြောင်းနံ့ရလို့ နှာမောင်းကို ထိုးသွင်းပြီး ရှာနေတာနဲ့တူပါရဲ့။ ဒီအချိန်မှာ အလင်းရောင်ကလည်း ပေါ်လာနေတော့ ရိုင်ဖယ်ကို အသင့်ပြင်လိုက်ရပြန်တယ်၊ ဟော ... နောက်တော့ဗျာ ဖြုန်းဆို ရူးရူးဝါးဝါး အော်သံကြီးတစ်သံ ထွက်လာ တော့တယ်။ ဒီအော်သံကြီးနဲ့အတူ ဆင်နှာမောင်းကြီးဟာ တဲအမိုးပေါ် ပြန်ထွက် လာပြီး နှာမောင်းနဲ့ ရစ်ပတ်ပါလာတာကတော့ တခြားဟုတ်ပါရိုးလား ခင်ဗျ ... တဲထဲမှာ အိပ်နေတဲ့ အဘွားကြီးခင်ဗျ။ တဲခေါင်မိုးပေါက်ထဲကနေပြီး အဘွား ကြီးဟာ အပ်ဖျားမှာ ထိုးထားတဲ့ ခရုဖင်လိမ်ပန်းကလေးလို ပါလာတော့တယ် ခင်ဗျ။ ခြေကားယား လက်ကားယားနဲ့ စောင်ကြီးကလည်း သူ့အပေါ်မှာ ခြ လျက်သားပါလာတယ် ခင်ဗျ။





"အဲဒီလို တဲခေါင်မိုးပေါ်ကလည်း ထွက်လာရော တကတည်း အူတုန် သဲတုန် ဖြစ်သွားအောင် အော်တော့တာပါပဲ ခင်ဗျာ။ ဒီအချိန်မှာ အကြောက် တကာ့ အကြောက်ဆုံး ဖြစ်နေတာ အဘွားကြီးလား၊ ဒါမှမဟုတ် ကျုပ်ပဲလား၊ ဆင်ကြီးပဲလားဆိုတာကိုတော့ ကျုပ် အတတ်မပြောနိုင်ဘူး။ နို့ပေမဲ့ ဘယ်သူပဲ ဖြစ်ဖြစ် ဆင်ကြီးကတော့ အတော့်ကို လန့်သွားပုံရတယ်။ ဘာကြောင့်လဲဆိုတော့ သူရှာနေတာက ပြောင်း၊ မတော်တဆ တွေ့ပြီးပါလာတာက အဘွားကြီး၊ ဒီတော့ ဆင်ကြီးဟာ လန့်မသွားဘဲ ဘယ်ခံနိုင်မလဲ။ ဆင်ကြီးဟာ တစ်ချက်အော်လိုက် ပြီး အဘွားကြီးကို တစ်ခါတည်း နှာမောင်းကြီးနဲ့ ထိကရုန်းပင်တွေပေါ် လွှင့်ပစ် လိုက်တော့တာပါပဲခင်ဗျာ။ အဘွားကြီးလည်း သစ်ပင်ပေါ် တွယ်ကပ်နေပြီး တက တည်း ငယ်သံပါအောင် အော်နေပါလေရော၊ ဘာပြောကောင်းမလဲ ဆင်ကြီးဟာ အမြီးကို ထောင်၊ နားရွက်ကြီးတွေကို ခတ်ပြီး ပြေးဖို့ ကြံတော့တာပဲ။

"ဒီအချိန်မှာ ကျုပ်က ဆင်ကြီးရဲ့ ပခုံးဆီချိန်ပြီး မောင်းကို ဆွဲလိုက် တယ်။ 'ဒိုင်း' ခနဲ မြည်သွားတဲ့ သေနတ်သံဟာ တိတ်ဆိတ်နေတဲ့ တောတောင် တွေမှာ ပဲ့တင်ကို ထပ်သွားတာပဲဗျို့၊ အကောင်ကြီး ပုံလျက်သားကျသွားတာကို မြင်လိုက်ရတယ်။ ဟော ... နောက်တော့ဗျာ ဖြစ်ပုံများ မပြောချင်တော့ပါဘူး။ ကျုပ်ရဲ့ လေးလံတဲ့ ရိုင်ဖယ်ကြီးရဲ့ တွန်းကန်အားကြောင့်လား။ ဒါမှမဟုတ် ငမိုက်သား ဂိုဘိုက ကြောက်စိတ်နဲ့ ထိုင်လျက်သား ဖင်ဆောင့်လိုက်လို့လား၊ ဒါမှမဟုတ်ဘဲ အကြောင်းနှစ်ခုစလုံးကြောင့်ပဲလား၊ မတော်တဆပဲလား မပြော တတ်ပါဘူး။ ဆွေးနေတဲ့ သစ်လုံးကြီးဟာ ဖြောင်းခနဲ ကျိုးကျသွားတော့တာပဲ ဗျို့။ အဲဒီလို သစ်လုံးကြီး ကျိုးသွားတာနဲ့ တစ်ပြိုင်နက် ကျုပ်လည်း ဘုတ်ခနဲ အောက်ကိုကျသွားတာပေါ့။ သစ်ပင်ကြီးရဲ့ ခြေရင်းနား ဖင်ထိုင်လျက်ကျသွား သဗျ။ မြေနဲ့ဆောင့်မိတဲ့အရှိန်က ပြင်းလိုက်တာ မပြောပါနဲ့တော့၊ ရှိသမျှသွားတွေ အာခေါင်ကနေ လွင့်ထွက်ကုန်သလား အောက်မေ့လိုက်ရတယ်။ စက္ကန့်အနည်း ငယ်လောက် ယောင်တောင်တောင် ဖြစ်သွားသေးတယ်။ နို့ပေမဲ့ အကျကောင်းလို့ ဘာမှ ထိခိုက်ဒဏ်ရာရခြင်းတော့ မရှိလိုက်ပါဘူး။

"ဒီအတောအတွင်း ဘသားချောဆင်ကြီးက ကြောက်အားလန့်အားနဲ့ လွှတ်ပြီး အော်ပါလေရောဗျို့။ သူ့အော်သံကြောင့် တခြားဆင်နှစ်ကောင်က တဟုန်ထိုးလာပါလေရော။ ဒါနဲ့ ကျုပ်ရိုင်ဖယ်ကို စမ်းကြည့်တော့ မတွေ့တော့ ဘူး။ နောက်တော့မှ သေနတ်ကို သစ်ပင်ခွကြားမှာ တင်ထားခဲ့တာ သတိရ တယ်။ သစ်ပင်ခွကြားမှာ ကျန်နေရစ်ခဲ့မှာပဲ။ ဒီတော့ ကျုပ်ဟာ အင်မတန်ဆိုးဝါး တဲ့အခြေအနေ ရောက်နေတာပေါ့။ သစ်ပင်ပေါ် ပြန်တက်ဖို့ကလည်း မရတော့ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်နေတဲ့အခါ သစ်ပင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ဖို့ ခက်တယ် မဟုတ်လား။ နောက်ပြီး ဆင်တွေကလည်း ကျုပ်ကို မြင်သွားဦးမယ်။ ဂိုဘိုဆိုတဲ့ အကောင်ကတော့ သစ်ကိုင်းတစ်ခုမှာ တွယ်နေလေရဲ့။ တခြားသေနတ်တစ်လက်က သူ့ဆီမှာ၊ နောက်ပြီး သူက အမြင့်ကြီးမှာ ရှိနေတယ်လေ။ အကာအကွယ်ဆိုတာကလည်း အနီးအနားမှာ မရှိလေတော့ ကျုပ်မှာ ပြေးဖို့ရာ မဖြစ်နိုင်ဘူး။

"အဲဒီလို အကျဉ်းအကြပ်ထဲ ရောက်နေတဲ့ အခြေအနေမှာ ကျုပ် လုပ်နိုင်တာ တစ်ခုတည်းရှိတော့တယ်။ ဒါက ဘာလဲဆိုတော့ သစ်ပင်ကြီးရဲ့ ပင်စည်ကို ဖြည်းညင်းနိုင်သမျှ ဖြည်းညင်းစွာ လှည့်ပတ်နေရပြီး မျက်လုံးတစ်ဘက်က ဆင်တွေကို ကြည့်ရင်း ဂိုဘိုကို ညီး သေနတ်ကိုယူပြီးငေ အောက်ဆင်းခဲ့ဖို့ ခပ်တိုးတိုး လှမ်းပြောရတယ်။ အဲဒီလို ပြောပြီး အခြေအနေ ဘယ်လိုဖြစ်လာမလဲဆိုတာ ရင်ထဲမှာ တထိတ်ထိတ်နဲ့ အကဲခတ်နေရသဗျ။ ဆင်တွေက ကျုပ်ကို မမြင်ဘူးဆိုရင်တော့ ကျုပ်အနံ့ကို သူတို့ရမှာ မဟုတ်ဘူး။ ဘာကြောင့်ဆို ကျုပ်က လေရဲ့ အထက်လေညာမှာ ရှိနေတာကိုး။ ဆင်တွေဟာ စိတ်ဆိုးမာန်ဆိုး ကမ္မးရှူးထိုး ဖြစ်နေကြလို့ ကံအားလျော်စွာပဲ ကျုပ်ကို မမြင်ကြဘူးဗျို့။ ဂိုဘိုဆိုတဲ့အကောင်ကလည်း သစ်ပင်ပေါ်မှာပဲ သူ့အတွက် လုံခြုံမှုရှိတယ် အောက်မေ့ထင်ပါရဲ့။ ကျုပ်ပြောတာကို မကြားချင်ယောင် ဆောင်နေသဗျ။

"နောက်တော့ သူက ဘာပြောသလဲဆိုရင် ကျုပ်ပြောတာကို မကြားလို့ပါတဲ့။ ကျုပ်ကတော့ သူပြောတာ မယုံပါဘူး။ ဒီအကောင်ဟာ လသာသာလဟာပြင်ထဲမှာ ဆင်ပစ်တာကို သဘောကျတဲ့ တကယ့်မုဆိုးကောင်းတစ်ယောက်မှ မဟုတ်ဘဲ။ ကျုပ် ဘယ်ယုံနိုင်မှာလဲဗျ။ ဒါနဲ့ ကျုပ်လည်း သစ်ပင်ရဲ့နောက်မှာ စိတ်ပျက်လက်ပျက်ဖြစ်နေတယ်။ လက်ထဲမှာကလည်း ဘာလက်နက်မှ မရှိဘူး။ ဒါပေမဲ့လည်းဗျို့ ... စိတ်ဝင်စားစရာတော့ အတော်အကောင်းသားဘာ့ကြောင့်ဆို ထူးခြားတဲ့ အဖြစ်အပျက်တစ်ခုကို မြင်နေရလို့ပဲ ခင်ဗျ။

"တခြားဆင်ကြီးနှစ်ကောင် ရောက်လာတော့ ချက်ချင်းအော်တာ ရပ်သွားတယ်။ ဒါပေမဲ့ ခပ်တိုးတိုး ခပ်သဲ့သဲ့ ညည်းနေတုန်းပဲ။ နောက်ပြီးတော့ သွေးတွေ ပန်းထွက်နေတဲ့ သူ့ပခုံးက ဒဏ်ရာကို အသာကလေး ထိပြလိုက်တယ်။ တခြားနှစ်ကောင်က သူပြတာကို နားလည်တယ်နဲ့တူတယ်။ သူတို့က ဘာလုပ်ကြသလဲဆိုတော့ လဲနေတဲ့ ဆင်ကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်ဆီမှာ ဟိုအကောင်နှစ်ကောင်က ဒူးထောက်လိုက်ကြတယ်။ ဒူးထောက်လိုက်ပြီး သူတို့ရဲ့ နှာမောင်းတွေ အစွယ်တွေကို လဲနေတဲ့ ဆင်ကြီးရဲ့ ကိုယ်အောက်ကို သွင်းလိုက်ကြတယ်။ ဒီတော့ ဒဏ်ရာရနေတဲ့ ဆင်ကြီးဟာ သူ့အဖော်နှစ်ကောင်ရဲ့ အကူအညီနဲ့ အားစိုက်ပြီး ထလိုက်တယ်။ မတ်တတ်ရပ်သွားနိုင်တာပေါ့ဗျာ။





ဒီနောက် သူ့အဖော် ဆင်နှစ်ကောင်က သူ့ကို ဘေးတစ်ဖက်တစ်ချက်က ညှပ်ပြီး ရွာဘက်ဆီကို တစ်လှမ်းချင်း တွဲခေါ်သွားကြတယ်။ သူတို့ကို ကြည့်ရတာ တကယ့်ကို သနားစရာပါပဲဗျာ။ ကျုပ်ဖြင့် ကိုယ့်ကိုယ်ကိုတောင် 'ငါဟာ လူဆိုးလူမိုက်ကြီးတစ်ယောက်ပါကလား' လို့ အောက်မေ့လိုက်မိသေးတယ်ဗျာတို့။

"ဒါနဲ့ သိပ်မကြာပါဘူး။ ဒဏ်ရာရသွားတဲ့ ဆင်ကြီးဟာ အတော်ကလေး လျှောက်နိုင်ပြုနိုင် ဖြစ်သွားတဲ့အခါ ဆင်သုံးကောင်ဟာ အပြေးကလေး ထွက်သွားကြတာကို မြင်လိုက်ရတယ်။ ဒီအချိန်လောက်မှာ ဒုတိယဟိမ်တိုက်က လမင်းကြီးကို ဖုံးသွားတဲ့အတွက် သူတို့ကို မျက်စေ့နဲ့ လိုက်ကြည့်လို့ မမြင်ရတော့ဘူး၊ ပျောက်သွားကြပြီ။ ဒါက ကျုပ်မျက်စေ့နဲ့ မြင်လိုက်ရသမျှ ပြောပြနေတာ။ ဒါနဲ့ ကျုပ်နားနဲ့ ကြားတာကို ပြောပြရဦးမယ်။ တိမ်တိုက်ကြီး လကိုဖုံးသွားတော့ ဆင်သုံးကောင်ဟာ ရွာဘက်ဆီကို တည့်တည့်ကြီး သွားနေတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ လမ်းက ရှင်းလည်းရှင်း လွယ်လည်းလွယ်လို့ပဲ။ ဒီနောက် မှောင်ထဲမှာ သူတို့ မသွားတတ်သလို ဖြစ်သွားသနဲ့ တူပါရဲ့။ ရွာစည်းရိုးကို ရောက်တော့ ဘေးကို ကွေ့မသွားတော့ဘဲ စည်းရိုးကို တည့်တည့်ကြီး တိုးဝင်သွားကြပါလေရောဗျို့။

"နောက် ဘယ်လို ဖြစ်ကုန်သလဲဆိုတော့ ရွာစည်းရိုးကို အတင်းတိုးဝင်သွားပြီးတဲ့နောက် 'စည်းရိုးကို ဖျက်ဝင်ခဲ့ပြီးတဲ့နောက်မှတော့ မထူးဘူး။ ရွာကိုပါ တို့ဖျက်မဟဲ့' လို့ စိတ်ကူးပေါက်သလားမဆိုနိုင်ဘူး။ ပျားအုံပုံစံလို ဆောက်ထားတဲ့ တဲတစ်လုံးကို မြေလှန်ပစ်လိုက်ကြတယ်။ ရွာကို ကျုပ်ရောက်သွားတဲ့ အချိန်မှာ ရွာထဲကလူတွေဟာ ပျားအုံကို တုတ်နဲ့ထိုးသလို ရှုစီရှုစီ ဖြစ်နေတာ တွေ့ရတယ်။ မြေလှန်ခံရတဲ့အပြင် တခြား တဲနှစ်လုံးကိုလည်း ပြားသွားအောင် ဆင်တွေက နင်းချေပစ်ခဲ့တယ်။ တတိယတဲကိုတော့ ဘေးက အကာတွေ ဘာတွေ စုတ်ပြတ်ကုန်အောင် လုပ်သွားတယ်။ ထူးဆန်းတာတစ်ခုက လူတစ်ယောက်မှ ထိခိုက်ခြင်း မရှိတာပဲ။ လူတော်တော်များများမှာတော့ ဆင်တွေ အနင်းမခံရဘဲ သီသီကလေး လွတ်သွားကြတယ်။

"ရွာကို ကျုပ် ရောက်သွားတော့ ရွာသူကြီး အဘိုးကြီးဟာ ပျက်စီးသွားတဲ့ တဲတွေရှေ့မှာ ကင်းကိုက်ခံရသလို ဆွေ့ဆွေ့ခုန်နေတာကို တွေ့ရသဗျ။

"ဘာဖြစ်သလဲလို့ ကျုပ်ကမေးတော့ တဏှာတည်း အဘိုးကြီးက ကျုပ်ကို ရေရွတ်ဆဲဆိုပါလေရောဗျို့။ ကျုပ်ကို 'လူလိမ်၊ လူညာ၊ လူကောက်' တဲ့။ ကံကြမ္မာကောင်းကို ခေါ်လာတဲ့အကောင်တဲ့။ ဆင်တွေကို အပြတ်ရှင်းပေးမယ်လို့ ပထမကတိပေးပြီး အခုတော့ ဆင်တွေက သူ့ကို နင်းသတ်အောင် လုပ်သလေး ဘာလေးနဲ့ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"သူရေရွတ်တာကို ကြားလိုက်ရတော့ သစ်ပင်ပေါ်က ကျတဲ့အတွက် ကိုယ်လက်နာကျင်ကိုက်ခဲနေရတဲ့အထဲ ကျုပ်လည်း ထောင်းခနဲ ဒေါသထွက်သွားတယ်။ ဒါနဲ့ကျုပ်က အဘိုးကြီးဆီ ပြေးသွားပြီး သူ့နားရွက်ကိုဆွဲ၊ သူ့တဲတံခါးပေါက်နဲ့ သူ့ခေါင်းကို တဒိုင်းဒိုင်း မြည်အောင် ဆောင့်ပစ်လိုက်မိတယ်။ ဆင်တွေကြောင့် သူ့တဲလည်း ပျက်စီးသွားတယ်။ တံခါးပေါက်ပဲ ကျန်သဗျ။

"ဒီနောက် ကျုပ်က –

'ခင်ဗျားဟာ အင်မတန် ယုတ်မာတဲ့ အဘိုးကြီး၊ အင်မတန် ညစ်ကျယ်ကျယ်နိုင်တဲ့ အဘိုးကြီး၊ ဘာမဟုတ်ညာမဟုတ် သာမင်ညောင်ည ဒုက္ခကလေးတွေ တွေ့ရုံနဲ့ ခင်ဗျားက ဒီလောက် ညည်းညူနေတယ် ... ဟုတ်လား။ ကျုပ်ကို ခင်ဗျားပေးလိုက်တဲ့ သစ်ဆွေးသစ်ပုပ်ကြီးကြောင့် ကျုပ်မှာ သစ်ပင်ပေါ်ကကျပြီး ကံကောင်းလို့ ဆင်တွေ အနင်းမခံရတာ။ (အဲဒီလို ပြောရင်း ဒေါသထွက်ထွက်နဲ့ သူ့နဖူးကို ဒိုင်းခနဲ ဒိုင်းခနဲ မြည်အောင် နှစ်ခါသုံးခါ ဆက်ဆက်ဆောင့်လိုက်တယ်) ခင်ဗျားမိန်းမ အဘွားကြီးကို ဆင်တစ်ကောင်က တဲထဲက ဆွဲပြီး ထုတ်လိုက်တယ် သိလား။ ခရတစ်ကောင်ကို အခွံထဲက အတင်းဆွဲထုတ်သလိုပဲ။ ဒီနောက် ဆင်ကြီးက သစ်ပင်ပေါ် ပစ်တင်လိုက်တယ် သိလား။

"အဲဒီလိုပြောရင်း ကျုပ်က ဒိုင်းခနဲ တစ်ချက်ထပ်ပြီး ဆောင့်လိုက်ပြန်တယ်။ ဒီတော့မှ အဘိုးကြီးက –

"ချမ်းသာပေးပါ ဆရာကြီးရယ်။ ချမ်းသာပေးပါလို့ တောင်းပန်တယ်။ သူ ပြောမိဆိုမိတာ မှားမှန်းသိပါပြီတဲ့။

"အင်း ... ခင်ဗျားကြီး မှားမှန်းသိရင် တော်ပြီ"

"ချမ်းသာပေးပါ ဆရာကြီးရယ်။ သစ်လုံးကြီးက အကောင်းထင်ပြီး ပေးလိုက်မိတာပါတဲ့။ ဒီနောက် ဘာပြောသလဲဆိုတော့ သူ့မယားအဘွားကြီး သေပြီလားတဲ့။ အဘွားကြီး သေပြီဆိုရင်တော့ တစ်ခါဖြင့် နေရာကျပြီလို့ ပြောပြီး အဘိုးကြီးလည်း သူ့လက်နှစ်ဘက်ကို ရှိခိုးတဲ့ အနေအထားနဲ့ လထိန်ထိန်သာနေတဲ့ ကောင်းကင်ကို မော့ကြည့်ပြီး ဘုရား တရား အောက်မေ့နေသလို လုပ်နေတယ် ခင်ဗျ။

"ကျုပ်လည်း ဆွဲထားတဲ့သူ့နားရွက်ကို လွှတ်လိုက်ပြီး ဟက်ဟက်ပက်ပက်ရယ်လိုက်မိတာပေါ့ဗျာ။ သူ့ကို ပျော်အောင် လုပ်တဲ့ မယားကြီးလား။ ဒါမှမဟုတ် စိတ်ဒုက္ခပေးတဲ့ မယားကြီးလားတော့ မသိပါဘူးဗျာ။ ဒီမယားကြီးသေတာကို သူတောင့်တပြီး ကြီးကြီးကျယ်ကျယ် ဆုတောင်းနေပုံကို မြင်လိုက်ရတော့ အင်မတန် ရယ်စရာကောင်းတာပေါ့ဗျာ၊ တကယ်ပါပဲ။





'မသေဘူးဗျ ... မသေဘူး။ အင်မတန် မတရားနိုင်တဲ့ အဘိုးကြီး၊ ဒီမိန်းမကြီးဟာ ဆူးပင်ပေါ် ရောက်သွားပြီး အော်ရင်း ဟစ်ရင်း ကျန်ရစ်ခဲ့သဗျ။ အဲဒီဆူးပင်ပေါ်ကို ဆင်ကြီးက ပစ်တင်လိုက်တာ'လို့ ကျုပ်က ပြောလိုက်တော့ သူက ဘာပြောသလဲ သိလား။

"အမယ်လေး ... နွားဟာ ဝန်ဆွဲဖို့ ကျောက်ကုန်းမှာဘို့ပါရသလို၊ သူအော်လို့ ဟစ်လို့ မော့သွားရင်တော့ ဆင်းလာမှာပဲ' လို့ပြောပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ် သူဘာမှ မပြောတော့ဘူးဗျ။ ဖာငွေ့ငွေ့ တောက်နေတဲ့ မီးခဲတွေကိုပဲ ပါးစပ်နဲ့ မှုတ်နေတော့တယ်။

"သူပြောတဲ့အတိုင်းပဲ ဟုတ်တာပဲဗျို့။ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့ ပြောနေပြီးနောက် ၄–၅ မိနစ်လောက်လည်း ကြာရော၊ အဘွားကြီးလည်း ရောက်လာပါလေရောဗျာ။ သူ့ကိုယ်ပေါ်မှာ ဆူးခြစ်မိတဲ့ဒဏ်ရာ ဒဏ်ချက်ကလေးတွေက လွဲလို့ ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး။

"ဒီနောက် ကျုပ်လည်း ကျုပ်ရဲ့စခန်းဆီကို ပြန်လာခဲ့တယ်။ ကံအားလျော်စွာပဲ ကျုပ်စခန်းကိုတော့ ဆင်တွေက ဖြိုမသွားပါဘူး။ စခန်းကိုလည်း ရောက်ရော ကျုပ်လည်း စောင်ခြုံပြီး အိပ်လိုက်တော့တာပဲ။

"ဒါကတော့ ဆင်သုံးကောင်နဲ့ ကျုပ်နဲ့ ပထမအချီတွေ့တဲ့ အခန်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

## ၄
## ဆင်သုံးကောင်နှင့် နောက်ဆုံးအချီတွေ့ခြင်း

"ဒါနဲ့ နောက်တစ်နေ့မနက်ကျတော့ မနက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို သတိရရင်း အိပ်ရာက နိုးလာတယ်။ အသက်နဲ့ ခန္ဓာကိုယ်မြဲနေတာဟာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးကြောင့်ပဲဆိုပြီး ဘုရားသခင်ကို ကျေးဇူးတင်မိတယ်။ မနေ့က အဖြစ်အပျက်တွေကတော့ အင်မတန် စိတ်ရှုပ်စရာ၊ စိတ်ပျက်စရာ ကောင်းတဲ့ အဖြစ်အပျက်တွေပေါ့ဗျာ။ ကြံ့ရော၊ ကျွဲရော၊ ဆင်ကိုရော ရင်ဆိုင်လိုက်ရတော့ လူလည်း အတော်မောသွားပြီး စိတ်ပျက်စရာကောင်းတဲ့နေ့လို့ ကျုပ်က ပြောတာပါ။ အဲဒီဟာတွေကို စဉ်းစားပြီးတဲ့နောက် ကျုပ်ရဲ့ အာရုံဟာ ပြောင်းသွားပြီး အင်မတန်လှပတဲ့ ဆင်စွယ်ကြီးတွေကို စိတ်ထဲက သွားပြီး သတိရလိုက်မိတယ်။ အဲဒီလို သတိရမိတော့ မနက်စောစောစီးစီးကြီးမှာပဲ ကျုပ်ဟာ ပညတ်တော် ၁၀ ပါးကို ချိုးဖောက်မိတယ်ဗျာ။

"ဖြစ်တာက ဒီလိုဗျ ... ကျုပ်ရဲ့ အိမ်နီးနားချင်း ပိုင်တဲ့ ဆင်စွယ်ကို လိုချင်တပ်မက်မိတဲ့စိတ် ဖြစ်ပေါ်လာတယ်။ အိမ်နီးနားချင်းဆိုတာက ဆင်ကြီးရယ်လေဗျာ။ ဆင်ကြီးရှိရာအရပ်ကို ကျုပ်အရောက်လာတော့ တရားဝင်အားဖြင့် သူက ကျုပ်ရဲ့ အိမ်နီးနားချင်းဖြစ်နေတာပေါ့။ နောက်ပြီး မနေ့ညကတော့ သူက ကျုပ်အနားကို ကျုပ် အလိုရှိတာထက်ပိုပြီး နီးနီးကပ်ကပ် ရောက်လာပြန်တယ်။ ဒီတော့ သာပြီး အိမ်နီးပါးချင်း ဖြစ်လာတာပေါ့။ ဒီတော့ ကိုယ့်အိမ်နီးပါးချင်းရဲ့ ပစ္စည်းကို လိုချင်တပ်မက်တယ်ဆိုလို့ရှိရင် ဘာလုပ်ရမလဲ။ တရားသဘောအရ နည်းလမ်းမကျဘူးဘဲဆိုဆို၊ အကောင်းဆုံးနည်းကတော့ သူ့အိမ်ထဲကိုဝင်၊ ကိုယ်လိုချင်တဲ့ ပစ္စည်းကို အတင်းအဓမ္မယူ၊ ဒါပဲရှိတယ် မဟုတ်လား။ ကျုပ်မှာက ရှစ်ဗို့သေနတ်ကြီးကို ပြန်ပြီးရထားပြီ၊ ဒါပေမဲ့ အိမ်နီးနားချင်း ကိုရွှေဆင်ကြီးက လက်ချည့်မဟုတ်ဘူးဗျ။ သူ့မှာလည်း လက်နက်ရှိတယ်လေ။ သူ့အစွယ်ကြီး





ပေါ့။ အဲဒီတော့ ကိုယ့်လက်နက်၊ သူ့လက်နက် အပြိုင်ကြပြီး၊ သူသေသေ ကိုယ်သေသေ ကျဲရဖို့၊ ကျုပ်လည်း အသင့်ပြင်ဆင်လိုက်တယ်။ ကျုပ်ရဲ့ တပည့်ကျော်တွေကိုခေါ်ပြီး ဆင်တွေနောက်ကို ကျုပ်လိုက်တော့မယ်။ လိုအပ်ရင် ကမ္ဘာအဆုံးထိအောင် လိုက်မယ်လို့ ပြောလိုက်တယ်။ ကျုပ်ပြောတာ သူတို့ကြားကြတော့ သူတို့ကြောက်သွားပုံရတယ်။ ဒါပေမဲ့ ကျုပ်ကို သူတို့အာခံပြီး မပြောရဲကြပါဘူး။ အာခံတဲ့ ဂိုဘိုဆိုတဲ့အကောင်ကို အသေသတ်ပစ်မယ်လို့ ကျုပ်က အတည်ပေါက် လုပ်ပြလိုက်တဲ့ အချိန်ကစပြီး၊ ဒီကောင်တွေဟာ အင်မတန် ကျိုးနွံပြီး ကျုပ်ကို ရိုသေလေးစားလာကြတယ်။

"ဒီနောက် ရွာသူကြီး အဘိုးကြီးဆီကို နှုတ်ဆက်ဖို့သွားတော့ ... လား လား ... အဘိုးကြီးဟာ သူ့ရွာထဲက အပျက်အစီးတွေကို ကြည့်လိုက်၊ နောက်ပြီး သူ့မယားငယ်ကလေးရဲ့ အကူအညီနဲ့ ပြောင်းဖိုဒေါင်ထဲမှာ အိပ်တဲ့ သဝန်ကြောင် အဘွားကြီးကို ရိုက်လိုက်နဲ့ လုပ်နေတာကို တွေ့ရသဗျ။ ဒီအဘွားကြီးကြောင့် သူ့မှာ ဒုက္ခအမျိုးမျိုး ရောက်ရတယ်လို့ ပြောလိုက်သေးတယ် ခင်ဗျ။

"ဒီတော့ ကျုပ်လည်း အဘိုးကြီးရဲ့ အိမ်ကွင်းရေးကိစ္စတွေကို သူတို့ဘာသာ ဖြေရှင်းစေပြီး၊ ကျုပ်ဆောင်ရွက် အကူအညီပေးခဲ့ရတဲ့ အလုပ်အတွက် ရွာက ကျုပ်ကို ဟင်းသီးဟင်းရွက်ပေးရမယ်လို့ ကျုပ်က တောင်းဆိုလိုက်တယ်။ ဒီနောက် ကျုပ်လည်း သူတို့ကို ဘေးရန်ကင်းအောင် ဆုမွန်တောင်းပြီး ထွက်လာခဲ့တယ်။ သူတို့ကိစ္စ သူတို့ ဘယ်လိုဖြေရှင်းကြတယ်ဆိုတာတော့ ကျုပ်မသိဘူး။ ဘာကြောင့်ဆို အဲဒီနေ့ကစပြီး သူတို့ကို နောက်ထပ် မတွေ့ရတော့ဘူးဗျို့။

"ရွာက ထွက်လာလို့ ကျုပ်လည်း ဆင်ကြီးသုံးကောင်ရဲ့ ခြေရာကို ခံလိုက်လာခဲ့တယ်။ မြစ်ကမ်းစပ် ရွှံ့နွံတွေ ထူထပ်တဲ့ နေရာအထိ၊ ရွာအောက်ပိုင်းကနေပြီး ၂ မိုင်လောက်လျှောက်လာခဲ့တဲ့ လမ်းကြောင်းတစ်လျှောက် မြေဟာ ကျောက်ထူထပ်တယ်။ နောက်ပြီး ဟိုနေရာတစ်စု ဒီနေရာတစ်စု ချုံနွယ်ပိတ်ပေါင်းတွေလည်း ရှိတယ်။ မနက်မိုးလင်းချိန်က မိုးကလည်း ရွာထားပြီး ကျောက်တုံးကျောက်ခဲတွေကလည်း ထူထပ်တော့ ခြေရာခံဖို့ဟာ မလွယ်လှဘူး။ ဒဏ်ရာရသွားတဲ့ ဆင်ကြီးက သွေးအတော်ပဲ ထွက်နေတယ်ဆိုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သစ်ရွက်တွေ မြက်တွေပေါ်မှာ ကျနေတဲ့ သွေးစက်တွေက မိုးရေထဲ ပါသွားပြီလေ။ နောက်ပြီး မြေက မာလည်းမာ၊ ကြမ်းလည်းကြမ်းတော့ ခြေရာက ကောင်းကောင်း ထင်မကျန်ရစ်ခဲ့ဘူးပေါ့၊ ဒီပေမဲ့ ကျုပ်တို့ကတော့ ရှေ့ကို လိုက်ခဲ့လိုက်ကြတာပါပဲ။ တစ်ခါတလေ သစ်ရွက်အစအနများ ကျန်ရစ်မလားလို့ ရှာကြည့်နေရတာနဲ့ အချိန်ကုန်ပြီး ကျုပ်တို့ ခရီးကတော့ နှောင့်နှေးသပေါ့ဗျာ။ စိတ်ဆင်သလောက် မမြန်လှဘူး။ ဒါနဲ့ ဒဏ်ရာရတဲ့ တိရစ္ဆာန်ရဲ့ အနားကနေကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



သွေးဟာ သစ်ရွက်တွေအောက်၊ မြက်ပင်ခြေရင်းတွေအောက် ကပ်ပြီးနေတတ်
တယ်။ ရွာတဲ့မိုးက သိပ်ပြီး မကြီးဘူး။ မထန်ဘူးဆိုရင် အောက်ပိုင်းမှာ ကပ်နေတဲ့
သွေးတွေဟာ မိုးရေထဲပါမသွားဘူး။ ရွှံ့နွံ့အိုင်စပ်အထိ ရောက်ဖို့ ကျုပ်တို့ တစ်
နာရီကျော်ကျော်လောက် သွားရ တယ်။

"ဒါနဲ့ ဟိုနေရာရောက်သွားတော့ ကျုပ်တို့ရဲ့ လုပ်ငန်းဟာ အတော်
ကလေး လွယ်သွားသဗျ။ ဘာဖြစ်လို့လဲဆိုရင် မြေက ပျော့တော့ ဆင်ကြီးတွေ
ဟာ ဘယ်လမ်းကို သွားနေတယ်။ ဘယ်ဘက်ကို လိုက်တယ်ဆိုတာတွေ
အထင်းသားလိုလို ပေါ်နေလို့ ခြေရာခံဖို့ အထောက်အကူ အများကြီး ရတာပေါ့
ဗျာ။ ရွှံ့နွံ့ထူထပ်တဲ့ နေရာတွေကို ကျုပ်တို့ဖြတ်သွားကြတဲ့အခါ မြစ်ကို ဖြတ်ပြီး
နောက်ဆုံး ကူးနိုင်တဲ့နေရာကို ရောက်သွားတယ်။ ရွှံ့နွံ့ထဲက တစ်နေရာမှာတော့
ဒဏ်ရာရသွားတဲ့ ဆင်ကြီးဝပ်သွားတဲ့နေရာကို သွားတွေ့ရတယ်။ ဒီလိုနဲ့ တူပါ
တယ်။ အကောင်ကြီးဟာ ဒဏ်ရာကနာလာတော့ သက်သာရာရကြောင်း မြေ
ပေါ်ကို ခဏလှဲချပြီး အနားယူတာနဲ့ တူသဗျ။ နောက်ပြီး အဲဒီနေရာမှာပဲ သစ္စာ
ရှိတဲ့ သူ့အဖော်ကြီးနှစ်ကောင်က သူ့ကိုပြန်ပြီးထနိုင်အောင် ဖေးမကူညီတဲ့
အထောက်အထား ခြေရာလက်ရာတွေကိုလည်း တွေ့ရတယ်။ ဒီနောက် ကျုပ်တို့
လည်း မြစ်ကိုဖြတ်ကူးပြီး ဟိုဘက်ကမ်းကို ရောက်သွားတော့ ခြေရာခံပြီး လိုက်
ကြပြန်တယ်။ သူတို့ရဲ့ခြေရာတွေကို အတော်လှမ်းတဲ့ စိမ့်မြေထဲအထိ လိုက်လို့ရ
တယ်။ မြစ်ရဲ့ဒီဘက်မှာ မိုးမရွာတဲ့အတွက် ဆင်ကြီးရဲ့ ဒဏ်ရာကကျတဲ့ သွေး
စက်တွေကို မျက်ခြည်မပြတ်ဆိုသလို တွေ့ရပါတယ်။

"အဲဒီနေ့တစ်နေ့လုံး ကျုပ်တို့လည်း ဆင်တွေနောက်ကို လိုက်ကြတယ်
ဗျ။ တစ်ခါတစ်ခါ လွင်ပြင်တွေကို ဖြတ်ပြီး၊ တစ်ခါတစ်ခါလည်း ချုံနွယ်ပိတ်ပေါင်း
တွေကိုကျော်ပြီး သွားကြရတယ်။ ဆင်ကြီးတွေဟာ ဘယ်နေရာမှ မရပ်မနား
သွားကြပုံပဲ။ အဲဒီလို သွားရင်းကနေပြီး ဒဏ်ရာနဲ့ ဆင်ကြီးဟာ အတော်ကလေး
သက်သာသွားပုံရတာကို ကျုပ်သတိထားမိသဗျ။ ဘယ်လိုနည်းနဲ့ သိရသလဲဆို
တော့ သူ့ခြေရာဟာ မြေပေါ်မှာ ပိုပြီးထင်ရှားလာတယ်။ ကျုပ်တို့ကောင်းကောင်း
မြင်နိုင်လာတယ်။ ခြေကျပိုပြီး မြဲမြံလာတဲ့သဘောပေါ့။ နောက်ပြီးတော့ သူ့
အဖော်နှစ်ကောင်ကလည်း သူ့ကို ဖေးမ, မတွဲတော့ဘဲ တစ်ကောင်တည်းလွတ်
အသွားခိုင်းတာကို တွေ့ရလို့ပဲ။ ဒါနဲ့ ညနေစောင်းရောက်တော့ ကျုပ်တို့လည်း
အဲဒီနေ့မှာ ၁၈ မိုင် ခရီးလာခဲ့ရလို့ အတော်ပဲ မောပန်းနေကြပြီ။ ဒါကြောင့် ကျုပ်တို့
အဲဒီနေရာမှာ စခန်းချလိုက်ကြရတယ်။

"နောက်တစ်နေ့ အရုဏ်တက်ချိန်ရောက်တော့ ကျုပ်တို့လည်း အိပ်ရာ
ကထပြီး အလင်းရောင်ပေါ်လာတာနဲ့ တစ်ပြိုင်နက် သူတို့ရဲ့ ခြေရာခံပြီး လိုက်





ပြန်တယ်။ ၅ နာရီခွဲလောက်ကျတော့ ဆင်တွေ အစာစားပြီး အိပ်ကြပြုကြတဲ့နေရာ
ကို ရောက်သွားရောဗျို့၊ ပတ်ဝန်းကျင် ချုံနွယ်ပိတ်ပေါင်းတွေရဲ့ အမြေအနေကို
အကဲခတ်လိုက်တဲ့အခါ အဖော်ဆင်ကြီးနှစ်ကောင်က တစ်ဝတစ်ပြ စားကြ
သောက်ကြပြီး ဒဏ်ရာနဲ့ ဆင်ကတော့ ဘာကိုမှ မစားဘူးဆိုတာ သိရတယ်။
ဒီအကောင်ကြီးက ညတုန်းက သစ်ပင်ခပ်ကြီးကြီးကိုမှီပြီး အိပ်သနဲ့ တူပါတယ်။
သူမှီတဲ့ သစ်ပင်ကြီးဟာ တည့်တည့်ကြီး မနေဘဲ ယိုင်နေတာကို တွေ့ရတယ်။
ပြီးတော့ ဒီအကောင်ကြီးတွေဟာ ဒီနေရာက ထွက်သွားကြတယ်ဆိုတာ မကြာ
သေးဘူးနဲ့တူတယ်။ ဒါကြောင့် သူတို့ဟာ ကျုပ်တို့ရဲ့ ရှေ့အဝေးကြီးရောက်ဦးမယ်
မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒဏ်ရာရသွားတဲ့ ဆင်ကြီးဟာ အိပ်ပြီး
အထမှာ သူ့တစ်ကိုယ်လုံး နာကျင်တောင့်တင်းနေရမယ်။ ဒါကြောင့်မို့ သူတို့ဟာ
ပထမ မိုင်နည်းနည်းလောက်တော့ သူ့အဖော်မဟုက သူ့ကို တွဲခေါ်သွားကြ
ရမယ်။

"ဆင်ဆိုတဲ့ သတ္တဝါတွေဟာ ဖြည်းဖြည်းသွားကြတာတောင် ခရီး
အတော်ပေါက်အောင် သွားနိုင်ကြသဗျ။ ဘာဖြစ်လို့လဲဆိုတော့ ချုံနွယ်ပိတ်ပေါင်း
တွေဟာ လူတွေအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်ပြီး ခရီးကို နှောင့်
နှေးပေမယ်လို့ သူတို့အတွက်ကတော့ ဘာအနှောင့်အယှက်မှ မဖြစ်ဘူး မဟုတ်
လား။ သူတို့ဟာ ဘယ်ဘက်ကို ချိုးသွားပြီး အခုအခါမှာဆိုရင် လခြမ်းပုံ
သဏ္ဍာန်စီပြီး သွားနေကြတယ်။ သူတို့မျက်နှာမူပြီးသွားတာကတော့ တောင်ကြီး
ဘက်ဆီကိုပဲ။ ရည်ရွယ်ချက်ကတော့ မြစ်ကြီးရဲ့ တော်တော်ဝေးတဲ့နေရာမှာ ရှိတဲ့
မူလ သူတို့ကျက်စားရာနယ်မြေကို ပြန်ဖို့ ရည်ရွယ်ချက်နဲ့ တူပါရဲ့။

"ကျုပ်တို့မှာ ဘာမှ မတတ်နိုင်ဘူး။ သူတို့သွားရာ နောက်ကိုပဲ လိုက်
ဖို့ရှိတော့တယ်လေ။ ဒါကြောင့် ကျုပ်တို့လည်း ကြိုးစားပြီး လိုက်ရတာပေါ့ဗျာ။
နေကလည်း အင်မတန်ပူတယ်။ ဒါပေမဲ့ တွေ့ချင်တဲ့ ဇောနဲ့ တစ်နေ့လုံး မမောနိုင်
မပန်းနိုင် လိုက်ကြတာပဲ။ လမ်းတစ်လျှောက်မှာ တခြားတောတိရစ္ဆာန်ကောင်တွေ
အတော်များများ တွေ့ရတယ်။ ဒါတင် ဘယ်ဟုတ်မလဲ။ တခြားဆင်တွေရဲ့
ခြေရာတွေကိုတောင် တွေ့ရသေးတယ်။ ကျုပ်တပည့်တွေက အဲဒီလို နောက်တွေ့
တဲ့ ဆင်တွေရဲ့နောက်ကို လိုက်ဖို့တောင် အကြံပေးသေးတယ်။ နို့ပေမဲ့ ကျုပ်
မလိုက်ဘူး။ ပထမဆင်ကြီးတွေရဲ့ ရောမအစွယ်ကြီးတွေသာ ကျုပ်စိတ်ထဲ မှာစွဲပြီး
လိုချင်နေတာကလား။

"ဒါနဲ့ ညနေစောင်းလောက်ကျတော့ ကျုပ်တို့လိုက်နေတဲ့ အကောင်
ကြီးတွေနားကို ကျုပ်တို့ရောက်သွားတယ်။ သူတို့နဲ့ ဘယ်လောက်ဝေးတော့သလဲ
ဆိုရင် မိုင်တစ်မတ်လောက်ပဲရှိတော့မယ်လို့ ခန့်မှန်းရတယ်။ ဒါပေမဲ့ လမ်းက



www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်ပိတ်ပေါင်းတွေ သိပ်ထူလို့ ရှေ့ကို ဘာမှ ကောင်းကောင်းမမြင်နိုင်ဘူး။ ဒါကြောင့် ကျုပ်လည်း ကိုယ့်ကုသိုလ်ကံကို စိတ်ထဲမှာ မချင့်မရဲဖြစ်ပြီး အဲဒီ ရောက်တဲ့နေရာမှာပဲ စခန်းမချချင်ဘဲနဲ့ စခန်းချလိုက်ကြရတယ်။ ဒါနဲ့ ညရောက်လို့ လကလေး ထွက်လာပြီး မကြာသေးဘူး၊ ကျုပ်က ဆေးတံခဲနေရင်း ဆင်အော်သံကြီးတစ်သံကို ကြားလိုက်ရတယ်။ ကေန္တ တစ်ခုခုကို လန့်ပြီးအော်တာ ဖြစ်ရမယ်။ သူအော်တာက ကိုက် ၃၀၀ ထက် ပိုမဝေးတဲ့ နေရာဆီကပဲလို့ ခန့်မှန်းမိသဗျ။ ကျုပ်မှာ အင်မတန်မှ ပင်ပန်းနေပေမဲ့ ပင်ပန်းတဲ့စိတ်ကို သိချင်တဲ့ဇောက ဖုံးလွှမ်းသွားပြီး အိပ်ပျော်နေတဲ့ ကျုပ်တပည့်တွေကို ဘာမှမပြောခဲ့ဘဲ ကျုပ်ရဲ့ ရှစ်ဖိုကြီးနဲ့ ကျည်ဆံနည်းနည်းပါးပါးယူပြီး အသံကြားရာဆီကို မှန်းပြီး ထွက်လာခဲ့တယ်။ တစ်နေ့ကုန် ကျုပ်တို့လိုက်လာတဲ့လမ်းဟာလည်း ဆင်ကြီးအော်သံလာရာဆီကို တည့်တည့်ကြီး သွားနေတဲ့ လမ်းဖြစ်တာ တွေ့နေရတယ်ခင်ဗျ။ လမ်းက ကျဉ်းပေမယ်လို့ အသွားအလာများတဲ့ လက္ခဏာနဲ့ ဖြူးနေတာပဲ။ လရောင်ကလည်း တည့်တည့်မတ်မတ်ကြီး လမ်းပေါ်ကို ကျနေတယ်။

ကိုက် ၂၀၀ လောက်အထိ ကျုပ်ဟာ လမ်းအတိုင်း ချောင်းပြီးလာခဲ့တယ်။ ကိုက် ၂၀၀ လောက်ရောက်တော့ အင်မတန်သာယာလှပတဲ့ ကွင်းပြင်ကွက်လပ်တစ်ခုထဲ ရောက်သွားတယ် ခင်ဗျ။ ကွင်းပြင်အကျယ်ကတော့ ကိုက် ၁၀၀ သို့မဟုတ် ၁၀၀ ကျော်ကျော်လောက် ကျယ်ပါလိမ့်မယ်။ ကွင်းထဲမှာတော့ မြက်ရှည်ကြီးတွေရယ်။ ဟိုတစ်ပင်ဒီတစ်ပင် ပေါက်နေတဲ့ သစ်ပင်ထိပ်ပြားပြားကြီးတွေရယ် တွေ့ရတယ်။ နှစ်ပရိစ္ဆေဒများစွာ ရထားတဲ့ ကျုပ်ရဲ့ အတွေ့အကြုံအရ ကောင်းကောင်းသတိထားရမယ်ဆိုတာ သိတဲ့အတိုင်း ကွင်းပြင်ထဲကို မဝင်ခင် ကျုပ်လည်း ခဏလောက် အရိပ်အခြည်ကို အကဲခတ်နေလိုက်တယ်။ အဲသလို အကဲခတ်လိုက်တော့ ဆင်ကြီးဘာကြောင့်အော်ရတယ်ဆိုတဲ့အကြောင်းကို သွားပြီး တွေ့တယ်လေ။ ဒါက ဘာလဲဆိုတော့ ကွင်းပြင်ရဲ့အလယ်မှာ လည်ဆံနဲ့ ခြင်္သေ့ကြီးတစ်ကောင် ရပ်နေတာကြောင့်ကိုး။ ခြင်္သေ့ကြီးဟာ ငြိမ်ငြိမ်ကလေး ရပ်နေပြီး ခပ်သဲ့သဲ့ညည်းနေတယ်။ သူ့အမြီးကြီးကိုလည်း ဟိုဘက်ဒီဘက်ယမ်းနေတယ်။

"မကြာခင် သူ့ဒီဘက်နံဘေးက ကိုက် ၄၀ လောက်အကွာမှာရှိတဲ့ မြက်တွေဟာ လှိုင်းထသလို ထသွားတာတွေ့လိုက်ရတယ်။ နောက်တော့ ခြင်္သေ့မကြီးတစ်ကောင် မြက်တောထဲက လှွားခနဲ လှွားခနဲ ခုန်ထွက်လာပြီး ခြင်္သေ့ထီးကြီးရှိတဲ့နေရာကို သွားတော့တာပဲ။ ရောက်သွားတော့ ခြင်္သေ့မကြီးက ရုတ်တရက် ရပ်လိုက်တယ်။ ဒီနောက် သူ့ခေါင်းနဲ့ အထီးကြီးရဲ့ ပခုံးကို ပွတ်သီးပွတ်သပ် လုပ်တော့တာပဲ။ ဒီနောက်တော့ နှစ်ကောင်စလုံး ခပ်ကျယ်ကျယ် ညည်း





လိုက်ကြတာကိုးဗျ။ ဆိတ်ငြိမ်နေတဲ့နေရာမှာ သူတို့ညည်းသံဟာ ဘယ်လောက်တောင် ကျယ်သလဲဆိုရင် ကိုက် ၂၀၀၊ သို့မဟုတ် ကိုက် ၂၀၀ ကျော် နေရာကတောင် ကောင်းကောင်းကြားနိုင်လိမ့်မယ် ထင်တယ်။

"ဒါနဲ့ ခဏကြာတော့ ကျုပ်လည်း ဘာလုပ်ရမှန်း မသိအောင် ချီတုံချတုံဖြစ်နေတုန်းမှာပဲ သူတို့ဟာ ကျုပ်ရဲ့အနံ့ကို ရလို့ပဲလား၊ ဒါမှမဟုတ်လည်း မတ်တတ်ရပ်နေရတာ ငြီးငွေ့လာလို့ပဲလား မပြောတတ်ပါဘူး၊ နှစ်ကောင်သားဟာ အစာရှာဖို့လားမသိ ထွက်သွားကြပါလေရော။ စိတ်တူသဘောတူဟိုင်းပင်ထားကြတဲ့အတိုင်းပါပဲဗျာ။ နှစ်ကောင်သား လှွားခနဲ လှွားခနဲ ခုန်ပေါက်သွားလိုက်ကြတာ မကြာခင်ပဲ တောကြီးရဲ့ လက်ဝဲဘက်ကို ဝင်ပြီး ပျောက်ကွယ်သွားကြတယ်။ တခြားခြင်္သေ့တို့၊ ကျားတို့များ ရှိဦးမလားလို့ ကျုပ် အတော်ကြာအောင် ကြည့်နေပါသေးတယ်။ နို့ပေမဲ့ တစ်ကောင်တစ်မြီးမှ မတွေ့ရပါဘူး။ ကေန္တ ဆင်တွေဟာ ဟိုခြင်္သေ့ကြီးတွေကို လန့်ပြီး ပြေးကြပြီလို့ ကျုပ်ထင်တယ်။ ဒီတော့ ကျုပ်ထွက်လာခဲ့ရတာ အချည်းနှီးဖြစ်သွားပြီပေါ့။

"ဒါနဲ့ လှည့်ပြီးပြန်တော့မယ်အလုပ်မှာ ကွင်းပြင်ရဲ့ဟိုဘက်ဆီက သစ်ကိုင်းကျိုးသံတစ်သံကို ကြားလိုက်ရတယ်။ ဒါနဲ့အသံကြားရာဆီကို ကျုပ်ထွက်ခဲ့တယ်။ တကယ်တော့ ကျုပ်လုပ်ပုံဟာ မိုက်ကန်းကန်းနိုင်တာပေါ့ဗျာ။ ကျုပ်လည်း ကွင်းပြင်ကို အသံမကြားအောင်ဖြတ်သွားလို့ ကွင်းပြင်ရဲ့ တစ်ဖက်အစွန်းရောက်တော့ အရင်က ကျုပ်လိုက်လာခဲ့တဲ့ လမ်းစဟာ ပြန်ဆက်သွားတာ တွေ့ရတယ်။ ကျုပ်လည်းပဲ ကြောက်ကြောက်နဲ့ အဲဒီလမ်းအတိုင်း လိုက်သွားတော့ တောက အတော့်ကို နက်တာကို တွေ့ရတယ်။ ဘယ်လောက်တောင် နက်သလဲဆိုရင် သစ်ကိုင်းနဲ့ခေါင်းနဲ့ မလွတ်သလောက်ပါပဲ။ သစ်ပင်ဝါးပင်တွေ ထူထပ်လွန်းလို့ လရောင်တောင် မထိုးနိုင်သလောက်ပဲ။ နို့ပေမဲ့ ကျုပ်လည်းပဲ စမ်းတဝါးဝါး လျှောက်သွားတယ်။ မကြာခင် လမ်းဟာ အတော်ကလေး ကျယ်လာပြီး ဒုတိယ ကွင်းပြင်တစ်ခုတည်းကို ရောက်သွားတယ်။ အဲဒီကွင်းပြင်ကတော့ ပထမ ကွင်းပြင်ထက် ငယ်တယ်။ အမယ်လေး ... အဲဒီကျတော့မှ ကွင်းပြင်ရဲ့ ဟိုဘက် ကျုပ်နဲ့ ကိုက် ၈၀ လောက်မှာက ဆင့်ကြီး ၃ ကောင်ကိုးခင်ဗျ။

"သူတို့ရပ်နေကြပုံက ကျုပ်ရဲ့ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်မှာက ဒဏ်ရာနဲ့ အစွယ်တစ်ချောင်းဆင်ကြီး။ ဒီအကောင်ကြီးက သူ့ခန္ဓာကိုယ်ကြီးကို သေပြီးခြောက်သွေ့နေတဲ့ ဆူးပင်ကြီးတစ်ပင်ကို မှီထားတယ်။ သစ်ပင်ဆိုလို့လည်း ဒီနေရာမှာ ဒီတစ်ပင်ပဲ ရှိတယ်။ ဒီအကောင်ကြီးဟာ အတော့်ကို အခြေအနေ ဆိုးဝါးနေပုံရတယ်။ သူ့အနားမှာက တခြားတစ်ကောင်က ရပ်နေတယ်။ သူ့ကို စောင့်ရှောက်နေတဲ့ပုံပဲ။ တတိယအကောင်ကြီးကတော့ ကျုပ်နဲ့ပိုပြီး နီး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူကတော့ ဟိုဆင် ၂ ကောင်နားမှာ ကန့်လန့်ဖြတ်ရပ်နေတယ်။ ကျုပ်ကြည့်နေတုန်းမှာပဲ အဲဒီအကောင်ကြီးက ဖြုန်းဆို လျှောက်သွားပြီး လက်ယာဘက်က ချုံပိတ်ပေါင်းထဲ ဝင်သွားတဲ့လမ်းအတိုင်း ဝင်ပြီး ပျောက်သွားတယ်။

"ဒီတော့ ကျုပ်မှာလုပ်ဖို့ နည်းလမ်း ၂ ခုဖြစ်နေတယ်။ တစ်ခုက စခန်းကိုပဲပြန်သွား၊ မိုးလင်းတော့မှ ပြန်လာပြီး ဆင်တွေကို ရင်ဆိုင်ဖို့ပဲ။ တခြားနည်းလမ်းတစ်ခုက သူတို့ကို အခုချက်ချင်း ပစ်သတ်တိုက်ခိုက်ဖို့ပဲ။ ဒီနည်းလမ်း ၂ ခုမှာ ပထမနည်းလမ်းက ပိုပြီးသင့်လျော်တယ်။ အန္တရာယ်လည်း ပိုပြီး ကင်းမယ့်လမ်းပဲ။ ဆင်တစ်ကောင်တည်းကိုပဲ လရဲ့ အလင်းရောင်နဲ့ တစ်ကိုယ်တော် တိုက်ခိုက်ရမယ့် အလုပ်က မိုက်ရူးရဲလမ်းစဉ်လို့ဆိုရမယ်။ အဲ ... တစ်ကောင်တည်းမဟုတ်ဘဲ သုံးကောင်ကို တစ်ပြိုင်နက် ကျုပ်တစ်ယောက်တည်းက အပြိုင်ကြဲမယ်ဆိုရင်တော့ ဒါဟာ အရူးရဲ့လမ်းစဉ်။ ဒါပေမဲ့ တစ်ခုစဉ်းစားကြည့်လိုက်ပြန်တော့ ဒီအကောင်ကြီးတွေဟာ မိုးမလင်းခင်မှာ ခရီးဆက်ကြတော့မယ်။ သူတို့နောက်က တစ်ခါလိုက်ရဦးမယ်ဆိုရင် တစ်နေကုန် တစ်နေခန်း အချိန်ကုန်ပြီး ပင်ပန်းရဦးမယ်။ ဒါနဲ့တောင် သူတို့ကို တွေ့ရင်တွေ့၊ မတွေ့ရင်လည်း ဒီအကောင်ကြီးတွေကို လုံးဝ လက်လွှတ်လိုက်ရတော့မလို ဖြစ်နေတယ်။

"ဒီတော့ ကျုပ်ဟာကျုပ် တွေးကြည့်တယ်။ 'ကြောက်ရင် အစွယ်နဲ့လွဲ၊ မကြောက်ရင် အစွယ်ဟာ ကျုပ်အိတ်ထဲ' အဲဒီလို စဉ်းစားမိပြီး အန္တရာယ်ကို ရင်ဆိုင်မယ်။ ဒီအကောင်ကြီးတွေကို ချပြမယ်လို့ အောက်မေ့တယ်။ နို့ပေမဲ့ ဘယ်ပုံ ချရမယ်ဆိုတာက ကျုပ်အတွက် ပြဿနာတစ်ခုပေါ့လေ။ ကွင်းပြင်ကို ဖြတ်သွားလို့တော့ မဖြစ်ဘူး။ ဖြတ်သွားရင် ကျုပ်ကို သူတို့မြင်မယ်။ ဒီတော့ ရှင်းရှင်းကလေး လုပ်စရာတစ်ခုကတော့ ချုံရိပ်ခိုပြီး သူတို့အနားကို ချဉ်းကပ်ဖို့ပဲ။ ဒီအကြံအတိုင်း ကျုပ်လည်း ချုံရိပ်တွေ ခိုပြီး သူတို့နဲ့ နီးနိုင်သမျှ နီးအောင် ကပ်သွားတယ်။ ၇ မိနစ်၊ ၈ မိနစ်လောက် အဲဒီလိုသွားမိတော့ တတိယဆင်ကြီး ဝင်သွားတဲ့လမ်းဝကို ရောက်သွားသဗျို့။ တခြားနှစ်ကောင်ကတော့ အခုဆိုရင် ကျုပ်နဲ့ ကိုက် ၅၀ လောက်ပဲ ဝေးတော့တယ်။

"ချုံနွယ်ပိတ်ပေါင်းတွေ အခြေအနေက ဘယ်လိုလဲဆိုတော့ ကျုပ်ရောက်နေတဲ့ နေရာကနေပြီး သူတို့အနားရောက်အောင် တိုးသွားမယ်ဆိုရင် ကျုပ်ကို သူတို့အမြင်မခံဘဲနဲ့ ရှေ့တိုးသွားလို့ မရတော့ဘူး။ ဒီတော့ ကျုပ်လည်း ခဏရပ်ပြီး ဆင်ကြီးလိုက်သွားတဲ့ လမ်းကြောင်းထဲ ၅ ကိုက်လောက်ဝင်သွားတယ်ဆိုရင်ပဲ ချုံပုတ်ကလေးတစ်ခုကို ကွေ့ပြီးသွားတာတွေ့ရတယ်။ ချုံပုတ်ရဲ့နောက်ပိုင်းကို သွားကြည့်မယ် စိတ်ကူးနဲ့ ကျုပ် ရှေ့ကို တိုးသွားတော့တာပေါ့။





ဆင်တာက ရှေ့ကသွားနှင့်တဲ့ ဆင်ကြီးရဲ့ အမြီးကိုတော့ဖြင့် မြင်ရကောင်းရဲ့လို့ ထင်ပြီး သွားတာပဲ။

"ဖြစ်ပုံများ ... ပြောပါနဲ့တော့ဗျာ။ ကျုပ်လည်း ရှေ့ကို တိုးသွားရော ဖြုန်းဒိုင်းဆို ချုံကွေ့ကနေပြီး အစွယ်ကြီးပေါ်လာတော့တာပဲဗျို့။ မျှော်လင့်တာက အမြီးပိုင်းကို မြင်ရလိမ့်မယ်လို့ မျှော်လင့်ထားတာ၊ ဘယ့်နှယ် အစွယ်ကြီးနဲ့ တိုးနေသလဲ မပြောတတ်ပါဘူး။ အဲဒါ ဒုက္ခပေါ့ခင်ဗျာ။ တစ်ခါတည်း လန့်ဖြန့်သွားတာပဲ။ တစ်အောင့်လောက် ကျုပ်လည်း ကြက်သေသေနေမိတယ်လေ။ အကောင်ကြီးရဲ့ ရောမ ဦးခေါင်းကြီးက ကျုပ်အပေါ်မိုးလို့ ခင်ဗျ။ သူက ကျုပ်ရှေ့ ၅ ကိုက်တောင် မဝေးပါဘူး။ သူကလည်း ရပ်လိုက်တယ် ခင်ဗျ။ ကျုပ်ကိုမြင်လို့လား။ ကျုပ်ရဲ့အနံ့ရလို့လား မသိပါဘူး။ ကျုပ်ထင်တာကတော့ အနံ့ရသွားလို့နဲ့ပဲ တူပါတယ်။

"အဲဒီလို ရပ်လိုက်ပြီး တကတည်း ကျုပ်ကို မတိုးခင် အော်ပါလေ့ရော ဗျို့။ ဒီတော့မှ ကျုပ်မှာ ဒုက္ခလှလှကြီး တွေ့ရတော့တာပေါ့။ ဘာကြောင့်ဆို ချုံပုတ်က ပိတ်နေလေတော့ ညာဘက်လည်း မပြေးသာ၊ ဘယ်ဘက်လည်း မပြေးသာဖြစ်နေတယ်။ နောက်ကို ပြန်လှည့်ပြီးလည်း မပြေးရဲဘူး ခင်ဗျ။ ဒီတော့ ကျုပ်လုပ်နိုင်တာ တစ်ခုကိုပဲ လုပ်လိုက်ရတော့တာပဲ။ သေနတ်ကို မြှောက်တဲ့ပြီး အကောင်မည်းမည်းကြီးရဲ့ ရင်ဘတ်ဆီကို ပစ်ထည့်လိုက်တယ်။ ခပ်မှောင်မှောင်ဖြစ်နေလေတော့ ပစ်မှတ်ကို ရွေးမနေနိုင်တော့ဘူး။ သေနတ်ကျည်က သူ့ကို အယားဖျောက်ပေးသလောက်ပဲ ရှိသလား မပြောတတ်ပါဘူး။

"ဒိုင်းခနဲ သေနတ်သံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အချိန်မှာ မိုးကြိုးပစ်ချလိုက်သလို မြည်သွားတာပဲဗျို့။ ဆင်ကြီးကလည်း သေနတ်သံနဲ့ အပြိုင်အော်လိုက်တာ တစ်တောလုံး ပွဲတင်ထပ်သွားတာပဲ။ နောက်ပြီး သူ့နှာမောင်းကြီးကို ပြန်ချလိုက်ပြီး တစ်စက္ကန့်၊ နှစ်စက္ကန့်လောက် ရပ်နေသေးတယ်။ တကယ့်ကျောက်ရုပ်ကြီးလို ငြိမ်နေတာပါပဲဗျာ။ အမှန်ကို ဝန်ခံရမယ်ဆိုရင် ဒီအချိန်မှာ ကျုပ် ခေါင်းအေးအေး မထားနိုင်ဖြစ်သွားသဗျ။ တကယ်တော့ ဒုတိယအချက်ကို ဆက်ပြီးပစ်ဖို့ဟာ ကျုပ်က မပစ်တော်မူဘူး။ ကြက်သေသေနေတယ်လေ။

"ကျုပ်ဆိုတဲ့ကောင်က မပစ်ဘဲနဲ့ ဘာလုပ်သလဲဆိုတော့ သေနတ်ကို မြန်မြန်မောင်း ချိုးလိုက်ပြီး ပစ်ပြီးသားယမ်းတောင့်ကို ညာဘက် ပြောင်းထဲက ထုတ်၊ ယမ်းတောင့် အသစ်ထည့်၊ နောက် သေနတ်ကိုပြန်ပိတ်တော့မယ့် အလုပ်မှာ ဘသားချောဆင်ကြီးက ကျုပ်ကို ထိုးမယ် လုပ်ပါလေရော။ နှာမောင်းကြီးကို သစ်တုံးကြီးလို မြှောက်တင်လိုက်တယ်။ ကျုပ်လည်း စောင့်မနေတော့ဘူး။ အသက်တစ်ချောင်းအတွက် ချာခနဲ လှည့်ပြီး ပြေးရတော့တာပဲ။ ကျုပ်နောက်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆင်ကြီးဟာ တဒုန်းဒုန်း လိုက်လာနေတယ်။ ကွင်းပြင်ထဲ ကျုပ်က စွတ်ပြေးတယ်လေ။

“ဘုရား … ဘုရား … ဘုရားသခင် ကျေးဇူးတော်ပဲဗျို့။ အကောင်ကြီးဟာ ကျုပ်ကို မီလုမီခင်လည်းဖြစ်ရော စောစောက ကျုပ်ပစ်ထည့်လိုက်တဲ့ ကျည်ဆံက စကားပြောပါလေရောခင်ဗျ။ ကျည်က သူ့နှလုံးလား၊ အဆုတ်လားမသိ ဖောက်ဝင်သွားတာကိုး၊ တစ်ခါတည်း ဝုန်းဆိုပစ်လဲပြီး အသက်ထွက်သွားတော့တာပဲ။

“ကျုပ်မှာလည်း ဘာဖြစ်ရပြန်သလဲဆိုတော့ ဘေးတစ်ခုက လွတ်ရုံရှိသေး၊ နောက်တစ်ခု ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြန်ပါလေရောဗျာ။ မြေပေါ်ကို ဆင်ကြီးလဲကျသွားတော့ ကျုပ်က ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်တယ်။ ကြည့်လိုက်တော့ လားလား … ကျုပ်ရဲ့ရှေ့ ၁၅ လှမ်းလောက်တောင်မှ မရှိဘူး။ တခြားဆင်ကြီး ၂ ကောင် ရောက်နေပါရောဗျို့။ သူတို့ဟာ ဟိုကြည့်ဒီကြည့်လုပ်နေကြရင်းက ကျုပ်ကို မြင်သွားကြတယ်ဗျ။ မြင်လည်းသွားရော ၂ ကောင်သား ကျုပ်ဆီကို တန်းလာကြတော့တာပဲ။ တစ်ကောင်က တစ်ထောင့်က၊ တခြားတစ်ကောင်က တခြားထောင့်က တဟုန်ထိုးလာကြရောဗျာ။ ကျုပ်ကတော့ သေနတ်ကိုမြှောက်လိုက်ပြီး ပစ်မိပစ်ရာ ရမ်းပစ်ဖို့ပဲ အချိန်ရလိုက်တယ်။ ကျုပ်ပစ်မိတာဟာ ဒဏ်ရာမရသေးတဲ့ အကောင်ကြီးရဲ့ ခေါင်းကိုပဲ ခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအကောင်ကြီးက ကျုပ်နဲ့ အနီးဆုံးမှာ ရောက်နေတာကိုး။

“ဒါထက် ပြောရဦးမယ်။ ဒါကတော့ ခင်ဗျားတို့ သိကဲ့အတိုင်း အာဖရိက ဆင်မျိုးရဲ့ ဦးခေါင်းက ဦးခွံအမောက်ဖြစ်တယ်။ အိန္ဒိယဆင်တွေလို ဦးခွံအခွက်အချိုင့် မဟုတ်ဘူး။ ဒီတော့ အာဖရိကဆင်ဦးခေါင်းကို ပစ်ရတာဟာ အန္တရာယ် အင်မတန် များတယ်။ များသောအားဖြင့် အချည်းနှီးပဲဆိုပါတော့၊ ဘာကြောင့်လဲဆိုတော့ ကျည်ဟာ အရိုးထဲဝင်ပြီး စိုက်ရုံပဲရှိတယ်။ အလကားပဲ၊ ဒါပေမဲ့ ချက်ကောင်းတစ်ခုရှိတာက ဘယ်နေရာလဲဆိုရင် နှာခေါင်းလမ်းကြောင်းပေါက်ပဲ။ အဲဒီနေရာကိုသာ ကျည်ဖောက်သွားမယ်ဆိုရင် ကျည်ဟာတစ်ခါတည်း ဦးနှောက်ထဲ ဝင်သွားနိုင်တယ်ဗျ။ ကျုပ် အခုပစ်လိုက်တာကလည်း ကံအားလျော်စွာ ဒီနေရာကိုပဲ ဒက်ထိဖောက်သွားတယ်ဗျို့။ မျက်လုံးတစ်ဝိုက်ဆီကနေပြီး ဖောက်ဝင်သွားလိုက်တာ ဦးနှောက်ထိ ရောက်သွားတယ် ဆိုရမယ်။

“ဘာပြောကောင်းမလဲ အကောင်ကြီးဟာ ပုံလျက်သား ဘေးစောင်းလဲကျပြီး အသက်ထွက်သွားတော့တာပဲ။ အဲဒီခဏမှာပဲ ကျုပ်ဟာ ချာခနဲ လှည့်လိုက်ပြီး လွန်ခဲ့တဲ့ ၂ ရက်က ကျုပ်ပစ်လိုက်လို့ ဒဏ်ရာရသွားတဲ့ အစွယ်တစ်ချောင်း အကောင်ကြီးကို ရင်ဆိုင်လိုက်ရတော့တယ်။ အကောင်ကြီးက ကျုပ်ဆီ





ကို ရောက်လုနီးပါး ဖြစ်နေပြီလေ။ လရောင်မှိန်မှိန်မှာ သူဟာ ကျုပ်အပေါ်က အိမ်ကြီးတစ်ဆောင်လို မိုးမိုးမတ်မတ်ကြီး ဖြစ်နေတော့တာပဲဗျို့။ ဒါနဲ့ကျုပ်လည်း မဆိုင်းတော့ဘဲ သေနတ်ကို မြှောက်ထည့်ပြီး သူ့လည်မျိုကို ပစ်ထည့်လိုက်တော့တယ်။ နို့ပေမဲ့ ကျည်ဆံက မထွက်ဘူး။ နောက်တော့မှ ဗြုန်းဆိုသေနတ်ကို တစ်ဝက်ပဲ မောင်းတင်ထားတာ သွားသတိရမိတယ်။

“ဖြစ်ပုံက ဒီလိုကိုးဗျ။ ဘယ်ဘက်ပြောင်းရဲ့ မောင်းက နည်းနည်းအားပျော့တယ်။ လွန်ခဲ့တဲ့ ၄-၅ ရက်က ဒရယ်မတစ်ကောင်ကို ကျုပ်ပစ်တော့ ညာဘက်ပြောင်းက မောင်းဖြုတ်လိုက်တဲ့အားကြောင့် ဘယ်ဘက်ပြောင်းဟာ ခပ်ကပ်ကပ် ဖြစ်သွားတယ်။ အဲဒီတုန်းက ကျုပ်လည်းပဲ သေနတ်က ပြန်ပြီးကန်တဲ့ တွန်းအားကြောင့် နောက်ပြန်လဲကျသွားတယ်။ ဒါကြောင့် အဲဒီအချိန်ကစပြီး နောက်တော့ သေနတ်ကို တကယ် မပစ်သေးရင် မောင်းကို တစ်ဝက်ပဲ တင်ထားလိုက်တော့တယ်ဗျ။

“သေနတ်က ကျည်မထွက်တော့ ကျုပ်လည်းပဲ ညာဘက်ကို လွှားခနဲ ခုန်ပြီး ဗြုန်းဆို ဒရောသောပါး ရှောင်လိုက်ရတယ်လေ။ ကျုပ်ခြေထောက်ကောင်းကောင်းမသန်တာဟောင်း ကျုပ်လောက် အခုန်ကောင်းမယ့်လူ မရှိနိုင်ဘူးလို့ ပြောရဲသာဗျ။ ခုန်လိုက်တာဟာ တကယ့် အချိန်ကောင်းကလေးလို့ ဆိုရမှာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်လည်း ခုန်လိုက်ရော၊ ဆင်ကြီးက သူ့နှာမောင်းကို ပင့်ပြီး ကျုပ်ကို တအားကုန် ရိုက်လိုက်တာဗျာ သီသီကလေးလွဲသွားတယ်။ သူ့နှာမောင်းကြီး ရိုက်လိုက်တဲ့ အရှိန်ဟာ ကျုပ်ကိုတောင်လာပြီး လေဟပ်သွားသေးတယ်။ ဒီနောက် ကျုပ်လည်း ပြေးရတော့တာပဲဗျို့။

“ပြေးတာမှ သမင် ဒရယ် ပြေးပုံမျိုး အတိုင်းပဲဗျာ။ ဒါပေမဲ့လို့ သေနတ်ကိုတော့ လက်က မချခဲ့ဘူး ခင်ဗျ။ ကျုပ် စိတ်ကူးကတော့၊ အဲ … အဲ … ဟိုအချိန် ဟိုအခါတုန်းက စိတ်ကူးစိတ်သန်းကလေးများ ရှိခဲ့ရင်ပေါ့လေ။ စိတ်ကူးက ဒီလိုဗျ။ ယုန်ကလေးတစ်ကောင် သူ့နေတဲ့ မြေတွင်းကလေးထဲ ဝင်ပြေးသလို၊ ကျုပ်လည်း မူလလာခရာ လမ်းကြောင်းအတိုင်း စွတ်ပြေးမယ်။ ပြေးလို့ ဝေးသွားရင် လရောင်ကလည်း အင်မတန် မှုန်တီမှုန်မွှားမို့ ကျုပ်ကို သူ မြင်တော့မှာ မဟုတ်တော့ဘူး။ အဲသလို စိတ်ကူးနဲ့ ကျုပ်လည်း ကွင်းပြင်ကို ဖြတ်ပြေးပါလေရော ကံအားလျော်စွာပဲ အကောင်ကြီးက ဒဏ်ရာရထားတော့ အားကုန်ပြေးလိုက်နိုင်ဘူးခင်ဗျာ။ ဒါပေမဲ့လို့ ဒဏ်ရာရှိနေနေ မရှိဘဲနေနေ ကျုပ် ပြေးသလောက်တော့ ပြေးနိုင်တာပေါ့ဗျာ။ တစ်လက်မလောက်မှ သူ့ကိုနိုင်အောင် ပြေးလို့မရဘူး။ ကျုပ်ကပြေး သူကလိုက်နဲ့ ပြေးကြ လိုက်ကြ လုပ်နေကြတာများ၊ သူနဲ့ ကျုပ်နဲ့ကြားမှာ ၃ ပေလောက်ပဲ ခြားတော့တယ်ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလို ပြေးလာလိုက်တာ၊ ကွင်းပြင်ရဲ့ တခြားတစ်ဘက်ကို ရောက်သွားရော အဲဒီဘက်ရောက်သွားပြီး တစ်ချက်ပြန်ကြည့်လိုက်တော့ ဂျုပ်ဟာ အတွက်မှားပြီး ချုံကြားပေါက်ကို လွန်ပြီး ရောက်နေတာ တွေ့ရတယ်ဗျ။ ဒီအပေါက်ဆီကို ပြန်သွားဖို့ကတော့ မျှော်လင့်စရာ မရှိတော့ဘူး။ ပြန်သွားရင် ဆင်ကြီးနဲ့ ရင်ဆိုင်တိုးပြီးသားပဲ။ ကျုပ်ဖြင့် နောက်က ရန်သူ အလိုက်ခံရတဲ့ ယုန်ကလေးတစ်ကောင်လို တွင်တွင်ကြီးသာ ဟိုကွေ့ဒီကောက်လုပ်ပြီး ပြေးရတော့တာပါပဲ။ ကွင်းစပ်မှာ ကွေ့ကောက်ပြေးနေရင်းက အထဲကို ဝင်ပြေးဖို့ အပေါက်တစ်ပေါက်ကို ရှာရတယ်။ အဲဒီလို ကွေ့ပြေးတော့ ဆင်ကြီးထက် ကျုပ်တစ်အောင့်လောက် အပြေးဦးသွားတာပေါ့။ ဘာကြောင့်လဲဆိုတော့ အကောင်ကြီးက ကျုပ်ကွေ့သလို မြန်မြန်ကြီးမှ လိုက်မကွေ့နိုင်ဘဲကိုး။ ဒီလို ကျုပ်ဘက်က အသာရတုန်းရခိုက် ကျုပ်ကတော့ နင်းကန်ပြေးတော့တာပဲ။ ခက်တာက ချုံကြားထဲ တိုးဝင်ပြီး ပြေးဖို့ အပေါက်က ရှာလို့ မတွေ့ဖြစ်နေတယ်။ ပတ်ပတ်လည်မှာ ရှိနေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေဟာ နံရံကြီးတစ်ခု ကာပြီးထားသလို ဖြစ်နေတယ်။

“အဲဒီလို ကွင်းစပ်တစ်လျှောက် ပြေးလာလိုက်တာ နောက်တော့ ဆင်ကြီးက မီလာပါလေရော၊ ကျုပ်နဲ့ ၆ ပေလောက်အထိ ရောက်လာတယ်။ အဲဒီအခိုက် အကောင်ကြီးက အော်လိုက်တာ၊ သူ မှုတ်ထုတ်လိုက်တဲ့ လေပူကြီးဟာ ကျုပ် ခေါင်းကိုဝေါင် လာပြီး ဟပ်လိုက်သေးတယ်ဗျို့။ ဘုရား … ဘုရား ကျုပ်မှာဖြင့် ရှုကြောက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့။

“အဲဒီအချိန်လောက်မှာ ကျုပ်တို့ကွင်းကို ပတ်ပြေးလာခဲ့တာ ၄ ပုံ ၃ ပုံလောက် ရောက်နေပြီပေါ့။ ကျုပ်တို့ရဲ့ ရှေ့ ကိုက် ၅၀ လောက် အဝေးမှာက ဆင်ကြီးစောစောက မှီနေတဲ့ ဆူးပင်ကြီးရှိနေတယ်။ အဲဒီအပင်ကြီးဆီကို ကျုပ်လည်း ဒုန်းစိုင်းပြီး ပြေးရတော့ပါပဲဗျို့။ ဒီအပင်ဟာ ကျုပ်အဖို့ အသက်ချမ်းသာရာ ရဖို့နောက်ဆုံးအခွင့်အရေးပဲ။ တအားကုန် ပြေးလိုက်ရတာ ကျုပ်ဖြင့် နှစ်ပေါင်းများစွာ ကြာတယ်လို့ စိတ်ထဲမှာ ထင်မိတယ်။ သစ်ပင်ကြီးဆီကို ရောက်လည်း ရောက်ရော ကျုပ်က ကျုပ်ရဲ့ညာလက်နဲ့ သစ်ပင်ကိုဖက်ပြီး တွယ်လိုက်တယ်။ ဒီအခါ ကျုပ်မှာ ဆင်နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားတာပေါ့ဗျာ။ ကျုပ်မှာက သေနတ်ကို မြှောက်ပြီးပစ်ဖို့ အချိန်မရှိဘူး။ မောင်းတင်ဖို့လည်း အချိန်မရတော့ဘူး။ ဒီတော့ ဘေးတိုက်ပြေးလိုက်၊ နောက်ကို ပြန်ပြေးလာလိုက်လုပ်နေရတယ်ဗျို့။

“တစ်ချက် သူက ကျုပ်ကို အလိုက်မှာ အကောင်ကြီးနဲ့ သစ်ပင်နဲ့ ဝင်ဆောင့်ပါလေရောဗျာ။ သစ်ပင်ဟာ သူ့နဖူးနဲ့ တိုက်မိပြီး အရင်းကနေ လက်မ ၄၀ လောက်အမြင့်မှာ မုန့်လာဥကလေး ထက်ပိုင်းကျိုးသလို တစ်ခါတည်း ထက်





ပိုင်းကျိုးသွားတော့တာပဲ။ ကျုပ်ကတော့ ကံအားလျော်စွာ ပင်စည်ကြီးနဲ့ လွတ်တဲ့ နေရာမှာ ရောက်နေတယ်။ ဒါပေမဲ့ သစ်ကိုင်းခြောက်တစ်ခုက ကျုပ်ရင်ဘတ်လာ ရိုက်လို့ ကျုပ်ဟာ မြေကြီးပေါ် လဲသွားတယ်။ အဲဒီလို ပက်လက်လန်ပြီးလဲကျ သွားမှာ ဆင်ကြီးဟာ သူ့အရှိန်နဲ့သူ ကျုပ်ကို လွန်ပြီးသွားသဗျ။ ဆင်ကြီးဟာ အဲဒီလို ကျုပ်ကို ဖြတ်အသွား၊ ကျုပ်လည်း ရုတ်တရက် သတိဝင်လာတာနဲ့ သေနတ်ကို လက်တစ်ဘက်နဲ့ မြှောက်ပြီး မောင်းကို ဆွဲချလိုက်တော့တာပဲ။ ဒိုင်းခနဲ မြည်သွားပြီးတဲ့နောက် လက်ထဲမှာ ကိုင်ထားရတဲ့ ရိုင်ဖယ်ရဲ့ တွန်းကန်အားဟာ အင်မတန် ပြင်းထန်တယ်ဗျ။ နောက်တော့ သိရတာက ကျုပ်ပစ်လိုက်တဲ့ ကျည်ဟာ ဆင်ကြီးရဲ့ နံရိုးတွေကိုမှန်သွားတယ်ဆိုတာ သိရတယ်။

“အဲ … ရိုင်ဖယ်ရဲ့ တွန်းကန်အားကို ဆက်ပြောရဦးမယ်။ ပစ်လိုက်လို့ ဒိုင်းခနဲလည်း မြည်သွားရော ဘာပြောကောင်းမလဲ။ နောက်ကို ပြန်ကန်လိုက်တာ ကျုပ်လက်ဟာ ကွေးတက်သွားပြီး သေနတ်ဒင်က ကျုပ် ပခုံးထိပ်နဲ့လည်ပင်းကို ဒက်ခနဲ လာဆောင့်တာကိုးဗျ။ ခပ်ပြင်းပြင်း ဆောင့်လိုက်တော့ ကျုပ်လည်း လှုပ်နိုင် မရှားနိုင်ဖြစ်သွားပြီး ရိုင်ဖယ်ကြီးလည်း လက်က ခုန်ထွက်သွားတော့တာပဲ။ အဲဒီ အတောအတွင်း ဆင်ကြီးကတော့ ရှေ့ဆက်ပြီး အရှိန်နဲ့ ပြေးလျက်ပဲ။ အလှမ်းနှစ်ဆယ်လောက်ပြေးမိတော့မှ ဖျတ်ခနဲ ရပ်ပစ်လိုက်သဗျ။ အကောင်ကြီးဟာ ခေါင်းထဲမှာ မူးဝေနေလို့ထင်ပါရဲ့ဗျာ။ ကျုပ် မှတ်မိတာကတော့ အကောင်ကြီးဟာ ကျုပ်ဆီလှည့်ပြီး ပြန်လာတာကိုပဲ မှတ်မိတော့တယ်။ ငါဟာ အသေဆိုးနဲ့ သေရတော့မယ်ဆိုတာ စိတ်ထဲက သိနေလျက်သားနဲ့ ကျုပ်ဟာ နည်းနည်းမှ မလှုပ်နိုင်တော့ဘူး။ ဘာဆိုဘာကိုမှ မလှုပ်နိုင်တော့ဘူးဗျို့။ ကျုပ်ကိုယ်ခန္ဓာမှာ အားအင်တွေ လုံးဝ မရှိတော့ဘူး။ တိုတိုပြောရရင် နည်းနည်းကလေးမှကို လှုပ်လို့ မရတော့တဲ့ အခြေအနေကို ရောက်သွားတယ်။

“ကျုပ်လည်း မလှုပ်မရှား အငိုင်သားနဲ့ ဖြစ်လိုရာ ဖြစ်စေဆိုပြီး အကောင်ကြီး လှုပ်ရှားတာကိုပဲ ကြည့်နေရတော့တယ်။ အကောင်ကြီးဟာ တစ်အောင့်လောက် မလှုပ်မယှက် ရပ်နေသေးသဗျ။ နောက်တော့ဗျာ ဘာပြောကောင်းမလဲ၊ ကောင်းကင်တစ်ခုလုံး ပဲ့တင်ဟည်းသွားအောင် အော်တော့တာပဲဗျို့။ အဲဒီလို အော်ပြီးတဲ့နောက် သူဟာ တဖြည်းဖြည်း စိတ်ကို လျှော့လိုက်တဲ့ အနေနဲ့ ထင်ပါရဲ့၊ မြေပေါ်ကို ဒူးထောက် ဝပ်ကျသွားတာ ကျုပ် နောက်ဆုံး မြင်လိုက်ရတာပဲဗျို့။ အဲဒီနောက် ကျုပ်လည်း တစ်ခါတည်း သတိမေ့သွားတော့တာပဲ။

“ကျုပ် သတိပြန်လည်လာလို့ ကြည့်လိုက်တဲ့အခါ လရဲ့အနေအထားကို မြင်ရတာနဲ့ပဲ ကျုပ်ဟာ ၂ နာရီလောက် မေ့လဲနေတယ်ဆိုတာ သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တစ်ကိုယ်လုံးလည်း နင်းတွေရွှဲရွှဲစိုလို့ တစ်ကိုယ်လုံးလည်း ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေတာပဲ။ ပထမတော့ ကျုပ်ဘယ်ကို ရောက်နေသလဲဆိုတာ စဉ်း စားလို့မရဘူး။ နောက်တော့မှ ခေါင်းကို မော့ကြည့်လိုက်တော့ ကျုပ်ဆီကနေပြီး ၂၅ လှမ်းလောက် အကွာမှာ အစွယ်တစ်ချောင်း အကောင်ကြီးဟာ ဒူးထောက်ပြ ထောက်နေတာ သွားပြီး မြင်လိုက်ရတယ်။ အဲဒီတော့မှ ကျုပ်လည်း ဘယ် ရောက်နေတယ်ဆိုတာ သတိရသွားတယ်။

"တဖြည်းဖြည်း ကျုပ်ကိုယ်ကျုပ် မတ်တတ် ထစမ်းကြည့်တယ်။ မ ဘူးဗျို့။ တစ်ကိုယ်လုံး ရိုက်ထားသလို ထုံကျင်ပြီး ကိုက်ခဲနေတာပဲ။ ဖြစ်မှာပေ့ လေ၊ တစ်နေ့လုံး မနားမနေ ပြေးလွှားလှုပ်ရှားနေခဲ့ရတာကိုး။ ဒီနောက် တစ်ခါထ ပြီး သတိလစ်ချင်သလို ဖြစ်သွားသေးတယ် ခင်ဗျ။ ဒါပေမဲ့လို့ သိပ်မကြာပါဘူ ပြန်ပြီး သက်သာလာပါတယ်။ အဲဒီအခါကျတော့ ကျုပ်ရဲ့ အခြေအနေကို သုံး သပ်ပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ ပြန်စဉ်းစားရတယ်။ ကျုပ် သတိရသမျှဆိုရင်တော့ ဆင်ကြီးနှစ်ကောင်ဟာ သေသွားပြီ နံပါတ် ၃ အကောင်ကြီးက ဘယ်လိုလဲ ဂျုပ်ရှေ့ ခပ်လှမ်းလှမ်း လရောင်အောက်မှာ ဒီအကောင်ကြီးဟာ ဘာမှမဖြစ်သလို ဒူးထောက်လျက်သား ရှိနေသေးတယ်။ ပြဿနာက ဒီအကောင်ကြီး အနားယူနေ တာပဲလား။ ဒါမှမဟုတ် သေနေပြီလားဆိုတာပဲ။

"ကျုပ်ဟာ လေးဘက်ထောက်ပြီး မတ်တတ်ရပ်လိုက်တယ်။ နောက် တော့ ရိုင်ဖယ်ထဲကို ကျည်ဆံထည့်တယ်။ ဒီနောက် ကိုယ်တွေလက်တွေ မလှု ချင်အောင် နာကျင်လျက်နဲ့ပဲ ခဲခဲယဉ်းယဉ်း ရှေ့ကို နည်းနည်းလောက် တွားသွား တယ်။ အဲဒီနေရာရောက်တော့ လရောင်ဟာ သူ့ခေါင်းပေါ် တည့်တည့်ကြီးကျနေ လို့၊ သူ့မျက်လုံးကို မြင်နေရပြီ။ မျက်လုံးကြီးဟာ ပွင့်ပြီး ပြူးထွက်နေတယ်။ ကျုပ်လည်း ဒီနေရာမှာ ခဏဝပ်နေပြီး အကဲခတ်လိုက်တယ်။ မျက်လုံးပွင့်နေပေမဲ့ မျက်ခွံတွေတော့ လှုပ်ရှားတာ မတွေ့ရဘူး။ ကိုယ်လုံးကြီးကလည်း နည်းနည်းမှ မလှုပ်ရှားဘူး။ နှာမောင်းရော၊ နားရွက်ရော၊ အမြီးရော၊ ဘာတစ်ခုမှ မလှုပ်ရှားဘူး ဗျ။ အဲဒီတော့မှပဲ အကောင်ကြီးသေနေတာ ဖြစ်မှာပဲလို့ သိရတော့တယ်။

"ဒါနဲ့ ကျုပ်လည်း ရိုင်ဖယ်ကို လက်ထဲမှာ အသင့်အနေအထားလုပ်ပြီး သူ့အနားကို တိုးသွားတယ်။ အနားရောက်တော့ အကောင်ကြီးကို ကျုပ်က ရိုင်ဖယ်နဲ့ ဆောင့်ထိုးကြည့်လိုက်တယ်။ အကောင်ကြီးက ကျုပ်ကို အသေထိုး တော့မယ်လုပ်တာ ကျုပ် ပြန်ပြီး သတိရတယ်။ အခုတော့ သူက မထိုးနိုင်ဘူး ကျုပ်က သူ့ကို ပြန်ထိုးနေပြီလေ။ အကောင်ကြီးကတော့ တုတ်တုတ်မှ မလှုပ်ဘူး ဗျို့။ သေနေပြီဆိုတာ သေချာပါပြီ။ ဒါနဲ့ သေတယ်ဆိုတာက ကျုပ် ရမ်းသမ်းပစ် လိုက်လို့ ထိပြီးသေတာလား။ ဒါမှမဟုတ် သစ်ပင်ကို သူတအားဝင်ပြီး ဆောင့်





ဘုန်းက အပြင်းအထန် ဆောင့်မိတဲ့ ဒဏ်ရာကြောင့်ပဲ သေတာလားဆိုတာကို တော့ ဒီနေ့အထိ ကျုပ်မသိပါဘူးဗျာ။ ဘယ်လိုနည်းနဲ့ သေတာပဲဖြစ်ဖြစ်၊ ကျုပ် ရှေ့မှာတော့ ငနဲကြီးဆန့်နေပြီလေ။

"အင်း ... ပြောရဦးမယ်။ တကယ်လို့ ကျုပ်သာ ကဗျာဆရာတစ် ယောက်ဆိုရင် 'အေးစက်လှပဖွယ်ရာ မလှုပ်မယှက် လဲလျောင်းနေသည့် အစွယ်တစ် ချောင်း ဆင်ကြီး' လို့ တောတောင်နဲ့ တိရစ္ဆာန်တို့ရဲ့ သဘာဝကို ပေါ်လွင်အောင် ချီးကျူးပြီး ကဗျာတစ်ပုဒ်စပ်မိမှာပဲဗျို့။ အဟုတ်ပဲဗျို့ ... ကြီးမားလှတဲ့ ဧရာမ အကောင်ကြီး ကျကျနနဝပ်ပြီး ဣန္ဒြေရရ သေနေတယ်။ သူ့ကိုယ်ပေါ်ကို ကောင်း ကင်က လမင်းကြီးက အေးမြကြည်လင်တဲ့ ရောင်ခြည်တွေကို လွှတ်ပေးနေ တယ်။ လရောင်ဖွေးဖွေးအောက်မှာ အခုလို တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ သေနေတဲ့ ရှုခင်းမျိုး တစ်သက်နဲ့တစ်ကိုယ် ကျုပ်မမြင်ဖူးတာ အမှန်ပါပဲဗျာ။

"ကျုပ်ဟာ ဆင်ကြီးရဲ့ဖြစ်ပုံကို ကြည့်ပြီး ရင်သပ်ရှုမောဖြစ်နေတုန်းမှာပဲ သက်သေးက သိသိကလေး လွတ်မြောက်လာခဲ့ရတဲ့အတွက် ကိုယ့်ဟာကိုယ် မ်းမြောက်ဝမ်းသာ ဖြစ်နေမိတယ်။ အဲသလို ဝမ်းပန်းတသာ ဖြစ်နေတုန်း ကျုပ် ဘ နေမကောင်းချင်သလိုလို ဖြစ်လာတယ်။ ဘယ်လောက်တောင် ဖြစ်သလဲ ဆိုတော့ တခြားဆင်ကြီးနှစ်ကောင် ဘယ်လိုဖြစ်သွားကြသလဲဆိုတာကိုတောင်မှ သွားပြီး ကြည့်မနေနိုင်တော့ဘူး။ ကိုယ့်ကိုယ်ကို အနိုင်နိုင်သယ်ပြီး စခန်းဆီကို ပြန်လာခဲ့ရတယ်။ ဒါနဲ့ စခန်းဆီ ချောချောမောမောပဲ ပြန်ရောက်သွားတော့ ဟို ကောင်တွေကဖြင့် အိပ်နေတုန်းပဲခင်ဗျ။ ဒါနဲ့ကျုပ်လည်း သူတို့ကို နှိုးပြုမနေ တော့ပါဘူး။ ဘရန်ဒီကလေးတစ်ငုံလောက် မော့ချလိုက်ပြီးတော့ ကုတ်အကျီနဲ့ ဖိနပ်ကို ချွတ်၊ စောင်ခြုံပြီး ကွေးအိပ်လိုက်တာ ချက်ချင်းပဲ အိပ်မောကျသွား တော့တယ် ခင်ဗျ။

"ကျုပ် နိုးလာတော့ မိုးစင်စင်လင်းနေပြီလေ။ ပထမတော့ ကျုပ် အိပ် က်များ မက်နေသလားလို့တောင် အောက်မေ့လိုက်မိသေးတယ်။ အဲဒီအခိုက် ကျုပ်ခေါင်းကို လှည့်လိုက်မိတယ်။ ဒီအခါကျမှ ကျုပ်ဟာ အိပ်မက်မက်နေတာ ဟုတ်ဘူးဆိုတာ သိလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ သေနတ်ဒင်နဲ့ ဆောင့် အးလို့ ကျုပ်လည်ပင်းနဲ့ မျက်နှာမှာ တကတည်း ထုပ္ပြီး နာကျင်နေတာကိုးဗျ။ နည်းနည်းကလေး လှုပ်ရှားတာတောင် မချည့်မဆန့်ခံရသဗျ။ တစ်မိနစ် နှစ်မိနစ် ဘက် ကျုပ်သတိမေ့သလိုလို ဖြစ်သွားသေးတယ်။ ဂိုဘိုနဲ့ သူ့တပည့် ကောင်တစ်ကောင်ကတော့ ဘုန်းကြီးများ သင်္ကန်းကို ရုံထားသလို စောင်ကြီး တွေကို ရုံထားပြီး မီးဖိုနားမှာ ဝပ်နေကြသဗျ။ ရာသီဥတုက စိုစွတ်ထိုင်းမှိုင်းပြီး အေးကလည်း အေးတာကိုး။ အဲ ... သူတို့နှစ်ယောက်ဟာ မီးလှုံနေကြရင်း



www.burmeseclassic.com

www.burmeseclassic.com



ဘကားစမြည်ပြောတာ ကျုပ်ကြားရသဗျ။ သူတို့ကတော့ ကျုပ် အိပ်ပျော်နေတုန်းပဲ ဆင်လို့နဲ့တူပါရဲ့။

"ဂိုဘိုဆိုတဲ့အကောင်က ဘာပြောသလဲဆိုတော့ ဆင်တစ်ကောင်မှ လည်း ပစ်လို့ မရဘဲနဲ့ ဆင်နောက်ကို လိုက်နေရတာ သူ ငြီးငွေ့ပြီတဲ့။ ပင်လည်း ပင်ပန်းလှပြီတဲ့။ မာကူမာဇန် (ဒါကတော့ ကျုပ်ကို သူတို့ ခေါ်တဲ့ နာမည်ပါ) ဟာ လူတော်တစ်ယောက်ဖြစ်တယ်ဆိုတာကတော့ ငြင်းစရာမရှိဘူးတဲ့။ အမဲ ပစ်လည်း အလေ့အကျင့်ကျွမ်းကျင်မှုရှိပါတယ်တဲ့။ ဒါပေမဲ့လို့ အရူးကြီးပဲတဲ့။ အရူးမို့ လို့သာ ဖမ်းလို့မရ ပစ်လို့မရနိုင်တဲ့ ဆင်တွေကို ဒီလောက် မြန်မြန်ကြီး လိုက်နေ ဘာပေါ့တဲ့။ ဆင်တွေဟာဆိုရင် သူတို့ခြေရာကိုခံလို့မရအောင် ဖျက်ဖျက်သွား နေကြတယ် မဟုတ်လားတဲ့။ မာကူမာဇန်ကြီးဟာ တကယ့်ကို လူရူးကြီးပဲတဲ့ ဒါပေမဲ့လို့ ရှေ့ဆက်ပြီး အရူးမထနိုင်အောင် လုပ်ပေးရမယ်တဲ့။ သူ (ဂိုဘို) တော့ အဲသလိုလုပ်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီတဲ့။ အဲဒီလို ရှေ့ဆက်ပြီး ရူးရူးမိုက်မိုက် သွားမယ့် ဆင်ပစ်ခရီးကို သူမလိုက်တော့ဘူးလို့ ကျုပ် အိပ်နေတယ် ထင်ပြီး ကျုပ် အတင်းကို ဒီအကောင်ပြောနေတာ ကြားရတာကိုးဗျ။

"ဒီတော့ နောက်တစ်ယောက်က ဘာပြန်ပြောသလဲဆိုတော့ ဟုတ် တယ်တဲ့ ဇကန္တ ဒီလူကြီးဟာ ခေါင်းမကောင်းဘူး။ သူတို့ ဘာမှမဖြစ်သေးခင် ဒီလူကြီး အရူးထတာကို တားဆီးဖို့ အချိန်တော်ပြီတဲ့။ နောက်ပြီး သရဲတစ္ဆေတွေ ပြည့်နေတဲ့ ဒီဝမ်ဘီရဲ့ နယ်မြေဟာ အင်မတန် ကြောက်စရာကောင်းလို့ ဒီနယ်မြေ ထဲမှာ သူလည်း မနေချင်တော့ဘူးတဲ့။ မနေ့ညကတောင် သရဲတစ္ဆေတွေ လှုပ်ရှားသွားလာနေတဲ့ အသံဗလံတွေကို ကြားရသေးတယ်တဲ့။ အမဲလိုက်နေတဲ့ အသံတွေလိုလို ထင်ရသတဲ့။ အသံတွေဟာ အတော့်ကို ထူးဆန်းတယ်တဲ့ အဲဒီ အသံတွေဟာ သူတို့ရဲ့ ဆရာ အရူးကြီးများ ဖြစ်နေမလား မဆိုနိုင် ...

"ဒီအကောင် အဲသလိုပြောနေတုန်း ကျုပ်လည်း ဖြုန်းခနဲ အိပ်ရာက ထထိုင်လိုက်ပြီး ...

"ဟေ့ကောင်ဂိုဘို ခွေးမသား ... အလကား အချိန်ဖြုန်းမနေစမ်းနဲ့ သွား ... ငါဖို့ ကော်ဖီဖျော်ယူခဲ့စမ်း" လို့ ကျုပ် ခိုင်းလိုက်တယ်။

"ဒီလို ကျုပ်က အော်လိုက်တော့ ဂိုဘိုနဲ့ သူ့အဖော်လည်း တစ်ခါတည်း ပြာပြာသလဲ ဖြစ်သွားပြီး လုပ်စရာကိုင်စရာတွေ လုပ်ကြတာပေါ့ဗျာ။ အလုပ် ရှုပ်သွားကြတာပဲ။ လေးလေးစားစားနဲ့ လုပ်ကြကိုင်ကြသဗျ။ စောစောက ဟိတ် ကြီးဟန်ကြီးနဲ့ ကျုပ်ကို ပမာမခန့် ပြောနေကြတာနဲ့တော့ တခြားစီပဲ။ ဒါ ရှေ့ဆက်ပြီး ဆင်ပစ်ထွက်ဖို့ ကိစ္စနဲ့ ပတ်သက်လို့ သူတို့ပြောတဲ့စကားတွေဟာ အတည်ပေါက် ပြောတာနဲ့တူတယ်။ ဘာကြောင့်ဆို ကျုပ် ကော်ဖီသောက်





တောင် မပြီးသေးဘူး ၂ ယောက်သား ကျုပ်ဆီကို ပေါက်လာကြတာကိုးဗျ။ ဒီ နောက် ဘာပြောသလဲဆိုတော့ 'ဆင်ကြီးတွေရဲ့နောက်ကို လိုက်မယ်ဆိုရင် ဆရာ ကြီးဖာသာ ဆရာကြီးသွားပါတော့တဲ့။ သူတို့မလိုက်ပါရစေနဲ့တော့' လို့ ပြော ကြတယ်။

"ဒီတော့ ကျုပ်က သူတို့တောင်းဆိုချက်ကို မလိုက်လျောချင်တဲ့ ဟန်နဲ့၊ ဆင်တွေဟာ အနီးအနားမှာ ရှိနေတာသေချာတဲ့အကြောင်း၊ ဆင်အော်သံတွေ တောင် ညက ကြားရသေးတဲ့အကြောင်း ပြောလိုက်တယ်။

"အဲဒီလို ကျုပ်က ပြောလိုက်တော့ သူတို့က နားမလည်တဲ့ ဟန်နဲ့ ဘယ်လိုပြောသလဲဆိုရင် သူတို့လည်း ညက ထူးထူးဆန်းဆန်း အသံတွေကို ကြားရပါသတဲ့။ ကြားရတဲ့အသံတွေက ကြောက်စရာတွေပါတဲ့။ သရဲတစ္ဆေတွေ ညကြီးမင်းကြီး အမဲပစ်နေတဲ့ အသံမျိုးပဲတဲ့။ အခုလို တစ္ဆေသရဲပေါတဲ့ ခြောက်တဲ့ နယ်မြေကြီးထဲမှာ သူတို့ မနေလိုကြတော့ဘူးတဲ့ ... လို့ ပြန်ပြောတာကိုးဗျ။

"ဒီတော့ ကျုပ်က ဒါတွေ မဟုတ်တရုတ်တွေပါကွယ်။ တကယ်လို့ တစ္ဆေတွေ သရဲတွေက အမဲပစ်ထွက်တယ်ဆိုရင် သူတို့သုံးမယ့် သေနတ်ဟာ လေသေနတ်ပဲ ဖြစ်မှာပေါ့။ ယမ်းထိုးတဲ့ သေနတ်မျိုးကို သူတို့ ဘယ်သုံးမှာလဲ။ လေသေနတ်ဆိုတာမျိုးဟာလည်း ပစ်ရင် ဘယ်မှာ အသံကြားနိုင်ပါ့မလဲလို့ ကျုပ်က ပြောပြီး ရှင်းလင်းပြလိုက်ရတယ်။

"ဒီနောက် ကျုပ်က ကောင်းပြီလေ ... မင်းတို့ သူရဲဘောကြောင်လို့ မလိုက်ရဲကြရင်လည်း ကျုပ်က အတင်းလိုက်ဖို့ မခိုင်းပါဘူး။ ဒါပေမဲ့ တစ်ခုတော့ ဖြင့် လုပ်ကြပါလို့ ကျုပ်က အဆိုပြုလိုက်ရတယ်။ ကျုပ်ပြုတဲ့ အဆိုက ဘာလဲဆို တော့ ဆင်တွေရဲ့ နောက်ကို တစ်နာရီခွဲလောက်သာ လိုက်ခဲ့ကြပါ။ တစ်နာရီခွဲ ကြာလို့မှ ဆင်တွေကို မတွေ့ဘူးဆိုရင် ကျုပ်ဟာ ဆင်တွေနောက် ဆက်မလိုက် တော့ဘဲ ဆင်လိုက်တဲ့ ကိစ္စကို စွန့်လွှတ်လိုက်မယ်။ နောက်ပြီး 'မာတူကူ' တွေရဲ့ စော်ဘွားကြီး ဝမ်ဘီဆီကို တန်းသွားမယ်။ ဝမ်ဘီကို လက်ဆောင် ပဏ္ဏာပေး မယ်လို့ သူတို့လည်း နှစ်သိမ့်သွားအောင် ပြောလိုက်ရတာကိုးဗျ။

"ကျုပ်ရဲ့ အဆိုပြုချက်ကို သူတို့ ရှာရှာဖွေဖွေပဲ လက်ခံကြပါတယ်။ နောက် နာရီဝက်လောက်ကြာတော့ ကျုပ်တို့လည်း အခု လက်ရှိစခန်းကို သိမ်းပြီး ရှေ့ကို ခရီးဆက်ခဲ့ကြတယ်။ ကျုပ်ကိုယ်မှာ ပွန်းတဲ့ ရှတဲ့ ဒဏ်ရာတွေနဲ့ တစ်ကိုယ် လုံး ကိုက်ခဲနာကျင်နေပေမဲ့ အဲဒီအချိန်တုန်းကလောက် ကျုပ်တစ်သက်နဲ့ တစ် ကိုယ်စိတ်အား တက်ကြွမနေခဲ့ဖူးပါဘူး။ ညကြီးမင်းကြီးမှာ တစ်ကိုယ်တော် ဆင်ပစ်ထွက်ခဲ့ပြီး ဆင်တွေနဲ့ တိုက်ရခိုက်ရ ပစ်ရခတ်ရနဲ့ နောက်ဆုံးမှာ အာဖရိက မှာရှိတဲ့ အကြီးဆုံး ဆင်ကြီး ၃ ကောင်ကို ကျည်ဆံ ၃ တောင့်တည်းနဲ့ အသေပစ်



www.burmeseclassic.com

www.burmeseclassic.com



ခတ် အနိုင်ရတဲ့ အကြောင်းကိုပဲ မနက်မိုးလင်း အိပ်ရာက အနိုးမှာသွားပြီး သတိရလိုက်မိတာလောက် ကျုပ်စိတ်ထဲမှာ ကြည်နူးမိတာ မရှိဖူးဘူးဗျာ။ ကျုပ်သိရသမျှဆိုရင် ဒီလိုစွမ်းဆောင်နိုင်တဲ့ အလုပ်ကို တခြားဘယ်သူ တစ်ဦးတစ်ယောက်မှ မစွမ်းဆောင်နိုင်ခဲ့ဖူးသေးပါဘူး။ ဒါကြောင့် အဲဒီနေ့မနက်ကဆိုရင် ကျုပ်ဟာဖြင့် ငါလိုလူ ကမ္ဘာမှာ ရှိသေးရဲ့လားလို့ အောက်မေ့ပြီး ကျုပ်ခြေထောက်က မြေကြီးပေါ် နင်းတယ်လို့တောင် မထင်တော့ဘူး။

"အဲ ... တစ်ချက် ကျုပ်စိုးရိမ်မိတာက ဒီလိုကျုပ်ရဲ့ စွမ်းဆောင်ချက်အကြောင်းကို တခြားလူတွေပြောမိရင် ဘယ်သူမှ ယုံကြည်မှာ မဟုတ်ဘူး ဆိုတာပဲဗျ။ ဘာကြောင့်ဆို တောလိုက် မုဆိုးတစ်ယောက်က ထူးထူးဆန်းဆန်း ပုံပြင်တစ်ခုကို ပြောပြမယ်ဆိုရင် လူတွေက များသောအားဖြင့် ဘယ်လိုထင်တတ်ကြသလဲ။ ဟာ ... အလကား ဖြီးနေတာလို့ ထင်ကြတာပဲ မဟုတ်လား။ ဖြစ်နိုင်တယ်လို့ ဘယ်သူမှ ပြောမယ် မဟုတ်ဘူး။

"ဒါနဲ့ ကျုပ်တို့ သွားကြရောဆိုပါတော့။ ခြသေ့်တွေကို ကျုပ်တွေ့လိုက်ရတဲ့ ကွင်းကို ဖြတ်သွားကြပြီး၊ ဒုတိယ ကွင်းနဲ့ခြားထားတဲ့ ချုံတောဆီကို ရောက်သွားကြတယ်။ အဲဒီ ဒုတိယကွင်းထဲမှာပေါ့။ ဆင်ကြီးတွေ သေနေကြတာ။ ချုံတောကိုရောက်တော့ ကျုပ်က ဆင်ပစ်ဖို့ ဆိုပြီး ကျကျနနကြီး ပြင်ဆင်လိုက်သပေါ့ဗျာ။ ဂိုဘိုကို ကျုပ်ရှေ့ကိုက် အနည်းငယ်လောက်က သွားနှင့်စေပြီး ဆင်တွေရှိမရှိကြည့်ဖို့ လွှတ်လိုက်တယ်။ အနီးအနားမှာလည်း ဆင်တွေရှိနေလိမ့်မယ်ထင်တဲ့အကြောင်းလည်း ပြောလိုက်တယ်။ ဒီအကောင်က ကျုပ်ရဲ့ ညွှန်ကြားချက်တွေကို နားထောင်ရင်း လှောင်ပြုံးပြုံးပြီး ထွက်သွားပါလေရောဗျ။ သူထွက်သွားလို့ ဘာမှ မကြာသေးဘူး။ သေနတ်နဲ့ အပစ်ခံလိုက်ရသလို ဒီအကောင် တန့်ခနဲ ဖြစ်သွားတာကို မြင်လိုက်ရတယ်။ နောက်တော့ ခပ်အုပ်အုပ် လက်ဖျောက်တီးသံ ကြားလိုက်ရတယ်။

'ဟေ့ ... ဘာလဲကွ' လို့ ကျုပ်က တိုးတိုးလှမ်းမေးလိုက်တော့ သူက 'ဆုင် ... ဆင်ကြီး အစွယ်တစ်ချောင်းနဲ့ ဆင်ကြီးရယ် ... ဒူးထောက် နေတယ် ခင်ဗျ' တဲ့။

"ဒါနဲ့ ကျုပ်လည်း သူ့ဘေးနားဆီကို တွားသွားလိုက်တယ်။ ညက ကျုပ်ထားပစ်ခဲ့တဲ့အတိုင်းပေါ့ဗျာ။ ဆင်ကြီးဟာ ဒူးထောက်လျက်ပဲရှိသေးတယ်။ တခြားဆင်ကြီးနှစ်ကောင်လည်း သူ့အနားမှာပဲ လဲနေတယ်။

"ဂိုဘိုဟာ အံ့အားကြီးသင့်ပြီး ကြောင်နေတယ်။ ဒီတော့ ကျုပ်က –

'ဟေ့ ... ဆင်တွေဟာ အိပ်တတ်ကြသလား' လို့ ခပ်တိုးတိုး မေးလိုက်တယ်။





"ဒီတော့ သူက 'ဟုတ်ပါတယ် မာကူမာဇန်၊ သူတို့ဟာ အိပ်တတ်ကြပါတယ်' တဲ့"

"မဟုတ်ဘူးကွယ် ဂိုဘိုရ၊ ဒီအကောင်ကြီးတွေ သေနေကြတာ"

"သေနေတယ် ... ဟုတ်လား ဆရာကြီး၊ ဘယ်လိုနည်းနဲ့ သူတို့ သေနိုင်ကြမှာလဲ ဆရာကြီးရဲ့။ ဘယ်သူက သတ်လို့ သေရမှာလဲ ခင်ဗျ"

"ဟေ့ ဂိုဘို ... လူတွေက ငါ့ကို ဘယ်လို ခေါ်ကြသလဲ ပြောစမ်း"

"လူတွေက ဆရာကြီးကို မာကူမာဇန်လို့ ခေါ်ကြပါတယ်"

"ဒီ မာကူမာဇန်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဘာလဲကွ ... သိလား"

"မာကူမာဇန်ဆိုတာဟာ မျက်လုံးကို ဖွင့်ထားတဲ့လူ၊ ညညမှာ ထကြွလှုပ်ရှားသမှုပြုတဲ့လူလို့ အဓိပ္ပာယ်ရပါတယ် ဆရာကြီး"

"အေး ... ဟုတ်တယ် ဂိုဘို၊ ငါဟာ အဲဒီလူပဲကွ။ ကြည့် ... မင်းတို့ အလကားကောင်တွေ ... ငါထသွားပြီး ငါတစ်ယောက်တည်းပဲ ဆင်ကြီးတွေရဲ့ နောက်ကို လိုက်တယ်။ ညက လသာနေပြီး လရောင်မှာ ဒီဆင်ကြီးတွေကို ငါ သတ်လိုက်တယ်။ တစ်ကောင်ကို ငါ ကျည်တစ်တောင့်ပဲ သုံးတယ်။ သုံးကောင်ကို ၃ တောင့်၊ များများ မသုံးဘူး။ ကျည်တစ်တောင့်တည်းနဲ့ ဒီအကောင်ကြီးတွေ လဲကျသေကုန်တော့တာပဲကွ ကြည့်စမ်း ... " လို့ ကျုပ်က ပြောပြီး ကွင်းထဲလိုက်ပြလိုက်တယ်။

"ဒီမှာ ကြည့်၊ ဒါက ငါ့ခြေရာ ဒါက ငါ့ကို ထိုးဖို့ပြေးလာတဲ့ ဆင်ကြီးရဲ့ ခြေရာ။ အဲဟိုမှာကတော့ ငါ အကာအကွယ်ယူတဲ့ သစ်ပင်ကြီး။ ဆင်ကြီးက ငါ့ကို လိုက်အထိုးမှာ သစ်ပင်နဲ့ သူ ဝင်ဆောင့်လို့ သစ်ပင်ကြီးကျိုးသွားတာ ဒီမှာ မြင်ရဲ့လား။ အင်း ... မင်းတို့ဟာ တကယ့်ကို သူရဲဘောနည်းတဲ့ အကောင်တွေ၊ ကိုယ့်နှာခေါင်းမှာ တေ့ပြီး သွေးနံ့ရနေတာတောင် အမဲကို မလိုက်ချင်တဲ့ အကောင်တွေ။ မင်းတို့ အိပ်နေကြတုန်း ငါတစ်ယောက်တည်း ဘာလုပ်လိုက်သလဲ ကြည့်စမ်း။ မင်းတို့ရှက်ဖို့ကောင်းသကွ' လို့ ကျုပ်က မြည်တွန်တောက်တီးရင်း ပြောလိုက်တယ်။

"အဲသလို ကျုပ်က ပြောလိုက်တော့ သူတို့နှစ်ယောက်သားဟာ တစ်ခါတည်း မျက်နှာအောက်ချပြီး ခေါင်းတငြိမ့်ငြိမ့်နဲ့ 'မှန်ပါတယ် သခင်ကြီး .– သခင်ကြီးဟာ အင်မတန် တန်ခိုးသတ္တိနဲ့ ပြည့်စုံပါပေတယ်" ဆိုပြီး ကျုပ်ရဲ့ ဖိနပ်ကို ချီးကျူးကြတာကိုးဗျ။ နောက်တော့ သူတို့လည်း ဘာမှ မပြောကြ တော့ဘဲ ဆင်သေကြီး ၃ ကောင်ရှိတဲ့နေရာ သွားပြီး ငြိမ်ငြိမ်ကလေး ကြည့်ကြ တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက်တော့ ဒီအကောင်တွေဟာ ကျုပ်ကို သာမန် လူသားတစ်ယောက်မဟုတ်ဘဲ ထူးခြားဆန်းကျယ်တဲ့ တာကယ့်ပုဂ္ဂိုလ်ကြီးတစ်ယောက်အနေနဲ့ တအံ့တသြ ဆက်ဆံကြတော့တာပါပဲ။ သာမန်လူသားတွေ ညအချိန်မတော်ကြီးမှာ တစ်ယောက်တည်းနဲ့ ဆင်ကြီး ၃ ကောင်ကို အသေသတ်နိုင်မှာ မဟုတ်ဘူးလို့ သူတို့က ပြောကြတယ်လေ။ နောက်ဆိုရင် ဒီအကောင်တွေဟာ ကျုပ်ကို ဒုက္ခမပေးကြတော့ပါဘူး။ 'မင်းတို့ ချောက်ကမ်းပါးကို ခုန်ဆင်းကြ၊ ဘာမှမဖြစ်ဘူး' လို့ ကျုပ်က ပြောရင်တောင် သူတို့ခုန်ဆင်းကြမှာပဲလို့ ကျုပ် ထင်တယ်။ ဒီထိအောင် သူတို့ကျုပ်ကို အယုံအကြည်ရှိသွားပုံရကြသဗျ။

"ကျုပ်လည်းပဲ ဆင်ကြီးတွေဆီသွားပြီးတော့ သေသေချာချာ စစ်ဆေးကြည့်တယ်။ ဒီလိုအစွယ်မျိုး ကျုပ်တစ်ခါမှ မမြင်ဖူးပါဘူး။ နောက်လည်း မြင်ဖူးလိမ့်မယ်လို့ မထင်ပါဘူးဗျာ။ အစွယ်တွေကို ဖြတ်ယူရတာကိုကပဲ တစ်နေကုန်ကြာတယ်။ အစွယ်တွေဟာ 'ဒီလာဂိုအာဘေး' ကို နောက်ဆုံးရောက်သွားတယ်။ ကျုပ်နဲ့ တစ်ပါတည်း သယ်သွားတာ မဟုတ်ဘူး ခင်ဗျ။ အဲဟိုရောက်လို့ ချိန်ကြည့်တဲ့အခါ အစွယ်တစ်ချောင်း ဆင်ကြီးရဲ့ တစ်ချောင်းတည်းသော အစွယ်ဟာ ပေါင်ချိန် ၁၆၀ စီးသဗျ။ နောက် အစွယ်လေးချောင်းကတော့ တစ်ချောင်းကို ပျမ်းမျှခြင်း ၉၉ ပေါင်ခွဲရှိသဗျ။ မကြုံဖူး၊ မကြားဖူးအောင် အလေးချိန်စီးတဲ့ အစွယ်ကြီးတွေပါပဲ။ တစ်ခုခက်သွားတာက အစွယ်တစ်ချောင်း၊ ဆင်ကြီးရဲ့အစွယ်ကို နှစ်ပိုင်းဖြတ်လိုက်ရတယ်။ ဘာကြောင့်ဆို အသယ်ရ အယူရ လွယ်အောင်လို့ပါ။ ဒီလိုမှ မလုပ်ရင်လည်း အသယ်ရခက်မယ် မဟုတ်လား"

အလန်ကွာတာမိန်းသည် သူ၏မှဆိုးဘဝ အတွေ့အကြုံများထဲမှ နောက်ဆုံး ပစ်ခတ်ရရှိခဲ့သော အာဖရိက၏ ဆင်များထဲက အကြီးဆုံးဆင်မျိုး ဆင်ကြီး ၃ ကောင်အကြောင်းကို ပြောပြလျက်ရှိရာ ကျွန်ုပ်တို့မှာ အလွန်ပင် စိတ်ဝင်စားလျက် ရှိနေကြ၏။ သို့နှင့် ဤနေရာသို့ ရောက်သောအခါ ကျွန်ုပ်က–

"အမယ်လေး ကွာတာမိန်းရယ် ... ဖြစ်မှဖြစ်ရလေ၊ ခင်ဗျား တော်တော်ရက်စက်တာပဲနော်။ ဒီလိုအစွယ်ကြီးမျိုးကိုများ ဖြတ်ပစ်ရတယ်လို့ဗျာ။ ကျုပ်သာဆိုရင်တော့ ကိုယ်တိုင်ပဲ ဆွဲလာရ လာရ၊ မဖြတ်ဘဲနဲ့ကို ဆွဲယူလာမှာပဲ"

ထိုအခါ ကွာတာမိန်းက –

"အင်း ... ပြောတာကတော့ လွယ်တာပေါ့ဗျာ။ ကျုပ်တွေ့ရတဲ့ အတွေ့အကြုံမျိုးနဲ့သာ ခင်ဗျား တွေ့လိုက်ရမယ်ဆိုရင်တော့လား။ အစွယ်တွေကို ဆွဲလာဖို့ မပြောနဲ့ တစ်ခါတည်းကို လွှင့်ပစ်ပြီး ယုန်တစ်ကောင် ထွက်ပြေးတဲ့ စံချိန်နဲ့ ပြေးမှာ အမှန်ပဲ"

ထိုအခါ ကပ္ပတိန်ဂွဒ်က ကြားဖြတ်၍ –





"ဪ ... ဟုတ်ကဲ့လား။ ဒီလိုဆိုရင် ခင်ဗျားပြောတဲ့ ပုံပြင်ဟာ မဆုံးသေးဘူးပေါ့ ဟုတ်လား။ အင်မတန်တော့ ကောင်းတဲ့ ပုံပြင်ပဲ ကွာတာမိန်း။ ကျုပ်တောင်မှ ဒါ့ထက်ကောင်းမယ့် ပုံပြင်မျိုးမလုပ်ကြံနိုင်ဘူးလို့ ထင်တာပဲ"

ကွာတာမိန်းသည် ကပ္ပတိန်ဂွဒ်အား မျက်နှာထား ခပ်တင်းတင်းဖြင့် ကြည့်လိုက်၏။ သူ၏ ဆင်ပစ်ခန်း ရာဇဝင်ကို ကပ္ပတိန်ဂွဒ်က လှောင်တောင်တောင် ခနဲ့တဲ့တဲ့ ပြောလိုက်သည်ကို နှစ်သက်ဟန် မတူချေ။

"ဒီမယ် ကပ္ပတိန်ဂွဒ် ခင်ဗျား ပြောတာကို ကျုပ်နားမလည်ဘူးဗျာ။ အမှန်အတိုင်း ဖြစ်ပျက်တဲ့ ရွှန်းစားမှု ပုံပြင်မျိုးနဲ့ ခင်ဗျား ပြောတဲ့ ဆိတ်ထီးကြီးရဲ့ မျိုးဟာ တောင်စောင်းက သစ်ပင်မှာ ချိတ်နေတယ်ဆိုတဲ့ မဟုတ်ကဟုတ်က လုပ်ကြံတဲ့ ပုံပြင်မျိုးဟာ နှိုင်းယှဉ်လို့မရဘူးလို့ ကျုပ်ထင်တယ်။ ကျုပ်ပြောတဲ့ ပုံပြင်ဟာ မဆုံးသေးပါဘူး။ အခုထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ အခန်းကို ရောက်ပါလိမ့်ဦးမယ်။ ဒါပေမဲ့ ဒီကနေ့ညအဖို့တော့ တော်လောက်ပါပြီ။ ကျုပ်ပြောတာလည်း များပါပြီ။ ဒီမယ် ဂွဒ် ... ခင်ဗျားရဲ့ အပြောအဆိုကို မဆင်ခြင်ချင်ရင်တော့ ကျုပ်ရဲ့ ပုံပြင်ကို တော်တော်နဲ့ မဆက်ဘဲ ထားလိမ့်မယ်ဗျ"

"ဟုတ်ပါတယ် ကွာတာမိန်း၊ ကျုပ်အခုလို ပြောမိဆိုမိတာ ဝမ်းနည်းပါတယ်။ ကိုင်း ... တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ သဘောမထားကြောင်းပြတဲ့အနေနဲ့ လူချင်းခွဲကြစို့ ... ဟုတ်လား"

ဂွဒ်က နှိမ့်ချစွာ ပြောလိုက်၏။ ထို့နောက် လူချင်းခွဲကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

## မေပါယူခေါင်လာသော ဓား

နောက်တစ်နေ့ညဥ့် ကျွန်ုပ်တို့သည် လူချင်းဆုံ၍ ညစာ စားသောက်ကြပြန်၏။ ယမန်နေ့က ဂွဒ်က မပြောထားသော စကားများကြောင့် ကွာဝဘာမိန်းမခံချည့်မခံသာ ဖြစ်နေသည့် အမူအရာမျိုးရှိနေ၏။ သို့နှင့် ယမန်နေ့က ပြောကြားခဲ့သော သူ၏ ပုံပြင်ကို ဆက်လက်ပြောကြားရန် ကျွန်ုပ်တို့က ဝိုင်း၍ မနည်းတိုက်တွန်းသော အခါမှသာ အောက်ပါအတိုင်း ဆက်လက် ပြောကြားလေသည်။

“ဒါနဲ့ အဲဒီနေ့ နေမဝင်ခင် အစွယ်တွေကို ဖြတ်ရတဲ့ အလုပ်ပြီးစီးသွားတယ်ဆိုပါစို့။ တစ်နေ့ကုန် ကျုပ်တို့ ဖြတ်ကြရသဗျ။ ညနေစာကလေး စားလောက်ပဲ ခဏနားကြတယ်။ ဒီလောက် ကြီးမားတုတ်ခိုင်တဲ့ အစွယ်ကြီးတွေကို ဖြတ်ရတာက မလွယ်လှဘူးခင်ဗျ။ ဆင်စွယ်ရောင်ဟာ ပကတိဖြူဖွေးပြီး တောက်ပြောင်နေတာပဲ။ အဲဒီနေ့မှာ ကျုပ်တို့ ညစာစားတာက ဘာကို စားတယ်ထင်သလဲ။ အစွယ်တစ်ချောင်း ဆင်ကြီးရဲ့ နှလုံးသားခင်ဗျ။ အဲ ... သူ့နှလုံးသားဖြတ်ဖို့ ခိုင်းလိုက်တဲ့လူဟာ နှလုံးသားကို နှစ်ပိုင်း ဖြတ်ယူလာခဲ့ရတယ် ခင်ဗျ ဒီလောက်တောင် ကြီးတဲ့ နှလုံးသားပဲဗျ။

“ဒီနောက် နှလုံးသားကို ကျုပ်တို့ အတုံးကလေးတွေ ဖြစ်အောင်တုံးနောက်ပြီး ဆီနဲ့ကြော်သဗျ။ ဒီလောက် စားလို့ အရသာရှိတာ ကျုပ်ဖြင့် မကြုံဘူးဗျို့။ လျှာပေါ်တင်ရုံနဲ့ အရည်ပျော်သလို ဖြစ်သွားတယ်လေ။ အင်း ... ဆက်ပြောရဦးမယ်။ ဒီဆင်ကြီးရဲ့ မေးရိုးကို ကျုပ်သွားပြီး စစ်ဆေးကြည့်လိုက်သေးတယ်ခင်ဗျ။ ဘာတွေ့ရသလဲဆိုတော့ မူလကတည်းက အစွယ်တစ်ချောင်း





ပေါက်တာကို တွေ့ရတယ်။ တခြားအချောင်းက ကျိုးသွားတာလည်း မဟုတ်ဘူး။ အမြစ်တောင်မှ မရှိဘူးခင်ဗျ။

“လှလိုက်တဲ့ အစွယ်ကြီးတွေဗျာ မပြောပါနဲ့တော့၊ ၅ ချောင်းတောင်မှပဲ၊ သြော် ... မဟုတ်ဘူး။ ၄ ချောင်းပဲ ဆိုရမှာပေါ့။ အကြီးဆုံးအစွယ်ကြီးကိုတော့ ဂိုဘိုနဲ့ နောက်တစ်ယောက်က ၂ ပိုင်း ဖြတ်နေကြတယ်လေ။ အဲသလို ဖြတ်ရတာဟာလည်း နောက်ဆုံး မတတ်နိုင်တဲ့ အခြေကို ရောက်တော့မှ ဖြတ်ရတာပါ။ ဒီလိုနှစ်ပိုင်းဖြတ်ဖို့ သူတို့ကို အမိန့်ပေးလိုက်တုန်းက ကျုပ်ဖြင့် နှမျောလွန်းလို့ သက်မကြီးတွေသာ ချ,ချနေရတော့သဗျို့။ ဒါကြီးကို ချိမတိုင်းထွာကြည့်ပြီး သူ့အတိုင်း သယ်ယူလို့ မဖြစ်နိုင်တော့ဘူးဆိုတာ သိတော့မှ မလွှဲသာလွှဲသာ အဖြတ်ခိုင်းရတာပါ။ အင်မတန်လည်း ကျစ်လျစ်မာကြောပြီး ပေါင်ချိန် ၁၆၀ လောက်ရှိတဲ့ ဒီအစွယ်ကြီးကို လမ်းပန်းမသာတဲ့နယ်မြေက လူ ၂ ယောက်ထမ်းပြီး သယ်ယူလာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အစွယ်ကြီးဟာ သူ့အရှိုင်းအတိုင်းဆိုရင် ပြီးတောင် အလေးချိန် စီးပါလိမ့်ဦးမယ်။ အစွယ်ကြီးကို သူတို့ ၂ ယောက် ဖြတ်ယူနေကြတုန်း ကျုပ်က ဆေးတံသောက်ရင်း သူတို့လုပ်နေကြတာကို ကျေကျေနပ်နပ် ကြည့်ရှုမိနေတယ်။

“အဲသလို ကြည့်နေတုန်းမှာပဲ ရုတ်တရက်ဆိုသလို ကျုပ်တို့ရဲ့ မနီးဝေးမှာရှိတဲ့ ချုံပုတ်တစ်ခုထဲက အတော်ပဲချောပြီး ခံ့ညားတဲ့ အမျိုးသမီးငယ်တစ်ယောက် ထွက်လာတာကို တွေ့ရသဗျ။ သူ့ကို ကြည့်ရတာ အသက် ၂၀ လောက်ပဲ ရှိမယ်လို့ ခန့်မှန်းရတယ်။ ဒီသူငယ်မက ချုံပုတ်ထဲက ထွက်လာပြီး ကျုပ်ရဲ့ ရှေ့မှာလာပြီး ရပ်လိုက်တယ်။ သူ့ခေါင်းပေါ်မှာကတော့ ပြောင်းတွေ ထည့်တဲ့ တောင်းကလေးတစ်လုံးကို ရွက်လို့။

“လူသူမနီး တောကြီးမြက်မည်းထဲမှာ တိုင်းရင်းသား အမျိုးသမီးငယ်ကို တွေ့လိုက်ရတော့ ကျုပ်အတော်ပဲ အံ့သြသွားတယ်ဗျ။ ကျုပ်တို့ ရောက်နေတဲ့ နေရာက ရွာနဲ့ မနီး ဘာနဲ့ မနီး မဟုတ်လား။ ဒါပေမဲ့ ထူးထူးထွေထွေ တွေးတောနေမိပါဘူး။ ကျုပ်ရဲ့ လူတစ်ယောက်ကို ခေါ်လိုက်ပြီး ပြောင်းဖူးတွေကို ဈေးနှုန်းမြန်းပြီးဝယ်ဖို့ ခိုင်းလိုက်တယ်။ နောက်ထပ် ဒီအနီးအနားမှာ ပြောင်းဖူး ရနိုင်သေးလားလို့လည်း မေးခိုင်းလိုက်တယ်။ ဒီလို ခိုင်းလိုက်ပြီး ကျုပ်လည်း အစွယ်ကြီးကို ဖြတ်နေတဲ့ နေရာမှာ မမှားမယွင်းရအောင် ကြည့်ပြောဖို့ တစ်ဘက်ကို ကြည့်လိုက်တယ်၊ မကြာခင်ပဲ ကျုပ်ကိုယ်ပေါ်ကို အရိပ်တစ်ခု ထိုးလာလို့ မော့ကြည့်လိုက်တော့ ဟိုသူငယ်မဟာ ကျုပ်ရှေ့မှာ မတ်တတ်ရပ်လျက်သား တွေ့ရတယ်။ ပြောင်းဖူးတောင်းကိုလည်း သူ့ခေါင်းပေါ်မှာ ရွက်ထားတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မာရေမီ ... မာရေမီ (Mareme, Mareme)လို့ သူငယ်မက သူ့လက်နှစ်ဖက်နဲ့ လက်ခုပ်တီးရင်း ခပ်တိုးတိုး ကျုပ်ကို ခေါ်လိုက်တယ်။ မာတူကူ လူမျိုးက သုံးတဲ့ 'မာရေမီ' ဆိုတဲ့ စကားလုံးဟာ (အမှန်ကတော့ သူငယ်မသည် မာတူကူ အမျိုးသမီး မဟုတ်ချေ။) ဖူးလူးလူမျိုးသုံးတဲ့ 'ကူးစ်' (Koos)စကားလုံးနဲ့ အတူတူပါပဲ။ အဓိပ္ပာယ်ကတော့ အရှင်သခင်ကြီးလို့ရပါတယ်။ လက်ခုပ်တီးတာကတော့ သူတို့ ထုံးစံအရ အရိုအသေပြု နှုတ်ဆက်ခြင်းပါပဲ။ ဒီလို ထုံးစံဟာ 'ဗာဆူတူ' လူမျိုး အဆက်အနွယ်တွေ ကြားထဲမှာ အနှံ့အပြား သုံးစွဲနေကြတဲ့ ထုံးစံဖြစ်ပါတယ်။

" 'သူငယ်မ ဘာလဲကွယ့်။ မင်း ပြောင်းဖူးတွေက ရောင်းဖို့လား' လို့ ကျုပ်က စီဆူတူ (Sisutu)ဘာသာစကားနဲ့ မေးလိုက်တယ်။

" 'ရောင်းဖို့ မဟုတ်ပါဘူး ... လူဖြူမှဆိုးကြီးရှင်။ ကျွန်မ ဒါတွေကို လက်ဆောင်ပေးဖို့ ယူလာခဲ့တာပါ' လို့ သူက ဖူးလူးဘာသာစကားနဲ့ ပြန်ပြောတယ်။

"အေး ... အေး ... ကောင်းတယ်။ ဒါဖြင့်လည်း ချထားလိုက်လေ"

"လက်ဆောင်ကို လက်ဆောင်ချင်း လဲရပါမယ် လူဖြူကြီးရှင့်"

" 'ဟေ ... ဟုတ်ကဲ့လား' လို့ ကျုပ်က တအံ့တသြ ပြန်ပြောလိုက်တယ်။

"ဒါကတော့ ဒီလိုပဲဖြစ်ရမှာပေါ့။ လောကကြီးမှာ ဘာမှ အလကား မရဘူး မဟုတ်လား။ ကိုင်း ... အမိက ဘာအလိုရှိသလဲ ... ပုတီးစေ့လား"

"သူငယ်မက ခေါင်းညိတ်ပြသဗျ။ ဒါနဲ့ကျုပ်ကလည်း ကျုပ် လူတစ်ယောက်ကို အထုပ်တစ်ခုထဲက ပုတီးစေ့တွေကို သွားယူဖို့ ခိုင်းမယ့်အလုပ်မှာ သူက ကျုပ်ကို လက်ကာပြီး တားလိုက်တယ်လေ။

"ဒီလိုပါရှင်၊ လက်ဆောင်ပြန်ပေးမယ့် လူကိုယ်တိုင်က သူ့လက်နဲ့ ပေးတယ်ဆိုရင် ဒီလက်ဆောင်ဟာ တန်ဖိုးနှစ်ဆရှိပါတယ် ရှင်' လို့ သူငယ်မက ပြောတယ် ခင်ဗျ။ သူပြောပုံက အဓိပ္ပာယ်ပါတဲ့ လက္ခဏာပဲ။

"ဒီတော့ ကျုပ်က –

"နေပါဦး ... သူငယ်မရဲ့၊ မင်းပြောပုံက ပုတီးစေ့တွေကို ကျုပ်ကိုယ်တိုင် မင်းကို ပေးစေချင်တယ် ဟုတ်လား"

"မှန်ပါတယ်ရှင်"

"ဒီတော့ ကျုပ်က ထိုင်ရာကထလိုက်ပြီး သူနဲ့အတူ အထုပ်တွေရှိတဲ့ နေရာကို သွားတယ်။ သွားရင်း သူ့ကို မေးကြည့်ရတယ်။ 'နေပါဦးကွယ့်၊ မင်းက





မာတူကူဖြစ်လျက်နဲ့ ဖူးလူးဘာသာစကားနဲ့ ဘာလို့ ပြောရတာလဲ' လို့ သူ့အပေါ် နည်းနည်း သံသယရှိလို့ မေးလိုက်တယ်။

"ကျုပ် လူတွေ မကြားနိုင်လောက်တဲ့ နေရာကို ရောက်တော့ သူငယ်မက 'ကျွန်မ မာတူကူလူမျိုး မဟုတ်ပါဘူး။ ကျွန်မက 'နာလာ' အမျိုးသမီးပါ။ နာလာတွေဟာ ဘူတီရာနာ (Butiana)အမျိုးအနွယ်တွေပါ။ ဘူတီရာနာတွေဟာ ဟောဟိုဆီမှာ နေကြပါတယ်' လို့ ပြောပြီး တောင်ကြီးကိုကျော်ပြီး လက်ညှိုးညွှန်ပြတယ် ခင်ဗျ။ နောက်ပြီးတော့ 'ကျွန်မဟာ ဝမ်ဘီရဲ့ မိန်းမတစ်ယောက်ပါ' တဲ့။ အဲဒီလို ဝမ်ဘီရဲ့ နာမည်ကို ပြောလိုက်တဲ့အခါ သူငယ်မရဲ့ မျက်လုံးတွေဟာ အရောင်တောက်သလို ဖြစ်သွားတယ် ခင်ဗျ။

"ဒီလိုဆိုရင် မင်းဘယ့်နှယ်လုပ်ပြီး ဒီကိုလာခဲ့သလဲ"

" 'ခြေထောက်နဲ့ပဲ လာခဲ့ပါတယ်ရှင်' လို့ သူက တိုတိုတောင်းတောင်း ဖြေတယ် ခင်ဗျ။

"အဲသလို ပြောရင်းဆိုရင်းနဲ့ လာလိုက်ကြတာ ကျုပ်ရဲ့ အထုပ်တွေထားတဲ့ နေရာကိုရောက်တော့ ကျုပ်က အထုပ်တစ်ခုကိုဖြေပြီး ပုတီးစေ့ လက်တစ်ဆုပ်စာလောက် ထုတ်ယူလိုက်တယ်။ 'ကိုင်း ... လက်ဆောင်ချင်းလဲမယ်။ မင်းရဲ့ ပြောင်းဖူးတွေကိုပေး'

"ကျုပ်က ပုတီးစေ့တွေကိုပေးတော့ သူငယ်မက ပုတီးစေ့တွေကို ကြည့်တောင်မကြည့်ဘဲနဲ့ ယူတယ်ခင်ဗျ။ အဲ ... သူ့အပြုအမူဟာ ထူးဆန်းပါကလားလို့ ကျုပ်စိတ်ထဲမှာဖြစ်သွားတယ်။ နောက် သူက သူ့တောင်းကို မြေပေါ်မှာချပြီး သွန်လိုက်တယ်။

"တောင်းရဲ့အောက်ဆုံးမှာက ထူးထူးဆန်းဆန်း ပုံသဏ္ဌာန်ရှိတဲ့ သစ်ရွက်စိမ်းတွေကို တွေ့ရတယ်။ ဘာရွက်နဲ့ တူသလဲဆိုရင် သကြားပင်အရွက်နဲ့ ခပ်ဆင်ဆင် တူသဗျ၊ ဒါပေမဲ့ နည်းနည်းပိုပြီး ထူထယ်၊ အသားမျှားတယ် ဆိုရမှာပေါ့။ သူငယ်မက အဲဒီအရွက်တစ်ခုကို အရမ်းကောက်ယူသလို ယူလိုက်ပြီး နမ်းကြည့်လိုက်တယ်။ နောက်ပြီးတော့ အဲဒီအရွက်ကို ကျုပ်ကို လှမ်းပေးလိုက်တယ်။ ကျုပ်ကိုလည်း ဒီအရွက်ကို နမ်းကြည့်စေချင်လို့ ပေးတာပဲလို့ ယူဆပြီး ကျုပ်ကလည်း အရွက်ကို ယူပြီး နမ်းကြည့်မယ့် အလုပ်မှာ အရွက်ပေါ်မှာ ထင်နေတဲ့ နီနီခြစ်ရာတွေကို မျက်စေ့က သွားပြီး ကျုပ်မြင်လိုက်တယ်ဗျ။

"ခြစ်ရာတွေကို သွားပြီး မြင်လိုက်တော့၊ သူငယ်မက လေသံခပ်တိုးတိုးနဲ့ သူ့နာမည်က မေဝါဖြစ်တဲ့အကြောင်း ပြောပြီး သစ်ရွက်ပေါ်မှာ ရေးထားတာတွေ ဖတ်ကြည့်ပါဦး ဆရာကြီး ရှင့်' လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း သူ့ကို အဖြေမပေးတော့ဘဲ သစ်ရွက်သာ စိုက်ကြည့်နေမိတယ်။ ချွန်ထက်တဲ့ အရာတစ်ခုခုနဲ့ သစ်ရွက်ပေါ်မှာ ခြစ်ထားတာပဲလား။ တမင်ရေးထားတာပဲလား မပြောတတ်ဘူး။ ချွန်ထက်တဲ့အရာဆိုတော့ ဥပမာ သံချောင်းဆိုပါတော့၊ အဲဒီအရာနဲ့ ထိခွေ့တဲ့ နေရာတွေမှာ အရွက်ထဲမှာရှိတဲ့ အက်ဆစ်ဓာတ်ရည်တွေဟာ အရွက်ကနေ စိုထွက်လာပြီး သွေးများလို အနီရောင် ဖြစ်သွားတာကိုး။ ကျုပ်လည်း ခြစ်ရာတွေကို ကြည့်ရင်း စာလုံးတွေကို သွားတွေ့ရတယ်။ စာလုံးတွေက အင်္ဂလိပ်စာလုံးတွေခင်ဗျ။ မေဝါက ကောက်ပြီး ယူပြတဲ့ သစ်ရွက်မှာရယ်၊ နောက်ပြီး တောင်းထဲမှာ ရှိနေသေးတဲ့ တခြား သစ်ရွက် ၂ ရွက်ရယ်ပေါ့ ကျုပ်ပြောသလို အင်္ဂလိပ်စာလုံးတွေ ရေးခြစ်ထားတာ တွေ့ရတာကိုးဗျ။ စာက ဘာရေးထားသလဲဆိုတော့ ...

"မာတူကူနယ်မြေအတွင်းတွင် လူဖြူတစ်ဦး အမဲလိုက်နေသည်ဟု ကျွန်ုပ်ကြားသိရသည်။ ဤစာသည် သင့်အား သတိပေးစာ ဖြစ်သည်။ ဤစာကို ရလျှင်ရခြင်း တောင်ကိုဖြတ်ကျော်၍ 'နာလာ'နယ်မြေသို့ သွားပါလေ။ မနက်မိုးသောက်လျှင် သင့်အား ဖမ်းဆီးသတ်ဖြတ်ပြီး စားပစ်ရန် ဝမ်ဘီက သူ့စစ်တပ်ကို လွှတ်ဖို့ စီမံထားသည်။ ဤသို့ပြုလုပ်ခြင်းမှာ သင်သည် သူ့အား ပဏ္ဏာလက်ဆောင်မဆက်ဘဲ သူ့နယ်မြေတွင် အမဲလိုက်နေခြင်းကြောင့် ဖြစ်သည်။ အသင်သည် မည်သူမည်ဝါပင်ဖြစ်စေ ကျွန်ုပ်အား ကူညီပါ။ ကျွန်ုပ်သည် ၇ နှစ်နီးပါးမျှ လူဆိုးကြီးဝမ်ဘီ၏ ကျေးကျွန်ဖြစ်နေခဲ့ရ၍ အဇဉ်မပြတ် ရိုက်ပုတ်ညှဉ်းဆဲခြင်းကို ခံနေရပါသည်။ သူသည် ကျွန်ုပ်မှတစ်ပါး ကျန်လူဖြူအားလုံးကို သတ်ပစ်လိုက်ပြီ။ ကျွန်ုပ်ကို မသတ်ဘဲ ချန်ထားသည်မှာ အခြားကြောင့်မဟုတ်။ ကျွန်ုပ်က သေနတ်ပြင်တတ်သည်ကို သိထားသောကြောင့်ဖြစ်သည်။ သူ၏မယား 'မေဝါ'လက်တွင် ဤစာကို ပေးလိုက်ရသည်။ ဝမ်ဘီက သူ့ကလေးကို သတ်ပစ်လိုက်သဖြင့် စိတ်နာပြီး မေဝါသည် သူ့ဖခင်ရှိရာ နာလာနယ်သို့ ထွက်ပြေးသွားခြင်း ဖြစ်သည်။ နာလာမှ လူများကို ခေါ်ထိုးလှဲ့ဆော်၍ ဝမ်ဘီကို တိုက်ခိုက်ပါ။ ဝမ်ဘီ၏ နယ်မြေသို့ ရောက်နိုင်ရန် တောင်ကိုဖြတ်ကျော်ကာ မေဝါက လမ်းပြပေးနိုင်သည်။ သင်လာနိုင်လျှင် အချည်းနှီးဖြစ်မည်မဟုတ်။ ဝမ်ဘီ၏ ရွာဘောပတ်ပတ်လည် သစ်တပ်ကို ဆင်စွယ်များဖြင့်သာ ပြုလုပ်ထားသည်။ ကျွန်ုပ်အား ပစ်မထားပါလင့်၊ ကျွန်ုပ်အား ပစ်ထားလျှင် ကျွန်ုပ်ကိုယ်ကျွန်ုပ် သတ်သေရပါလိမ့်မည်။ ဆက်လက် အညှဉ်းဆဲမခံနိုင်တော့ပါ။

ဂျွန်အေဗရီ





"ဘုရား ... ဘုရားလို့ ကျုပ်က ပင့်သက်ရှူပြီး ဘုရားကို တ,လိုက်မိတယ်။ 'အေဗရီ' ဆိုပါကလား ... ကျုပ်မိတ်ဆွေကြီး အေဗရီဖြစ်ရမှာပေါ့။ မိန်းမငယ် မေဝါက သစ်ရွက်ရဲ့ အခြားတစ်ဘက်ကိုလည်း ကြည့်ဖို့ ပြနေသေးတယ်။ တခြားတစ်ဘက်မှာ စာတွေ ပိုများတယ်ဗျ။ ဒါနဲ့ သူပြောတဲ့အတိုင်း ကျုပ်ကြည့်လိုက်တော့ စာက ဘယ်လိုရေးထားသလဲဆိုရင် 'အဆိုပါ လူဖြူကို မာကူမာဇန်ဟု ခေါ်ဆိုကြကြောင်း ကျွန်ုပ် ကြားသိရသည်။ ဤအတိုင်းမှန်လျှင် သူသည် ကျွန်ုပ်၏မိတ်ဆွေ ကွာတာမိန်းပင် ဖြစ်ရပေမည်။ သူပဲဖြစ်ပါစေ ဟူ၍လည်း ကျွန်ုပ်ဆုတောင်းသည်။ အကြောင်းကား ကျွန်ုပ်၏ မိတ်ဆွေ ကွာတာမိန်းသာ ဖြစ်နေလျှင် ကျွန်ုပ်ကဲ့သို့ ဒုက္ခရောက်နေသော မိတ်ဆွေဟောင်းတစ်ဦးအား သူသည် ပစ်ထားလိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်သည်။ ကျွန်ုပ်သည် သေရမည်ကို ကြောက်ရွံ့၍ မဟုတ်၊ သေဖို့ရာကိုလည်း မကြောက်၊ ဂရုမစိုက်၊ သို့ရာတွင် ဝမ်ဘီဆိုသည့်အကောင်ကို ပထမကလဲ့စား ချေခွင့်ရလိုသည်' လို့ ရေးထားတယ်။

"ဒီစာဖတ်ရတော့ 'ပစ်မထားပါဘူး မိတ်ဆွေကြီးရယ်။ သင့်ကို ကယ်ထုတ်နိုင်ဖို့ အခွင့်အရေးရှိနေသေးသမျှတော့ ကျုပ် သင့်ကို ပစ်မထားပါဘူး' လို့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတယ်။

တစ်ခါတုန်းက ကျုပ်ဟာ ပရိယာယ်မာယာသုံးပြီး ဥာဏ်ကစားခဲ့ဖူးတယ်။ အခုလည်း တစ်ချီတစ်ပွဲ နှစ်ချီနှစ်ပွဲလောက်တော့ ဥာဏ်ကစားရလိမ့်ဦးမယ် ထင်တယ်။ အရေးကြီးတာက ပြင်ဆင်စရာ ရှိတာကလေးတွေ အသင့်ဖြစ်အောင် ပြင်ဆင်ဖို့ပဲလိုတယ်။ ဆင်စွယ်သစ်တပ်ဆိုတာက ရှိသေးတော့ ဒီဟာကို ချနေလို့ မဖြစ်ဘူး။

"ကျုပ်လည်း အဲဒီလို စိတ်ထဲက တွေးလိုက်ပြီး သူငယ်မဘက် လှည့်ပြောလိုက်တယ်။

"မင်းကို မေဝါလို့ ခေါ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ရှင်"

"မင်းဟာ နာလာရဲ့သမီး၊ ဝမ်ဘီရဲ့မယား ဟုတ်သလား"

"မှန်ပါတယ် ရှင်"

"မင်း ... ဝမ်ဘီနယ်ကနေပြီး နာလာနယ်ကို ထွက်ပြေးလာတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့် ပြေးလာရသလဲ ... နေဦး .. ခဏနေဦး၊ ကျုပ်လူတွေကို မိန့်ပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို သူငယ်မကို ပြောလိုက်တယ်။ ဒီနောက် အခုချက်ခြင်း ခရီး ထွက်မယ့်အတွက် ဂိုဘိုကိုခေါ်ပြီး သူ့လူတွေကို အသင့်ပြင်ထားဖို့ ကျုပ်က အမိန့်ပေးလိုက်တယ်။ စောစောက ကျုပ်ပြောခဲ့သလို အသက်ကလည်း ငယ်ငယ် ရွယ်ရွယ်၊ ရုပ်ရည်ကလည်း အတော်ချောမောတဲ့ မိန်းကလေးဟာ ဂိုဘိုကို ကျုပ်က အသင့်ပြင်ထားဖို့ အမိန့်ပေးလိုက်ပြီးတဲ့နောက် သူ့ခါးမှာ ချည်ထားတဲ့ ဒရယ် သားရေနဲ့ လုပ်ထားတဲ့ အိတ်ကလေးထဲ လက်နဲ့နှိုက်လိုက်တယ်။ ဒီနောက် သူ့အိတ်ကလေးထဲက တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်တယ်။ အဲဒါက ဘာလဲ ဆိုတော့ ခြောက်သွေ့နေတဲ့ ကလေးငယ်ကလေး တစ်ယောက်ရဲ့ လက်ကလေး တစ်ဘက် ခင်ဗျ။ အမယ်လေး ... လန့်စရာကောင်းလိုက်တာဗျာ။ ဧကန္တ ဒီလက် ကလေးကို ကြပ်တင်ပြီး ခြောက်အောင် လုပ်ထားတာနဲ့ တူတယ်။

"သူငယ်မဟာ လက်ခြောက်ကလေးကို ကိုင်ပြပြီး ကျုပ်ကို ဘာပြော သလဲဆိုတော့ ... 'ကျွန်မ ပြေးလာခဲ့တာ အဲဒီဟာကလေး အတွက်ကြောင့်ပါပဲ။ ဒီလိုပါရှင် ... ဝမ်ဘီနဲ့ ကျွန်မကလေးရပါရောရှင်။ ကလေးရဲ့ အဖေဟာ ဝမ်ဘီပါ၊ ၁၈ လလောက် ကလေးအသက်ရှင်နေပါသေးတယ်။ ကျွန်မ က ဒီကလေးကို သိပ်ချစ်ပါတယ် ရှင်။ ဒါပေမဲ့လို့ ဝမ်ဘီကတော့ကလေးဆိုရင် မချစ်ဘူး။ အား လုံးကို သတ်ပစ်တာချည့်ပဲ။ ကလေးတွေကြီးလာရင် သူ့လို လူမိုက် လူရမ်းကား ကြီးကို သတ်ပစ်မယ်လို့ သူက စိုးရိမ်ကြောက်လန့်နေတယ်ရှင့်။ ကျွန်မရဲ့ကလေး ကိုလည်း သူသတ်ပစ်မယ်လုပ်တော့ ကျွန်မက တောင်းပန်ထားရတယ်။ တစ်နေ့ မှာ စစ်သားအချို့ ကျွန်မတို့တဲရှေ့က ဖြတ်သွားကြတယ်။ အဲဒီလို ဖြတ်သွား တဲ့အခါ ကျွန်မရဲ့သားကလေးကို သူတို့ မြင်သွားတော့ 'မကြာခင် စော်ဘွားကြီး ဖြစ်မယ့် စော်ဘွားလောင်းကလေး' လို့ ဆိုပြီး သူတို့က ကလေးကို အရိုအသေ ပြုကြသရှင့်။ ဒါကို ဝမ်ဘီက ကြားတော့ စိတ်ဆိုးတယ်။ နောက် သူက ကလေး ကို ရိုက်တယ်။ ရိုက်တော့ ကလေးက ငိုတာပေါ့။ ဒီအခါ သူက ဘယ် ကြိမ်းသလဲဆိုတော့၊ ဒီအကောင်လေးကို ကောင်းကောင်းကြီးငိုအောင် လုပ်ပေး မယ်တဲ့။ သူသတ်လိုက်တဲ့ လူဖြူတွေဆီက ခိုးယူထားတဲ့ ပစ္စည်းတွေထဲ ခြသေ့်တွေကို ထောင်ဖမ်းတဲ့ ထောင်ချောက်ကြီး တစ်ခုလည်းပါတယ်ရှင့်။ ထော ချောက်က ဘယ်လောက်တောင် မောင်းသန်သလဲဆိုရင် လူ ၄ ယောက် အ အပေါ်မှာ တစ်ဘက် ၂ ယောက်စီ ရပ်ပြီး ဖွင့်မှ ဖွင့်လို့ရတယ်ရှင့်"

ဤနေရာသို့ ရောက်သောအခါ ကွာတာမိန်းသည် သူ ပြောနေသေ ပုံပြင်ကို ရုတ်တရက် ရပ်လိုက်ပြီးနောက် –

"ဒီမယ် မိတ်ဆွေတို့ ... ပုံပြင်ရဲ့ ခုရောက်ရှိနေတဲ့ အစိတ်အပိုင်း ဆက်ပြီး ပြောဖို့ ကျုပ်စိတ်မပါတော့ဘူးဗျာ။ ဘာကြောင့်လဲဆိုတော့ ကလေး





ဝေဒနာ ခံစားရတာကို ကျုပ်လည်း မကြည့်ရက်ဘူး။ သူတို့ ဝေဒနာခံစားရတဲ့ အကြောင်းကို ပြောလည်းမပြောချင်ဘူး။ ဒီတော့ ဝမ်ဘီဆိုတဲ့ သရဲသဘက် အကောင် ဘာလုပ်တယ်။ နောက်ပြီး ကလေးအမေကို ဘာအကြည့်ခိုင်းသလဲ ဆိုတာ ခင်ဗျားတို့ပဲ တွေးကြည့်ကြပေတော့။ ဝမ်ဘီက သူ့ကလေးကို ဘယ်လို ဘယ်နည်း သတ်ပစ်တဲ့အကြောင်း ပြောတော့ သူငယ်မဟာ တစ်ချက်မှ မတုန် လှုပ်ဘူးဗျို့ ... ယုံတော့၊ သာမန် အဖြစ်အပျက်တစ်ခုကို ပြောနေသလို ခပ်အေး အေး ခပ်တည်တည်ပဲ ပြောနေတယ် ခင်ဗျ။ ဒါပေမဲ့ ဒီလို ပြောပြနေတုန်းမှာ သူ ငယ်မရဲ့ မျက်လုံးတွေဟာ လှုပ်ရှားနေတာ မြင်ရတယ်။

"သူငယ်မက သူ့သားကလေးကို သတ်တဲ့အကြောင်း ပြောပြနေတဲ့ အခိုက် ကျုပ်မှာ စိတ်ထဲက ကြိတ်ပြီး ဒေါသထွက်နေမိတယ်။ အဲ သူ ပြောပြီးတဲ့ နောက်တော့ ကျုပ်က ဘာမှမဖြစ်သလို ဟန်လုပ်ပြီး သိုးကလေးတစ်ကောင် သေသွားသလောက်မှ ဂရုမစိုက်တဲ့ ပုံနဲ့ သူ့ကို မေးလိုက်တယ်။

"ကောင်းပြီ မေဝါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းဘာလုပ်ချင်သလဲ"

"အဲသလို ကျုပ်က မေးလိုက်တော့ မေဝါဟာ သူ့ကိုယ်ကို သူ မားမား မတ်မတ်ကြီး ရပ်လိုက်ပြီး မာကြောအေးစက်တဲ့ အသံနဲ့ ဘယ်လိုပြောလိုက်သလဲ ဆိုတော့ 'ကျွန်မ ဒီလို လုပ်ချင်ပါတယ် လူဖြူဆရာကြီးရှင်။ ဝမ်ဘီဟာ သူနဲ့ရတဲ့ ကျွန်မကလေးကို အသေဆိုးနဲ့သေစေသလို သူ့ကိုလည်းပဲ အဲဒီလို အသေဆိုးမျိုး နဲ့ သေတာကို ကျွန်မ မျက်စေ့နဲ့ တပ်အပ်မြင်သွားစေချင်ပါတယ်။ အဲသလို မြင်သွားနိုင်တဲ့အထိ ကျွန်မဟာ ကြိုးစားမယ်။ တကယ့်ကို ကြိုးစားမယ် ဆရာ ကြီး' လို့ ပြန်ပြောတယ်။

"အင်း ... မင်းပြောတာ ကောင်းတယ် သူငယ်မ ... ကောင်းသော ပြောခြင်းပဲ"

"ဟုတ်ကဲ့ ... ကောင်းသော ပြောခြင်းပါပဲ မာကူမာဇန်၊ ကောင်းသော ပြောဆိုခြင်းပါ။ လွယ်လွယ်နဲ့ မေ့သွားနိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဘယ်သူမှ မေ့နိုင်မှာ မဟုတ်ပါဘူး။ ကြည့်စမ်းပါ၊ ဒီလက်သေကလေးဟာ ကျွန်မရဲ့ခါးကို ဖက်ထားတယ်။ ကျွန်မရဲ့ကလေး အသက်ရှင်စဉ်တုန်းကလည်း သူ့လက် ကလေးဟာ ဒီလိုပဲ ဖက်ထားခဲ့တယ်။ ကလေးက အခု သေသွားပေမယ့်လို့ ညညကျရင် သူ့အိတ်ကလေးထဲက ထွက်လာပြီး ကျွန်မရဲ့ ဆံပင်ကို ပွတ်သပ် ပေးတယ်။ သူ့လက်ဝါး နုနုကလေးနဲ့ ကျွန်မရဲ့ လက်ချောင်းတွေကို ဆုပ်ကိုင် တယ်။ ကျွန်မ သူ့ကို မေ့သွားမှာ စိုးလို့နဲ့တူပါရဲ့။ ညတိုင်း သူ ဒီလိုလည်း လုပ်တယ်ရှင့်။ ဩော် ... ကလေးရယ် ... ကလေးရယ်၊ လွန်ခဲ့တဲ့ ၁၀ ရက်လောက် တုန်းကဆိုရင် ကျွန်မရင်ခွင်မှာ သူ့ကိုပိုက်လို့ပေါ့။ ခုတော့ ... ခုတော့ ဒါကလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကျန်တော့တယ်' လို့ သနားစရာ ညည်းတွားပြီး သူငယ်မဟာ လက်သေကလေးကို နမ်းရှုပ်လိုက်တယ်။ နောက်ပြီး သူ့ကိုယ်ဟာလည်း တွန့်လှုပ်သွားတယ်။ ဒါပေမဲ့ မျက်ရည်ဆိုလို့ တစ်စက်မှ မကျဘူးဗျ။

"နောက်ပြီး သူငယ်မရဲ့စကားက မဆုံးသေးဘူး။ သူက ဆက်ပြောပြန်တယ်။

"ဒီမယ် ဆရာကြီး၊ ဝမ်ဘီရဲ့ ရွာမှာရှိတဲ့ လူဖြူအကျဉ်းသားဟာ ကျွန်မအပေါ်မှာ အင်မတန် ကြင်နာ ထောက်ထားရှာပါတယ်။ သေသွားတဲ့ ကလေးကို သူ ချစ်ရှာတယ် ရှင့်။ ကလေးအဖေက ကလေးကိုသတ်တော့ သူငိုရှာတယ်လေ။ နောက်ပြီး သူ့အသက် အန္တရာယ်ကိုတောင် ဂရုမစိုက်ဘဲ ကျွန်မရဲ့ ယောကျ်ား ဝမ်ဘီကို သူက ရန်တွေ့လိုက်သေးတယ်။ အဲဒီလူဖြူအကြံပေးတာက လူသေအလောင်းကို ကိုင်တွယ်ပြီးတဲ့နောက်မှာ ကိုယ်လက်သန့်စင်ပြီးသွားအောင်တောထဲမှာ ၁၀ ရက်တန်သည်။ ၁၅ ရက်တန်သည်တစ်ယောက်တည်း သွားနေရတဲ့ ကျွန်မတို့ ထုံးစံအတိုင်း နင့်ယောကျ်ားဆီမှာ မွှင့်တောင်းတဲ့၊ အဲဒီလို ခွင့်တောင်းလို့ရရင် တစ်ခါတည်း နင့်အဖေ နာလာရှိတဲ့နေရာသာ တစ်ခါတည်း ပြေးပေတော့တဲ့။ နင့်အဖေနဲ့တွေ့ရင် သေတဲ့ ကလေးအတွက် ပလဲ့စားချေနိုင်အောင် နင့်အဖေကို လှုံ့ဆော်ပြီး ဝမ်ဘီကို စစ်တိုက်ဖို့ နင့်အဖေကို နိုင်းတဲ့ .... သလို သူက အကြံပေးလိုက်ပါတယ်။ သူ့အကြံဟာလည်း မဆိုးဘူးလို့ ကျွန်မထင်ပါတယ်။

"အဲဒီနေ့ညမှာပဲ ကိုယ်လက်သန့်စင်ဖို့ ရွာက ကျွန်မ မထွက်ခင် ဝမ်ဘီရဲ့နယ်မြေထဲမှာ လူဖြူတစ်ယောက်ရောက်နေပြီး အမဲလိုက်နေတယ်ဆိုတဲ့ သတင်းကို ကြားရတယ်။ ဝမ်ဘီကတော့ အရက်တွေမူးပြီး ဒေါသသိပ်ထွက်နေတယ်။ ဒီလူဖြူတွေရယ်၊ လူဖြူရဲ့နောက်က ပါလာတဲ့ လူတွေရယ်ကို ဖမ်းသတ်ပြီး၊ ပါလာတဲ့ ပစ္စည်းတွေကို ယူချေရမယ်လို့ စစ်တပ်တစ်တပ်ကို အသင့်ပြင်ဖို့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာပေါ့ သေနတ်ပြင်တဲ့ ဆရာကြီး(အေဗရီ) က သစ်ရွက်တွေပေါ်မှာ အမှာစာရေးပြီး ကျွန်မကို ပေးတယ်။ မာကူမာဇန်ကို တွေ့အောင်ရှာပြီး သစ်ရွက်ပေါ်မှာ ရေးလိုက်တဲ့ အမှာစာကို ပေးပါတဲ့၊ အကျိုးအကြောင်းကိုလည်း ပြောတဲ့၊ ဒါမှသာ မာကူမာဇန်ဟာ အချိန်မီပြေးနိုင်ပြီး အသက်ဘေးမှ ချမ်းသာရာရမယ်လို့ ကျွန်မကို မှာလိုက်ပါတယ်။ ကိုင်း ... အခု သူမှာလိုက်တဲ့အတိုင်း ကျွန်မဟာ ဆောင်ရွက်ပြီးပါပြီ၊ ဆင်တွေကို သတ်တဲ့ မုဆိုးကြီး မာကူမာဇန်ရှင့်"

"ဒီတော့ ကျုပ်က အေး ... ကျေးဇူးတင်တယ်ကွာ။ ဒါနဲ့ ပြောစမ်းပါဦး၊ ဝမ်ဘီရဲ့စစ်တပ်မှာက လူဘယ်နှစ်ယောက်ပါမယ် ထင်သလဲ"





"လူပေါင်း ၁၅၀ လောက် ရှိပါလိမ့်မယ်"

"စစ်တပ်က အခု ဘယ်ရောက်နေပြီလဲ"

"မြောက်ဘက်မှာပါ ... အခု ဆရာကြီးရဲ့ ခြေရာခံပြီး လိုက်နေလေရဲ့။ မနေ့ကပဲ စစ်တပ်တက်သွားတာ တွေ့လိုက်ရတယ်။ ဆရာကြီးဟာဖြင့် တောင်ခြေနဲ့ ခပ်နီးနီးမှာပဲ ရှိနေလိမ့်ဦးမယ်လို့ ကျွန်မ တွက်မိတယ်။ ဒါကြောင့် ဒီဘက်ကို ကျွန်မ ထွက်အလာမှာ ဆရာကြီးနဲ့ လာတွေ့တာပဲ။ မနက်မိုးလင်းရင်တော့ ဟိုအကောင်တွေ ဒီကိုရောက်လာကြလိမ့်မယ် ထင်ပါတယ်"

"ဟုတ်တယ်၊ မနက်မိုးသောက်ရင်တော့ ဟိုအကောင်တွေ ဒီဘက်ကို ရောက်လာနိုင်တယ်လို့ ကျုပ်လည်း ထင်မိပါတယ်။ ဒါပေမဲ့ အကောင်တွေဟာ မာကူမာဇန်ကိုတော့ တွေ့မှာ မဟုတ်ဘူး။ ဘယ်တွေ့မလဲဗျာ။ ဒီအကောင်တွေအတွက် စပါယ်ရှယ်ပွဲကြီးပွဲကောင်းအနေနဲ့ ဆင်သေကောင်တွေထဲ 'စထစ်ကနင်း' (Stryelurine) အဆိပ်တွေခတ်ထားဖို့ ကျုပ် ပထမကြံထားတယ်။ အကောင်တွေဟာ ဆင်သားကို မစားဘဲမနေဘူး။ မုချ စားကြမှာပဲ။ ဒါပေမဲ့ ဆင်သားထဲ အဆိပ်ခတ်ဖို့ အကြံကို နောက်တော့ ကျုပ် စွန့်လွှတ်လိုက်တယ်။ ကျုပ်မှာက အဲဒီအဆိပ်နည်းနည်းပဲ ရှိတော့လို့ပဲ"

ဤနေရာသို့ရောက်လျှင် ကွာတာမိန်း ပြောနေသည်ကို ကျွန်ုပ် ကြားဖြတ်၍ "အဆိပ်က နည်းနည်းပဲ ရှိတော့လို့လား၊ ဒါမှမဟုတ် အကြံမပက်စက်ချင်လို့လားဗျ ... ကွာတာမိန်းရ" ဟု ရယ်ရယ်မောမော မေးလိုက်၏။

"အဆိပ်က နည်းနည်းပဲရှိတော့လို့ပါလို့ ကျုပ်ပြောတယ် မဟုတ်လားဗျာ။ ဆင်သေသုံးကောင် အသားကို အဆိပ်ခတ်ရမှာက အဆိပ်မီအောင် နှံ့အောင် အများကြီး ခတ်ဖို့လိုတယ် မဟုတ်လားဗျ" ဟု ကွာတာမိန်းက ပြန်ပြောလိုက်၏။

ကျွန်ုပ်ကမူ တစ်စုံတစ်ရာဆက်၍ မပြောတော့ဘဲ ပြုံးသာပြုံးနေလိုက်၏။ 'အလန်' ကဲ့သို့သော လူတစ်ယောက်သည် မည်မျှပင် အခက်အခဲ အကြပ်အတည်းနှင့် တွေ့စေကာမူ၊ ဤကဲ့သို့သော စဉ်းလဲမှုမျိုးကို ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ် သိပြီးဖြစ်၏။ ဤသည်မှာ သူ၏ အမူအကျင့်ဖြစ်ပါ၏။ သူသည် တကယ်ရက်စက်သော လူတစ်ယောက်ဖြစ်သည်။ သနားညှာတာမှု မရှိသောသူဟူ၍ လူအများထင်အောင် သူ့ကိုယ်သူ ပြောဆိုတတ်၏။

ထို့နောက် သူ၏ပုံပြင်ကို ဆက်ပြန်လေသည်။

"အဲဒီအချိန်မှာ ဂိုဘိုရောက်လာပြီး ချီတက်ဖို့ အားလုံးအသင့်ဖြစ်နေပြီဖြစ်ကြောင်း လာပြောတယ်။ ကျုပ်က သူ့ကို ဘာပြောလိုက်သလဲဆိုတော့ 'အေး ... မင်းတို့ အသင့်ဖြစ်နေတယ်ဆိုလို့ ငါ ဝမ်းသာတယ်။ ဘာ့ကြောင့်လဲဆိုတော့ မင်းတို့ မြန်မြန်ချီတက်ကြမှာဘဲဖြစ်မယ်။ မချီတက်ရင်တော့ဟား နောင် ဘယ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တော့မှ ချီတက်နိုင်မယ် မဟုတ်တော့လို့ပဲကွ ကြားလား။ ငါတို့ကို သတိဖို့လို့ ဝမ်ဘီက သူ့စစ်တပ်ကို လွှတ်လိုက်ပြီတဲ့၊ ဒီစစ်တပ်ဟာ မကြာခင် ဒီကို ရောက်လာလိမ့်မယ်' လို့ ပြောလိုက်တယ်"

"အဲသလို ကျုပ်က ပြောလိုက်တော့ ဂိုဘိုဆိုတဲ့ အကောင်ဟာ တစ်ခါတည်း တစ်ကိုယ်လုံး ပြာနှမ်းသွားပြီး သူ့ဒူးနှစ်ဘက်ဟာ ရိုက်နေပါရော ခင်ဗျ။ နောက်တော့ သူက 'အမယ်လေး ... ကြမ္မာကောင်ကြီးဟာ ဝမ်ဘီရဲ့နယ်မြေထဲမှာ သွားချင်ရာသွား၊ လာချင်ရာလာနေတယ်လို့ အစက ကျွန်တော် မပြောလား ခင်ဗျ' လို့ သူက ပြောတယ်။ ဒီတော့ ကျုပ်က –

"ကောင်းပြီ ... အခု မင်းတို့ လုပ်စရာရှိတာက ဒီကြမ္မာကောင်ကြီး သွားလာတာထက် ပိုပြီး မြန်မြန်သွားဖို့လိုတယ်။ ဒါပေမဲ့ ဆင်စွယ်တွေကိုတော့ ထားပစ်ခဲ့လို့ မရဘူးနော်။ ဒီအစွယ်တွေနဲ့ ငါမခွဲဘူးဆိုတာကိုတော့ ပြောလိုက်ပါပေရဲ့' လို့ ကျုပ်က ပြန်ပြောလိုက်သဗျ။

"ဂိုဘိုဟာ နောက်ထပ် ဘာမျှမပြောတော့ဘဲ အထုပ်အပိုးတွေကို ထမ်းကြ သယ်ကြဖို့ အထမ်းသမားတွေကို ခပ်မြန်မြန်ညွှန်ကြားလိုက်ပြီး ဘယ်ဘက်ကို ကျွန်တော်တို့ ပြေးကြရမလဲလို့ ကျုပ်ကို မေးတယ်။

"ဒီတော့ ကျုပ်က ကျုပ်တို့ ဘယ်ဘက်ကို သွားကြရမလဲလို့ မေဝါကို တစ်ဆင့်မေးလိုက်ရပြန်တယ်။ ဒီတော့ မေဝါက နာလာနဲ့ ဝမ်ဘီနယ်မြေနှစ်ခုကို ပိုင်းခြားထားတဲ့ မိုင် ၄၀ လောက်အဝေးမှာ ရှိတဲ့ မိုးထိအောင်ထိုးတက်နေတဲ့ တောင်ထွတ်ကြီးကို လက်နဲ့ ထိုးပြရင်း –

"အဲဒီတောင်ထိပ်ဆီကို သွားရပါမယ်။ တောင်ထိပ်အောက်နားမှာ လူဖြတ်ကျော်သွားနိုင်တဲ့ နေရာရှိပါတယ်။ ဒီတစ်နေရာပဲရှိတယ်။ ဒီနေရာကို အပေါ်ကနေပြီး ပိတ်ဆို့ထားလို့လည်း ရတယ်။ ဒီနေရာကမှ မဖြတ်ကျော်ချင်ဘူးဆိုရင် တောင်ထိပ်ကို ပတ်ပြီး သွားရပါလိမ့်မယ်။ အဲသလို ပတ်ပြီးသွားရင် ခရီးက ၂ ရက်ခွဲကြာလိမ့်မယ်"

"ဒီနေရာကနေပြီး တောင်ထိပ်နဲ့ ကျုပ်တို့ ဘယ်လောက်ဝေးသလဲ မေဝါ"

"ဘယ်လောက်ဝေးသလဲဆိုရင် ကနေ့ည တစ်ညလုံးသွားရမယ်။ နောက်တစ်နေ့လည်းပဲ တစ်နေ့လုံးသွားရမယ်။ နောက်တစ်နေ့ နေဝင်ချိန်လောက်ဆိုရင် တောင်ထိပ်ဆီကို ရောက်နိုင်ပါတယ်"

"ဒီတော့ ကျုပ်လည်း မေဝါပြောတာ နားထောင်ပြီး လေတစ်ချက် ချွန်လိုက်မိတယ်ခင်ဗျ။ ဘာကြောင့်ဆို သူပြောတဲ့အတိုင်းသာဆိုရင် ၄၅ မိုင်ခရီးကို မအိပ်မနေသွားရမှာကိုး။ ဒီနောက် ကျုပ်လူတွေကို သက်သက်သာသာ သူတို့





ဘစ်ဦးချင်း သယ်လာနိုင်သလောက် ချက်ပြီးသား ဆင်သားတွေကို သယ်ယူလာခဲ့ဖို့ ပြောလိုက်တယ်။ ကျုပ်ကိုယ်တိုင်လည်း ကျုပ်သယ်နိုင်သလောက် သယ်လာခဲ့ပါတယ်။ ကျုပ်တို့ စတင်ချီတက်ခါနီးမှာ မေဝါကို ဆင်သားနည်းနည်း ကျုပ်ကျွေးတယ်။ စားဖို့ရာ အတင်းကျွေးရတယ် ခင်ဗျ။ သူက မစားချင်ဘူး။ ကာလုံ့စားချဖို့ သူ့မှာ စိတ်က အင်မတန်ပြင်းထန်နေလေတော့ အိပ်လည်း မအိပ်ချင်၊ ဘားလည်းမစားချင်၊ အနားလည်း မယူချင်ဖြစ်နေတယ်။

"ဒီနောက် ကျုပ်တို့လည်း မေဝါက လမ်းပြတဲ့အတိုင်း ကျုပ်တို့ ချီတက်ကြတယ်။ ချီတက်တဲ့လမ်းက ခပ်ပြေပြေကလေး တဖြည်းဖြည်း မြင့်တက်သွားတယ်ခင်ဗျ။ နာရီဝက်လောက် သွားမိတော့ ချိုင့်ဝှမ်းကြီးတစ်ခုရဲ့ ဟိုဘက်အစွန်းကို ရောက်သွားကြတယ်။ ချိုင့်ဝှမ်းကြီးတစ်ခုလုံးကတော့ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းနေတာပဲ။ ချိုင့်ဝှမ်းကြီးက ဘာနဲ့တူသလဲဆိုရင် ရေအိုင်ကြီးရဲ့ အောက်ခြေမြေခံနဲ့ တူတယ်ခင်ဗျ။ ဒီချိုင့်ဝှမ်းကြီးကို ဖြတ်ပြီး ကျုပ်တို့ ချီတက်နေရတာပဲ ဖြစ်တယ်။ စောစောကပြောသလို ဟိုနေရာ ဒီနေရာလောက်မှာ ကွင်းပြင်ကလေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက်ရှိတာကလွဲလို့ ချိုင့်ဝှမ်းကြီးတစ်ခုလုံးဟာ ချုံတွေ နွယ်တွေ ဖုံးနေတာပဲ။ အဲဒီကွင်းပြင်တွေထဲမှာပေါ့ ဆင်ကြီးတွေကို ကျုပ် ပစ်သတ်ခဲ့တာ။

"ချိုင့်ဝှမ်းကြီးရဲ့ထိပ်ကိုရောက်သွားတော့ မေဝါက ခဏရပ်လိုက်တယ်။ ဒီနောက် သူ့မျက်စေ့ကို လက်နဲ့အုပ်ပြီး နောက်လှည့်ကြည့်လိုက်တယ်။ မကြာပါဘူး၊ သူက ကျုပ်လက်မောင်းကို တို့ပြီး တစ်နေရာကို လက်ညှိုးထိုးပြတယ်။ သူပြတဲ့နေရာက တောတွေရဲ့ ဟိုဘက် ၆ မိုင် ၇ မိုင်လောက်ဝေးတဲ့ ကွင်းပြင်တစ်ခုခင်ဗျ။ ကျုပ်က သူပြတဲ့နေရာကို ကြည့်လိုက်တာ ဝင်စပြုနေတဲ့ နေရောင်ထဲမှာ ပြိုးခနဲ ပြက်ခနဲ လက်သွားတာ တွေ့လိုက်ရတယ်။ ခဏလောက် အရောင်ပျောက်သွားပြီး နောက်တစ်ကြိမ် လက်သွားတာ မြင်လိုက်ရပြန်တယ်။

"ဒါက ဘာလဲလို့ မေဝါကို ကျုပ်က မေးတော့ မေဝါက အခုမြင်လိုက်ရတဲ့ အရောင်ဟာ ဝမ်ဘီရဲ့ စစ်သားတွေ ကိုင်တဲ့ လှံသွားတွေရဲ့ အရောင်တွေပဲ။ ဒီစစ်သားတွေ ချီတက်လာတာဟာ အင်မတန် မြန်တယ်လို့ သူက ခပ်အေးအေးပဲ ပြန်ပြောတယ်။

"သူ့အဖြေကို ကြားရတော့ ကျုပ် မျက်နှာပျက်သွားသလား မဆိုနိုင်ပါဘူး။ မေဝါက ဒီလို ဆက်ပြောတယ်လေ။

"သူက 'မစိုးရိမ်ပါနဲ့ ဆရာကြီး၊ သူတို့ဟာ နားနားနေနေ ဆင်သားကို စားကြဦးမှာပါ။ သူတို့ စားသောက်နေကြတုန်း ကျွန်မတို့ ချီတက်ဖို့အချိန် အများကြီးရပါတယ်။ သူတို့လက်က လွတ်ကောင်းလွတ်နိုင်ပါလိမ့်မယ်' လို့ ပြောသဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်တို့လည်း ဆက်လက်ချီတက်ကြပြန်တယ်။ နေရောင်ပျောက်ပြီး သိပ်မှောင်လာတော့ လသွက်တဲ့အထိ နားပြီး စောင့်ကြရတယ်။ အဲဒီလိုလအထွက်ကို စောင့်လိုက်ကြရတာဟာ အချိန်တွေ ပုပ်ကုန်တော့တာပေါ့။ ဒါပေမဲ့ ကျုပ်တို့တစ်တွေတော့ အနားရလိုက်ပါတယ်။ ကံအားလျော်စွာပဲ ဆိုပါတော့။ ဒီလိုလုံတွေ တလက်လက်ဖြစ်တာကို ကျုပ်အကောင်တစ်ကောင်မှ မမြင်လိုက်ကြဘူးခင်ဗျ။ သူတို့သာ မြင်လိုက်ရရင်တော့လား သူတို့အပေါ် ကျုပ်ဆက်လက်ပြီး အုပ်ချုပ်လို့ရတော့မယ် မထင်ဘူးဗျို့။ ဝန်ထုပ်ဝန်ပိုးကြီးတွေ ထမ်းသယ်ပြီး ခရီးသွားကြရတဲ့ တခြားတိုင်းရင်းသားတွေထက် ကျုပ်ရဲ့အကောင်တွေက ပိုမြန်သဗျ။ မြန်ဆို ဘာပြောကောင်းမလဲ ဝမ်ဘီရဲ့ နယ်မြေထဲက လွတ်ချင်တဲ့ဇောနဲ့ ခြေကုန်သုတ်နေကြတာကိုးဗျ။-ကျုပ်ကတော့ နောက်ဆုံးက လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ထမ်းသယ်လာတဲ့ ဝန်စည်စလည်တွေကို အသယ်ရပေါ့အောင် လွှင့်ပစ်ထားခဲ့ရင် ဒုက္ခ။ ခက်တာက ဒီအကောင်တွေဟာ ဘယ်တော့မှ သူတို့ အနာမခံချင်ဘူး။ တစ်ထုံတစ်ခု နစ်နာမယ်။ အန္တရာယ်ဖြစ်စရာ ရှိတယ်ဆိုရင် ဘာကိုမှ မသယ်တော့ဘူး။ အကုန်လုံး လွှင့်ပစ်မှာပဲ။ အကုန်ပစ်ပြီး ပြေးမှာသေချာသဗျ။

"လထွက်လာတော့ ကျုပ်တို့ခရီးဆက်ကြပြန်တယ်။ သွားကြရင်း တစ်ချက်တစ်ချက် ခဏတဖြုတ် နားရုံကလွဲပြီး ကျုပ်တို့ဟာ တစ်ညလုံးလုံး မနက်အရုဏ်တက်အထိ တောက်လျှောက်ခရီးနှင်ကြတယ်။ မိုးလင်းချိန် ရောက်တော့ ကျုပ်တို့လည်း မတက်နိုင်ကြတော့ဘူး။ အမောအပန်းဖြေဖို့နဲ့ စားဖို့သောက်ဖို့အတွက် နားကြရတယ်။ ဒီနောက် မနက် ၅ နာရီခွဲလောက်မှာ တစ်ခါဆက်ပြီး သွားကြရပြန်တယ်။ မွန်းတည့်ချိန်လောက်မှာ မြစ်ကိုဖြတ်ပြီး ဟိုဘက်ရောက်တယ်ဆိုရင်ပဲ ထူထပ်တဲ့ ချုံနွယ်ပိတ်ပေါင်းတွေကြားထဲကိုးပြီး မြေမြင့်ကို ခက်ခက်ခဲခဲ တက်ကြရတယ်။ ဒီနေရာက ကျုပ် ကျွဲကြီးကို ပစ်သတ်တဲ့နေရာနဲ့ တယ်ပြီး ကူတယ်ခင်ဗျ။ ကျွဲကြီးကိုပစ်တဲ့နေရာကတော့ အခုကျုပ်တို့ရောက်နေတဲ့နေရာရဲ့ အနောက်ဘက် မိုင် ၂၀ လောက်မှာရှိတယ်။ ဝမ်ဘီရဲ့ ရွာနဲ့ဆိုရင် ၂၅ မိုင်ထက် ပိုမဝေးဘူးခင်ဗျ။ အဲ ... ချုံတွေထူထပ်တဲ့ နေရာဟာ ၆ မိုင် ၇ မိုင်လောက် ရှိလိမ့်မယ်။ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းနဲ့ တိုးခွေ့သွားကြရတာပေါ့။

"ဒီနေရာက လွတ်သွားတော့ တောပိုင်းကို ရောက်သွားကြတယ်။ တောဆိုပေမယ့်လို့ သိပ်ပြီး နက်တဲ့တောကြီးတော့ မဟုတ်ပါဘူး။ ဖြတ်သွားရတာ လွယ်ပါတယ်။ ဒါပေမဲ့ အထက်မှာကတော့ ကျောက်တုံးကြီးတွေ ပြန့်ကျဲနေတဲ့ မတ်စောက်တဲ့ တောင်စောင်းကြီးရှိတယ်။ ဒီတောင်စောင်းကနေပြီး တောင်ထွတ်ရဲ့ ခြေရင်းအထိ အတက်ခရီး ၃ မိုင်လောက်ရှိလိမ့်မယ်။ ကျုပ်တို့မှာက





ခြေကလည်း နာလာကြပြီ၊ မောလည်းမောနေကြပြီလေ။ တောပိုင်းက လွန်လာပြီး ဒီတောင်စောင်းကြီးရောက်တော့ ဖြစ်ပုံက တောင်စောင်းပေါ် ရောက်သွားတဲ့အခါ ကျုပ်လူတွေထဲက တချို့က ဟိုဟိုဒီဒီ ကြည့်လိုက်သလား မဆိုနိုင်ဘူး။ လား ... လား သူတို့နောက်က တစ်မိုင်မရှိတရှိမှာ ဝမ်ဘီရဲ့ စစ်သားတွေကိုင်လာတဲ့ လုံတွေကို သွားမြင်လိုက်တာကိုး။

"ပထမတော့ ဘာပြောကောင်းမလဲ။ လုံတွေကိုလည်း သူတို့မြင်လိုက်ရော ကြောက်ချေးပါကုန်ကြတာပဲဗျို့။ အထမ်းသမားတွေဟာ ပစ္စည်းတွေကို ပစ်ပြီး ပြေးကြတော့မယ် လုပ်သဗျ။ ဒီတော့ ကျုပ်က သူတို့ကို နှစ်သိမ့်အားပေးတဲ့ အနေနဲ့ ကျုပ်ကို ယုံကြည်ကိုးစားကြဖို့ အကြောင်း၊ ဒီဘေးအန္တရာယ်က လွတ်အောင် သူတို့ကို ဆောင်ကြဉ်းကယ်တင်သွားမယ့်အကြောင်း၊ ကျုပ်စကားကို နားမထောင်လို့ ထွက်ပြေးရင် ပြေးတဲ့လူကို အသေပစ်သတ်မယ့်အကြောင်း ပြောလိုက်ရတယ်။ ဆင်ကြီး ၃ ကောင်ကို တစ်ယောက်တည်းနဲ့ ပစ်သတ်လိုက်တဲ့အချိန်ကစပြီး ဒီလူတွေအပေါ် ကျုပ်ဟာ အတော်ကြီး ဩဇာညောင်းခဲ့ပါတယ်။ အခုလည်းပဲ ကျုပ်က အဲသလို ပြောလိုက်တယ်ဆိုရင်ပဲ ကျုပ်ရဲ့ စကားကို လေးစားနားထောင်ကြပါတယ်။ ဒါနဲ့ ကျုပ်တို့လည်း တောင်စောင်းကို အပြင်းတက်ကြရတော့တာပဲဗျို့။ 'အယ်လပိုင်' တောင်တက်အသင်းသားတွေတောင်မှ ကျုပ်တို့လောက် မြန်မြန်ကြီး တက်နိုင်ကြလိမ့်မယ် မထင်ဘူး။

"တစ်မိုင်လောက် တက်မိကြတော့ တောရဲ့အဖျားစွန်းကနေပြီး ထွက်လာတဲ့ လုံတွေကို မြင်ကြရသဗျ။ လုံကိုင်စစ်သားတွေကလည်း ကျုပ်တို့ကိုလည်း မြင်လိုက်ရော တစ်ခဲနက် အော်လိုက်ကြတယ်။ သူတို့ အော်သံကြီးဟာ ကျုပ်တို့ဆီကို တစ်ခါတည်း ဟက်လာတာပဲ။ အဲဒီအခါကျတော့ ဘာပြောကောင်းမလဲ ကျုပ် လူတွေဟာ စောစောက မြန်တာထက် အပြေးရော အတက်ရော နှစ်ဆလောက်ပိုပြီး ပြေးတက်ကြတာပေါ့ဗျာ။ ပြေးနေတဲ့လူကို ကြောက်စိတ်က အတောင်တပ်ပေးလိုက်တော့ အပြေးနှုန်းဟာ အရင်ကထက် နှစ်ဆ စံချိန်ကိုက်သွားတာပေါ့။ ဒါပေမဲ့ သူတို့ဟာ မောကလည်း မောနေကြပြီ။ နောက်ပြီး သူတို့သယ်လာရတဲ့ ဝန်ထုပ်ဝန်ပိုးတွေကလည်း အင်မတန်လေးတာယ် မဟုတ်လား။ ဒီတော့ ကျုပ်တို့ဘယ်လောက်ပဲ မြန်မြန်ပြေးပြေး၊ မြင့်မြင့်တက်တက် လုံနဲ့ ပေါ့ပေါ့ပါးပါး ဒိုင်းကလေးတွေလောက်သာ ကိုင်ထားတဲ့ ဝမ်ဘီရဲ့စစ်သား ငပုကောင်တွေကတော့ ကျုပ်တို့ထက် မြန်မြန်တက်နိုင်ကြသပေါ့။ အလိုက်နဲ့ အပြေးဟာ ဘာနဲ့တူသလဲဆိုရင် မြေခွေးလိုက်ပွဲနဲ့ တူတယ် ခင်ဗျ။ ကျုပ်တို့က အလိုက်ခံရတဲ့ ခြေခွေးတွေပေါ့ဗျာ။ ပြီးတော့ ကျုပ်တို့က အထက်ကို ရောက်နေလေတော့ ကျုပ်တို့ကို သူတို့က အတိုင်းသား မြင်နေရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခု ကျုပ် အံ့သြတာကတော့ 'မေဝါ' ပဲ၊ တကယ့်ကိုပဲဗျာ။ မိန်းမသားဆိုပေမဲ့ အပင်ပန်းခံနိုင်ရည်ရှိတယ်။ ဖျတ်လတ်တယ်။ သူဟာ ဘယ်တော့မှ စိတ်အားမလျှော့ဘူး။ အပြေးလည်း မလျှော့ဘူး။ သူငယ်မရဲ့ ကိုယ်ခန္ဓာဟာ သံနဲ့ ဆောက်တည်ထားသလား အောက်မေ့ရတယ်။ ဒီလောက်တောင် ဒုက္ခဆင်းရဲ အပင်ပန်းခံနိုင်တာဟာ သူ့ရဲ့ ပြင်းပြတဲ့ စိတ်ဓာတ်က သူ့ကို လှုံ့ဆော်အားပေးနေတဲ့အတွက်ကြောင့်လို့ ကျုပ်ထင်တယ်။ နို့ပေမဲ့ ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့လေ။ တောင်ထွတ်ရဲ့ခြေရင်းကို မေဝါက ဒုတိယရောက်သွားသဗျ။ ပြေးတဲ့ ဘက်မှာ ဇော်လို့ခေါ်ရလောက်တဲ့ ဂိုဘိုက ပထမရောက်သွားတယ်။

"ဒါနဲ့ တစ်အောင့်လောက် ကြာတော့ ကျုပ်လည်း ဟောဟဲ ဟောဟဲနဲ့ ရောက်သွားတော့တယ်။ ရောက်သွားပြီး အပေါ်ကို မော့ကြည့်လိုက်သဗျ။ ကျုပ်တို့ရဲ့ ရှေ့မှာက နံရံကြီး၊ အမြင့်ပေ ၁၅၀ လောက်ရှိလိမ့်မယ်။ နံရံရဲ့ကျောက်သားအနေအထားက ဒီလိုဖြစ်နေတယ်ခင်ဗျ။ ကျောက်သားပြင်ကြီးကနေပြီး အဖုအထစ်တွေ အစွန်းထွက်နေတယ်။ လှေကားထစ်တွေလိုပေါ့ဗျာ။ ဒါတွေကို ကုတ်တွယ်ပြီး တက်ရင် အတက်ရလွယ်မယ်ပေါ့။ ဒါပေမဲ့ တစ်နေရာမှာတော့ ဒီလိုဖြစ်နေတယ်ခင်ဗျ။ ဘယ်လိုလဲဆိုတော့ ပထမထွက်နေတဲ့ အစွန်းပေါ်တက်ရမယ်။ အစွန်းပေါ်ရောက်ပြီးတော့မှ ဘယ်ဘက်ကို နည်းနည်းတိမ်းပြီး ရှေ့ဆက်တက်ရမယ်။

"အမှန်ကတော့ ခက်ခဲလှတယ်လို့ မဆိုနိုင်ပါဘူး။ သို့သော် တစ်ခုရှိတာက အဲဒီအစွန်းရဲ့ အောက်တည့်တည့်မှာ အင်မတန် နက်တဲ့ အက်ကွဲကြောင်းကြီးကရှိနေတယ်။ တောင်ထိပ်ကနေပြီး ရေတွေ ဒလဟောစီးကျလို့ ဖြစ်ခဲ့ဟန်တူတဲ့ အက်ကွဲကြောင်းကြီးနဲ့ တူပါတယ်။ ကိုယ့်အောက် တည့်တည့်မှာ အင်မတန် နက်တဲ့ ချောက်ကြီး ရှိနေတယ်ဆိုရင် အသည်းကြောင်တဲ့ တောင်တက်သမားတစ်ယောက်အဖို့တော့ အင်မတန် အသည်းယားစရာ ဖြစ်နေမှာပဲ။ ဖြစ်လည်းဖြစ်သွားပါတယ်လေ။ အဲဒီ အစွန်းက လွန်သွားရင်တော့ ကျန်တဲ့ အစိတ်အပိုင်းတွေက အတက်ရမခက်လှပါဘူး။ တောင်ထိပ်ကျတော့ ကမ်းပါးကြီးဟာ ရှေ့ကို ငေါပြီးထွက်နေတယ်။ အဲဒီမှာက ရေတိုက်စားသွားတဲ့အတွက် လမ်းကျဉ်းကလေးတစ်ခု ဖြစ်နေတယ်။ လမ်းက ဘယ်လောက်တောင် ကျဉ်းသလဲဆိုရင် ကျောက်တုံးကြီးတစ်တုံးကို လိမ့်ယူလာပြီး လမ်းကို ပိတ်ထားလိုက်မယ်ဆိုရင် ကြိုးနဲ့ ဆွဲမတက်ဘဲ ဘယ်လိုလူမှ လမ်းကို ဝင်မလာနိုင်ဘူး။

"ဒီအချိန်မှာ ဝမ်ဘီရဲ့ စစ်သားတွေဟာ ကျုပ်တို့နဲ့ ကိုက် ၁၀၀၀ လောက်ပဲ ဝေးတော့တယ်။ ဒီတော့ ကျုပ်တို့မှာ အချိန် သိပ်မရတော့ဘူး။ ဒါကြောင့် ကျုပ်လည်းပဲ ကျုပ်လူတွေကိုစပြီး တက်ကြဖို့ အမိန့်ပေးလိုက်ရတယ်။





မေဝါက လမ်းသိတဲ့အတွက် သူကပဲရှေ့ကတက်ပြီး လမ်းပြရတယ်။ ဒါနဲ့ပဲ တက်ကြရော ဆိုပါတော့၊ တက်တက်ကြွကြွ လုပ်ကြပါတယ်။ ဝန်စည်စလည်တွေကို ရှေ့ကထားပြီး တွန်းထိုးတင်လိုက်ကြ၊ မ, လိုက်ကြနဲ့ပေါ့။ ပထမဆုံးလူသိုက်က မေဝါရဲ့ရှေ့ဆောင်မှုနဲ့ ထိုးထွက်နေတဲ့ ကျောက်စွန်းကို ရောက်သွားတဲ့အခါ သူတို့ဟာ အထုပ်အပိုးတွေကို ကျောက်တန်းတစ်ခုပေါ် တင်လိုက်ကြတယ်။ တင်ပြီးတော့ သူတို့က အထက်ကို တက်ကြတယ်။ နောက်တော့ အထက်ကနေ ဝမ်းလျားမှောက်နေကြပြီး အောက်ကလူတွေ ပင့်ပေးတဲ့ အထုပ်တွေကို ဆွဲတင်ကြရတယ်။ အဲဒီလိုနည်းနဲ့ စောစောကပြောတဲ့ အဆင့်ကို ရောက်သွားကြတယ်။ အဲဒီနေရာကနေပြီး နောက်တစ်ခါ တောင်ထိပ်ကို ဆွဲတင်ကြရပြန်တယ်။

"ဒီအလုပ်ဟာ တယ်တော မမြန်လှဘူး။ အချိန်ယူပြီး လုပ်ရတဲ့ အလုပ်ကိုးဗျ။ ဒီအတောအတွင်း စစ်သားတွေက တစ်ခဲနက် အော်ပြီး လှံတွေ တစ်ဝင့်ဝင့်နဲ့ အပြေးလာနေကြတာကလား။ အခုဆိုရင် သူတို့ဟာ ကျုပ်တို့နဲ့ ကိုက် ၄၀၀ လောက်ပဲဝေးတော့တယ်။ သယ်စရာအထုပ်အပိုးတွေ ခပ်များများနဲ့ ဆင်စွယ်တွေက ကျန်နေသေးတယ်။ အခုအချိန်အထိ ကျုပ်ကတော့ ကျောက်နံရံ ခြေရင်းမှာပဲ ရှိနေသေးတယ်။ အဲဒီနေရာကနေပြီး အထက်ရောက်နေတဲ့ လူတွေကို ဘာလုပ်ကြ၊ ဘာကိုင်ကြစသည်ဖြင့် အမိန့်ပေးနေရတယ်လေ။ ဒါပေမဲ့ ကျုပ်လည်း သူတို့နောက်ကို ပြေးတက်လိုက်ရမယ်ဆိုတာ သိပါတယ်။ ဒီတော့ ကျုပ်မပြေးခင် တက်လာတဲ့ ရန်သူကို ကြောက်သွားအောင် လုပ်ပေးလိုက်ရင် ကောင်းမယ်လို့ ကျုပ်တွေးမိတယ်။ ကျုပ် လက်ထဲမှာက ဝင်ချက်စတာ ကာဘိုင်သေနတ်ရှိတယ်။ သို့သော် ရန်သူက အတော်ဝေးဝေးမှာရှိနေသေးတော့ ဒီသေနတ်နဲ့ ပစ်လို့ ထိမှာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်နံဘေးမှာ ကြောက်ဒူးတုန်နေတဲ့ ဂိုဘိုကို ကျုပ်ကိုင်ထားတဲ့ ဝင်ချက်စတာကို ယူထားဖို့ပေးလိုက်ပြီး သူ့ဆီက 'အိပ်စပရက်' (Express) ရိုင်ဖယ်ကို ဆွဲယူလိုက်တယ်။

"အခုဆိုရင် ရန်သူဟာ ကိုက် ၃၅၀ အဝေးလောက်ရောက်လာနေပြီ။ ဒါပေမဲ့ ကျုပ်ရဲ့ ရိုင်ဖယ်ချိန်ကွင်းက ကိုက် ၃၀၀ အထိပဲ ရှိတယ်။ သို့သော် အပိုကိုက် ၅၀ လောက်ကိုတော့ဖြင့် ရနိုင်ကောင်းပါရဲ့လို့ ကျုပ်စိတ်ချမိတယ်။ ဝမ်ဘီရဲ့ စစ်သားတွေရှေ့မှာ ပြေးလာနေတာက လူနှစ်ယောက်၊ သူတို့က ဝမ်ဘီရဲ့ စစ်တပ်က စစ်ဗိုလ်တွေနဲ့ တူပါတယ်။ တစ်ယောက်က တော်တော် အရပ်ရှည်တယ်ခင်ဗျ။ ဒါနဲ့ ကျုပ်လည်းပဲ သေနတ်ကို ကိုက် ၃၀၀ ချိန်ကွင်းပြင်ထားလိုက်ပြီး ကျောက်တုံးကို ကျောပေးထိုင်လိုက်တယ်။ မြင်ကွင်းထဲလည်း ရောက်လာရော မောင်းကို ဆွဲဖြုတ်လိုက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်းခနဲ သေနတ်သံဟာ ကျုပ်နားကို မရောက်ခင်ပဲ အပစ်ခံရတဲ့ အကောင်ဟာ လက်ကိုတစ်ခါတည်း မြှောက်လိုက်ပြီး ဘုံးခနဲ လဲကျသွားတာ မြင်လိုက်ရသဗျ။ သူနဲ့အတူ ပြေးလာတဲ့ အကောင်ကတော့ ဖြုန်းဆို အပြေးရပ်လိုက်တယ်။ ဒီတော့ ကျုပ်မှာက ချက်ကောင်းရလိုက်ပြန်တာပေါ့။ ခပ်မြန်မြန် ထက်ထက်ပဲ သူ့ကိုချိန်ပြီး ဘယ်ဘက်ပြောင်း ခလုတ်ကို ဆွဲလိုက်ပြန်တယ်။ ဒီအကောင်လည်း တစ်ပတ်အောက် ချာလပတ်လည်သွားပြီး ပုံလျက်သား ကျသွားတော့တာပဲ။ အဲဒီအကောင်နှစ်ကောင်ကျသွားတော့ စစ်သားတွေဟာ တန့်သွားကြတယ်။ ဒီလောက် အဝေးကြီးကနေပြီး လူကို သတ်တာကို သူတို့ တစ်ခါမှ မမြင်ဖူးကြပဲကိုး။ ဒီလိုလုပ်လိုက်တာကို သူတို့က မှော်အတတ်လိုလို၊ စုန်းအတတ်လိုလို၊ ကဝေအတတ် မှော်အတတ်နဲ့လိုလို လုပ်လိုက်တယ်လို့ သူတို့ ထင်ကြဟန်တူပါရဲ့။ အဲဒီလို သူတို့ တန့်ပြီး ခဏရပ်နေကြတာကို အခွင့်ကောင်းယူပြီး ကျုပ်လက်ထဲက ရိုင်ဖယ်ကို ဂိုဘိုကို ပြန်ပေးလိုက်ဟယ်။ ဒီနောက် ဝင်ချက်စတာ သေနတ်ကို စလွယ်သိုင်းပြီး ကျုပ်လည်း ကမ်းပါးကို စတင်တက်တော့တာပဲ။

"အပြင်ဘက် ထိုးထွက်နေတဲ့ ကျောက်စွန်းကပြင်ကို ကျုပ်တို့နှစ်ယောက် ရောက်သွားတဲ့အချိန်မှာ ပစ္စည်းတွေကတော့ တောင်ထိပ်ကို ရောက်သွားကုန်ကြပြီ။ ဒါပေမဲ့ ဆင်စွယ်တွေက ကျန်နေသေးတယ်။ လေးကလည်းလေး၊ ချောကလည်း ချောမွတ်နေတော့ သူတို့ကို ချီရ မ,ရ တင်ရ ပြုရတာ မလွယ်လှဘူး။ အမှန်တော့ ဒီဆင်စွယ်တွေကို မက်မောမနေတော့ဘဲ စွန့်ပစ်ခဲ့ဖို့ ကောင်းတာပဲ။ ဒါပေမဲ့ ဒီလိုပစ်မသွားရက်ဘဲ လောဘကြီးမိလို့ ကျုပ်ကိုယ်ကျုပ် မကြာခဏ အပြစ်တင်နေမိတယ်။ ဒီအစွယ်တွေကို သယ်ဖြစ်အောင် သယ်ရမယ်ဆိုတဲ့ ကျုပ်ရဲ့ တ်ဖောက်ကန်းနိုင်မှုဟာ အပြစ်ကြီးတစ်ခုပဲဗျ။ မဖြစ်ဖြစ်အောင် သယ်ချင်တာကလည်း ကျုပ်မှာ အကြောင်းရှိတယ်လေ။

"ဒီဟာတွေကို ရအောင် ကျုပ်ဟာ ဘယ်လောက်တောင် သက်စွန့်ဆံဖျား အပင်ပန်းခံခဲ့ရတယ်ဆိုတာ ခင်ဗျား တို့ကို ပြောပြီးပြီ မဟုတ်လား။ ခဲခဲယဉ်းယဉ်းနဲ့ ရလာတဲ့ ပစ္စည်းတွေကို ဘယ်မှာ အလွယ်တကူ စွန့်လွှတ်ချင်ပါ့မလဲဗျာ။ ဒီပစ္စည်းတွေကို အဲဒီလို ကွယ်တာနေမိတဲ့ အတွက်ကြောင့် ကျုပ်အသက်ဟာ သေမင်းနဲ့ လက်တစ်ကမ်းအကွာလောက်အထိ ရောက်ခဲ့ရတာပေါ့ဗျာ။ ဂိုဘိုခမျာမှာတော့ သေကျန်ရစ်ခဲ့ရသဗျ။ ကျုပ် အခု ရှေ့ကို ဆက်ပြောမယ့်အထဲမှာ ဒီအကြောင်းပါလာပါလိမ့်မယ်။ ဒါလောက်တွင်မကဘူး ကျုပ်သေနတ်ချက်နဲ့ ရန်သူတွေလည်း အတော့်ကို သေကုန်ကြတယ်။ ငေါထွက်နေတဲ့ ကျောက်စွန်းကြမ်းပြင်ကို ကျုပ်ရောက်သွားတော့ ကျုပ် အကောင်တွေဟာ ဉာဏ်ကိုမသုံးဘဲ





ဆင်စွယ်တွေကို အဖျားဘက်ကနေ မ,ပြီး အထက်ကို မြှောက်တင်ပေးနေလေတော့ အထက်က လူတွေမှာ မိမိရရ မဆုပ်နိုင်မကိုင်နိုင် ဖြစ်နေတော့တာပေါ့။ ဆင်စွယ်တွေက ပြောင်ချောနေတယ် မဟုတ်လား။ အပေါ်ကလူတွေက သူတို့ အနေအထားအရ အင်မတန်လေးလံတဲ့ အစွယ်ကြီးတွေကို မိမိရရ ဆုပ်ကိုင်ပြီး ဆွဲမယူနိုင်ကြဘူး။ ကျုပ်က အစွယ်တွေကို ပြောင်းပြန်ထောင်မြှောက်ပြီးပေးဖို့ ပြောလိုက်ရတယ်။ ဒီလိုမှ ကြမ်းတမ်းပြီး ခွက်ဝင်နေတဲ့ အရင်းပိုင်းကို အထက်က လူတွေ မိမိရရ ဆုပ်ကိုင်ဆွဲယူနိုင်ကြမယ် မဟုတ်လား။ အဲသလို ပြောင်းပြန်ထောင်ပေးလိုက်တော့မှ အပေါ်ကဆွဲယူလို့ ရသွားကြတယ်။ ပထမအစွယ်နှစ်ချောင်းကတော့ ချောချောမောမော အထက်ကို ရောက်သွားပြီ။

"အဲဒီအခိုက် ကျုပ်က နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ 'မာတူကူ' တွေဟာ တောင်ပံဖြန့်ပြီး တောင်စောင်းကို တက်လာနေကြတာကို တွေ့ရတယ် ခင်ဗျ။ ကိုက် ၁၀၀ တောင်မှ မဝေးတော့ဘူး။ ကျုပ်လည်းပဲ ဝင်ချက်စတာ သေနတ်ကို မောင်းတင်ပြီး ပစ်လိုက်တယ်။ ဘယ်နှစ်ယောက်မှန်ပြီး ဘယ်နှစ်ယောက် လွဲသွားတယ်တော့ မပြောတတ်ဘူး။ သို့သော် ကျုပ်တစ်သက်မှာ အခုလောက် ကောင်းကောင်းကြီး မပစ်ခဲ့ဖူးဘူးဆိုတာကတော့ သေချာတယ်။ ကျုပ်မှာ ရန်သူကို တစ်ယောက်ပြီးတစ်ယောက် လှည့်ပစ်နေရတယ်။ ပစ်တယ်သာဆိုရတယ်၊ ချိန်ပစ်ပစ်ရတာ မဟုတ်ဘူး ခင်ဗျ။ ဖန်လုံးတွေကို ခွဲတဲ့ သေနတ်ပစ် ပါရဂူတွေလို မျက်စိနဲ့သာ ကြည့်ပြီး ပစ်ပစ်နေရတာ၊ တစ်ယောက်ပြီးတစ်ယောက် လှည့်ပြီး မြန်မြန်ကြီး ပစ်ချနေရတယ်။ ဒီလိုနဲ့ ရန်သူတွေဟာ ဟောတစ်ယောက် ဟောတစ်ယောက်ဆိုသလို အတုံးအရုံး ကျကုန်ကြတာပဲ။ ကာဗိုင်ထဲမှာ ထည့်ထားတဲ့ ကျည် ၁၂ တောင့်လည်း ကုန်ရော၊ ရန်သူတွေဟာ ရှေ့ကို တက်မလာရဲတော့ဘူး။

"ကျုပ်လည်း နောက်ထပ် ကျည်သစ်တွေကို ကပျာကယာ ကာဗိုင်ထဲ လည်း ထည့်ပြီးတဲ့အချိန်မှာ ကျုပ်တို့ လွတ်ပြေးသွားမယ်ဆိုတာကို သူတို့မြင်တော့ ရန်သူတွေဟာ တစ်ခဲနက် အော်ဟစ်ပြီး တက်လာကြပြန်ပါရော ခင်ဗျ။ အဲဒီအချိန်မှာ နှစ်ပိုင်းဖြတ်ထားတဲ့ ဆင်စွယ်ကြီးနှစ်ဖြတ်ကိုပဲ အပေါ်တင်ပေးဖို့ ကျန်တော့တယ်။ ကျုပ်ကလည်း အတင်းတရကြမ်း စွတ်ပစ်နေတော့တာပဲ။ ဒါပေမဲ့ မထိတဲ့ အကောင်တွေကတော့ ကမ်းပါးကြီးကို တက်လာနေတုန်းပဲဗျ။ ဒါနဲ့ ကျုပ်ကာဗိုင်မှာ မကြာခင်ပဲ ကျည်ကုန်သွားပြန်ပါရော၊ ဒါနဲ့ ကျုပ်လည်း သေနတ်ကို စလွယ်သိုင်း၊ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး တက်ပြေးရတော့တာပေါ့၊ ဒီအကောင်တွေက အနားကို ရောက်လာပြီလေ။ ကျုပ်လည်း အပေါ်ကို တစ်ချက်လှမ်းတက်တုန်း ရန်သူပစ်လိုက်တဲ့ လှံတစ်စင်းဟာ ကျုပ်ခေါင်းနဲ့ သိပ်ကလေး လွတ်ပြီး ကမ်းပါးမှာ သွားစိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ကျန်နေသေးတဲ့ ဆင်စွယ်တစ်ပိုင်းကို အပေါ်မတင်လိုက်ပြီးတဲ့နောက် ကျုပ်က အဲဒီအပိုင်းကို မြှောက်တင်ပေးနေတဲ့ ဂိုဘိုနဲ့ တခြားလူတစ်ယောက်ကို ခပ်မြန်မြန် တက်ပြေးဖို့ ပြောလိုက်တယ်။ နောက်ထပ်ပြောဖို့ မလိုပါဘူးဗျာ။ တစ်ခါတည်း ဂိုဘိုဟာ ဒရောသောပါး တက်တော့တာပဲ။ အဲဒီလို ဒရောသောပါးလုပ်လို့လည်း ခများ အသက်ဆုံးရှုံးသွားရရှာတယ်။ အစွန်းထွက်နေတဲ့ ကျောက်ကပြင်ပေါ် သူက လှားခနဲ ခုန်တက်လိုက်တယ်။ ဖြစ်ပုံက အဲဒီကျောက်ကပြင်ရဲ့ အပြင်ဘက်ကို ဆင်စွယ်တစ်ချောင်းရဲ့ အဖျားက ထွက်နေတယ်။ အဲဒီတော့ ကျောက်ကပြင်ကို လက်နဲ့ မကုပ်မိဘဲ အစွယ်ဖျားကို သွားဆွဲမိတာပေါ့။ ဒီတော့ အစွယ်ဟာ လည်သွားလို့ သူ့လက်ဟာ လျှောခနဲ လွတ်ထွက်သွားပြီး အောက်ကို ကျသွားတော့တာပါပဲဗျာ။ သူဟာ တအားကုန် အော်လိုက်ပြီး တစ်ခါတည်း အောက်မှာရှိတဲ့ ချောက်ကြီးထဲ ကျသွားတော့တယ်။ ကျအသွားမှာ သူ့ကိုယ်က ကျုပ်ကိုတောင် သီသီကလေး ပွတ်သွားသေးတယ်။ ဒါနဲ့ ကျုပ်တို့လည်း ကြက်သေသေ ကြည့်နေကြတုန်း၊ ချက်ချင်းလိုပဲ အောက်က ဗုန်းခနဲ မြည်တဲ့ အသံကြီးကြားလိုက်ရတယ်။ ဝမ်ဘီရဲ့ တိုင်းပြည်မှာ ကြမ္မာကောင်ကြီးဟာ လမ်းသလားနေဟယ်လို့ သူပြောခဲ့ဖူးတဲ့အတိုင်း ဂိုဘိုခများဟာ သူကြောက်တယ်ဆိုတဲ့ ကြမ္မာကောင်ကြီးနဲ့ တွေ့သွားရရှာပြီလေ။

"ဒီနောက် ကျန်နေသေးတဲ့ တစ်ယောက်ကတော့ ပါးစပ်က အော်ပြီး အပေါ်က လှားခနဲခုန်တက်တော့တာပဲ။ သူဟာ ချောချောမောမော အပေါ်ကို ရောက်သွားလို့ တော်ပါသေးရဲ့။ ဒီအဖြစ်ဆိုးကြီး ဖြစ်သွားရတဲ့အတွက် ကျုပ်ကိုယ်တိုင် တွေတွေကြီးဖြစ်ပြီး ခဏရပ်နေမိသေးတယ်။ ဒီအချိန်မှာ ရန်သူဘက်က လွှတ်လိုက်တဲ့ လှံတစ်ချောင်းဟာ ကျုပ်ခြေကြားထဲက ဖြတ်သွားတော့မှ ကျုပ်လည်း သတိရပြီး ကသောကမျော တက်ပြေးရတာပေါ့။ တက်ပြေးလို့ တစ်ဝက်လောက် အရောက်မှာ ကျုပ်အဖြစ်ကို မြင်တဲ့ မေ့ဝါလည်း အပေါ်က ပြန်ဆင်းလာပြီး ကျုပ်လက်ကို ဆွဲတင်တယ် ခင်ဗျ။ အတော်သတ္တိရှိတဲ့ သူငယ်မပေပဲ။ ဆင်စွယ်နဲ့ အကောင်တွေကတော့ ရှေ့ကို တက်သွားနှင့်ကြပြီလေ။ သူငယ်မက အဲသလို လက်ကမ်းပေးပြီး ဆွဲအတင်မှာ ကျုပ်ခြေမျက်စေ့ကို တစ်ယောက်ယောက်က လာပြီး ဆွဲထားလိုက်တာကို သိရသဗျ။

" 'မေ့ဝါရေ ... ဆွဲပါဟ ... ဆွဲပါ' ဟု လို့ ကျုပ်က ပြောတော့ မေ့ဝါခများလည်း အားရှိသလောက် ဆွဲတာပဲဗျို့၊ သူငယ်မက တယ်လည်း အားကောင်းတာပဲ။ အမျိုးသမီးတွေ ကိုက်လက်ကြွံခိုင် သန်မာမှုကို အဲဒီအချိန်လောက် ဘယ်တုံးကမှ ကျုပ်သဘောကျ နှစ်ခြိုက်ချီးမွမ်းတယ်လို့ မရှိခဲ့ဖူးဘူး။ သူငယ်မက ကျုပ်ရဲ့ ဘယ်ဘက်လက်ကို ဆွဲထားတယ်။ အောက်က





ရန်သူကောင်က ကျုပ်ရဲ့ ညာဘက်ခြေထောက်ကို ဆွဲထားတယ်။ အပေါ်ကဆွဲ အောက်ကဆွဲနဲ့ တစ်ယောက်ယောက်ကတော့ လွှတ်လိုက်ရမယ်ဆိုတာကို ကျုပ်သဘောပေါက်မိတယ်။

"ကံအားလျော်စွာပဲ ကျုပ်မှာက သတိရှိနေသေးတယ်လေ။ ကျုပ်ရဲ့ ညာဘက်လက်ဟာ လွတ်နေတယ်။ အဲဒီလက်ထဲမှာက ခြောက်လုံးပြူးရှိတယ်။ ခြောက်လုံးပြူးကို ကျုပ်လက်ကောက်ဝတ်မှာ သားရေကြိုးနဲ့ ချည်ထားသဗျ။ နောက်ပြီး သေနတ်က အသင့်မောင်းတင်ပြီးသား။ အဲ ... ကျုပ်က သေနတ်ကို အောက်စိုက်လိုက်ပြီး မောင်းကို ဖြုတ်လိုက်တော့တာပဲ။ ကျုပ်အနေနဲ့ ပြောရမယ်ဆိုရင်တော့ ရသင့်မထိုက်တဲ့ ရလာဘ်ကို ရလိုက်တယ်ဆိုပါတော့။ ကျည်ဟာ ကျုပ်အောက်က လူကိုထိသွားသဗျာ။ ဘယ်ကိုထိသလဲဆိုတာကိုတော့ ကျုပ်မသိဘူး။ ဘယ်ကိုပဲ ထိထိ၊ အောက်က အကောင်ဟာ ကျုပ်ခြေထောက်ကို တစ်ခါတည်း လွှတ်လိုက်ပြီး ဂိုဘိုရှိတဲ့နေရာကို ခေါက်ထိုး ကျသွားတော့တာပဲ။

"နောက် ချက်ချင်းလိုပဲ ကျုပ်ဟာ ကျောက်ဆောင်ပေါ်ရောက်သွားပြီး အပေါ်ကို ဆက်တက်သွားတော့တာပဲ။ ကျုပ်နောက်က ဝမ်ဘီ စစ်သားတစ်ယောက်က လိုက်လာသေးတယ် ခင်ဗျ။ တောင်ထိပ်ကို ရောက်နှင့်နေတဲ့ ကျုပ်အကောင်တစ်ကောင်က ဆင်ပစ်သေနတ်နဲ့ သူ့ကို ပစ်လိုက်တယ်။ မှန်သွားသလား ဒါမှမဟုတ် ကြောက်လို့လားတော့ မပြောတတ်ဘူး။ ဒီအကောင်နောက်ထပ် ပေါ်မလာတော့ဘူး။ ပျောက်သွားရောဗျ။ တစ်ခုသိလိုက်တာကဘာလဲဆိုတော့ သေနတ်ကျည်ဟာ ကျုပ်ကို မှန်တော့မယ်လို့ သီသီကလေးပဲ လွဲသွားတယ်။ ကျည်ဖြတ်သွားတဲ့ လေအရှိန်ဟာ ကျုပ်ကို ရှပ်တောင်သွားသေးတယ်။

"စက္ကန့် ၃၀ လောက်ကြာပါလိမ့်မယ်။ ကျုပ်ရော၊ မေ့ဝါရော တောင်ထိပ်ကို မောကြီးပန်းကြီးနဲ့ ရောက်သွားတယ်။ ချောချောမောမောပဲ ဆိုပါတော့ဗျာ။

"မေ့ဝါရဲ့ ညွှန်ကြားချက်အရ ကျုပ်လူတွေဟာ အနီးအနားမှာ ပြန့်ကျဲနေတဲ့ ကျောက်တုံးကြီးကြီးတွေနဲ့ လမ်းပေါက်ကို ပိတ်ဆို့ထားလိုက်ကြတယ်။ အောက်က လိုက်လာတဲ့ စစ်သားတွေ ဘယ်လိုနည်းနှင့်မှ ဖြတ်ကျော်မလာနိုင်အောင် လမ်းကို ပိတ်ထားလိုက်ကြတယ်။ ဒါပေမဲ့ ကျုပ်မြင်သမျှ ပြောရရင် ဒီအကောင်တွေဟာ လိုက်ဖို့ ကြိုးတောင် မကြိုးစားကြတော့ပါဘူး။ ဖူးလူးစကားနဲ့ ပြောရရင် ဒီအကောင်တွေရဲ့ နှလုံးသားဟာ အဆီဖြစ်သွားပြီလို့ ပြောရမှာပေါ့။

"နောက်တော့ ကျုပ်တို့အားလုံး ခဏတစ်ဖြုတ် နားကြပြီး အထုပ်အပိုးတွေကို ထမ်းယူကြပြန်တယ်။ တန်ဖိုးကြီးကြီး ပေးယူလိုက်ရတဲ့ ဆင်စွယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါသပေါ့ဗျာ။ ဒါနဲ့ ချုံနွယ်ပိတ်ပေါင်း အင်မတန်ထူတဲ့နေရာတွေကို ၂ မိုင်ကျော်ကျော်လောက် ဖြတ်ပြီး ဆက်သွားကြရပြန်တယ်။ အဲဒီနေရာရောက်တော့ ကျုပ်တို့လည်း ခြေမသယ်နိုင် လက်မသယ်နိုင်ဖြစ်အောင် မောပန်းနေကြပြီ။ ဒါနဲ့ဒီနေရာမှာလည်း ညအိပ်ဖို့ စခန်းချလိုက်ကြတယ်။ ရန်သူက အလစ်ဝင်မစီးနိုင်အောင်လို့လည်းပဲ ကင်းစောင့်တစ်ယောက်ထားပြီး အိပ်ကြရတယ်ပေါ့ ခင်ဗျာ"

၆

## တိုက်ပွဲအတွက် အစီအစဉ်လုပ်ခြင်း

"ကျုပ်အခု ပြောခဲ့တဲ့အတိုင်း ဒုက္ခအသွယ်သွယ်၊ ဘေးအန္တရာယ်အဖုံဖုံ၊ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကများလွန်းတော့ ကျုပ်လည်း အင်မတန် ပင်ပန်းပြီး အဲဒီနေ့ညမှာ တစ်ခါတည်း အားရပါးရ အိပ်ပစ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပျော်သွားတော့တာပဲဗျို့။ တစ်ကိုယ်လုံးလည်း ရိုက်ထားသလို နာကျင်နေတယ်။ ဒါနဲ့ သူ့အနားမှာ ခွေးအ,တွေ တစ်စီစီဝိုင်းပြီး မနိုးသော အိပ်ခြင်းနဲ့ အိပ်အပျော်ကြီး ပျော်နေရှာတဲ့ ဂိုဘို ခများကိုတော့ ကျုပ်သတိရမိနေတယ်။ ခများဟာ ကျုပ်ပြောသလိုမလုပ်၊ ဉာဏ်ကို အသုံးမချမိလို့ သတိလက်လွတ်ဖြစ်ပြီး ဒီလိုအသေဆိုးနဲ့ သေသွားရတာကို ကျုပ်ဝမ်းနည်းလို့ မဆုံးပါဘူးဗျာ။ ဒါနဲ့ နောက်မိုးလင်း အိပ်ရာကနိုးလာတော့ ကျုပ်လည်း အိပ်ရေးဝပြီး လန်းလန်းဆန်းဆန်း ဖြစ်လာတယ်ဆိုပါတော့။

"ဒီနောက် ကျုပ်တို့လူစုဟာ ပြင်ဆင်စရာရှိတာ ပြင်ဆင်၊ ယူဆောင်စရာ ရှိတာ ယူဆောင်ပြီး နာလာရဲ့ရွာကို လာခဲ့ကြတယ်။ သူတို့ရွာကို နေဝင်ချိန်ကျမှ ရောက်သွားတယ်။ ဇူးလူးတို့ ထုံးစံအတိုင်း ရွာကို ကွင်းပြင်မှာ တည်ထားပြီး ခြံစည်းရိုးကို အဝိုင်းပုံသဏ္ဌာန်ခတ်ထားတယ်။ တဲတွေကတော့ ပျားအုံပုံစံအတိုင်းပဲ ခင်ဗျ။ ကျွဲနွားတွေထားတဲ့ ခြံကတော့ ရွာရဲ့နောက်ကျကျ လက်ဝဲဘက် ခပ်ယွန်းယွန်းမှာ ရှိတယ်။ သူတို့ရဲ့ အလေ့အကျင့်နဲ့ စကားအပြောအဆိုတို့ ထောက်ပြီး ဒီ 'ဗူတီရာနာ' (Butiana)တွေဟာ ဇန်တူကူလူမျိုး တစ်စိတ်တစ်ဒေသ ဖြစ်တယ်ဆိုတာကို သိနိုင်တယ်။ ဇန်တူကူလူမျိုးဆိုတာကလည်း တီ – ချာကာ (T'chaka) ဘုရင်လက်ထက်ကစပြီး ဇူးလူးလူမျိုးရယ်လို့ ခေါ်ဆိုထင်ရှားလာခဲ့တယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့ညက စော်ဘွားကြီး နာလာနဲ့ ကျုပ် မတွေ့ခဲ့ရဘူး။ ရွာကို ကျုပ်တို့ ရောက်သွားတော့ သမီးဖြစ်သူ မေဝါက သူ့အဖေရဲ့တဲကို သွားတယ်။ မကြာခင်ပဲ နာလာရဲ့ အကြီးအကဲ လူကြီးတစ်ယောက်ဟာ သိုးတစ်ကောင်ရယ်၊ ပြောင်းဖူးတွေရယ်၊ နို့ရယ် ကျုပ်တို့စားဖို့ ယူလာပေးတယ်။ စော်ဘွားကြီးက နှုတ်ခွန်းဆက်သလိုက်တဲ့အကြောင်းနဲ့ နောက်တစ်နေ့မှာ ကျုပ်တို့ကို တွေ့ဆုံမယ့်အကြောင်း၊ အဲဒီအကြီးအကဲ လူကြီးက ပြောပြတယ်။ နောက်ပြီး ကျုပ်တို့နဲ့ ကျုပ်တို့ရဲ့ပစ္စည်းတွေကို လုံလုံခြုံခြုံရှိပြီး အနှောင့်အယှက် ကင်းမယ့်နေရာကို ခေါ်သွားဖို့ အမိန့်ပေးလိုက်တဲ့အကြောင်း၊ အဲဟိုနေရာမှာ ကျုပ်တို့ အေးအေးသက်သာ စခန်းချအိပ်စက်နားနေကြရမည့်အကြောင်းလည်း ပြောတယ်။ အဲသလိုပြောပြီးတဲ့နောက် နာလာရဲ့ တဲအိမ်တွေကိုကာရံထားတဲ့ ဝင်းအပြင်ဘက်က အင်မတန် ကောင်းမွန်တဲ့ တဲအိမ်တွေဆီကို ခေါ်ဆောင်သွားပါတယ်။ အဲဒီ တဲအိမ်များမှာပဲ ကျုပ်တို့လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အေးအေးချမ်းချမ်း အိပ်စက်ကြရတယ်။

"မနက် ၈ နာရီထိုးလောက်ကျတော့ မနေ့ကလာတဲ့ လူကြီးပဲ ရောက်လာပြီး နာလာက သူ့ဆီကို လာရောက်ဖို့ ဖိတ်လိုက်ကြောင်းပြောလို့ ကျုပ်လည်း သူနဲ့အတူ နာလာရဲ့ အိမ်ဝင်းထဲကို လိုက်သွားရတယ်။ ရောက်တော့ သူက ကျုပ်ကို စော်ဘွားကြီးနဲ့ မိတ်ဆက်ပေးတယ်။ စော်ဘွားကြီးဟာ အသက် ၅၀ လောက်ရှိပြီး လူချောလူခန့်ကြီးဗျ။ ခြေတွေလက်တွေဟာ အချိုးအစား အင်မတန် ပြေပြစ်တယ်။ ပါးစပ်ကလည်း အားနဲ့မာန်နဲ့ အပြည့်ရှိတယ်ဆိုတာ ဖော်ပြနေတယ်။ သူ့တဲရဲ့ အပြင်ဘက် ကျက်ထားတဲ့ နွားသားရေဖျာပေါ်မှာ စော်ဘွားကြီး ထိုင်နေတာကို တွေ့ရပြီး သူ့နံဘေးမှာ သမီးမေဝါက မတ်တတ်ရပ်နေတယ်။ စော်ဘွားကြီးကို ဝိုင်းပြီး အကြီးအကဲ လူကြီးနှစ်ဆယ်လောက်က ထိုင်နေကြတယ်။ နို့ပေမဲ့ အကြီးအကဲလူကြီးတွေ နောက်ထပ် မကြာမကြာ ရောက်လာနေလို့ လူအတော်များလာတယ်၊ ဘယ်လောက်လို့တော့ အတိအကျ ကျုပ်မသိဘူး။

"ကျုပ်ရောက်သွားတော့ အဲဒီလူကြီးတွေက ကျုပ်ကို အရိုအသေပြု နှုတ်ဆက်ကြတယ်။ စော်ဘွားကြီးက နေရာကထပြီး ကျုပ်လက်ကို ဆွဲကိုင်ထားပါတယ်။ ကျုပ်ထိုင်ဖို့ခွေးခြေတစ်ခုယူလာခဲ့ဖို့လည်း အမိန့်ပေးလိုက်တယ်။ အမိန့်ပေးပြီးတဲ့နောက် သူတို့တိုင်းရင်းသားယဉ်ကျေးမှု ထုံးစံအတိုင်း အင်မတန် လေးစားတဲ့ အမူအရာနဲ့ သူ့သမီးမေဝါဟာ ဘေးအန္တရာယ်နှင့် ရင်ဆိုင်တွေ့ကြုံနေရပြီး ဒုက္ခရောက်နေတဲ့ အချိန်မှာ ကျုပ်က ကောင်းစွာ စောင့်ရှောက်ကာကွယ်ပေးတဲ့ အတွက် ကျေးဇူးတင်တဲ့အကြောင်း၊ ကျောက်ကမ်းပါး လမ်းမြောင်မှာ ကျုပ်ကိုယ်တိုင် သတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ရန်သူတွေမတိုက်ခိုက်နိုင်အောင် ကာကွယ်ထိန်းသိမ်းလိုက်





တဲ့အတွက် ကျုပ်ကို ကျေးဇူးတင်တဲ့ အကြောင်းတွေကို ဖော်ဖော်ရွှေရွှေ ပြောနေပါလေရော ခင်ဗျာ။ ဒီတော့ ကျုပ်ကလည်း အလိုက်အထိုက် ပြန်ပြောရတာပေါ့။

"ကျုပ် ပြောပုံက တကယ်လို့ ကျေးဇူးတင်စရာရှိလျှင် မေဝါကိုသာ ကျေးဇူးတင်သင့်တဲ့အကြောင်း၊ ဘာကြောင့်လဲဆိုတော့ သူက ဘယ်နေရာမျိုးမဆို ကျုပ်ကို ကြိုတင်ပြီး သတိပေးတယ်။ ပြီးတော့ တောတောင်ရေမြေ အနေအထားကိုလည်း သူက သိနေလို့ အခုလို ဒီကို ချောချောမောမော ရောက်အောင် လာနိုင်တဲ့အကြောင်း၊ ကျောက်ကမ်းပါးလမ်းမြောင်ကို ရန်သူများ မတတ်နိုင်အောင် ကာကွယ်တဲ့ ကိစ္စကတော့ ကျုပ်ရဲ့ သေရေးရှင်ရေးဖြစ်နေတဲ့အတွက် အင်တိုက်အားတိုက် အစွမ်းကုန် ကာကွယ်လိုက်ရတဲ့အကြောင်း စသည်ဖြင့်ပေါ့ဗျာ။

"အဲဒီလို ကျုပ်က လောကဝတ်စကားတွေကို ပြန်ပြောပြီးတဲ့နောက်၊ နာလာက လူကြီးတွေရှေ့မှာ သူ့သမီးရဲ့ အဖြစ်အပျက်တွေကို ကြားရအောင် မေဝါကို ပြန်ပြောဖို့ ခိုင်းလိုက်တယ်။ ဒီတော့ မေဝါကလည်း သူ့အဖြစ်အပျက်ကို ရှင်းရှင်းနဲ့ ထိထိမိမိ ပြောပြတယ်။ သူမလိုလား၊ မနှစ်သက်ဘဲ ဝမ်ဘီဆီကို သတိုးသမီးအဖြစ်နှင့် သွားပြီး၊ သူ့မယားအဖြစ် နေခဲ့ရတဲ့အကြောင်း၊ မင်္ဂလာကြေးအတွက် ကျွဲနွား စသည်တို့ကိုလည်း ဝမ်ဘီက တစ်စုံတစ်ရာ မပေးကြောင်း၊ သူ့ကို သတို့သမီးအဖြစ် အလကား မပေးလျှင် ဝမ်ဘီက စစ်ပြုမည် ခြိမ်းခြောက်တဲ့အတွက် သွားခဲ့ရကြောင်း၊ ဝမ်ဘီရဲ့ရွာကို ရောက်သည့်နေ့က စ၍ နေ့အချိန်များတွင် ခါးကျိုးလုမတတ် နေ့စဉ်အလုပ်လုပ်ရပြီး၊ ညဉ့်အချိန်များ၌ မီးမီမှာ ငို၍သာနေလာခဲ့ရကြောင်း၊ ရိုက်လည်းအရိုက်ခံရ၊ ဂရုပြု ညှာတာခြင်းလည်း မရှိ၊ သူလိုစော်ဘွားကြီးတစ်ယောက်ရဲ့ သမီးတစ်ယောက်ကို အနုံညာတ မယားတစ်ယောက်လို သဘောထားပြီး လုပ်ခိုင်းကြောင်း၊ ဤကဲ့သို့ နေလာရင်းဖြင့် သူ့မှာ ကလေးတစ်ယောက် ရလာခဲ့တဲ့အကြောင်း ပြောပြတယ်။

"ဒီနောက် ပရိသတ်က စကားတစ်ခွန်းမှ မပြောဘဲ ဆိတ်ငြိမ်နေကြတယ်။ ဒါနဲ့ မေဝါက ဆက်ပြီး သူ့ကလေးဟာ နောက်ဆုံး ဘယ်လိုဖြစ်သွားရတဲ့အကြောင်း၊ ကျုပ်ကို ပြောပြတဲ့အတိုင်း လူကြီးတွေကို ပြောပြလိုက်တယ်။ အဲဒီလို မေဝါက သူ့ကလေးအကြောင်းကို ပြောပြီးတဲ့အခါ နားထောင်နေသူတွေက 'ဖြစ်ရလေခြင်း မေဝါရယ်၊ ဖြစ်ရလေခြင်းကွယ်' လို့ အသံထွက်အောင် ညည်းညူလိုက်ကြတယ်။

"ဒီနောက် မီးထွက်မတတ်ထင်ရတဲ့ မျက်လုံးများနဲ့ မေဝါက ဆက်ပြီးပြန်တယ်။ 'ကျွန်မ ပြောတာတွေဟာ အမှန်ချည့်ပါ။ ပျားရည်ပေးတဲ့ပန်းမှာ ပျားရည်အပြည့်ရှိသလို ကျွန်မရဲ့ပါးစပ်မှာလည်း အမှန်တရား အပြည့်ရှိပါတယ်ဒ မြက်ဟာ မနက်ခင်းမှာ မြူနှင်းနဲ့ စွတ်စိုနေသလို ကျွန်မရဲ့ မျက်လုံးများဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ စွတ်စိုနေခဲ့ရပါတယ်။ ကျွန်မရဲ့ကလေးသေရတာကို ကျွန်မရဲ့မျက်စိနဲ့ တပ်အပ်မြင်ရတယ်ဆိုတာ အမှန်ပါ။ ကြည့်ပါ လူကြီးမင်းများရှင့်၊ ကျွန်မ သက်သေပြပါ့မယ်' အဲသလို ပြောပြီး မေဝါက ကလေးသေရဲ့ လက်ခြောက်ကလေးကို သူ့အိတ်ကလေးထဲက ထုတ်ပြီး လူကြီးတွေကို ပြလိုက်တယ်။

"လူကြီးတွေက 'ဖြစ်ရလေ… ဖြစ်ရလေ၊ ဒါဟာ လက်အသေကလေးပဲ' လို့ ပြောပြီး စုတ်သပ်ကြတယ်။ နောက်မေဝါက ဆက်ပြောပြန်တယ်။

"ဟုတ်ပါတယ်။ ဒါဟာ ကျွန်မရဲ့ သေသွားရှာတဲ့ ကလေးရဲ့ လက်ကလေးပဲ။ သွေ့ခြောက်အောင် ပြုလုပ်ထားတာပါ။ ဒါကို ကျွန်မ ဆောင်ထားတာက သူ့အကြောင်းကို မေ့မသွားအောင်လို့ပါပဲ။ တစ်နာရီလောက်မှ ဒီအကြောင်းကို သတိမေ့ မသွားချင်ဘူး။ ကျွန်မ အသက်ရှင်နေသရွေ့ သတိရနေပြီး ဝမ်ဘီသေတာကို မြင်သွားချင်တယ်။ ကျွန်မ စိတ်ဆင်းရဲကိုယ်ဆင်းရဲခံရတာတွေအတွက် သူသေမှပြန်ပြီး လက်စားချေရာရောက်မယ်။ (သူ့ဖခင်၏ မျက်နှာကို ကြည့်လျက်) ဒီမယ် အဖေ၊ အဖေ့ရဲ့ သမီးနဲ့ အဖေ့ရဲ့ မြေးကလေးကို မာတူကူ တစ်ယောက်က ဒီလိုပဲ ပြုမူလိုက်တာကို သည်းခံနေတော့မှာလား။ (လူကြီးများဘက်သို့ တစ်ဖန်လှည့်၍) ဒီမယ် လူကြီးမင်းများရှင့် လူကြီးမင်းများရော သည်းခံလို့ နေကြတော့မှာလား"

"အဲဒီအခါမှာ လူကြီးတစ်ယောက်က မတ်တတ်ရပ်ပြီး ဒီအရေးဟာ သည်းခံနေရမယ့် အရေးမဟုတ်ဘူး။ ခွေးမသား မာတူကူတွေနဲ့ သူတို့ရဲ့ အာကျယ်စော်ဘွားက နှိပ်စက်ကလူပြုတာတွေနဲ့ ညှဉ်းပန်းတာတွေကို ကျုပ်တို့ ခံလာရတာများပြီ။ ဒီတော့ ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ' လို့ ပရိသတ်ကို ပြောလိုက်တယ်။

"ဒီတော့ နာလာက ဘယ်လိုပြောလိုက်သလဲဆိုရင် 'မှန်တယ်။ ဒီအရေးဟာ ငုံ့ပြီးခံနေလို့ မဖြစ်တဲ့အရေးဘဲ၊ ဒါပေမဲ့လို့ အင်အားကြီးတဲ့ မာတူကူတွေကို ကျုပ်တို့က ဘယ်လိုလုပ်ပြီး ရင်ဆိုင်ကြမလဲ၊ စော်ဘွားကြီး နာလာက အဲဒီလိုပြောလိုက်တော့ မေဝါက ကျုပ်ကို လက်ညှိုးထိုးပြပြီး သူ့ကို မေးကြည့်ပါ။ ပညာရှိ လူဖြူဆရာကြီး မာကူမာဇန်ကို မေးကြည့်ပါလားရှင့်လို့ ပြောလိုက်တယ်။

"ဒီတော့ နာလာက ကျုပ်ကို ကြည့်ပြီး 'ဝမ်ဘီကို ဘယ်လို ဘယ်နည်းနဲ့ အနိုင်ရနိုင်မလဲ မှဆိုးကြီး မာကူမာဇန် ခင်ဗျား' လို့ မေးတယ်။

"ကျုပ်က ဘယ်လိုပြန်ပြီး မေးလိုက်သလဲသိကြလား … ဒီလိုဗျ"

"တောခွေးဟာ ခြင်္သေ့ကို ဘယ်လို အနိုင်ယူသလဲ နာလာရဲ့"

"ဉာဏ်ပရိယာယ်သုံးပြီး အနိုင်ယူပါတယ်။ မာကူမာဇန်"





"ဟုတ်တာပေါ့၊ ခင်ဗျား ပြောတာ မှန်တယ်။ ဒီလိုနည်းနဲ့ ဝမ်ဘီကို ခင်ဗျားတို့ အနိုင်ရနိုင်တယ် နာလာ"

"အဲသလို ပြောဆိုနေတုန်း ဗြုန်းခနဲ လူတစ်ယောက်ဝင်လာလို့ စကားပြတ်သွားတယ်။ ဒီလူက ဝမ်ဘီထံမှ ဆက်သားများ ဆိုက်ရောက်လာကြောင်း အစီရင်ခံတယ်။

"ဒီတော့ နာလာက 'သူတို့ ဘာအမှာစကား ယူခဲ့သလဲ' လို့ မေးလိုက်တယ်။

"စော်ဘွားကြီးသမီး မေဝါနဲ့တကွ လူဖြူမုဆိုးကြီးကိုပါ ပြန်ပို့ပေးရန် အဲဒီဆက်သားများက ပြောကြပါတယ်။ ဒါဟာ အမှာစကားပါပဲ'လို့ ပြောတယ်။

"ဒီတော့ နာလာက 'ဒီမယ် မာကူမာဇန် အခုကိစ္စ ကျွန်ုပ် ဘယ်လို ပြန်ကြားလိုက်ရင် ကောင်းမလဲလို့' ကျုပ်ကို မေးတယ်။ အဲသလို မေးတာကလည်း သတင်းလာပို့တဲ့သူ ထွက်သွားမှ မေးတာကိုးဗျ။

"ဒီတော့ ကျုပ်လည်း ခဏလောက်စဉ်းစားပြီး 'သမီးနဲ့တကွ ကျုပ်ကိုပါ ပို့ပေးမယ်လို့ပြောပါ။ ပြီးတော့ ဆက်သားတွေ ပြန်နှင့်ကြလို့ပြော၊ ဒါထက် ခဏနေပါဦး၊ ဟိုလူတွေလာရင် ကျုပ်ကို တွေ့မသွားအောင် ဒီတဲထဲတစ်နေရာမှာ ကျုပ် ဝင်နေမယ် ဟုတ်လား' လို့ ပြောပြီး ကျုပ်က တစ်နေရာမှာ ဝင်ပုန်းနေလိုက်တယ် ခင်ဗျ။

"မကြာခင်ပဲ ဝမ်ဘီရဲ့ဆက်သားတွေ ရောက်လာကြတာကို တဲရဲ့အက်ကြားတစ်နေရာကနေပြီး ကျုပ် ချောင်းကြည့်လို့ မြင်ရတယ်။ လူတွေက ကြမ်းကြုတ်တဲ့ အမူအရာကြီးတွေနဲ့ဗျ။ လူက အားလုံးလေးယောက်၊ သူတို့ကို ကြည့်ရတာ ခရီးကြမ်းနှင်လာရလို့ အင်မတန် မောပန်းပြီးနေတဲ့ လက္ခဏာပဲ။ မှင်နဲ့မောင်းနဲ့ဝင်လာကြပြီး နာလာရဲ့ရှေ့မှာ ဝင်ထိုင်လိုက်ကြသဗျ။

"နာလာက မျက်မှောင်ကြုတ်ပြီး 'ဘာကိစ္စလဲ' လို့ မေးလိုက်တယ်။

"လူလေးယောက်အထဲမှာ ခေါင်းဆောင်ဖြစ်တဲ့လူက 'ကျုပ်တို့ ဝမ်ဘီထံက လာခဲ့တယ်။ ဝမ်ဘီ၏ကျွန်ဖြစ်သော နာလာထံ ဝမ်ဘီ၏ အမိန့်အမှာစကားများကို ဆောင်ယူလာခဲ့သည်' လို့ ဖြေတယ်။

"နာလာက အားမာန်အပြည့်အဝရှိတဲ့ သူ့ပါးစပ်ကို တစ်ချက်ရွဲ့လိုက်ပြီး 'ဘာအမှာစကားလဲ ပြောစမ်း' တဲ့။

"ဝမ်ဘီက ဤသို့ အမိန့်ရှိလိုက်သည်။ ကျွန်ုပ်၏ရွာမှ ထွက်ပြေးသွားသော ကျွန်ုပ်၏ ဇနီးမယားအား ပြန်ပို့စေ၊ ထို့ပြင် ကျွန်ုပ်၏ နယ်မြေတွင် ကျွန်ုပ်၏ ခွင့်ပြုချက်မရရှိဘဲ ရဲဝံ့စွာ အမဲပစ်ရန်နှင့် ကျွန်ုပ်၏ စစ်သားများအား



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ရန် ရောက်ရှိလာသော လူဖြူအားလည်း ကျွန်ုပ်၏ ဇနီးမယားနှင့်အတူ ကျွန်ုပ်ထံပို့ အပ်စေ"

"အဲဒီလို အဖြေပေးတော့ နာလာက 'ကျုပ်က သူတို့ကို ပြန်ပြီးမပို့ အပ်ဘူးဆိုရင်ကော' တဲ့။

"ဒီတော့ ဟိုလူက ....

ပြန်မပို့ဘူးဆိုရင် ကျုပ်တို့က ဝမ်ဘီ၏ကိုယ်စား သင့်အား စစ်ကြေငြာရလိမ့်မည်။ ဝမ်ဘီက သင့်အား စားပစ်လိမ့်မည်။ ထို့ပြင် သင်၏လူတွေပါ အားလုံး သုတ်သင်ပစ်လိမ့်မည်။ သင်၏ရွာကိုလည်း ပြား၍သွားအောင် နင်းချေပစ်လိမ့်မည်"

"ဒီလူက အဲသလို ဟိန်းဟောက်ပြီး သူ့ပါးစပ်ကို သူလိုးတဲ့ဟန် လုပ်ပြလိုက်တယ်။ အဓိပ္ပာယ်ကတော့ ဝမ်ဘီကို တော်လှန်ခံ့သူ စော်ဘွားကြီးအား ဘယ်နည်းဘယ်ပုံ ချေမှုန်းပစ်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ခင်ဗျာ။

"ဒီတော့ နာလာက 'ဒီစကားက အင်မတန် အရေးကြီးတဲ့ စကားပဲ။ အဖြေမပေးခင် ကျုပ်ရဲ့ အကြီးအကဲများနဲ့ တိုင်ပင်ပါရစေဦးလား"

"နာလာက အဲသလို ပြောလိုက်ပြီး တကတည်း ဘာမှ သင်ကြားတတ်မြောက်ထားခြင်းမရှိတဲ့ လူရိုင်းတစ်ယောက်အဖို့ လက်ဖျားခါရလောက်အောင် ဟန်တွေပန်တွေလုပ်လိုက်တာများ တကယ့်ကို ချီးမွမ်းစရာကောင်းတာပဲဗျို့။ ဝမ်ဘီရဲ့ လူတွေက ခဏရှောင်ပေးလိုက်ကြတယ်။ဒါပေမဲ့ အဝေးကြီး သွားနေကြတာ မဟုတ်ပါဘူး။ နာလာတို့ကို မြင်နေရတဲ့ နေရာခပ်လှမ်းလှမ်းလောက်မှာ နေကြတယ်။ နာလာက သူ့လူကြီးတွေနဲ့ လေးလေးနက်နက်ကြီး တိုင်ပင်ဆွေးနွေးနေဟန်ပြုသဗျ။ မေဝါကတော့ သူ့အဖေ ခြေရင်းမှာဝပ်ပြီး ငိုနေဟန်ဆောင်နေသဗျ။ ငိုကြီးချက်မနဲ့ သူ့အဖေက သူ့ကို ကယ်ပါဆိုတဲ့အကြောင်းနဲ့ တောင်းပန်နေပုံပေါ့ဗျာ။ နာလာကြီးကတော့ သူ့လက်တွေကို ဆုပ်လိုက်ဖြန့်လိုက်လုပ်ပြီး သူ့စိတ်ကိုသူ မဝေခွဲနိုင်အောင် ဖြစ်နေတဲ့ ပုံလုပ်နေတယ်။ အဲ ... နောက်တော့ ဝမ်ဘီရဲ့ လူတွေကို သူ့အနားပြန်ခေါ်လိုက်ပြီး စကားစပြောတယ်။ နာလာကြီးက စကားပြောနေတုန်း မေဝါကတော့ သူ့အဖေနံဘေးမှာ သဏ္ဍာန်လုပ်သရုပ်နဲ့တူအောင်ကို ကြူကြူပါအောင် ငိုနေတော့တာပဲ။

"ဒီနောက် နာလာက အောက်ပါအဆိုအမိန့်ကို ရာဇသံပါပါနဲ့ ဆက်သား ခေါင်းဆောင်ကို ရွတ်ဆိုပြလိုက်သဗျ။ ဒါဟာ သူ့အမိန့်ပဲတဲ့။

"ဝမ်ဘီသည် အင်အားကြီးမားလှသော စော်ဘွားကြီးဖြစ်သည်။ ဤသူငယ်မသည်လည်း သူ၏ဇနီးမယားဖြစ်သောကြောင့် ကိုယ့်ဇနီးမယားအား ပြန်၍ ခေါ်ပိုင်ခွင့် ရှိနေသည်။ သို့ဖြစ်၍ ဤသူငယ်မသည် သူ၏လင်ယောကျ်ားထံ





ပြန်၍ သွားရပေမည်။ သို့သော် ခရီးကြမ်း သွားလာခဲ့ရသဖြင့် သူ၏ခြေထောက်များ လမ်းမလျှောက် နိုင်လောက်အောင် နာကျင်၍နေသည်။ ယခု လောလောဆယ်တွင် သူမလိုက်နိုင်သေး၊ ယနေ့မှစ၍ ရှစ်ရက်အကြာတွင် ဝမ်ဘီ၏ရွာသို့ အရောက် သူ့အား ကျွန်ုပ် ပို့ပေးမည်။ လူအစောင့်အရှောက်ဖြင့် သူ့အား လွှတ်လိုက်မည်။

"လူဖြူမှုဆိုးနှင့်ပတ်သက်၍လည်းကောင်း၊ သူ့လူများနှင့် ပတ်သက်၍လည်းကောင်း သူတို့ကိစ္စနှင့် ကျွန်ုပ်ဘာမျှ မသက်ဆိုင်၊ သူတို့၏ မိုက်မှားသော အပြုအမူများအတွက် ကျွန်ုပ် တာဝန်မခံနိုင်၊ ကျွန်ုပ်က မခေါ်ဘဲလျက် ကျွန်ုပ်၏ နယ်မြေအတွင်းသို့ သူတို့ ဝင်ရောက်လာကြခြင်းဖြစ်သည်။ သူတို့လာခဲ့သော နေရာသို့ သူတို့အား ကျွန်ုပ်ပြန်ပို့ပေးမည်။ ဝမ်ဘီက မိမိ၏ ဥပဒေအရ သူတို့ကို စီရင်နိုင်သည်။ သူတို့အား ဤသူငယ်မနှင့်အတူ ထည့်လိုက်မည်။ သင်တို့အတွက်မူကား သင်တို့ပြန်နှင့်ကြတော့၊ ရွာအပြင်တွင် သင်တို့အတွက် အစားအစာများ ပေးလိုက်မည်။ ကျွန်ုပ်၏ သမီး မိုက်မှားမှုအတွက် ခွင့်လွှတ်စေရန် ဝမ်ဘီအတွက်လည်း လက်ဆောင်ပေးလိုက်မည်။ ဤကား ကျွန်ုပ် ပြောလိုရင်းစကားဖြစ်၏။

"ပထမတော့ ဝမ်ဘီရဲ့လူများက မေဝါကို သူတို့နဲ့ တစ်ခါတည်း ထည့်လိုက်ဖို့ အတင်းအကြပ် တောင်းဆိုလိုတဲ့ ဆန္ဒရှိနေကြပုံရတယ်။ ဒါပေမဲ့ ခရီးကြမ်းသွားရလို့ ရောင်ရမ်းနေတဲ့ မေဝါရဲ့ ခြေတွေကို ပြလိုက်တော့မှ ဒီလူတွေဟာ လက်လျှော့ပြီး ထွက်သွားကြတော့တယ်။

"ဟို လူတွေ အဝေးကြီး ရောက်သွားတော့မှ ကျုပ်လည်း တဲထဲက ထွက်လာခဲ့တယ်။ နောက်တော့ အခြေအနေကို ကျုပ်တို့ သုံးသပ်ကြပြီး အစီအစဉ်တွေ ရေးဆွဲကြတယ်။ ပထမဦးဆုံး ကျုပ်က နာလာကို သေသေချာချာ ရှင်းပြလိုက်ရတယ်။ ဘာလဲဆိုတော့ ကျုပ်ရဲ့ အတွေ့အကြုံဗဟုသုတနဲ့ ကျုပ်ရဲ့ အကူအညီကို အလကား မေတ္တာနဲ့တော့ မပေးနိုင်ဘူးဆိုတာပဲ။ ဝမ်ဘီက သူ့ရွာပတ်ပတ်လည် သစ်တပ်ကို ဆင်စွယ်တွေနဲ့ ဆောက်လုပ်ထားတယ်ဆိုတာကို ကျုပ်ကြားထားရတဲ့အကြောင်းနဲ့ ဝမ်ဘီကို သွားပြီး တိုက်တဲ့ကိစ္စမှာ အောင်ပွဲခံရသည်ရှိသော် ဒီဆင်စွယ်တွေကို ဆုလာဘ်အဖြစ် ကျုပ် ယူမယ့်အကြောင်း၊ နောက်ပြီး ဆင်စွယ်တွေကို ကမ်းခြေထိအောင် သယ်ယူပေးဖို့ နာလာက လူ(အထမ်းသမားများ) ပေးရမယ် ဆိုတဲ့အကြောင်းတွေပဲ။

"အဲဒီလို ကျုပ်က အဆိုပြုလိုက်တော့ ဒီမျှလောက် တောင်းဆိုမှုကို နာလာနဲ့အတူ လူကြီးတွေက ချင်းချက်မရှိ အားတက်သရော သဘောတူကြပါတယ်။ သူတို့ အားတက်သရောဖြစ်တာက ဒီလိုလေ ... ဆင်စွယ်တွေကို သူတို့ ဘယ်တော့မှ ရလိမ့်မယ်လို့ မျှော်လင့်မထားဘဲကိုး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက် ကျုပ် တောင်းတာက တကယ်လို့ ကျုပ်တို့ အောင်နိုင်တဲ့အခါမှာ လူဖြူ ဂျွန်အေဗရီနဲ့ သူပိုင်ပစ္စည်းမှန်သမျှကို ကျုပ်ကို ပေးရမယ်ဆိုတဲ့ အချက်ပဲ။ သူ့ကို ဖမ်းဆီးထားပြီး ညှဉ်းပန်းနှိပ်စက်ခြင်းခံနေရတယ် ဆိုတဲ့အချက်ဟာ အခုမိုက်ရူးရဲ သွားတိုက်ရမယ့် စစ်ပွဲနဲ့ပတ်သက်ပြီး အဓိကဖြစ်နေတဲ့ အကြောင်းဆိုတာကိုတော့ ကျုပ် ဖွင့်ပြောဖို့ လိုမယ် မထင်ပါဘူးနော်။ သို့သော် ပေါလစီအရ ဒီအချက်ကိုတော့ ကျုပ်က ရှေ့တန်းမတင်ပါဘူး။ အရေးကြီးသလို လုပ်ထားလိုက်ပါတယ်။ ဒီအချက်ကိုလည်း နာဒလာက လက်ခံပါတယ်။ တတိယအချက် ကျုပ်တောင်းတာကတော့ စစ်ပွဲမှာ မိန်းမနဲ့ကလေးတွေကို မသတ်ရဘူးဆိုတာပဲ။

"ဒီအချက်ကိုလည်း သူတို့ သဘောတူကြပါတယ်။ နောက်တော့ ဘယ်နည်းဘယ်ပုံ တိုက်ကြခိုက်ကြမယ်ကို ဆွေးနွေးကြတယ်။ ဝမ်ဘီဟာဆိုရင် အင်မတန် အင်အားကြီးမားတဲ့ ငယ်ရွယ်သူစော်ဘွားတစ်ယောက်ဖြစ်ကြောင်း သိရပါတယ်။ စစ်မြေပြင်ကို အနည်းဆုံး လူ ၆၀၀၀ လောက်ပို့ပြီး တိုက်နိုင်တဲ့ အင်အားရှိကြောင်း၊ သူ့ရွာမှာတော့ အမြဲတမ်း စစ်သား ၃၀၀၀ မှ ၄၀၀၀ အထိ ချထားကြောင်း၊ သူ့ရွာကလည်း ရန်သူမထိုးဖောက်နိုင်လောက်အောင် ခိုင်ခန့်လှကြောင်း၊ နာဒလာရဲ့ဘက်ကတော့ အခုလောလောဆယ် စစ်သားစုဆောင်းရမယ်ဆိုရင် လူ ၁၂၀၀ မှ ၁၃၀၀ လောက်သာ ရနိုင်လိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ဖူးလူးသွေးပါတဲ့အတွက် သူတို့ဟာ ဝမ်ဘီရဲ့ မာတူကူတွေထက် တိုက်ရေးခိုက်ရေးမှာ ထက်မြက်ကြတဲ့အကြောင်း ကျုပ် သိရတယ်။

"နာဒလာရဲ့ဘက်က အားနည်းချက်တွေဟာ အခြေအနေ အရပ်ရပ်ကို စဉ်းစားကြည့်မယ်ဆိုရင်တော့ ထင်သလောက် မဆိုးဝါးလှပါဘူး။ အောင်မြင်ရေးအတွက် ကျုပ်တို့ဘက်က တွေ့ရမယ့် တကယ့်အခက်အခဲတစ်ခုကတော့ ဝမ်ဘီရဲ့ ခိုင်ခန့်တဲ့ ခံတပ်ကို ထိုးဖောက်နိုင်ဖို့ပဲ။ သူ့ခံတပ်က ပတ်ပတ်လည် ကျောက်တံတိုင်းကြီးတွေနဲ့ ကာရံထားရုံမက တောင်စောင်းနဲ့ တောင်ခြေရင်းမှာက မရှေ့မတွက်နိုင်တဲ့ လိုဏ်ခေါင်းကြီးတွေ၊ တောင်ကုန်းတွေ ရှိနေတယ်။ ဘယ်ရန်သူမျိုးမှ ချဉ်းနင်းဝင်ရောက် သိမ်းပိုက်ခြင်း မပြုနိုင်ကြသေးဘူး။

"နောက်ပြီး အဆိုတစ်ခုကလည်း ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဖူးလူးဘုရင်ကြီး 'ဒင်ဂန်း' ရဲ့ လက်ထက်တုန်းက ဘုရင်ကြီးရဲ့ စစ်တပ်ကြီးဟာ အဲဒီနယ်မြေထဲ ချဉ်းနင်းဝင်ရောက်သွားတယ်။ ဝင်ရောက်သွားပြီး အခုလက်ရှိ ဝမ်ဘီရဲ့ ဘိုးဘေးတော်ရဲ့ ရွာကို လုပ်ကြံကြတယ်။ လုပ်ကြံပေမယ့်လို့ မအောင်မြင်ဘူး။ တပ်ခေါက်ပြန်လာခဲ့ရတယ်။ တိုက်ပွဲမှာ လူ ၁၀၀၀ လောက်ကျဆုံးခဲ့တယ်ဆိုတယ်။





"ဒီတော့ ကျုပ်လည်း ပြဿနာကို စဉ်းစားလိုက်ပြီး ရန်သူ့ခံတပ်များနဲ့ ဘက္ကရန်သူနဲ့နယ်မြေ ပတ်ဝန်းကျင် အနေအထား ထူးခြားချက်တွေကို အသေးစိတ်သိရအောင် မေဝါကို မေးမြန်းစုံစမ်းကြည့်ရတယ်။ အဲသလို အသေးစိတ်စုံစမ်းကြည့်လိုက်တော့မှ နိုင်ပေါက်တစ်ခု သွားတွေ့ရတယ်ဗျ။ အမှန်တော့ ဝမ်ဘီရဲ့ ရွာကို ရန်သူက မထိုးဖောက်နိုင်ဘူး။ အင်မတန် ခိုင်ခန့်တယ်။ ဒါကတော့ ရှေ့ကနေပြီး တိုက်ရင်ပေါ့လေ။

"သို့သော် နောက်ဘက်မှာတော့ ရှေ့ဘက်မှာလို စေ့စေ့စပ်စပ်ကြီး ကာကွယ်မထားဘူး။ ဘာကြောင့်လဲဆိုတော့ နောက်ပိုင်းက တောင်ပေါ်ကို တဖြည်းဖြည်း လျှောတက်သွားတယ်။ ဒါကြောင့် ကျောက်တံတိုင်းနှစ်ခုတည်းပဲ နောက်ဘက်မှာ ဆောက်ထားတယ်။ အကြောင်းကတော့ ရွာရဲ့နောက်ဘက်က တောင်ကြီးဟာ လူသူမဖြတ်ကျော်နိုင်ဘူးလို့ ယူဆထားလို့ပဲ။ သို့သော် တောင်ကြီးကို ဖြတ်ကျော်နိုင်တဲ့ လျှို့ဝှက်လမ်းကြောင်းတစ်ခုတော့ ရှိနေတယ်။ ဒီလျှို့ဝှက်တဲ့ လမ်းကြောင်းကို စော်ဘွားနဲ့ သူ့လူကြီးတွေလောက်ပဲ သိတယ်။ ဒါကြောင့်မို့ ရွာနောက်ပိုင်းကို စေ့စေ့စပ်စပ်ကာကွယ်ဖို့ မလိုဘူးလို့ သူတို့ယူဆထားကြတယ်။

"ဒီအကြောင်းတွေကို မေဝါက လုံးဝဥဿုံ ကျုပ်ကို ပြောပြပြီးတဲ့နောက်

"ကောင်းပြီ ... ဒီလျှို့ဝှက်လမ်းကိုတော့ မင်းသိသလားလို့ မေဝါကို ကျုပ်က မေးလိုက်တယ်။

"ဟုတ်ကဲ့ သိပါတယ်ရှင်၊ ကျွန်မဟာ အရူးအမိုက်မဟုတ်ပါဘူး မာကူမာဇန်ရှင့်။ သိထားခြင်း၊ တတ်ထားခြင်းသည် အင်အားမည်၏ ဆိုမဟုတ်လား။ အဲဒီလမ်းရဲ့ လျှို့ဝှက်ချက်ကို ကျွန်မ သိထားပါပြီ"

"ဒီလိုဆိုရင် ရွာကို နောက်ဘက်ကနေပြီး ဝင်စီးနိုင်အောင် စစ်တပ်တစ်ဘပ်ကို မင်းက ရှေ့ဆောင်လမ်းပြလုပ်ပြီး မသွားနိုင်ဘူးလား"

"ဟုတ်ကဲ့ ကျွန်မ သွားနိုင်ပါတယ်။ တစ်ခုရှိတာက ကျွန်မတို့ရဲ့ စစ်ဘပ်ချီလာတာကို ဝမ်ဘီရဲ့ လူတွေ မသိမှ ဖြစ်မယ်။ သိသွားရင်တော့ လမ်းကို သူတို့ပိတ်ဆို့ပစ်ကြလိမ့်မယ်"

"ဒီအခါ ကျုပ်က နာဒလာဘက်ကို လှည့်ပြီး ...

"ကိုင်း ... ဒီလိုဆိုရင် ကျုပ်ရဲ့ အစီအစဉ်ကို ပြောမယ် နားထောင်ပါ နာဒလာ။ ကျုပ်ရဲ့ အစီအစဉ်ဟာ ကောင်းရင်လည်း ကောင်းတယ်ပြောပါ။ ခင်ဗျား မှာ ဒါထက်ကောင်းတာရှိရင်လည်း ပြောပေါ့။ ခင်ဗျားရဲ့ ဆက်သားတွေကို လွှတ်ပြီး ခင်ဗျားရဲ့ စစ်သားတွေကို အခေါ်ခိုင်းပါ။ ဒီကနေ့ကစပြီး ၃ ရက်မြောက်နေ့မှာ ဒီမှာ အားလုံးစုရုံးပြီးသား ဖြစ်စေရမယ်။ စစ်သားတွေ ရောက်လာတို့ စုရုံးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



၄ ရက်မြောက်မနက်ကျတော့ မေဝါက လမ်းပြဦးဆောင်ပြီး စစ်သားတွေကို ခေါ်သွားရမယ်။

"ဘယ်ကို ချီတက်ရမလဲဆိုတော့ တောင်တွေကို ဖြတ်ကျော်သွားပြီး တောင်တွေရဲ့ ဟိုဘက်တစ်လျှောက် ချီတက်သွားကြရမယ်။ ဘယ်အထိ ချီတက်ရမလဲဆိုရင် ဝမ်ဘီရဲ့ ရွာရှိတဲ့ နေရာ ခပ်လှမ်းလှမ်းနေရာအထိ ရောက်အောင် ချီတက်သွားရမယ်။ ဒီခရီးဟာဆိုရင် ၃ ရက်ခရီးလောက်ရှိလိမ့်မယ်။ အဲ–၃ ရက်မြောက်တဲ့နေ့ ညရောက်တော့ စစ်တပ်ကို မေဝါက လမ်းပြပြီး တိတ်တဆိတ် လျှို့ဝှက်လမ်းကို ဝင်သွားရမယ်။ လျှို့ဝှက်လမ်းအဟိုင်း လိုက်သွားပြီးလို့ ဝမ်ဘီရဲ့ ခံတပ်အထက် တောင်ထိပ်ကို ရောက်သွားတဲ့အခါကျရင် စစ်သားတွေကို ကျောက်တုံးတွေ ကြားထဲမှာ ပုန်းအောင်းနေစေရမယ်။

"နောက်ပြီးတော့ ဒီကနေ့ညကစပြီး ၆ ရက်မြောက်နေ့ကျရင် ခင်ဗျားရဲ့ လူကြီးတစ်ယောက်ကို အုပ်ချုပ်စေပြီး သေနတ်ကိုင် လူ ၂၀၀၀ နဲ့ ကျုပ်ရယ်၊ ကျုပ်ရဲ့လူတွေရယ်ကို အကျဉ်းသား အဖြစ်နဲ့ ခေါ်သွားပါစေ။ ကျုပ်တို့နဲ့အတူ မေဝါနဲ့ ကိုယ်အင်္ကျီ အချိုးအစားလည်းတူ၊ မျက်နှာလည်းဆင်တဲ့ ဘုတီရာနှာ မိန်းကလေးတစ်ယောက်ကိုထည့်လိုက်၊ သူ့လက်ကိုတော့ ကြိုးနဲ့ချည်ထားစေရမယ်။ အဲဒီနောက် ကျုပ်တို့ကို ကျုပ်တို့ရဲ့လာခဲ့တဲ့လမ်းအတိုင်း ခေါ်သွားရမယ်။ ဒီ နောက် ကမ်းပါးကြီးရဲ့ လမ်းမြောင်ကြားကနေပြီး ဝမ်ဘီရဲ့ရွာကို သွားစေရမယ်။

"ခင်ဗျားရဲ့လူတွေကို ဒိုင်းမကိုင်စေရဘူး။ အမွေးအတောင်တွေကို ခေါင်းပေါ်မှာ စိုက်မထားစေရဘူး။ သူတို့ကို သေနတ်နဲ့ လှံပဲ ကိုင်စေရမယ်။ လှံဆိုတာက လှံတိုပဲ။ ဝမ်ဘီရဲ့လူတွေနဲ့ တွေ့ရင် 'မေဝါရယ်၊ လူဖြူနဲ့သူ့လူတွေရယ်ကို ဝမ်ဘီဆီသွားပြီး အပ်မလို့ပါ။ နောက်ပြီး ဝမ်ဘီကိုလည်း လက်ဆောင်ပဏ္ဏာဆက်ရအောင် သွားမလို့ပါ' လို့ ခင်ဗျားရဲ့ လူတွေက ပြောပါစေ။ ဒီလိုဆိုရင် ဝမ်ဘီရဲ့လူတွေက သူတို့ကို အေးချမ်းစွာ သွားခွင့်ပြုပါလိမ့်မယ်။

"ဒီလိုနဲ့ ရှေ့ဆက်သွားလို့ ၇ ရက်မြောက်နေ့ ညနေကျရင် ဝမ်ဘီရဲ့ ခံတပ်တံခါးဆီကို ရောက်သွားမယ်။ ဒီအနားမှာ တောင်ကုန်းတစ်ခုရှိတယ်ဆိုတာ မေဝါက ပြောပြလို့ သိရတယ်။ တောင်ကုန်းက ကျောက်ထူထပ်ပြီး လိုဏ်ဂူတွေ အများကြီးရှိတယ်လို့ ပြောတယ်။ ဒါပေမဲ့ စစ်ဖြစ်နေချိန်ကလွဲလို့ ဒီလိုဏ်ဂူတွေထဲမှာ စစ်သားအစောင့်ချထားခြင်း မရှိဘူးလို့ ပြောတယ်။ တကယ်လို့ စစ်သားအစောင့်များချထားတယ်ထားဦး။ နည်းနည်းမါးပါးလောက်သာရှိမှာပဲ။ သူတို့ကို ကျုပ်တို့ အလွယ်ကလေးနဲ့ နိုင်နိုင်ပါတယ်။

"ကျုပ်တို့က ဒီနေရာကို သိမ်းပိုက်လိုက်ပြီးတဲ့နောက် ရွာရဲ့ နောက်ဘက် တောင်ပေါ်မှာရှိတဲ့ ကျုပ်တို့ရဲ့ စစ်တပ်က မိုးသောက်ယံအချိန်မှာ မြက်စိုတွေကို မီးရှို့ပေးရမယ်။ အဲဒီလို မီးရှို့ပေးတော့ မီးခိုးတွေထွက်လာရော၊ မီးခိုးတက်လာတာကို ကျုပ်တို့ တောင်ကုန်းကနေပြီးမြင်ရင် ကျုပ်တို့က ရွာထဲကို သေနတ်နဲ့ ပစ်သွင်းမယ်။

"အဲသလိုလုပ်လိုက်ရင် ဝမ်ဘီရဲ့ စစ်သားတွေက ကျုပ်တို့ကို သတ်ဖို့ လာကြမယ်။ ကျုပ်တို့က တောင့်ခံထားကြမယ်။ ကျုပ်တို့က တိုက်ပေးနေတုန်း တောင်ပေါ်က စစ်တပ်က ဆင်းလာပြီး ကျောက်တံတိုင်းတွေကို ကျော်တက်၊ တံတိုင်းတွေကို ကာကွယ်နေတဲ့ စစ်သားတွေကို လှံနဲ့ ကိစ္စချောအောင် စီရင်ရမယ်။

"အဲဒီနောက် ရွာကို အလစ်ဝင်စီးကြမယ်။ အဲသလိုသာ ကျုပ်တို့တိုက်လိုက်ရင်တော့လား ပြောင်းခွံတွေ လေတိုက်တဲ့အခါ လွင့်သွားကြသလို ဝမ်ဘီရဲ့ စစ်သားတွေလည်း လွင့်ထွက်သွားရမှာပေါ့ ဟုတ်ပြီလား။ ဒါဟာ ကျုပ်ရဲ့ အစီအစဉ်ပဲ။ ကိုင်း … ဘယ်လိုသဘောရသလဲ နာလာ' လို့ ကျုပ်က ကျုပ်အစီအစဉ်တွေကို အသေးစိတ် ခရေစေ့တွင်းကျ ပြောပြလိုက်တယ်။ ဒီတော့ နာလာက –

"ဟုတ်တယ်။ သိပ်ကောင်းတဲ့ အစီအမံပဲ သိပ်ကောင်းတယ်။ တကယ်ပဲဗျာ လူဖြူဟာ တောခွေးထက် ဉာဏ်ထက်မြက်ပါပေတယ်။ ကဲ … ဒီအတိုင်းပဲ ကျုပ်တို့ လုပ်ကြမယ်။ 'ဘုတီရာနှာ လူမျိုးများကို စောင့်ရှောက်သည့် အရှင်မြွေမင်းကြီးသည် အရှင်၏ အမြီးတွင်ရပ်လျက် ကျွန်ုပ်တို့စစ်အောင်မြင်စေကြောင်း ကူညီမှိုင်းမစေသတည်း။ ဤသို့ဖြင့် ကျွန်ုပ်သည် ဝမ်ဘီများကို ချေမှုန်းနိုင်ပြီးနောက် ဝမ်ဘီတို့၏ ဖိနှိပ်ညှဉ်းဆဲခြင်း၊ ရက်စက်ကလူပြုခြင်းတို့မှ လွတ်ကင်းစေသတည်း' လို့ နာလာက ဆုတောင်းလိုက်သဗျ။

"နာလာက အဲဒီလို ပြောဆိုဆုတောင်းပြီးတဲ့နောက် မေဝါက မတ်တတ်ရပ်လိုက်တယ်။ မတ်တတ်ရပ်လိုက်ပြီး ကလေးသေရဲ့ လက်ခြောက်ကလေးကို တစ်ခါထုတ်ပြလိုက်ပြီး သူ့အဖေကိုရော၊ လူကြီးတွေကိုရော ဒီလက်ကလေးအားဖြင့် ကျမ်းသစ္စာကျိန်ဆိုခိုင်းသဗျ။ ဘယ်လိုအဓိဋ္ဌာန်ပြုပြီး ကျမ်းသစ္စာ ကျိန်ဆိုကြသလဲဆိုတော့ ယခု ကလဲ့စားချေမည့် စစ်ပွဲကို အောင်နိုင်သည်အထိ ဆုံးခန်းတိုင်အောင် တိုက်ပါမည်ဆိုတဲ့ ကတိသစ္စာပဲ။ သူတို့ ကတိသစ္စာခံယူပုံကို ကြည့်ရတာ အထူးအဆန်းပဲဗျ။ အဲဒါကြောင့် ဒီစစ်ပွဲကို 'လက်ကလေးစစ်ပွဲ' ရယ်လို့ သူတို့ နယ်မြေမှာ ကျော်ကြားသွားတယ် ခင်ဗျ။

"နောက်နှစ်ရက်မှာ ကျုပ်တို့တစ်တွေ အတော်ပဲ အလုပ်များကြရတယ်။ အရပ်ရပ်ကို ဆက်သားတွေလွှတ်ပြီး ဘုတီရာနှာ အမျိုးသားတွေအားလုံး ကပွဲကြီးခံမည်ကို လာရောက်ကြရမယ်လို့ အမိန့်ပြန်စေတယ်။ နယ်မြေက သိပ်ပြီး ကျယ်ကျယ်ဝန်းဝန်း မဟုတ်တော့ ဒုတိယမြောက်နေ့ ညနေပိုင်းမှာ လူပေါင်း







www.burmeseclassic.com

www.burmeseclassic.com



၁၂၅၀ လောက် စုရုံးရောက်ရှိလာကြသဗျ။ သူတို့ကိုယ်စီမှာ လှံတစ်ချောင်းနဲ့ ဒိုင်းတစ်ခု ကိုင်ဆောင်လာကြတယ်။

"သူတို့ကို ကြည့်ရတာ သန်သန်မာမာ တောင့်တောင့်တင်းတင်းတွေ ချည့်ပဲဗျ။ ဝမ်ဘီရဲ့ ဆက်သားတွေ ပြန်သွားကြပြီးတဲ့နောက် ၄ ရက်မြောက် မိုးသောက်ချိန်မှာ ကျုပ်တို့ဘက်က တပ်မတော်ကြီး ချီတက်သွားတယ်။ မချီ တက်ခင်မှာ သူတို့လူမျိုး ထုံးစံအတိုင်း ဆိုင်ရာတွေက စစ်ကြီးအောင်မြင်စေ ကြောင်း ဆုတောင်းပေးတာတို့ ဘာတို့ပေါ့ဗျာ၊ လုပ်ပေးလိုက်ကြတယ်။ တပ်မ ကြီးကိုတော့ စော်ဘွားကြီး 'နာလာ' ကိုယ်တိုင် ဦးစီးပြီးသွားတယ် ခင်ဗျ။ ဘာ ကြောင့်ဆို သူ့အသက်နဲ့ သူ့စော်ဘွား ရာထူးဟာ ဒီစစ်ကို အောင်နိုင်မှသာ တည်မြဲမယ်ဆိုတာ သိတာကိုး။

"ဒါကြောင့် စစ်ကို ကိုယ်တိုင် ကွပ်ကဲ ကြီးကြပ်မယ်ဆိုပြီး စိတ်ပိုင်းဖြတ် လိုက်ခြင်း ဖြစ်ဟန်တူပါရဲ့။ သူတို့နဲ့အတူ မေဝါလိုက်သွားတယ်။ လျှို့ဝှက်လမ်း ကိုပြပေးဖို့ပဲ။ ကျုပ်တို့ မထွက်ခင် သူတို့ကို ၂ ရက်ကြိုပြီး လွှတ်လိုက်ရတာက အကြောင်းရှိတယ်။ သူတို့ဟာ မိုင် ၁၀၀ ကျော်ခရီးကို သွားကြရမယ်။ ခရီးက လည်း ကြမ်းတမ်းတဲ့ ရေမြေတောတောင်ကို ဖြတ်သွားကြရမယ်။ တောင်နဲ့ မြောက် တန်းနေတဲ့ တောင်တန်းကြီးကိုလည်း ဖြတ်သွားရဦးမယ်။ ဘာကြောင့်ဆို တော့ ကွေ့ရှောင်ပြီး သွားနိုင်သမျှ သွားမှသာ ရန်သူက မရိပ်မိ မသိရှိဘဲနေမယ် မဟုတ်လား"

"သူတို့ ချီတက်သွားပြီးတဲ့နောက် ၆ ရက်မြောက်တဲ့နေ့ မိုးသောက်ချိန် မှာတော့ ကျုပ် ထွက်လာခဲ့တယ်။ ကျုပ်နဲ့အတူ ကျုပ်ရဲ့ အထမ်းသမားတွေပါ လာကြသပေါ့။ သူတို့ခမျာ မလိုက်ချင်ကြဘူးခင်ဗျ။ ခြသေ့်ရဲ့ အာခေါင်ထဲကို သူတို့ရဲ့ ခေါင်းကို ဘယ်ထိုးပေးချင်ကြမလဲ။ သို့သော် နာလာ့စစ်သားတွေရဲ့ လှံကို ကြောက်တာက တစ်ကြောင်း၊ ပြီးတော့ ကျုပ်ကိုလည်း အတော်အတန် ယုံကြည်စိတ်ချလို့တစ်ကြောင်း လိုက်လာကြဖို့ သဘောတူကြပါတယ်။

"နောက်ပြီး ကျုပ်နဲ့ ပါလာတာက ဘူတီရာနာလူ ၂၀၀ ခင်ဗျ။ အားလုံး မှာ သေနတ် ကိုယ်စီပါလာကြတယ်။ သေနတ်တွေကတော့ အမျိုးစုံလို့ပေါ့။ ဒါထက် တစ်ခုပြောရဦးမယ်။ ဒီဘူတီရာနာတွေဟာ များသောအားဖြင့် သေနတ် ကို ကိုင်ဆောင်ထားလေ့ရှိသဗျ။ ဒါပေမဲ့ ကောင်းကောင်းတော့ မကိုင်တွယ်တတ် မပစ်ခတ်တတ်ဘူး။

"သူတို့ဟာ ဒိုင်းတွေကိုတော့ မယူလာကြဘူး။ နောက်ပြီးတော့ ခေါင်း မှာလည်း အမွေးအတောင်တွေ စိုက်မထားကြဘူး။ လက်မောင်းမှာလည်း လက် ကြပ်တို့ ဘာတို့ ဝတ်ဆင်မထားကြဘူး။ စစ်တိုက်မယ့် စစ်ပွဲဝင်မယ့် အဆောင်





အယောင် မှန်သမျှ ဘာကိုမှ ဝတ်ဆင်ကိုင်ဆောင်လို့ မလာကြဘူး ခင်ဗျ။ ကျုပ် တို့နဲ့အတူ မေဝါနဲ့ အဖေတူ အမေကွဲ ညီမ ပါလာတယ်။ သူက မေဝါနဲ့ ရုပ် ရည်အတော့်ကိုပဲ ဆင်တယ်။ သူ့ အလုပ်ကတော့ လှင်ယောက်ျားဆီက ထွက် ပြေးတဲ့ ဇနီးမယား အယောင်ဆောင်ဖို့ပေါ့ဗျာ။

"အဲဒီနေ့ညနေမှာ ကျုပ်တို့ဟာ ကမ်းပါးကြီး အထက်မှာ စခန်းချကြရ တယ်။ ဒီကမ်းပါးကြီးက တခြား မဟုတ်ဘူးလေ။ ကျုပ်တို့ အလာတုန်းက အသက်ဘေးက သီသီကလေး လွတ်မြောက်လာခဲ့ရတဲ့ ကမ်းပါးကြီးပေါ့။ ဒါနဲ့ နောက်တစ်နေ့ မနက်ကျတော့ မကြာခင်က ကမ်းပါးအထက် လမ်းကြား ကလေးကို ပိတ်ဆို့ထားခဲ့တဲ့ ကျောက်တုံးကြီးတွေကို ကျုပ်တို့လှိမ့်ဖယ်လိုက်ကြ ပြီး အောက်ကိုဆင်းကြတယ်။

"အောက်မှာကတော့ ကျုပ်ရဲ့သေနတ်လက်ချက်နဲ့ ကိစ္စချော သွားကြ တဲ့ မာတူကူ စစ်သားတွေရဲ့ အရိုးစုတွေကို တွေ့ရသဗျ။ သူတို့ရဲ့အဖော်တွေက သူတို့အလောင်းတွေကို လင်းတစာကျွေးခဲ့ဟန် တူပါရဲ့ဗျာ။ ဂိုဘိုကျသွားတဲ့ ချောက်ကြီးထဲကိုတောင် ကျုပ် ဆင်းကြည့်သေးတယ်။ ဆင်းပြီး သူ့အလောင်းကို ရှာပေမယ်လို့ မတွေ့တော့ဘူးဗျို့။ သူ့နောက်မှ ကျသွားတဲ့ မာတူကူ စစ်သားရဲ့ အရိုးစုကိုတော့ တွေ့ရသဗျ။ စစ်သားရဲ့ အရိုးစုမှန်း ဘာကြောင့်သိသလဲဆိုတော့ သူ့လန်ကွတ်တီစကို တွေ့ရလို့ သိရတယ်။

ဂိုဘိုရဲ့ အလောင်းကိုတော့ သားရဲတိရစ္ဆာန်တစ်ကောင်ကောင်များ ဆွဲသွားသလား မပြောတတ်ဘူး။ ဒါမှမဟုတ်ဘဲ မာတူကူ စစ်သားတွေက တင်ခု ခု လုပ်ပစ်လိုက်သလား မသိဘူး။ နောက်ပြီး ဂိုဘိုနဲ့ပါသွားတဲ့ ကျုပ်ရဲ့ 'အိပ်(စ်) ပရက် (Express)ရိုင်ဖယ်' လည်း အစအနတောင် မတွေ့ရတော့ဘူး။ ဘာပဲဖြစ် ဖြစ်လေ ဂိုဘိုကိုတော့ နောက်ထပ်တွေ့လည်း မတွေ့ရ၊ သူ့အကြောင်းကြား လည်း မကြားရတော့ပါဘူး။

"ဒါနဲ့ ဝမ်ဘီရဲ့ နယ်ထဲ ရောက်သွားကြတော့ ကျုပ်တို့လည်း ညဏ်နီ ညဏ်နက်ဆင်ပြီး သွားကြတယ်ခင်ဗျ။ လူ ၅၀ လောက်က ရှေ့က သွားနှင့်ရ တယ်။ သွားတာက အတူတူ မသွားစေဘဲ တစ်ယောက်တစ်ကွဲစီ အသွားခိုင်းရ တယ်။ ရန်သူအလစ်ဝင် မတိုက်နိုင်အောင်လို့ပါ။ သူတို့နောက်က လူ ၅၀ လောက်ပဲ လိုက်ကြရတယ်။ ကျန်လူ ၁၀၀ ကတော့ အလုံးအရင်းနဲ့ပဲ လိုက်ကြ တယ်။

"သူတို့ အလယ်မှာတော့ ကျုပ်ရယ်၊ မေဝါယောင်ဆောင်တဲ့ကလေးမ ရယ်။ ကျုပ်ရဲ့ အထမ်းသမားတွေရယ် လိုက်ကြတယ်။ ကျုပ်တို့က ဘာလက် နက်မှ ကိုင်မလာဘူး။ အထမ်းသမားတချို့ကိုတော့ ကြိုးနဲ့ချည်ပြီး ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သဘောကတော့ ကျုပ်တို့ဟာ အကျဉ်းသားတွေပေါ့ဗျာ။ မိန်းကလေးရဲ့ ခေါင်းကိုတော့ စောင်နဲ့အုပ်ထားပြီး အင်မတန်ပူပန်သောကရောက်ပြီး စိတ်ဆင်းရဲနေတဲ့ လက္ခဏာပေါ့။ ကမ်းပါးကြီးရဲ့ လမ်းကြားကနေပြီး ဝမ်ဘီရဲ့နေရာအထိ ၂၅ မိုင်လောက်ဝေးတယ်။ ကျုပ်တို့လည်း အဲဒီနေရာကို တည့်တည့်မတ်မတ်ကြီးပဲ ချီတက်ခဲ့တယ်။

"၅ မိုင်လောက် လျှောက်မိတော့ ဝမ်ဘီရဲ့စစ်သား ၅၀ လောက်နဲ့ သွားတွေ့ကြတယ်။ သူတို့ဟာ ကျုပ်တို့ကို လိုက်ရှာနေသနဲ့တူပါတယ်။ သူတို့က ကျုပ်တို့ကိုရပ်ခိုင်းပြီး ဗိုလ်လုပ်သူက ကျုပ်တို့ကို 'ဘယ်သွားကြမှာလဲ' လို့မေးတော့ ကျုပ်တို့အထဲက ခေါင်းဆောင်လုပ်တဲ့လူက ဝမ်ဘီရဲ့ ထွက်ပြေးသွားတဲ့ ဇနီးမယားနဲ့တကွ လူဖြူမုဆိုးကြီးနှင့် သူ့လူတွေကိုပါ ခေါ်ဆောင်လာကြောင်း၊ ဝမ်ဘီ၏ အမိန့်အရ သူတို့ကို ပေးအပ်ရန်လာခဲ့ကြောင်း စသည်ဖြင့် ဖြေလိုက်တယ်။

"အဲသလို ဖြေလိုက်တော့ ဗိုလ်လုပ်သူက ဒီလိုဆိုရင် ဘာကြောင့် လူတွေ အများကြီး ခေါ်လာခဲ့ရသလဲလို့ ပြန်ပြီးမေးလိုက်တယ်။ ကျုပ်တို့ရဲ့ ခေါင်းဆောင်လုပ်သူက ဘာပြောသလဲဆိုတော့ လူဖြူမုဆိုးကြီးနဲ့ သူ့လူတွေဟာ လူဆိုးတွေဖြစ်ကြောင်း၊ အစောင့်အကြပ် အနည်းငယ်နှင့်သာ လွှတ်လိုက်က ထွက်ပြေးမည်ကို စိုးရိမ်ရကြောင်း၊ ထွက်ပြေးသွားလျှင် သူတို့မှာ အရှက်ကွဲပြီး ဝမ်ဘီ၏စိတ်ဆိုးခြင်းကိုလည်း ခံရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစောင့်အကြပ်များစွာနှင့်လာရကြောင်း ပြောလိုက်သဗျ။

"အဲသလိုလည်း ပြောလိုက်ရော့ဗျာ ဘသားချော မာတူကူ စစ်ဗိုလ်က ကျုပ်ကို သရော်ပါလေရောဗျို့။ သူပြောလိုက်ပုံက ကျုပ်သတ်ပစ်တဲ့ မာတူကူ စစ်သားတွေအတွက် ဝမ်ဘီက ကျုပ်ကို ကောင်းကောင်းဆုံးမလိမ့်မယ်တဲ့ ခင်ဗျ။ ဘယ်လို ဆုံးမမလဲဆိုရင် ကျုပ်ကို 'ကိုက်တတ်သော ပစ္စည်းကြီး' ထဲ ထည့်ပစ်လိမ့်မတဲ့။ ကိုက်တတ်သော ပစ္စည်းကြီးဆိုတာက ခြသေ့ံထောင်ချောက်လေဗျာ။ အဲဒီအထဲထည့်ထားပြီး ခြေထောက်ကို ညှပ်မိနေတဲ့ တောခွေးတစ်ကောင် သေသလို သေရစေလိမ့်မတဲ့။

"ကျုပ်ကတော့ ဘာမှ ပြန်မပြောလိုက်ပါဘူး။ ဒေါသထွက်လိုက်တာကတော့ မပြောနဲ့တော့။ နို့ပေမဲ့ ကြောက်ချင်ယောင်ဘဲ ဆောင်နေလိုက်ရတယ်ဗျ။ တကယ်စဉ်းစားကြည့်တော့လည်း ကျုပ်တို့လုပ်နေတဲ့ အလုပ်က တကယ့်ကို စွန့်စားရမယ့် အလုပ်၊ ဘေးရန်အင်မတန်များတဲ့ အလုပ်ဆိုတာ ကျုပ်ဟာကျုပ် မကွယ်မဝှက်စဉ်းစားမိတယ်။ ကံမကောင်းရင် မကြာခင်မှာပဲ ကျုပ်ဟာ အဲဒီ ခြသေ့ံ ထောင်ချောက်ထဲ ရောက်ရင်ရောက်သွားနိုင်တယ်။





"သို့သော်လည်း ကျုပ်ရဲ့ မိတ်ဆွေကြီး အေဗရီ ဒုက္ခရောက်နေတုန်း အချိန်မှာ သူ့ကို ပစ်သွားလို့ကတော့ လုံးဝမဖြစ်ပေဘူးပေါ့ဗျာ။ အဲဒါကြောင့် ကျုပ်ဟာ ရှေ့ကို ဇွတ်မှိတ်ပြီး စခန်းသွားရတော့မှာပဲ။ ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားပြီး စွန့်စားရတော့မယ် ခင်ဗျ။ ဒီလိုအဖြစ်မျိုးကို အရင်ကလည်း အကြိမ်များစွာ တွေ့ခဲ့ရလို့ ဘုရားကို ယုံကြည်ကိုးစားခဲ့ရပြီ။

"အဲ ... နောက်တော့ အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်ရရောဗျို့။ ဘာလဲဆိုတော့ ဝမ်ဘီရဲ့ စစ်သားတွေက ကျုပ်တို့နဲ့အတူ သူတို့လိုက်ခဲ့ကြမယ်လုပ်ရော၊ လုပ်ရုံတွင်မကဘူး၊ ကျုပ်တို့ကို ရှေ့ဆက်သွားကြဖို့ အတင်းတွန်းထိုးပြောနေရောဗျို့။ သူတို့ကိုယ်နှိုက်က ညနေမစောင်းခင် ရွာကိုရောက်ချင်ကြသကိုး။ ဒါပေမဲ့ ကျုပ်တို့မှာက ညမတိုင်ခင် ရွာကိုမရောက်ဖို့က အင်မတန် အရေးကြီးနေတယ်။ ဘာကြောင့်လဲဆိုတော့ ရွာရဲ့အတက်မှာ ရှိတဲ့တောင်ကုန်းကို ကျုပ်တို့ချဉ်းကပ်တဲ့ အခါ လူမမြင်ရအောင် မှောင်တော့မှ ချဉ်းကပ်ချင်တယ်။

"ဒါနဲ့ ကျုပ်တို့က အမြန်မသွားနိုင်ဘူးလုပ်တော့ သူတို့က အတင်း အပူတပြင်းသွားရမယ်ပြောနေရော၊ အဲဒီတော့ ကျုပ်တို့ကလည်း အမြန်မသွားနိုင်တဲ့အကြောင်း ခပ်တင်းတင်း ပြောင်ပြောပြီး အကြပ်ပြန်ကိုင်ရတယ်။ ကလေးမကလေးဟာ ့ခင်မတန် မောပန်းနေတဲ့အတွက် မြန်မြန်မလျှောက်နိုင်ဘူးလို့ အကြောင်း ပြရတယ်။ ဒီအကြောင်းပြချက်ကို သူတို့ တယ်ပြီး လက်ခံချင်ပုံမရဘူး။ တစ်ခါဖြင့် တစ်ပွဲတစ်လမ်းစမ်းရတော့မလားလို့တောင် ကျုပ် ထင်မိတယ်။ ဘုတီရာနာတွေနဲ့ မာတူကူတွေဟာလည်း တစ်ဦးနဲ့တစ်ဦး စောင့်နေကြတာ မဟုတ်လား။

"နောက်ဆုံးကြတော့ ပေါ်လစီအရလား။ ဒါမှမဟုတ်လည်း ကျုပ်တို့ဘာ လူများပြီး သူတို့က လူနည်းနေတဲ့အတွက်ကြောင့်လား မသိဘူး။ ကျုပ်တို့ကတော့ သူတို့သဘောအတိုင်း သူတို့ကို မြန်မြန်ချီတက်သွားပါစေလို့ ဆုတောင်းမိတယ်။

"ဒါပေမဲ့ ကိုယ်တော်ချောတွေက မြန်မြန်မသွားကြဘူး။ ကျုပ်တို့နဲ့အတူ တစ်လှမ်းချင်း လိုက်လာနေကြတယ်။ လမ်းတစ်လျှောက်လုံးလည်း 'ကိုက်တတ်သော ပစ္စည်းကြီး'ကိုပဲ စကားထဲ ထည့်ထည့်ပြောနေကြပြီး ကျုပ်ကို သရော်သာကြတယ်။ အဲဒီတုန်းကများ ကျုပ်မှာ စိတ်ထိခိုက်ပြီး ကြိတ်မနိုင်ခဲမရ ချင်းထချချင်သလို စိတ်ထဲမှာ မချင့်မရဲဖြစ်နေလိုက်တာ မပြောပါနဲ့တော့။

"ဒီလိုနဲ့ ညနေ ၄ နာရီခွဲလောက်ကျတော့ ကျုပ်တို့ ကျောက်တောင်ကုန်းတန်းကြီးတစ်ခုပေါ် ရောက်သွားကြတယ်။ ဒီကျောက်ကုန်းတန်းကြီးပေါ်က ကြည့်ရင် ၆ မိုင် ၇ မိုင်လောက်ဝေးတဲ့နေရာ၊ ကျုပ်တို့ရဲ့အောက် ပေ ၃၀၀၀



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာရှိတဲ့ ဝမ်ဘီရဲ့ မြို့ကို လှမ်းပြီး မြင်နေရတယ်။ မြို့ဟာ တောင်ကြားထဲမှာ တည်ဆောက်ထားတယ်။ ဝမ်ဘီကိုပိုင်နေတဲ့ ရွာကတော့ မျက်နှာချင်းဆိုင်မှာရှိတဲ့ တောင်တန်းကြီးရဲ့ တောင်စောင်းမှာ ရှိတယ်။

“တောင်စောင်းမှာက လိုဏ်ဂူတွေရှိပြီး သူ့ရွာက ဒီလိုဏ်ဂူတွေရဲ့ အဝမှာပေါ့။ ဒီမျက်နှာချင်းဆိုင် တောင်တန်းကြီးထိပ်ကနေပြီး မနက်မိုးလင်းရင် ကျုပ်တို့ရဲ့ စစ်တပ်က လှုံ့သွားတဖွေးဖွေးကို မြင်ရတော့မယ်လေ။

“ကျုပ်တို့ ရပ်ပြီးနေတဲ့နေရာကနေပြီး ကြည့်ရင်တောင်ပဲ ဝမ်ဘီရဲ့ရွာဟာ ဘယ်လောက်တောင် အကာအကွယ် အခိုင်အမာ လုပ်ထားတယ်ဆိုတာကို မြင်နိုင်တယ်ခင်ဗျ။ ကျောက်တံတိုင်းတွေ ကာထားတယ်လေ။ ကျုပ်တို့က အလစ်ဝင်ပြီး စီးနိုင်ဦးတော့ အမြောက်လက်နက်မပါတဲ့ စစ်တပ်အဖို့ သူ့ခံတပ်ကို ချိုးဖောက်လို့ရမယ် မထင်ဘူး။ အမြောက်ပါလာလို့ အမြောက်နဲ့ ပစ်သည့်တိုင်အောင် လိုဏ်ဂူတွေ အများကြီး ဖောက်ထားတဲ့ ကျောက်ဆောင် ကျောက်ကုန်းမြင့်တွေဟာ အမြောက်ဆံကို ဖြုံမယ် မထင်ဘူး ခင်ဗျ။

“ဒီနောက်တော့ ကျောက်ကုန်းတန်း လမ်းကြားကနေပြီး အောက်ကို ကျုပ်တို့ ဆင်းကြရတယ်။ အဆင်းဟာ တော်တော့်ကို ခဲယဉ်းတယ်။ ဘာကြောင့်ဆို လမ်းကြားသာဆိုရတယ် လမ်းတစ်လျှောက်လုံး ရေစားထားတဲ့ ကျောက်တုံးကြီးတွေက ပြည့်နေတယ်ခင်ဗျ။ ကျုပ်တို့ဟာ နှံကောင်ကလေးတွေလိုပဲ ကျောက်တုံးတစ်ခုကနေပြီး နောက်တစ်ခုကို ခုန်ခုန်ပြီး သွားကြရတယ်။ အဆင်းမှာ ၂ နာရီတိတိကြာတယ်။ နေကလည်း ခြစ်ခြစ်တောက်ပူလိုက်တာ မပြောပါနဲ့တော့။

“နောက်ဆုံး အောက်ခြေလည်း ရောက်ကရော ကျုပ်လည်းပဲ တစ်ခါတည်း ခြေမသယ်ချင် လက်မသယ်ချင် ဖြစ်သွားတော့တာပဲ။ ဒါနဲ့ ဆက်ပြီး သွားကြပြန်တော့ မကြာခင်ပဲ ဝမ်ဘီရဲ့ ရှေ့ဆုံး ခံတပ်ကြောင်းကို မမှောင်ခင်ဘဲ ရောက်သွားကြတယ်။

“ဒီခံတပ်ကြောင်းက ကျောက်တံတိုင်း ၃ ထပ်ကာထားသဗျ။ ဂိတ်ပေါက်ဝတော့ တစ်ခုရှိတယ်။ နို့ပေမဲ့ ကျဉ်းကျဉ်းကလေးရယ်။ လူတစ်ယောက်တောင် မနည်းတိုးဝင်ရလောက်အောင် ကျဉ်းတယ်။ ဒီနေရာမှာ ကျုပ်တို့ကို ဘာမှ မေးခြင်းစမ်းခြင်း မလုပ်ဘူး။ ကျုပ်တို့နဲ့က ဝမ်ဘီရဲ့စစ်သားတွေ လိုက်လာကြတယ် မဟုတ်လား။

“အဲဒီနောက်တော့ အလှမ်း ၃၀၀ သို့မဟုတ် ၃၀၀ ကျော်လောက် ကျယ်ပြီး ကျောက်ထုထပ်တဲ့ မြေပြင်တစ်ခုကို ရောက်သွားတယ်။ ဒီမြေပြင်ပေါ်မှာ တဲဆိုလို့ တစ်လုံးမှ မရှိဘူး။ မြေပြင်မှာ ချိုင့်ကြီးတွေရှိတယ်။ အန္တရာယ်တစ်ခု





တစ်ခု ကျရောက်တဲ့အခါ သူတို့ရဲ့ ကျွဲနွားတွေကို ဒီချိုင့်ကြီးတွေထဲ လှောင်ထားလေ့ရှိသတဲ့။

“ဒီမြေပြင်ရဲ့ ဟိုဘက်ကျတော့ ခံတပ်ကောင်းတစ်ခု နောက်ထပ် တွေ့ရပြန်တယ်။ ဒီခံတပ်ကြောင်းမှာတော့ ဗွီ (V) ပုံသဏ္ဌာန်ရှိတဲ့ ဂိတ်ပေါက်တစ်ခု တွေ့ရတယ်။ ခံတပ်ကြောင်းရဲ့ အလွန်မှာတော့ ကျုပ်တို့ ချဉ်းနင်းဝင်ရောက်ပြီး စီးမယ့်တောင်ကုန်းကို မြင်ရတယ်။ နောက်ဘက်မှာရှိတဲ့ တောင်ကုန်းကြီးကို နောက်ခံထားပြီး မြင်နေရတယ်ဆိုပါတော့။

“ဒါနဲ့ ရှေ့ဆက်သွားရင်း ကျုပ်တို့ဘယ်လို အကြံအစည်ရှိတယ်ဆိုတာ ကျုပ်တို့ရဲ့ ခေါင်းဆောင်လူကို တီးတိုးပြောလိုက်တယ်။ အဲဒီနောက် ဒုတိယ ဂိတ်ပေါက်ကို ရောက်သွားကြတော့ ကျုပ်တို့ရဲ့ ခေါင်းဆောင်က ခဏရပ်ကြဖို့ ပြောပြီး မြို့ထဲကို ဝင်ဖို့ ဝမ်ဘီ၏အမိန့်ကို ရသည့်အထိ ဒီနေရာကပဲ သူ စောင့်နေမယ့်အကြောင်း ဝမ်ဘီရဲ့ စစ်ဗိုလ်ကို ပြောလိုက်တယ်။

“ဒီတော့ စစ်ဗိုလ်က ကောင်းပြီ။ အမိန့်ကို စောင့်လိုလည်း စောင့်တဲ့။ သို့သော် အကျဉ်းသားတွေကိုတော့ သူ့သခင်ရဲ့ ရွာအရောက်ခေါ်ဆောင်သွားရလိမ့်မယ်တဲ့။ သူ့သခင် ဝမ်ဘီဟာ ‘သူတို့နဲ့ အလုပ်စချင်နေတာ လက်ယားနေပြီ’ တဲ့။ နောက်ပြီး သူ့သခင်က ‘သူမအိပ်ခင် ဒီလူဖြူကောင်ကြီး အိပ်သွားတာကို အရင်သွားကြည့်လိုတယ်’ တဲ့။ ဝမ်ဘီရဲ့ ဇနီးအတွက်ကတော့ သူ့သခင်က သူ့မယားကို ကြိုဆိုလက်ခံမှာပဲတဲ့လို့ ပြန်ပြောသဗျ။

“ဒီအခါ ကျုပ်တို့ရဲ့ ခေါင်းဆောင်က အကျဉ်းသားတွေကို မထည့်လိုက်နိုင်ကြောင်း၊ သူ့နာခံလာခဲ့ရတဲ့အမိန့်က အကျဉ်းသားတွေကို သူကိုယ်တိုင် ဝမ်ဘီ၏ရွာတွင် ဝမ်ဘီအားပေးအပ်ရန်ဖြစ်ကြောင်း၊ သူ့လက်မှ အကျဉ်းသားတွေ လွှတ်လိုက်ရလျှင် သူ့တွင် တာဝန်မဲ့ဖြစ်သွားမည်ဖြစ်၍ အမိန့်ကို မနာခံရာရောက်မည်ဖြစ်ကြောင်း၊ ဝမ်ဘီ၏အမိန့် ရောက်လာမယ့်အချိန်အထိ ဒီနေရာမှာပဲ စောင့်နေမယ့်အကြောင်း ပြောလိုက်တယ်။

“ပထမတော့ ဝမ်ဘီရဲ့ စစ်တပ် စစ်ဗိုလ်က အင်တင်တင် လုပ်နေသေးတယ်။ နောက်တော့မှ သဘောတူပြီး ထွက်သွားရော ခင်ဗျ။ မကြာခင် သူပြန်လာမယ့်အကြောင်းလည်း ပြောသွားသေးတယ်။ ကျုပ်အနားဖြတ်အသွားမှာ ဒီစစ်ဗိုလ်က ကျုပ်ကို မထီလေးစား အမူအရာနဲ့ အနောက်ဘက်ကောင်းကင်မှာ ဝင်လုဆဲဖြစ်နေတဲ့ နေလုံးနီနီရဲရဲကြီးကို လက်ညှိုးထိုးပြပြီး ‘ဒီမယ် ကိုလူဖြူ နေရောင်ကို နောက်ဆုံးကြည့်တဲ့အနေနဲ့ ကြည့်ထားလိုက် သိရဲ့လား။ ဘာကြောင့်လဲဆိုတော့ ကိုက်တတ်သော ပစ္စည်းကြီးဟာ အမှောင်ထဲမှာပဲနေလို့ဗျ’ လို့ ကျုပ်ကို မထီလေးစား ပြောသွားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်နေ့ကျတော့ ဆိုက်ဆိုက်မြိုက်မြိုက်ပဲ ဒီစစ်ဗိုလ်ကို သေနတ်နဲ့ ကျုပ်ပစ်သတ်နိုင်တယ်ဗျို့။ ကျုပ်လက်ချက်နဲ့ အသက်သေရတဲ့ လူသားထဲမှာ သူတစ်ယောက်သေတဲ့အတွက်ကြောင့် ကျုပ်ဖြင့် နှစ်နှစ်ကာကာ ဝမ်းလည်း မနည်းမိဘူး။ သတ်မိတဲ့အတွက် နောင်တလည်း မရမိဘူး"

၇

# တိုက်ပွဲ

"ကျုပ်တို့ ရပ်နားနေတဲ့ နေရာမှာ ချောင်းကလေးတစ်ခု စီးဆင်းနေတယ် ခင်ဗျ။ ဒီချောင်းကလေးကို ကြည့်ပြီး ကျုပ်ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာတယ်။ ဘာလဲဆိုတော့ တောင်ကုန်းပေါ်မှာ ရေရှိမယ် မဟုတ်ဘူးဆိုတာပဲ။ ဒီအကြောင်းကို ကျုပ်တို့ခေါင်းဆောင် ဗိုလ်ကို ပြောပြလိုက်တော့၊ သူကလည်း အရိပ်ပြအကောင်ထင်ဆိုသလို သူ့လူတွေ အားလုံးကို ချောင်းရေတဝကြီး အသောက်ခိုင်းတယ်။

"ဒီနောက် ကျုပ်တို့ လူစုသယ်ယူလာခဲ့တဲ့ ချက်စရာ၊ ပြုတ်စရာ အိုးတွေ ၇ လုံး၊ ၈ လုံးထဲကိုလည်း ရေအပြည့်ထည့်ခိုင်းသေးတယ်။ အဲ နောက်တော့ အရေးကြီးတဲ့ ပြဿနာပေါ်လာရောဗျို့။ ဘာလဲဆိုတော့ ကျုပ်တို့ တောင်ကုန်းကို ဘယ်လို သိမ်းပိုက်မလဲဆိုတဲ့ အချက်ပဲ။ ဗိုလ်လုပ်တဲ့လူက ဒီကိစ္စကို လာမေးတော့ ကျုပ်ကလည်း ခပ်ရှင်းရှင်းပဲ ပြောလိုက်တယ်။ ချီတက်ပြီး သိမ်းရုံပေါ့လို့။

"ဒါနဲ့ ကျုပ်ပြောတဲ့အတိုင်း ချီတက်ကြပါရောဗျာ။ ဂိတ်ဝအကျဉ်းကလေး ရောက်သွားကြတော့။ ကျုပ်တို့ မျှော်လင့်တဲ့အတိုင်းပဲဆိုပါတော့။ ဂိတ်စောင့် စစ်သား ၂ ယောက်က ဘာကိစ္စလည်း မေးတယ်။ ဒီတော့ ကျုပ်တို့ရဲ့ ဗိုလ်က ကျုပ်တို့ စိတ်ပြောင်းသွားပြီဖြစ်တဲ့အကြောင်း၊ ဝမ်ဘီရဲ့ ရွာကို လိုက်သွားကြတော့မည် ဖြစ်ကြောင်း ပြောလိုက်တယ်။ ဒီတော့ အစောင့်စစ်သားတွေက သွားရဘူး။ ဒီနေရာမှာပဲ ကျုပ်တို့ စောင့်နေရမယ်တဲ့ဗျ။

"ဒီတော့ ဘာမပြောညာမပြော ဒီအစောင့် ၂ ယောက်ကို အတင်းတွန်းယမ်ပြီး ကျုပ်တို့လည်း တစ်ယောက်ချင်း တန်းစီပြီး ဂိတ်အတွင်းကို ဝင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရောဗျာ။ ဂိတ်နဲ့ တောင်ကုန်းက ကိုက် ၁၀၀ လောက်တောင် မရှိပါဘူး။ အဲဒီလို ဂိတ်ထဲကို ကျုပ်တို့က အတင်းဝင်တော့ ကျုပ်တို့ တွန်းထိုးပစ်ခဲ့တဲ့ အစောင့် စစ်သား ၂ ယောက်ဟာ မြို့ဘက်ဆီပြေးသွားကြပြီး အော်ကြီးဟစ်ကျယ်နဲ့ အကူ အညီ တောင်းပါလေရောဗျို့။

"ဒီတော့ သူတို့ အကူအညီတောင်းတဲ့ အသံတွေကို ချက်ချင်းဆိုသလို ဟိုဘက်ကကြားတော့ လက်နက်ကိုင် လူအတော်များများဟာ ကျုပ်တို့ဘက်ဆီ ကို ဒရောသောပါး ပြေးလာကြတာကိုးဗျ။ ဒီတော့ ကျုပ်တို့လည်း တောင်ကုန်း ဘက်ဆီကို ပြေးကြပါလေရော။ ဒါပေမဲ့ ကျုပ်တို့က အရင်ဦးပြီး ပြေးနှင့်ကြတဲ့ လူတွေဆိုတော့ သူတို့မရောက်ခင် ကျုပ်တို့က ရောက်နှင့်သွားကြတာပေါ့။

"အဲ ... တစ်ခုတော့ရှိတယ်ဗျ။ ကျုပ်တို့အထဲက ကံဆိုးတဲ့ လူတစ် ယောက်ဟာ မတော်တဆ ခလုတ်တိုက်မိပြီး လဲကျန်ရစ်ခဲ့ရှာတယ်။ အဲဒီလူကို ဖမ်းမိသွားတယ်။

"ဒါနဲ့ နောက်တစ်နေ့မနက်တိုက်ပွဲစတော့ ဒီလူက သူတို့မေးသမျှကို ဘူးကွယ်နေသနဲ့တူပါတယ်။ ဒီလူကို တစ်ခါတည်း သတ်ပစ်လိုက်ကြတယ်။ သူ့အတွက် ကံကောင်းတယ်လို့ပဲ ဆိုရမလားတော့ မသိဘူး။ ရန်သူတွေဟာ သူ့ကို တဖြည်းဖြည်း ညှဉ်းပန်းနှိပ်စက်ပြီးသတ်ဖို့ အချိန်မရလိုက်ဘူး။ ဒီမာတူကူ တွေဟာ သူတို့ရဲ့ ရန်သူတွေကို အသေမသတ်ခင် တယ်ပြီး ညှဉ်းပန်းနှိပ်စက် တတ်တဲ့ အလေ့ရှိတယ်။

"ဒါနဲ့ ကျုပ်တို့က တောင်ကုန်းကို အရင်ရောက်သွားကြတယ်။ တောင် ကုန်းရဲ့ အောက်ခြေဟာ ဧက တစ်ဝက်လောက် အကျယ်အဝန်းရှိတယ် ခင်ဗျ။ ကျုပ်တို့ထက် ဦးပြီးရောက်အောင် ပြေးကြတဲ့ မာတူကူစစ်သားတွေဟာ ကျုပ်တို့ က အရင်ရောက်သွားကြပြီဆိုတာ မြင်တော့ ရပ်လိုက်ကြတယ်။ ဘာကြောင့်လဲ ဆိုတော့ တောင်ကုန်းရဲ့အနေအထားကို သူတို့ သိထားကြတာကိုး။

"အဲဒီလို သူတို့လိုက်မလာဘဲ ရပ်နေကြတော့ နေရောင်လုံးလုံး ပျောက် မသွားခင် တောင်ကုန်းရဲ့ အနေအထားကို မိနစ်အနည်းငယ်လောက်လိုက်ပြီး ကြည့်ဖို့ ကျုပ်တို့ အချိန်ရလိုက်တယ်။ တောင်ကုန်းမှာ ဘယ်သူမှမရှိကြဘူး။ သူတို့ထုံးစံအတိုင်း ကျောက်တံတိုင်းတွေက ကွေ့ပတ်ပြီး ကာထားတာကို တွေ့ရ တယ်။ အဲဒီမှာ လိုဏ်ဂူကြီး ၃ ခုနဲ့ ခပ်ငယ်ငယ် လိုဏ်ဂူတချို့ကို တွေ့ရတယ်။

"နောက် လုပ်ရမယ့် အလုပ်ကတော့ အချိန်ကလေးရခိုက် ကျုပ်တို့ရဲ့ စစ်သားတွေကို အပေါ်စီးရမယ့် နေရာတွေမှာ နေရာချထားပေးဖို့ပဲ။ ကျုပ်ရဲ့ အထမ်းသမားအကောင်တွေကိုတော့ ဘယ်နေရာကိုမှ နေရာချထားမပေးသေးဘဲ တောင်ကုန်းထိပ်မှာ စုထားလိုက်ရတယ်။





"ဒီအကောင်တွေက ကြောက်ဒူးတုန်နေတဲ့ အကောင်တွေဆိုတော့ ဘယ်နေရာမှာမှ အသုံးကျမှာ မဟုတ်ဘူးဗျ။ အသုံးမကျရုံမက ထွက်ပြေးသွားပြီး ကျုပ်တို့ရဲ့ အကြံအစည်ကိုတောင် ဝမ်ဘီကို သွားပြောချင်ပြောမယ့် အကောင် တွေ။ ဒါကြောင့် သူတို့ကို ကျုပ်က ရွှေထုပ်ကို စောင့်ကြည့်နေသလို ဂရုစိုက်ကြည့် နေရတယ်။ မလှုပ်နဲ့လှုပ်ရင် အသေသတ်ပစ်မယ်လို့လည်း ခြိမ်းထားရသေး သဗျ။

"ဒီနေ ့က် အလင်းရောင်ပျောက်ပြီး လုံးဝ မှောင်သွားပါလေရော။ မကြာခင်မှာပဲ မှောင်ကြီးမည်းကြီးထဲကနေပြီး အသံတစ်ခု ကြားလိုက်ရတယ်။ ကျုပ်တို့ကို စောင့်ကြပ်လိုက်ပါလာတဲ့ ဝမ်ဘီရဲ့ စစ်ဗိုလ်အသံပဲ။ ကျုပ်တို့ကို ဆင်းလာခဲ့ဖို့ အော်ပြောနေတယ်လေ။ ဒီတော့ ကျုပ်တို့က အခု အင်မတန် မှောင် နေတဲ့အတွက် သွားလာလို့မဖြစ်ကြောင်း၊ မှောင်ထဲဆင်းလာရင် ကျောက်တုံးတွေ နဲ့ တိုက်မိခိုက်မိမည်ဖြစ်ကြောင်း ပြန်ပြောလိုက်တော့ သူက ဆင်းလာခဲ့ရမယ်လို့ အတင်းနိုင်းနေပါရော ခင်ဗျ။

"ကျုပ်တို့ကတော့ ခပ်ရှင်းရှင်းပဲ။ မဆင်းနိုင်ဘူးလို့ ပြောလိုက်ပြီး တကယ်လို့ ကျုပ်တို့ကို တိုက်ထုတ်ဖို့ ကြိုးစားရင်လည်း ကျုပ်တို့က သေနတ်နဲ့ ပစ်မယ်လို့ ကြိမ်းလိုက်သဗျ။ မှောင်ကြီးမည်းကြီးထဲမှာ တိုက်ခိုက်ဖို့ သူတို့က လည်း မကြံရွယ်တဲ့အတွက် ဒီစစ်ဗိုလ်လည်း ပြန်သွားတယ်။ ဒါပေမဲ့ ပတ်ဝန်း ကျင်မှာ မီးပုံတွေ ရှို့ထားတာမြင်ရတော့ သူတို့ဟာ ကျုပ်တို့နေရာကို အသေ အချာ စောင့်ကြည့်နေကြတယ်ဆိုတာ သိရတယ်။

"အဲဒီနေ့ညဟာဆိုရင် အတော့်ကို စိတ်မောရတဲ့ညပဲဗျို့။ ဘာကြောင့် ဆို အခြေအနေက ဘယ်လိုဘယ်ပုံဖြစ်လာဦးမယ်ဆိုတာကို မသိနိုင်လို့ပဲ။ ကျုပ် တို့မှာက ကံအားလျော်စွာ ချက်ပြီးသား စားသောက်စရာ နည်းနည်းပါးပါး ပါလာတဲ့အတွက် အစာတော့ မငတ်ကြပါဘူး။ နောက်ပြီးတော့ တောင်ကုန်းပေါ် မတက်ခင် ချောင်းထဲကရေကို အဝသောက်လာခဲ့ကြတာကလည်း ကံကောင်း တယ်လို့ ဆိုရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကုန်းပေါ်မှာ ရေမှ မရှိတာကိုး။

"အဲဒီည လွန်မြောက်ခဲ့လို့ အလင်းရောင်ကလေးပျိုးစ အချိန်မှာ ကျုပ် လည်း ကျုပ်လူတွေကိုလှည့်ပြီး စစ်ဆေးကြည့်ရှုရတယ်။ လမ်းက ကျောက်တုံး ကျောက်ခဲ ထူထပ်တော့ ကျုပ်တို့လည်း ဟိုခလုတ်တိုက်၊ ဒီခလုတ်တိုက်နဲ့ စမ်း တဝါးဝါး သွားရင်းပဲ ကျုပ်တို့ဘက်က အနေအထား အသင့်ဖြစ်နေအောင် စစ် ဆေးဆော်သြရသဗျ။ ကျုပ်စိတ်ထဲမှာ ဖြစ်နေတာက နောက် ၂ နာရီလောက် အကြာမှာ သူတို့က စတင်တိုက်ခိုက်တော့မယ်လို့ အလိုလို စိတ်ထဲမှာ ထင်နေမိ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လူတွေမှာလည်း မောပန်းရုံမကဘူး ကိုယ်တွေလက်တွေ ထုံကျင်ကိုက်ခဲနေကြတယ်။ ဒါကြောင့်လည်း သူတို့စိတ်ဓာတ် အတော်အသင့်ကျနေတယ်ဆိုပါတော့။ ဒီတော့ ကျုပ်က သူတို့ဟာ ဘယ်အနွယ်လူမျိုးက ဆင်းသက်ပေါက်ဖွားလာကြတယ်ဆိုတာ သတိရကြဖို့အကြောင်း၊ မာတူကူ ခွေးမသားတွေရှေ့မှာ သူရဲဘောကြောင်တဲ့စိတ်ကို မပြဖို့အကြောင်း အားပေးနှိုးဆော်ရသဗျ။

"နောက်ဆုံးတော့ မိုးသောက်ရောင်ခြည် ထွက်လာရော ဆိုပါတော့။ မကြာခင်ကလေးမှာပဲ တောင်ကုန်းဆီကို ချီတက်လာနေကြတဲ့ မာတူကူ စစ်သားတန်းကြီးတွေကို မြင်ရတယ်။ သူတို့ဟာ တောင်ကုန်းနဲ့ ကိုက် ၁၅၀ လောက်နေရာ ရောက်တော့ အကာအကွယ်ယူပြီး ရပ်လိုက်တယ်။ ဒီနောက် မိုးလင်းတာနဲ့ တစ်ပြိုင်နက် သူတို့ဘက်က ရှေ့ပြေးတစ်ယောက်ဟာ တောင်ကုန်းရှေ့ရောက်လာပြီး ကျုပ်တို့ကို ခေါ်တယ်။ ဒီတော့ ကျုပ်တို့ဘက်က ဗိုလ်က ကျောက်တုံးတစ်ခုပေါ်မှာ တက်ရပ်လိုက်ပြီး ကိစ္စကို မေးတယ်။

"ဒီတော့ သံတော်ဆင့်အဖြစ်နဲ့လာတဲ့ ရှေ့ပြေးက –

"ယခု ပြောကြားမည့် စကားသည် ဝမ်ဘီ၏စကားများ ဖြစ်သည်။ သင်တို့ တောင်ကုန်းမှ ထွက်၍လာခဲ့ကြလော့။ အပြစ်ကျူးလွန်သူများကို ကျွန်ုပ်အား ပေးအပ်ပြီးလျှင် သင်တို့ အေးချမ်းစွာ ပြန်နိုင်ကြသည်။ ဤသို့မဟုတ်လျှင် သင်တို့အားလုံး အသတ်ခံကြရလိမ့်မည်' လို့ ဝမ်ဘီရဲ့ရာဇသံကို အဲဒီလူက ဟစ်အော်ပြောကြားသဗျ။

"ဒီတော့ ကျုပ်တို့ရဲ့ ဗိုလ်ကလည်း ပရိယာယ်ဝေဝစ်နဲ့ ခုလို စကားပြန်လိုက်တယ် ခင်ဗျ။

"တောင်ကုန်းမှ ထွက်လာခဲ့ရန် အခုအချိန်သည် စောလွန်းသေးသည်။ နေရောင်တောက်၍ မြူနှင်းပျောက်သောအခါ ကျွန်ုပ်တို့ ထွက်လာခဲ့မည်။ ယခု ကျွန်ုပ်၏ ခြေလက်များမှာ အေးလွန်းသဖြင့် တောင့်တင်း၍ နေသေးသည်။

"ဒီအခါ ရှေ့ပြေးသံတော်ဆင့်က ဒီလို ပြောပြန်တယ်။

"ယခုပင် ထွက်ခဲ့လော့"

" 'ဘယ်ထွက်မလဲကွ ဟကောင်လေးရ' လို့ ကျုပ်ဟာ ကျုပ်ပြောလိုက်မိတယ်။ ဒါပေမဲ့ ကျုပ်တို့ ဗိုလ်က –

" 'ထွက်ချိန်တန်ပြီထင်လျှင် ထွက်မည်။ ထွက်ချိန်မတန်သေးဟု ထင်က မထွက်သေး' လို့ ပြောလိုက်ပြန်တယ်။

" 'ဒီလိုဆိုရင် သေဖို့သာ ပြင်ကြပေရော့' လို့ အဲဒီ ရှေ့ပြေးသံတော်ဆင့်က ပြောလိုက်ပြီး တကတည်း ... ဓာတ်ထဲက တကယ့်လူကြီး လူကောင်းတစ်





ယောက်ရဲ့ ဟန်ပန်မူရာမျိုးနဲ့ ဟိတ်ကြီးဟန်ကြီးလုပ်ပြီး သူ့စစ်သားတွေဘက်ကို ပြန်လျှောက်သွားပါလေရောခင်ဗျ။

"ကျုပ်ကလည်း နောက်ဆုံး စီမံခန့်ခွဲစရာရှိတာတွေကို စီမံခန့်ခွဲနေရတယ်။ အဲဒီလို လုပ်စရာ ကိုင်စရာရှိတာတွေ လုပ်ကိုင်ပြီးတဲ့နောက် ၂ မိုင်လောက်ဝေးတဲ့ တောင်ထိပ်ကို မကြာခဏ လှမ်းလှမ်းပြီး ကြည့်နေမိတယ်။ အဲဒီအချိန်မှာ တောင်ထိပ်ပေါ်မှာ ဆိုင်းနေတဲ့ မြူတွေဟာလည်း ပျောက်ကွယ်စ ပြုနေပြီ ခင်ဗျား ဒါပေမဲ့ ဒီအချိန်အထိ မီးခိုးတန်းကို မမြင်ရသေးဘူး။

"ဒါနဲ့ ကျုပ်လည်း စိတ်ပျက်ပျက်နဲ့ လေကလေးတောင် တစ်ချက်ချွန်လိုက်မိသေးတယ်။ ဘာကြောင့်ဆိုတော့ ကျုပ်တို့ဘက်က တပ်မှာ အကြောင်းတစ်ခုခုကြောင့် ဖင့်နွှဲနှောင်းနေးနေမယ်။ ဒါမှမဟုတ် အမှားအယွင်း တစ်ခုခု ရှိနေမယ်ဆိုရင် ကျုပ်တို့ရဲ့ အခြေအနေဟာ ဆိုးဝါးသွားမယ် မဟုတ်လား၊ လူ့ရေကက်စေ့ သောက်စရာရေဆိုလို့ နည်းနည်းပဲရှိတော့တယ်။ ရှိတဲ့ ရေကလေးကုန်သွားရင် ဒီလောက်တောင် ပူလှလောင်လှတဲ့ အချိန်မှာ ကျုပ်တို့ ကြာရှည်တောင့်ခံနိုင်မယ် မဟုတ်ဘူး ခင်ဗျ။

"နောက်ဆုံးကျတော့ ကျုပ်တို့ရဲ့ ကျောဘက်တောင်ကုန်းထိပ်က နေပြီး နေမင်းကြီး တက်လာပါလေရောဗျာ။ နေလည်း ထွက်လာရော ရှေ့ရောက်ရှိနေကြတဲ့ မာတူကူစစ်သား ၁၅၀၀ လောက်ဟာ လေချွန်သံလိုလို ထူးထူးဆန်းဆန်း အသံတွေ မသဲမကွဲ အော်ဟစ်ကြတယ် ခင်ဗျ။ ဒီအသံတွေဟာ နောက်တော့ သီချင်းသံလိုလိုနဲ့ အပြီးသတ်သွားတယ်။

"အဲဒါပြီးသွားတော့ သူတို့ သေနတ်တွေ ပစ်ဖောက်ကြတယ်လေ။ မာတူကူတွေမှာ သေနတ်နည်းနည်းပါးပါးတော့ ရှိတယ် ခင်ဗျ။ ဒါပေမဲ့ သူတို့သေနတ်ပစ်တာဟာ အရာမရောက်ပါဘူး။ အဲ ... ကျည်တစ်တောင့်ကတော့ ကျုပ်တို့ရဲ့ လူတစ်ယောက် ခေါင်းပေါ်က ရုပ်သွားသဗျ။

"ဒီတော့ သူတို့ဟာ တိုက်ကြတော့မယ်လို့ ကျုပ်ဖာသာ ကျုပ် တွေးမိတယ်။ ကျုပ်အတွေးက မမှားပါဘူး။ တစ်မိနစ်လောက် အကြာမှာ တစ်တပ်မှာ လူ ၅၀၀ လောက်ရှိတဲ့တပ် ၃ တပ်ဟာ ရှေ့ကနေ သေနတ်တွေဖောက်ပြီး ကျုပ်တို့ကို သုံးဘက်သုံးတန် ဝိုင်းတိုက်ကြပါရောခင်ဗျ။ ကျုပ်တို့ လူတွေက ကြိုတင်ပြီး အကာအကွယ် ယူထားကြတဲ့အတွက် ဘာမှ အထိအခိုက် မရှိကြပါဘူး။

"ကျုပ်ကတော့ တောင်ကုန်းကိုလည်း ကောင်းကောင်း မြင်ရတဲ့နေရာ အောက်က ကွင်းပြင်ကိုလည်း မြင်သာတဲ့ ကျောက်တုံးကြီးတစ်ခုပေါ်တက်ပြီး မတ်တတ်ရပ်လိုက်တယ်။ ကျုပ်က အမိန့်မပေးမချင်း မပစ်ကြဖို့ ပစ်မိန့်ပေးရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခပ်နိမ့်နိမ့် ပစ်ဖို့နဲ့ ပစ်ပြီးရင်လည်း မြန်နိုင်သလောက် မြန်မြန်ကျည်သစ်ထည့်ဖို့ ကျုပ်လူတွေကို အမိန့်ပေးလိုက်တယ်။

"ရန်သူတွေဟာ တခြားအာဖရိကလူမျိုးတွေလိုပဲ သေနတ်ပစ် အသုံးကျမှာ မဟုတ်တာကို ကျုပ်သိတယ်။ နောက်တစ်ခုကလည်းပဲ သူတို့ကိုင်ထားတဲ့ သေနတ်တွေဟာဆိုရင် ခတ်ငွေ့ပိုက်လုံးဟောင်းတွေကို လုပ်ထားတဲ့ လက်နက်တွေဖြစ်တယ်။ ဒါကြောင့် လူကို ထိအောင် သေအောင်ပစ်ဖို့ဆိုရင် ရန်သူဟာ ကိုယ့်ရှေ့တည့်တည့်မှာ ရောက်နေမှ ထိနိုင်မှန်နိုင်မယ်။

"အဲဒီလိုနဲ့ မာတူကူတွေဟာ တစ်ရှိန်ထိုး ချီတက်လာကြတာကိုဗျ။ ဒါနဲ့ ကျုပ်တို့ရှေ့ ကိုက် ၈၀ လောက်အကွာရောက်တော့ သူတို့ဟာ ရှေ့ကို နည်းနည်းတက်လာပြီး ပထမဆုံး တိုက်မယ့်အချိန်မှာ သူတို့တပ် ၃ တပ်ဟာ တစ်တပ်နဲ့တစ်တပ် ဘေးချင်းကပ်လိုက်ကြသဗျ။ အဲဒါဟာ ကျုပ်တို့အတွက် ကောင်းတဲ့ အချက်ပဲဗျို့။

"အဖေ ကျွန်တော်တို့ မပစ်ရသေးဘူးလားလို့ ဗိုလ်လုပ်သူက ကျုပ်ကို မေးလိုက်တယ်။

"ဟေ့ ... နေကြဦးကွ" လို့ ကျုပ်က ပြောလိုက်ရတယ်။

"ကိုက် ၆၀ ... ၅၀ ... ၄၀ ... အဲ ... ၃၀ လောက်လည်း ရောက်ရော 'ကိုင်း ... ပစ်ကြဟေ့' လို့ ကျုပ်က တအားအော်ပြီး အမိန့်ပေးလိုက်တယ်။ ကျုပ်ကိုယ်တိုင်ကလည်း ဆင်ပစ်သေနတ်နဲ့ ကျုပ် ရှေ့တည့်တည့် လူအထူထပ်ဆုံး နေရာကို ချိန်ပြီး ဆော်ထည့်လိုက်တာပေါ့ဗျာ။

"ချက်ချင်းပဲဗျို့ သေနတ် ၂၀၀ က တစ်ပြိုင်နက်ပြုပြီး ပစ်ဖောက်တဲ့ အသံဟာ တစ်တောင်လုံးဟိန်းတက်သွားတာပဲ။ နောက်ပြီးတော့ လေထဲဖြတ်သွားလိုက်တဲ့ ကျည်ဆံတွေကလည်း မျိုးစုံပဲဗျ။ သံအိုးသံခွက်မှာ တပ်ထားတဲ့ ခြေထောက်တို့၊ လက်လုပ်ကျည်တို့၊ ခဲနဲ့ကွပ်ထားတဲ့ ကျောက်စရစ်ခဲတို့ အို ... စုံလို့ပေါ့ဗျာ"

"ဒါပေမဲ့ ထိချက်ကတော့ နာသဗျို့။ မာတူကူတွေဟာ ကျုပ်တို့နဲ့ အတော်နီးနေတော့ ပစ်မလွဲဖြစ်ကုန်တာပေါ့။ ကိုက် ၃၀ လောက်အကွာမှာဆိုတော့ ခတ်ငွေ့ပိုက်လုံးထဲက ထွက်လာတဲ့ ခဲကွပ်ကျောက်လုံးဟာလည်း မာတီနီရိုင်ဖယ်ထဲက ထွက်တဲ့ ကျည်ဆံလောက် ... ဒါထက်တောင် မကဘူး။ အဲဒီကျည်ဆံထက်တောင် တာသွားသေးတယ်။

"ကျုပ်တို့ကိုလာတိုက်တဲ့ အကောင်တွေဟာ တစ်ခါတည်း ဒါဇင်လိုက် ဒါဇင်လိုက်ကို အတုံးအရုံးကျကုန်တာပဲ။ ကျန်တဲ့အကောင်တွေကတော့ကြောက်အားလန့်အားနဲ့ တရကြမ်း ပြေးမိပြေးရာ ခြေကုန်သုတ်ပြေးကြပါလေရော။





"ကျုပ်တို့ကလည်း ပြေးတဲ့အကောင်တွေရဲ့ နောက်ကို သူတို့ သေနတ်တစ်ကမ်း လွန်သွားတဲ့အထိ လိုက်ပစ်နေသေးတယ်။ ကျုပ်ကတော့ ကျုပ်ရဲ့ ဆင်ပစ်သေနတ်နဲ့ကို ကောင်းကောင်းကြီး 'တီး' ပြီး လှန့်ပေးလိုက်တာပဲ။

"ဒီလိုနဲ့ ရန်သူတွေ ရှင်းသွားတော့ ကျုပ်တို့ရဲ့သေနတ်တွေကို ကျည်သစ်ပြန်ထည့်ကြရတယ်။ ကျုပ်တို့ဘက်က လူတွေလည်း အားလုံးပျော်လို့ ရွှင်လို့ခင်ဗျ။ ကျုပ်တို့ဘက်က တစ်ယောက်မှ မကျဘဲကိုး။ မာကူတူ ၅၀ ကျော်လောက်ကျတာကိုတော့ ကျုပ် ရေတွက်လို့ရတယ်။ ဒါပေမဲ့လို့ တစ်ဘက်တောင်ထိပ်ပေါ်က မီးခိုးတက်လာတာ မမြင်ရသေးတော့ ကျုပ်ဟာ ပျော်သင့်သလောက် မပျော်ဘဲ နည်းနည်း စိတ်လေးနေမိတယ်။

"နောက်ထပ် သူတို့က ကျုပ်တို့ကို ပြန်ပြီး တိုက်ဖို့ခိုက်ဖို့ မလုပ်သေးခင်ဘဲ နာရီဝက်လောက် အချိန်ကုန် သွားသဗျ။ ဒီနောက် သူတို့ တိုက်ပုံတိုက်နည်းဟာ ပြောင်းသွားတယ်။ လူစုလူဝေးကြီးနဲ့ တစ်ဟုန်ထိုး တက်ပြီး တိုက်တာဟာ ဘေးအန္တရာယ်များတယ်ဆိုတာ သူတို့သဘောပေါက်သွားကြတယ်နဲ့ တူပါရဲ့။ အခုတစ်ကြိမ်ထိုးစစ်မှာတော့ စောစောကလို မဟုတ်ဘဲ လူနည်းနည်းစီနဲ့ တက်လာကြပြန်တယ် ခင်ဗျ။ ၅ ယောက်တစ်တွဲ၊ ၆ ယောက်တစ်တွဲပေါ့ခင်ဗျာ။ ကွင်းပြင်ကို ဖြတ်ပြီး ပြေးတက်လာကြတယ်။

"ဖြစ်ပုံက ဒီလိုခင်ဗျ။ တောင်ကုန်းခြေရင်းတည့်တည့်မှာ မြေဟာ မညီမညာချိုင့်ဝှမ်းလိုနိမ့်ဆင်းသွားတယ်။ အပေါ်ကနေပြီး ထိထိရောက်ရောက် သေနတ်နဲ့ မပစ်နိုင်တဲ့ အနေအထားဖြစ်နေတယ်။ ချိုင့်ရဲ့ဒီဘက်မှာ ဝမ်ဘီရဲ့စစ်သားတော်တော်များများ စုနေကြတာသိရတော့ ကျုပ်ကလည်း သူတို့ဖြတ်ပြေးလာနေကြတုန်း ချနိုင်သမျှချကြတာပဲ။ ဒါပေမဲ့ အဲသလိုချတဲ့နေရာမှာက လက်ကောင်းလက်ဖြောင့် လိုတယ်။ ကျုပ်တို့မှာက လက်ကောင်းလက်ဖြောင့် ရှိကိုမရှိဘူး။

"နောက်တစ်ချက်က ဘာလဲဆိုတော့၊ မဖြစ်စလောက် ရန်သူအစုကလေးတွေကိုပဲ သူတို့အခေါ် သေနတ်ပေါ့လေ။ အဲဒီ သူတို့ရဲ့ သေနတ်တွေနဲ့ ကျုပ်လူတွေက ချချင်နေကြသဗျ။

"ဟုတ်ပါတယ်။ သူတို့ဆန္ဒအတိုင်း 'ချကြ' လို့ ကျုပ်က အမိန့်ပေးလိုက်တော့ ပထမအသုတ်ကလေး တစ်သုတ်နှစ်သုတ်လောက်တော့ ဖြောင်ပစ်လိုက်နိုင်တယ် ခင်ဗျ။ အဲဒီနောက်တော့ သူတို့ရဲ့ ခတ်ငွေ့ပြောင်းသေနတ်တွေ မီးခတ် သေနတ်မောင်းကြီးတွေကို ပြန်ပြီး ကျည်ထည့်ပြုနေရတာက သူတို့မှာ အင်မတန် အချိန်ကုန်နေတာကလား။

"အဲဒီလို သူတို့ကျည်ထည့်နေကြတုန်း နောက်ကလာတော့ ရန်သူတွေက ချောချောမောမောနဲ့ တစ်ဘက်ကို ရောက်လာကုန်ကြတာပေါ့။ ကျုပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပစ်သေနတ်နဲ့ရော၊ ကာဘိုင်နဲ့ရော ဆက်တိုက်ရှူးနေလိုက်တာ နောက်ဆုံးတော့ ယက်နက် ၂ နစလုံးကိုင်ပြီး ပရေးပယ်ပ်ဖြောဖြော ပြစ်ပြစ်ခံတော်ကို ပူလာတာပဲဗျို့။ ဒါပေမဲ့လို့ တစ်ကိုယ်တော်ကြိုးစားမှုနဲ့ ဒီမသေသောင်နဲ့သူအများကြီး တက်လာတာကို မတားဆီးနိုင်ဘူးခင်ဗျ။ ရန်သူ အရေအတွက် နည်းသွားအောင်လည်း လုပ်လို့ ဘယ်ရနိုင်မှာလဲ။

"ဒါနဲ့ ကျုပ်တို့ရဲ့ ရှေ့ကိုက် နည်းနည်းအပေးလောက်မှာ ရန်သူတစ်ထောင်လောက်ဟာ ချိုင့်ထဲရောက်ကုန်ကြရော။ အဲဒီတော့ ချိုင့်ထဲကနေပြီး သူတို့ သေနတ်တွေနဲ့ တာနဖပ်ပြက်ပစ်နေတယ်။ ကျုပ်ရဲ့ ဘာထဲသားများ နှစ်ယောက် လည်း တာနှတ်မှန်ပြီး သေတယ်။ တစ်ယောက်ကတော့ ဒဏ်ရာရသွားတယ်။ သူတို့ကို တောင်ကုန်းထိပ်မှာ ထားရတော့ အောက်ကနေပြီး ပစ်တဲ့အခါ အကာ အကွယ် မရှိသလို ဖြစ်နေတာပေါ့။

"ဒါနဲ့ ကျုပ်လည်း အခြေအနေမလုပ် အကဲခတ်မိလေတော့ ကျုပ်မှာ ဘာလုပ်ရသလဲဆိုရင် ကျုပ်လူတွေကို ကြိမ်းတစ်လှည့် မောင်းတစ်လှည့်၊ ချော့တစ်လှည့်၊ ချောက်တစ်လှည့်နဲ့ အကျိုးမရှိဘဲ မပစ်ကြဖို့ ပြောပြီး သူတို့သေနတ်တွေကို ပြန်ပြီး ကျည်ထည့်ခိုင်းရတယ်။ နောက်ပြီး လွှတ်တိုက်ဖို့ အသင့်ပြင်လို့ အမိန့်ပေးလိုက်တယ်။

"အဲဒီလို ပြောပြီးလို့မှ မကြာသေးဘူး ရန်သူ့ဘက်က တစ်ခဲနက် ညာသံပေးပြီး တက်လာကြပါရောခင်ဗျ။ မာတူကူတွေမှာ ဒီလို သဲသဲမဲမဲတက်ပြီး တိုက်ရဲတဲ့ သတ္တိမရှိဘူးလို့ ကျုပ် ထင်ခဲ့မိတာ မှားတာပဲဗျို့။ လူတော်တော်များ များက တောင်ကုန်းကို ပတ်ပြီး ဖြန့်တိုက်ကြတယ်။ ကျန်တဲ့ လူတွေက ခြေကုပ်ရကဲ့နေရာမှန်သမျှကနေပြီး အပေါ်ကိုရောက်အောင် ကုတ်ကပ်တက်နေကြတော့ တာပဲ။ ဒီတော့ကျုပ်တို့မှာ အဘက်ဘက်က အဝိုင်းခံရသလိုဖြစ်နေတော့တာပေါ့။

" 'ပစ်' လို့ ကျုပ်က အမိန့်ပေးလိုက်တဲ့အခါ ကျုပ်လူတွေက ပစ်ကြတယ်။ ရန်သူအတော်များများပဲ ကျကုန်ကြတယ်။ ဒါပေမဲ့ သူတို့ ရှေ့တိုးမလာအောင်တော့ ဘယ်နည်းနဲ့မှ ကျုပ်တို့ မတားနိုင်ဘူး။ သူတို့ဟာ ကျုပ်တို့ရဲ့ ပထမ 'ခံ' စစ်ကြောင်းအထိ ရောက်လာပြီးအတိုက်မှာ ကျုပ်တို့လူအတော်များ များပဲ ကျကုန်ကြတယ်။

"အဲ ... အခုဆိုရင်တော့ သေနတ်ကို ကျည်ပြန်ထည့်ဖို့ အချိန်မရှိတော့ တဲ့အတွက် လှံကိုသုံးရမယ့်အချိန် ရောက်လာပြီပေါ့။ ဒါဟာလည်း ဘူတီရာနား တွေအတွက် ကောင်းတာပဲ ခင်ဗျ။ ဘာကြောင့်ဆိုတော့ တိုက်ရာခိုက်ရာမှာ လှံ ဆွဲပြီး တိုက်ရတာက သူတို့အဖို့ပိုပြီး အဆင်ပြေတယ်။ ကျွမ်းလည်း ကျွမ်းကျင် တယ်။ ပထမ ခံစစ်ကြောင်းမှာ အသတ်မခံရလို့ လွတ်လာတဲ့လူတွေဟာ ဒုတိယ





ခံစစ်ကြောင်းကို ဆုတ်ပြေးလာကြတယ်။ အဲဒီစစ်ကြောင်းမှာ ကျုပ်ကိုယ်တိုင် ရှိနေတော့ ကျုပ်လူတွေအားလုံးကို အားပေးစကားပြောရတယ်။ အဲဒီမှာက စေ့စွဲ ပြင်းပြင်းယန်ထန်ကြီးကို တိုက်ရသဗျ။

"တစ်ချက်တစ်ချက်မှာ ရန်သူဟာ ကျုပ်တို့ စစ်ကြောင်းကို ထိုးဖောက် ပင်နိုင်အောင် ကြိုးစားကယ်။ သို့သော် ဘူတီရာနားတွေရဲ့ လှံများမှာ အသက်ပါ သွားကြရတာက များတယ်။ ဒါနဲ့တောင် ရန်သူဟာ ရွဲနပဲကြီးကြီးနဲ့ အတင်း ထိုးဖောက် ဝင်ရောက်ဖို့ ကြိုးစားတုန်းပဲ။ ခုတော့ကြာတော့ ဒီလိုသာဆိုရင် ကျုပ်တို့ကိုမှုချေမှာကို မြင်တယ်။ လူအရေအတွက်ချင်းဆိုရင်ဖြင့် ကျုပ်တို့ဘက် က နည်းနည်းလေး သူကို့မှာက အများကြီး မဟုတ်လား။ ပိုပြီးဆိုးတာက ရှေ့တန်းမှာတိုက်နေတဲ့လူတွေကို ကူညီဖို့ နောက်ထပ်တပ်ကူတွေ သူတို့ဘက်က တက်လာကြခြင်းပဲ။

"အဲဒီတော့ ကျုပ်လည်း မတတ်သာတဲ့အဆုံး လိုဏ်ဂူဟွက်ဆုတ်ပေးဖို့ စိတ်ကို ဆုံးဖြတ်လိုက်ရတယ်။ လိုဏ်ဂူတွေထဲမှာပဲ သေသည့်အထိ ခုခံသွားဖို့ ပေါ့ဗျ။ ကသိုလ်က်အကြောင်းမလုပ်တွေကို တွေးပြီး တမ်းနည်းရင်းနဲ့ ကျုပ်ကျူ ခဲ့မှန်မိခဲ့သမျှ အပြစ်တွေကို တွေးရင်း ကျုပ်လည်း ဘာကယ်လူဆိုးလူမိုက်ကြီးတစ် ယောက်လို အားကုန်ကြပြီး တိုက်တော့တာပဲဗျို့။

"အဲဒီအချိန်မှာပဲဆိုပါတော့ ခင်ဗျာ။ တစ်မြန်နေ့က ကျုပ်တို့ကို စောင့် ကြပ်ပြီး လိုက်လာတဲ့ စစ်သားပေရဲ့ ဗိုလ်ကို ကျုပ်သေနတ်နဲ့ပစ်ချလိုက်တယ်။ ဒီအကောင်က ကျုပ်ကို မြင်သွားတော့ သူ့လှံနဲ့ ကျုပ်ဝမ်းဗိုက်ကို တဒအားလာထိုး သဗျ။ (သူ့အထိုးကို ကျုပ်က ရှောင်ရှားလိုက်နိုင်ပါကယ်။)

"အဲ ... ဖုံနဲ့လာထိုးရင်း အော်လိုက်သေးသဗျ။ ဩော် ... ဩော် ... နေပါဦး၊ အော်တာကတော့ အဆုံးအထိ အော်မသွားနိုင်ပါဘူး။ တစ်ပိုင်းတစ်စ လောက်ပဲ အော်သွားနိုင်ပါတယ်။ အစပျိုးရုံရှိပါသေးတယ်။ သူအော်တာက ဘာတဲ့ 'ကိုက်တတ်သော' ဒီအထိလောက်ပဲ အော်နိုင်ရှာပါတယ်ဗျာ။ 'သော' ဆိုတဲ့စကားလုံးအရောက်မှာ တစ်ချက်တည်း ကျုပ်ပစ်ထည့်လိုက်တော့တာပဲ။

"ကျုပ်တို့ဘက်က အရေးနိမ့်ဖို့ကတော့ လက်တစ်လုံးပဲလိုတော့သဗျို့။ ကျုပ် လူတစ်ယောက်ကတော့ သူ့လှံကို ချလိုက်ပြီး အညံ့ခံလိုက်တာကိုတောင် ကျုပ်မြင်လိုက်ရသေးသဗျ။ အဲသလို သရဲဘောကြောင့်လို့လည်း သူ့အသက်ဆုံး ရှုံးသွားရတာပဲ။ အခြေအနေက အဲဒီလို ဖြစ်နေခိုက်မှာ ဖြုန်းဆို အော်သံတစ်ခု ထွက်လာတယ်။ အော်သံကတော့ ရန်သူဘက်က အော်သံပဲဗျ။

"တောင်ပေါ်ကို ကြည့်ကြစမ်းဟေ့ ... တောင်စောင်းမှာ စစ်တပ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကျုပ်လည်း မော့ကြည့်လိုက်တယ်။ ဟုတ်တာပဲဗျို့။ ခေါင်းမှာ အမွေးအတောင်တွေ စိုက်ထားတဲ့ နာဂလာရဲ့ စစ်သားတွေ စစ်တိုက်ဖို့ ဆင်းလာနေကြတာ ကျုပ်တို့ရဲ့ ပထမခံစစ်ကြောင်းရှိတဲ့ တောင်စောင်း အလယ်လောက်တောင် ရောက်နေကြပြီလေ။ သူတို့ရဲ့ လှံသွားတွေဟာ နေရောင်မှာ တပြောင်ပြောင် တလက်လက်နဲ့ပေါ့။

"နောက်တော့မှ ကျုပ်သိရတာက သူတို့ ချီတက်အလာမှာ ရေလျှံနေတဲ့မြစ်တစ်ခုကို တွေ့ရတဲ့အတွက် ဆိုင်းငံ့နေရပြီး တောင်ထိပ်ကို မိုးသောက်ချိန်မှာ ရောက်မလာနိုင်တဲ့အကြောင်း သိရတယ်။ သူတို့တောင်ထိပ်ကို ရောက်သွားတဲ့အခါမှာ ဒီမှာ ကျုပ်တို့တစ်တွေ တိုက်ခိုက်နေကြပြီဆိုတာ သူတို့ မြင်ရတယ်။ အဲဒါကြောင့် မီးခိုးနဲ့ အချက်ပြဖို့ လုပ်မနေတော့ဘဲ ချက်ချင်းဆင်းလာကြတာကိုး။

"အဲဒီလို သူတို့ဆင်းလာတုန်း သူတို့ကို မြို့က မြင်လိုက်ရတယ်။ ဒီတော့ ဝမ်ဘီရဲ့ စစ်သားတွေဟာ ကတုတ်ကျင်းတွေကို ထိန်းထားဖို့နဲ့ ကတုတ်ကျင်းတွေရဲ့ နောက်မှာရှိတဲ့ ဒုတိယစစ်ကြောင်းကို ထိန်းထားဖို့ မတ်စောက်တဲ့ တောင်စောင်းကို အပြင်းတက်နေကြတယ်။ ပထမစစ်ကြောင်းကိုတော့ ရောက်ဖို့ရော၊ ကာကွယ်ဖို့ရော သူတို့ မကြိုးစားကြတော့ဘူး။ ဘာကြောင့်လဲဆိုတော့ နာဂလာရဲ့ စစ်တပ်က အင်မတန် နီးကပ်ပြီး ရောက်နေမှကိုး။

"သို့သော် မူလ သူတို့ရည်ရွယ်တဲ့အတိုင်း ကတုတ်ကျင်းတွေကိုတော့ ရောက်သွားကြတယ်။ ဒီကျင်းတွေကို ကျောက်တံတိုင်းများနဲ့ ကာကွယ်ထားတယ်။ တစ်ကျင်းတစ်ကျင်းမှာ လူ ၁၅ ယောက်၊ အယောက် ၂၀ လောက်ဝင်ပြီး တိုက်ခိုက်နိုင်တယ်။

"အဲဒီ ကျင်းတွေထဲကရော၊ ကျောက်တုံးတွေရဲ့ အကာအကွယ်ကရော နေပြီး သူတို့ပစ်ခတ်ကြတာပဲ။ ကျုပ်က မြို့တံခါးဂိတ်ဝတွေဆီ ကြည့်လိုက်တော့ အုယားဖားယား ပြေးလာကြတဲ့ မိန်းမနဲ့ ကလေးတွေကို မြင်ရတယ်။ သူတို့ဟာ ကျောက်တုံးကြီးတွေဆီနဲ့ လိုဏ်ဂူတွေဆီကိုပါ အပြေးသွားပြီး ပုန်းကြတော့တာပဲ။

"ကျုပ်တို့မှာတော့ နာဂလာရဲ့ စစ်တပ်ရောက်လာတာဟာ ကျုပ်တို့အတွက် အခြေအနေ အင်မတန်ကောင်းသွားတာပေါ့။ ကျုပ်တို့ကို တိုက်နေတဲ့ စစ်သားတွေဟာ သူတို့မြို့ကို ရန်သူက နောက်ကျောကနေပြီး တိုက်နေပြီဆိုတာကိုမြင်တော့ သူတို့ အိုးအိမ်တွေကို ကာကွယ်ဖို့ တောင်ကုန်းကနေပြီး ဆင်းပြေးကြပါလေရောဗျာ။

"၅ မိနစ်လောက် အတွင်းမှာပဲ တိုက်ပွဲမှာကျတဲ့ လူတွေရယ်၊ မထနိုင် မပြန်နိုင်လောက်အောင် ဒဏ်ရာရသွားတဲ့ လူတွေကလွဲလို့ ရန်သူစစ်သားဆိုလို့ တောင်ကုန်းပေါ်မှာ တစ်ယောက်မှ မရှိကြတော့ဘူး။





"ပွဲထဲက ဇာတ်ကောင်လို ကျုပ်က 'အင်း ... တော်သေးရဲ့၊ မသေသေးဘူးဟ' လို့ အော်လိုက်ချင်ပါရဲ့။ ဒါပေမဲ့ အခြေအနေက ရှုတ်နောက်နေရမယ့် အချိန်မဟုတ်တော့ မအော်လိုက်ပါဘူး။

"နောက်တော့ ကျုပ်လူတွေကို စုလိုက်ပြီး ဘယ်နှစ်ယောက်ကျတယ် ဆိုတာကို စစ်ကြည့်တယ်။ ကျတဲ့လူနဲ့ ဒဏ်ရာရတဲ့ လူက ၅၁ ယောက်၊ ၁၆ ယောက်ကတော့ အသတ်ခံလိုက်ကြရတယ်။ အဲဒီနောက် ချက်ပြုတ်တဲ့ အိုးတွေနဲ့ ရေခပ်လို့ ရေရလာတော့ အဝသောက်ကြတယ်။

"အဲဒီလို သောက်ကြပြီးတဲ့နောက် တိုက်ရေး ခိုက်ရေးဘက်မှာ ဘာမှ အသုံးမကျတဲ့ အထမ်းသမားတွေကိုခေါ်ပြီး ကျုပ်တို့ဘက်က ဒဏ်ရာရတဲ့ သူတွေကို ပြုစုစောင့်ရှောက်ဖို့ ခိုင်းရတယ်။ နောက်တော့ ကျုပ်လည်း မြို့ဘက်က တိုက်ပွဲကို ကြည့်နေလိုက်သဗျ။

"ဒီအချိန်မှာဆိုရင် နာဂလာရဲ့စစ်တပ်ကို ရန်သူဘက်က မခုခံတော့ ပထမစစ်ကြောင်းကို သူတို့ကျော်တက်ပြီး ရှေ့ကို ဆက်လက် ချီတက်နေတာမြင်ရတယ်။ သူတို့ ချီတက်လာတာက တစ်ယောက်စီတန်းစီပြီး ချီတက်နေတယ်။ သူတို့ ချီတက်နေတာက ပထမစစ်ကြောင်းနဲ့ ဒုတိယစစ်ကြောင်းအကြားမှာရှိတဲ့ ကတုတ်ကျင်းတွေဆီကို ချီတက်လာနေကြတယ်။ ကတုတ်ကျင်းတွေက တစ်နေရာတည်း မဟုတ်ဘူး အနှံ့အပြားပဲ။

"အဲဒီလို ချီတက်လာရင်း သူတို့စစ်သားတွေဟာ စစ်သီချင်းတွေကို သီဆိုပြီး ချီတက်နေကြတယ်။ ချီတက်နေတုန်း မကြာခင် ကတုတ်ကျင်းတွေဆီက မီးခိုးလုံးတွေ ထွက်လာပြီး ကျုပ်တို့လူတွေ အတော်များများကျတာကို ကျုပ်မှန်ပြောင်း မြင်ကွင်းထဲမှာ မြင်လိုက်ရတယ်။

"ဒါနဲ့ ကတုတ်ကျင်းတစ်ခုဆီကို သူတို့ရောက်သွားကြတော့ စီတန်းပြီး လာကြတဲ့ စစ်သားတွေဟာ လူအုပ်ကြီးတစ်ခုလို လုံးထွေးသွားပြီး ကျင်းကို တရကြမ်း တိုက်ကြတာပဲ။ သူတို့ဟာ ကတုတ်ကျင်းကို ကာရံထားတဲ့ တံတိုင်းကိုကျော်တက်ပြီး ကျင်းထဲကို ခုန်ချကြတယ်။ ဒီနောက် ကျုပ်မြင်ကွင်းထဲက ပျောက်သွားပြီး ကျုပ်တို့ဘက်က လူတွေဟာ တချို့ သေနတ်မှန်လို့၊ တချို့လည်း လှံထိုးခံရလို့ လဲကျသွားတာ မြင်ရတယ်။

"အဲဒီလို သူသေကိုယ်သေတိုက်ပွဲမှာ စိတ်မကောင်းစရာ တစ်ခုမြင်လိုက်ရသေးသဗျ။ အသက်မသေဘဲ ကျန်နေတဲ့ ဝမ်ဘီရဲ့ စစ်သား ၃-၄ ယောက်လား၊ ၄-၅-၆ ယောက်ပဲလား မပြောတတ်ပါဘူးဗျာ။ ကတုတ်ကျင်းရဲ့ဟိုဘက်ကရော ဒီဘက်ကရော ကျင်းပေါ်တက်ပြီး အသက်လုပြေးကြတယ်ဗျ။ ပြေးလို့ ဘယ်လွတ်မလဲဗျာ။ နာဂလာရဲ့စစ်သွေးကြီးတွေက သူတို့နောက် အတင်းလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဟာ ... ဘာကြောင့်ကောင်းမလဲ၊ ပြေးတဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက်မိကုန်ပြီး နာလာရဲ့စစ်သားတွေက လှံနဲ့ တစ်ချက်တိုးသတ်လိုက်ကြတော့တာပဲ။

"ကျုပ်တို့ဘက်က လူ ၁၀ ယောက်လောက် ကျင်းခပ်ကြီးကြီးတစ်ခုထဲ ခုန်ဆင်းလိုက်တာကိုလည်း မြင်လိုက်ရတယ်။ ဒါနဲ့ ကျုပ်လည်း တော်တော်ကြာကြာ စောင့်ကြည့်နေသေးတယ်။ နို့ပေမဲ့ ဘယ်သူမှ ပြန်ထွက်လာတာ မမြင်ရဘူး။ နောက် ဒီကျင်းကို ကျုပ်တို့ သွားပြီး စစ်ကြည့်တော့မှ လား ... လား ဘာတွေ့ရသလဲဆိုတော့ ကျုပ်တို့လူ ၁၀ ယောက်စလုံး သေနေတာကို တွေ့ရသဗျ။ သူတို့နဲ့အတူ မာတူကူ ၂၃ ယောက်လည်း သေနေတာ တွေ့ရတယ်။ နှစ်ဖက်စလုံးက အနိုင်မခံအရှုံးမပေး ဆုံးခန်းတိုင်အောင် သေသည်အထိ အလျှော့မပေးဘဲ တိုက်ခိုက်ကြတာနဲ့ တူပါရဲ့။

"နောက်တော့ နာလာရဲ့စစ်သားတွေဟာ ဒုကိုယစစ်ကြောင်းနားရောက်သွားကြရောဗျ။ စစ်ကြောင်းရဲ့နောက်ပိုင်းမှာ ကျန်နေသေးတဲ့ ပမ်ဘာဘက်က မာတူကူ စစ်သားတွေဟာ ကပျာကယာ စုရုံးနေတာကို တွေ့ရတယ်။ လူကမနည်းလှဘူး။ အားလုံး ၂၀၀၀ လောက် ရှိလိမ့်မယ် ထင်တယ်။ ဒီတော့ နာလာရဲ့ သူ့ဥပဓိဟာ အားပြည့်အောင် တစ်အောင့်လောက် နားလိုက်ပြီး တစ်ဟုန်ထိုးချီတက်လာကြရင်း 'ဘူလာလာ မာတူကူ ... (Bulala Matuku)၊ ဘူလာလာ မာတူကူ ... (မာတူကူတွေကို သတ် ... မာတူကူတွေကို သတ်)' လို့ တစ်ခါတည်း ညာသံပေးပြီး ကြွေးကြော်လာကြတယ်။ သူတို့ရဲ့ ကြွေးကြော်သံဟာ ကျုပ်တစ်ကိုယ်လုံးကိုတောင် ဖောက်ထွင်းသွားပြီး ကြက်သီးမွေးညှင်းထသွားတယ်။ အဲဒီလို ဒီဘက်က အော်လိုက်တော့ ဟိုဘက်ကလည်း တစ်ခါပြန်ပြီး အော်လိုက်ကြတယ်။ နောက်ပြီးတော့ သေနတ်သံတွေ တရစပ် ထွက်လာတာပဲ။

"ဟောဗျ ... ကျုပ်ကြည့်နေရင်းပဲ ကျုပ်တို့ဘက်က လူတွေ ဆုတ်ပေးနေတာ မြင်ရတယ်။ ဆုတ်ပေးရတဲ့လူတွေကို စစ်ကြည့်တော့ ရှေ့ကို ပထမအတက်တုန်းကလောက်တောင် မရှိတော့ဘူး။ သူတို့ကို တစ်ဘက်က ကောင်းကောင်းပြန်ချလိုက်တာကိုး။

"မာတူကူတွေဟာ တံတိုင်းအတွင်းမှာတော့ အတိုက်အခိုက်အတော်ပဲ ကျွမ်းကျင်ကြပါတယ်။ ဒါကိုမြင်ရတော့ သူတို့စိတ်ကို ပြောင်းသွားအောင် တစ်ခုခု လုပ်ပေးမှ ဖြစ်တော့မယ်လို့ ကျုပ်စိတ်ကို ပိုင်းဖြတ်လိုက်တယ်။ အဲဒီလို လုပ်မပေးရင် ကျုပ်တို့ဘက်က အရှုံးကြီး ရှုံးရတော့မယ်ဆိုတာ ကျုပ် တွက်မိတယ်။ ဒါနဲ့ ကျုပ်ရဲ့ မဖြစ်စလောက်တပ်ကလေးရဲ့ဗိုလ်ကို ခေါ်ပြီး အခြေအနေကို ရှင်းပြလိုက်ရတယ်။





"အခြေအနေရဲ့ အရေးကြီးပုံကို သူလည်း မြင်လေတော့ ကျုပ်ရဲ့ အကြံကို သူသဘောတူလက်ခံတယ်။ ဒီနေရာမှာ မစွန့်ရင်တော့ မဖြစ်ဘူးလို့တောင် သူက ပြောသေးတယ်။ ဒီတော့ ကျုပ်လည်း ဒဏ်ရာရတဲ့ လူတွေကို စောင့်ရှောက်ဖို့ အထမ်းသမားတွေထားခဲ့ပြီး ၂ မိနစ်အတွင်းမှာပဲ ကျုပ်တို့ဟာ ကွင်းပြင်ကိုကျော်၊ လူသူကင်းမဲ့နေတဲ့ မြို့ကို ဖြတ်ပြီး တိုက်ပွဲဖြစ်နေတဲ့ နေရာဆီကို အပြေးအလွှားသွားကြတယ်။

"ဒီကနေပြီး ကိုက်ပေါင်း ၇၀၀ လောက် ဝေးလိမ့်မယ်ထင်တယ်။ ၇ မိနစ် ၈ မိနစ်လောက်အတွင်းမှာ ကျုပ်တို့လည်း တဲစုတစ်စုကိုရောက်သွားတယ်။

"ဒီတဲစုကတော့ သူကြီးရဲ့တဲစုပဲ။ တဲစုဟာ တံတိုင်းရဲ့နောက်ဘက် ကိုက် ၁၂၀ လောက်မှာ ရှိသဗျ။ တဲစုမှာက တစ်ယောက်မှ မရှိလေတော့ တဲစုကို ကျုပ်တို့ သိမ်းပိုက်လိုက်ကြတယ်။ ရန်သူဘက်က သူတို့ရှေ့မှာရှိတဲ့ ရန်သူကို သဲသဲမဲမဲကြီး တွန်းလှန်တိုက်ခိုက်နေလေတော့ ကျုပ်တို့ကို သတိမပြုမိကြဘူး။

"နောက်တစ်ချက်ကလည်းပဲ ဒီတဲစုနဲ့ ရှေ့တန်းကြားမှာက ဝက်ကျောကုန်းလို ကုန်းမြင့်ကလေးက ခံနေတယ်။ တဲစုမှာ ကျုပ်တို့ ခဏအနားယူအားဖြည့်လိုက်ကြပြီး၊ ကျုပ်က အစီအစဉ်တစ်ခု လုပ်ရတယ်။

"အဲဒါက ဘာလဲဆိုတော့ နာလာရဲ့ စစ်တပ်က နောက်တစ်ကြိမ်ပြန်တိုက်တဲ့အခါ ကျုပ်တို့က ကုန်းမြင့်ကလေးပေါ် တက်ပြီးနေရာယူမယ်။ ဒီနောက် တံတိုင်းနောက်ကနေပြီး ခုခံနေတဲ့ ရန်သူကို သေနတ်နဲ့ပစ်ကြရမယ်လို့ သူတို့ကို သွန်ကြားလိုက်တယ်။

"အဲဒီနောက်ကို ကျုပ်တို့ဟာ သေနတ်တွေကို လွှင့်ပစ်လိုက်ပြီး လှံနဲ့ ထွက်တိုက်ရမယ်။ အစီအစဉ်ကတော့ ဒါပါပဲ။ ကျုပ်တို့မှာက ခုခံဖို့ ဒိုင်းတွေ မရှိဘူး။ မတတ်နိုင်ဘူးလေ ... သေနတ်တွေကို ပြန်ပြီး ကျည်ထည့်ဖို့က အချိန်မှ မရှိဘဲ။ အထူးအရေးတကြီး လိုအပ်နေတာက ဟိုတစ်ဘက်ကနေပြီး နာလာရဲ့ တပ်က ပြန်အချမှာ ရန်သူကို ကစ်စဥ့်ကလျားဖြစ်သွားအောင် ကျုပ်တို့က နောက်ကနေပြီး လုပ်ပေးရမယ် မဟုတ်လား။

"ကျုပ် လူတွေဟာ တကယ့်ကို သတ္တိကောင်းတဲ့လူတွေပဲဗျို့။ ဒီလိုသတ္တိမျိုးမတွေ့ဖူးပါဘူး။ သွေးကလည်း ဆူနေမှကိုး။ အခုလို ကျုပ်စီစဉ်တာကို သူတို့အားလုံးသဘောတူကြတယ်။ သို့သော် ဒီအစီအစဉ်ဟာ အတော့်ကို လွန်လွန်ကျူးကျူး ဖြစ်နေတယ်ဆိုတာကိုတော့ သူတို့ သိကြဟန်တူပါတယ်။ ကျုပ်ကိုယ်၌ကလည်း ဒီလိုပဲ သဘောပေါက်တယ်။ ဒါပေမဲ့ အခုလိုမှ မလုပ်ရင်မဖြစ်တော့ဘူး။ တကယ်လို့ နာလာရဲ့ စစ်တပ်သာ ဒုတိယအကြိမ် အရှုံးခံသွားမယ်ဆိုရင် ဒီတစ်ခါတော့ ကိစ္စချောပြီးသားပဲ။ ကျုပ်အဖို့တော့ 'တိုက်တတ်သော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကြီး' နဲ့ ဖူးစာဆုံရတော့မှာ သေချာတယ်။ အဲဒါကြောင့်လည်း ကျုပ်ရင်ထဲ သတ္တိအပြည့် ဖြစ်လာတာပဲဗျို့။

"ဒီနောက် ကျုပ်တို့ ကြာကြာ မစောင့်ရပါဘူးဗျာ။ မကြာခင်ဘဲ ကျုပ်တို့ ဘုတ်ီရာနာတွေရဲ့ ဟစ်အော်သံဆိုလိုက်တဲ့ စစ်မျိုးသံကို အကျယ်ကြီးနဲ့ အကြာကြီးကြားလာရတယ်။ ဒီနောက် တစ်ခါတည်း သူတို့ဟာ တိုက်ပွဲစတော့တာပဲဗျို့။

"ကျုပ်က အချက်ပြလိုက်တော့ ကျုပ်လူ ၁၅၀ ဟာ ကျုပ်ရဲ့ ဦးဆောင်မှုနဲ့ တဲအိမ်စုကနေပြီး ထွက်ခဲ့ကြတယ်။ ရှေ့ကိုက် ၅၀–၆၀ လောက်အဝေးမှာရှိတဲ့ ဝက်ကျောကုန်းသဏ္ဌာန်ကုန်းမြင့်ထိပ်ဆီကို အပြေးလာခဲ့ကြသဗျ။ စက္ကန့် ၃၀ လောက်အတွင်းမှာပဲ ကုန်းမြင့်ထိပ်ကို ရောက်သွားကြတယ်။

"ကျုပ်ကို့ရဲ့ ရှေ့တည့်တည့် ခပ်လှမ်းလှမ်းမှာတော့ ရန်သူရဲ့ တပ်မကြီးပဲ ခင်ဗျ။ သေနတ်တွေ လှံတွေ ဆွဲကိုင်ထားကြပြီး သူတို့ရှေ့က သူတို့ရဲ့ ရန်သူလာအတိုက်ကို စောင့်နေကြတယ်။ အခုအချိန်အထိ သူတို့ဟာ ကျုပ်တို့ကို မမြင်ကြသေးဘူး။ ဘယ်မြင်မလဲ ... ရှေ့က ရန်သူလာအတိုက်ကိုပဲ သူတို့က အာရုံစိုက်နေကြကာကိုး။

"ဒီတော့ ကျုပ်လည်း 'သေသေချာချာ ချိန်သားကိုက်အောင် ချိန်ကြ' လို့ ကျုပ်လူတွေကို ကျုပ်က အမိန့်ပေးလိုက်ပြီး ချက်ချင်းဆိုသလို ပစ်မိန့်ပေးလိုက်တယ်။ ကျုပ်လူတွေကလည်း ဘာပြောကောင်းမလဲ ချချင်ချင်နဲ့ ချကြတော့တာပဲဗျို့။ တစ်ချီတည်းနဲ့ မာတူကူ ၃၀ – ၄၀ လောက်ကျသွားတယ်။

"ဒီနောက် 'ချီတက်' လို့ ကျုပ်ကအော်လိုက်တယ်။ အော်ပြီး ယမ်းငွေ့တလူလူထွက်နေတဲ့ သေနတ်ကို ပစ်ချလိုက်ပြီး၊ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သဗျ။ ကျုပ်ရဲ့စံနမူအတိုင်း ကျုပ်လူတွေဟာလည်း သူတို့သေနတ်တွေကို ပစ်ချလိုက်ပြီး သေနတ်ပစ်တုန်းက သူတို့ခြေရင်းမှာ ချထားတဲ့လှံတွေကို ကောက်ကိုင်လိုက်ကြတယ်။ ဒီနောက် သံကုန်ပစ်ပြီးတစ်ဟုန်ထိုး ရှေ့တက်ကြပါရော၊ မာတူကူတွေဟာ ရာနဲ့ချီပြီးနောက်ကို ချာခနဲ လှည့်လိုက်ကြတာကို ကျုပ်တွေ့လိုက်ရတယ်။ အခြေအနေ ရုတ်တရက်ပြောင်း သွားတာကို အံ့အားသင့်ကြီးသင့်သွားကြဟန်တူပါရဲ့။

"ရှေ့ကိုကျုပ်တို့အတက်မှာ ကိုက် ၂၀ လောက်မှ မရောက်သေးဘူး။ မာတူကူတွေကို ကျော်ပြီးကြည့်လိုက်တော့ လား ... လား၊ မြေကြီးထဲကနေ ထောင်ထလာတဲ့အတိုင်းပဲဗျို့၊ တဲတိုင်းရဲ့အပေါ်မှာ လှံကြီးတွေကို မြင်လိုက်ရတယ် ခင်ဗျ။ လှံကို ကိုင်ထားတဲ့ လူတွေရဲ့ မျက်နှာကလည်း အင်မတန် ကြောက်





ခရာကောင်းတဲ့မျက်နှာကြီးတွေနဲ့လူတွေပဲ ခင်ဗျ။ သူတို့ခေါင်းမှာ စိုက်ထားတဲ့ ငှက်ကျတဲ့ အမွေးအတောင်တွေက သူတို့မျက်နှာကြီးတွေကို ဖုံးလို့မတက်ဘဲ။

"ဒီနောက် တစ်ချက်စူးစူးဝါးဝါး အော်လိုက်ပြီး လွှားခနဲ လွှားခနဲ တဲတိုင်းပေါ်ကို ခုန်တက်လိုက်ကြပါလေရော။ သူတို့ဒိုင်းကြီးတွေကို ဝှေ့လိုက်ယမ်းလိုက်နဲ့ပေါ့ဗျာ။ တဲတိုင်းပေါ်လည်း ရောက်သွားရော တစ်ခါသံကုန်ဟစ်ရင်း ခုန်ဆင်းပြီး အံ့အားသင့်နေတဲ့ ရန်သူတွေဆီကို တည့်တည့်မတ်မတ်ကြီး အတင်း တရကြမ်း ပြေးသွားကြတော့တာပဲ။

"ကျုပ်တို့ကလည်း ရန်သူတွေဆီရောက်ပြီး ချနေကြပြီလေ။ တိုက်ကြခိုက်ကြ၊ ထိုးကြခုတ်ကြတာများ ကျုပ်တို့တစ်တွေဟာ ဘီလူးသဘက်တွေလိုပါပဲ။ နာလာရဲ့ စစ်တပ်ကလည်း ကောင်းကောင်းကြီး ချနေကြတာပေါ့။ အဲသလို ချကြဆော်ကြလုပ်နေတုန်းမှာပဲ အညိုရောင် တောင်တန်းကြီးရဲ့ နောက်ခံမှာ လှံတွေ အမွေးအတောင်တွေ ထပ်ပြီးပေါ်လာတာကို တွေ့ရပြန်တယ် ခင်ဗျ။

"သူတို့ဟာ လေမုန်တိုင်းကြီးဟိုက်သလို တစ်ဟုန်ထိုးဆင်းလာကြပြီး ရန်သူကို တရကြမ်း ဆော်ကြနှက်ကြတော့တာပဲ။ ရန်သူ တပ်ကြီးဟာလည်း အံ့အားအသင့်ကြီးသင့်နေပြီး ဒီဘက် လှည့်ကြည့်လိုက် ဟိုဘက်လှည့်ကြည့်လိုက်နဲ့ ဗျာများသွားကြသဗျ။ ဘာလုပ်ရမှန်း မသိလောက်အောင်ကိုပဲ ကြောက်လန့်သွားကြတာကိုး ခင်ဗျ။

"ဒီအတောအတွင်း ကျုပ်တို့ဘက်ကလူတွေ တိုက်ကြခိုက်ကြပုံကလည်း အင်မတန်မြန်ပြီး ဖျတ်လတ်သွက်လက်တာပဲဗျို့။ နေရာတိုင်းမှာ လှံတဝင့်ဝင့်နဲ့ ချည့်တွေ့ရတယ်။ မကြာခင်ပဲ 'အောင်ပြီ ... အောင်ပြီ' ဆိုတဲ့ အသံကြီး ပဲ့တင်ထပ်ပြီး ကောင်းကင်ကို တစ်ခါတည်းထိုးတက်သွားတော့တာပဲဗျို့။

"တဲတိုင်းပေါ်မှာကတော့ မေဝါရယ်ခင်ဗျ။ သူဝတ်ထားတဲ့ ဝတ်ရုံဖြူဟာ သူ့ပခုံးပေါ်ကနေ တွဲလွဲကျနေတယ်။ သူ့လက်ထဲမှာ လှံကိုကိုင်ထားတယ်။ သူ့ရင်ဟာ နိမ့်ချီမြင့်ချီဖြစ်ပြီး မျက်လုံးတွေက မီးထွက်မတတ်တောက်နေတာ မြင်ရတယ်။ ဆူညံနေတဲ့ တိုက်ကြခိုက်ကြသံတွေ ကြားထဲကနေပြီး အောင်မြင်တဲ့အထိတိုက်ကြဖို့ သူ့ရဲ့ ဟစ်အော်ဆော်ဩသံကို ပြတ်ပြတ်သားသား ကျုပ်ကြားလိုက်ရတယ်။

"အခု အချိန်မှာတော့ လုံးဝအောင်မြင်တယ်လို့ မဆိုနိုင်သေးဘူးခင်ဗျ။ ဝမ်ဘီရဲ့ လူတွေဟာ ပြန်စုလိုက်ပြီး ကျုပ်တို့ ဘက်ကလူတွေကို သူတို့လူအားနဲ့ ဖိတိုက်နေကြပြန်တယ်။ ဒါနဲ့ ကျုပ်တို့လူတွေဟာ နည်းနည်းဆုတ်ကန် ဆုတ်ကန်ဖြစ်သွားကြပေမဲ့ တစ်ခါအားယူပြီး နွှဲကြပြန်ပါရော။ ဒီလိုနဲ့ တိုက်ပွဲဟာ သူနိုင်လား၊ ကိုယ်နိုင်မလား မဝေခွဲနိုင်တဲ့ အခြေမှာရောက်နေတယ် ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"မေဝါဟာ တံတိုင်းပေါ်ကနေပြီး သူ့လူတွေကို အားပေးတဲ့အနေနဲ့ အော်ပြောနေသဗျ။ 'ချပါတော့လား ... သက်ပါတော့လားဟဲ့။ ဘာလဲ ... နင်တို့ ကြောက်နေကြသလား။ နင်တို့ဟာ မိန်းမတွေပဲ၊ ကြောက်ဒူးတုန်နေတဲ့ မိန်းမတွေ၊ ချပေး ... ချပေး၊ မချနိုင်ရင် ခွေးသေသေကြ ... ဒါပဲ၊ ဘာလဲ နင်တို့က နောက်ဆုတ်သပေါ့လေ၊ နာလာရဲ့ သားကောင်းရတနာတွေ ငါ့နောက်ကို လိုက်ခဲ့ကြ' အဲသလို အရှည်ကြီးအော်လိုက်ပြီး မေဝါက ဒရယ်မကလေးလို တံတိုင်းပေါ်က လွှားခနဲ ခုန်ချလိုက်တယ်။ ဒီနောက် သူကိုင်ထားတဲ့ လှံကိုဝင့်ပြီး သဲသဲမဲမဲ တိုက်နေကြတဲ့ လူတွေကြားထဲ တိုးဝင်သွားတော့တာပဲဗျို့။

"သူ့စစ်သားတွေက သူ့ကိုမြင်ကြတယ်လေ။ သူ့လူတွေက ပြန်အော်လိုက်တဲ့ အသံကြီးဟာ မိုးချုန်းသံကြီးလို တောင်ကိုရိုက်ခတ်ပြီး တစ်ခါတည်း ပွဲတင်ထပ်သွားတော့တာပဲဗျို့။ သူတို့ဟာ လူအုပ်ကြီးဖွဲ့လိုက်ကြပြီး လေထဲမှာ တဖျပ်ဖျပ် လွင့်နေတဲ့ မေဝါ ဝတ်ထားတဲ့ ဝတ်ရုံဖြူကိုကြည့်ပြီး နောက်ကလိုက်ကြတယ်။ ဒီနောက် ရန်သူတွေ အထူထပ်ဆုံးရှိနေတဲ့ နေရာကို ဝင်ပြီး တရကြမ်း တိုက်ကြခိုက်ကြ၊ ထိုးကြခုတ်ကြတော့တာပဲဗျို့။

"ဘာပြောကောင်းမလဲ၊ လေပွေဝှေ့ယမ်းသွားတဲ့ သစ်ပင်တွေအမြစ်က ကျွတ်ပြီး လဲပြိုကုန်သလို မာတူကူတွေဟာလည်း အတုံးအရုံးကျကုန်တော့တာပဲ ခင်ဗျ။ အင်တိုက်အားတိုက် တရကြမ်းတိုးတဲ့ ရေအဟုန်ကို ကမ်းပါးကြီးဟာ မခံနိုင်ဘဲ ပြိုကျပေါက်ကွဲထွက်ရသလိုပါပဲ။ သူ့လူတွေဟာ တကယ့်ကို အစွမ်းကြီးစွန့်ပြီး တိုက်ကြခိုက်ကြတာကို ခင်ဗျ။ သူတို့ရဲ့ရှေ့တည့်တည့်မှာက မေဝါရဲ့ ဝတ်ရုံဖြူဟာ တလူလူတလွင့်လွင့်နဲ့ပေါ့ ခင်ဗျာ။

"နောက်တော့ ရန်သူဟာ ကျိုးသွားတော့တာပါပဲ။ ဝမ်ဘီရဲ့ စစ်သားတွေဟာ အင်မတန် ကြောက်ပြီး ကစဥ့်ကလျား ပြေးကြပါလေရော၊ သူတို့ပြေးတဲ့ နောက်ကို အောင်နိုင်သူတွေက လိုက်ကြသဗျ။ လိုက်တဲ့ခြေသံတွေက မိုးခြိမ်းသံ လိုပါပဲ။

"တိုက်ပွဲကတော့ ပြီးသွားပါပြီ။ ကျုပ်တို့က အောင်နိုင်သူတွေပေါ့။ ကျုပ်အဖို့ကတော့ ကျောက်တုံးတစ်ခုပေါ် ထိုင်ချလိုက်ပြီး နဖူးကချွေးကို သုတ်ရင်း အသက်မသေရဘဲ တိုက်ပွဲအပြီးသတ်သွားလို့ ဘုရားသခင်ကို ကျေးဇူးတင်မိပါတယ်။ နောက်မိနစ် ၂၀ လောက်ကြာတော့ နာလာရဲ့စစ်သားတွေဟာ မောကြီးပန်းကြီးနဲ့ ပြန်ရောက်လာကြတယ်။ ဝမ်ဘီရဲ့ စစ်သားတချို့ဟာ ချုံခို သွားပြီး တချို့လည်း ပုန်းရအောင် လိုဏ်ဂူထဲ ဝင်သွားကြသတဲ့။ ဒါနဲ့ သူတို့ ဆက်လိုက်လို့ အန္တရာယ်များမယ်ဆိုတာ သိတာနဲ့ ပြန်လာခဲ့ကြတဲ့အကြောင်း ပြောတယ်။



ဒါပေမဲ့ စစ်သားအတော်များများကိုတော့ ရှေ့ဆက်မပြေးနိုင်အောင် လုပ်ခဲ့တယ်လို့ အမိဘွာယ်ပါပါနဲ့ ပြောကြသေးတယ်။

"ကျုပ်မှာတော့ တိုက်ရခိုက်ရလို့ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေပြီ၊ စစ်ပွဲကလည်း ပြီးသွားတော့ ဘာမှဂရုမစိုက်နိုင်တော့ဘူး။ ဒါနဲ့ခဏ အဲဒီလို ဖြစ်နေရင်း မကြာခင်မှာ ကျုပ်နာမည်ကို ခေါ်သံကြားလိုက်လို့ ကျုပ်ဟာ အိပ်ရာက နိုးလာသလို ဖျတ်ခနဲ ဖြစ်သွားတယ်။ မော့ကြည့်လိုက်တော့ 'နာလာ' ရယ် ခင်ဗျ။ လက်မောင်းမှာ ဒဏ်ရာနဲ့၊ သွေးတွေထွက်လို့။ သူ့ဘေးမှာကတော့ 'မေဝါ' အင်မတန် မောပန်းနေပုံရတယ်။ ဒါပေမဲ့ ဘာမှ မဖြစ်ပါဘူး။ သူ့မျက်နှာကတော့ ခက်ထန်ပြီး ဝင့်ဝင့်ကြွားကြွားကြီး ဖြစ်နေတဲ့ လက္ခဏာပါပဲ။

"နာလာက ဒီလို ပြောတယ် ခင်ဗျ။ 'သူတို့သွားကြပြီ ... မာကူမာဇန် သူတို့ကို ကြောက်ဖို့ မရှိတော့ပါဘူး။ သူတို့ဦးကျိုးသွားပါပြီ။ သို့သော် စော်ဘွား ဝမ်ဘီက ဘယ်မှာလဲ။ နောက်ပြီး ဆရာကြီး လိုက်ရှာနေတဲ့ လူဖြူကကော ဘယ်မှာလဲ' တဲ့။

" 'ဟင့်အင်း ... ကျုပ် မသိဘူး' လို့ ကျုပ်က ဖြေလိုက်ရတယ်။

"ကျုပ်တို့ရပ်နေတဲ့ အနီးမှာ ပေါင်ကို ထုတ်ချင်းခတ် ဖောက်ပြီး သေနတ်မှန်သွားလို့ ဒဏ်ရာနဲ့လဲနေတဲ့ ခပ်ရွယ်ရွယ် မာတူကူ စစ်သားကလေးတစ်ယောက်ရှိနေတယ်။ ဒဏ်ရာက သိပ်မကြီးလှပါဘူး။ ဒါပေမဲ့ မပြေးနိုင်တော့ဘူးပေါ့ ခင်ဗျ။

"နာလာက ဒီစစ်သားကလေးဆီ လျှောက်သွားတယ်။ ဒီနောက် သူ့မျက်နှာနားကို လှံဝင့်ပြီး 'ဟေ့ ... ခွေးသား၊ ဝမ်ဘီ ဘယ်မှာရှိသလဲ ပြောစမ်း၊ ပြောရင်ပြော မပြောရင် နင့်ကို ငါသတ်ပစ်မယ် သိလား၊ ဝမ်ဘီဟာ စစ်သားတွေနဲ့ အတူ ပါသလား' လို့ မေးလိုက်တယ်။

"မသိပါဘူး သခင် ... ကျွန်တော် မသိပါဘူး။ ကျွန်တော်တို့နဲ့ သူဝင် မတိုက်ပါဘူး။ သူဟာ တိုက်ချင်ခိုက်ချင်တဲ့ လူစားမဟုတ်ပါဘူး။ ဟိုဘက်က သူ့ရွာမှာ ရှိကောင်းရှိနေပါလိမ့်မယ်။ ဒါမှမဟုတ်လည်း ရွာရဲ့အနောက်ဘက်က လိုဏ်ဂူထဲမှာ ရှိပါလိမ့်မယ်။

"အဲဒီလို ကြောက်ကြောက်လန့်လန့်နဲ့ စစ်သားလေးက ပြောရှာတယ် ခင်ဗျ။ ကျုပ်တို့ရှိနေတဲ့ နေရာရဲ့ ညာဘက် ကိုက် ၄၀၀ လောက်အဝေးမှာရှိတဲ့ တောင်စောင်းပေါ်က အကာအရံတစ်ခုကို အဲဒီစစ်သားလေးက လက်ညှိုးထိုးပြပါတယ်။

" 'ကိုင်း ... သွားပြီး ကြည့်ကြရအောင်ဟေ့' လို့ နာလာက သူ့လူတွေကို ခေါ်ရင်း ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

၈

## မေဝါ၏ကလဲ့စားချေခြင်း

"ဒါနဲ့ နာလာရဲ့ စစ်သားတွေ အားလုံးလိုလို ရောက်လာကြတယ်။ နို့ပေမဲ့ လွန်ခဲ့တဲ့ တစ်နာရီလောက်ကထက် အခုဆိုရင် သုံးပုံတစ်ပုံ လျော့သွားတယ်။ စုရုံးလာကြတဲ့ စစ်သားများထဲက လူ ၂၀၀ လောက်ကို ရွေးပြီး ဒဏ်ရာရသူတွေကို လိုက်ပြီးကောက်ယူဖို့ ပြုစုဖို့ခိုင်းတယ်။ ဒီနောက် ကျုပ်က အကြံပေးလို့ နာလာလည်း အမိန့်တစ်ခုထုတ်လိုက်တယ်။ ဘယ်လို အမိန့်လဲဆိုတော့ ရန်သူဘက်က ဒဏ်ရာရသူတွေ၊ အတူးသဖြင့် မိန်းမနှင့် ကလေးသူငယ်တွေကို မသတ်ရဆိုတဲ့ အမိန့်ပဲဗျ။

"ဒီလိုအမိန့်ကို ဘာကြောင့် ထုတ်ပြန်စေရသလဲဆိုရင် အာဖရိက တိုင်းရင်းသားများရဲ့ ရိုင်းစိုင်းတဲ့ ထုံးစံတစ်ခုက စစ်ရှုံးတဲ့ ရန်သူဘက်က ဒဏ်ရာရသူတွေနဲ့ မိန်းမနဲ့ကလေးတွေကို သတ်ပစ်တတ်ကြတဲ့ အလေ့ရှိတယ်။ အခု အမိန့်က ဒဏ်ရာရတဲ့လူတွေကို မသတ်တဲ့အပြင် ဒဏ်ရာတဲ့လူတွေကို လာပြီးပြုစုစောင့်ရှောက်နိုင်တဲ့အကြောင်း၊ သူတို့ရဲ့ မိန်းမတွေဆီကို အကြောင်းကြားခိုင်းတယ်။ နာလာစစ်တိုက်တာက မာတူကူအမျိုးသားတွေကို တိုက်ခြင်းမဟုတ်ဘဲ ဝမ်ဘီကိုသာ တိုက်ခြင်းဖြစ်တဲ့အကြောင်း ကြေညာစေတယ်။

"ကျုပ်တို့တစ်တွေအားလုံး လူ ၄၀၀ လောက်စုရုံးပြီး ချီတက်ကြတော့ မကြာခင်မှာပဲ ဝမ်ဘီရဲ့ ရွာကို ရောက်သွားကြရော ဆိုပါတော့ဗျာ။ ကျုပ်အရင်က ပြောခဲ့တဲ့အတိုင်း ဝမ်ဘီရဲ့ရွာဟာ ဟောင်စောင်းကို နောက်ခံထား ပြီး တည်ဆောက်ထားတယ် ခင်ဗျ။ ရွာရဲ့ အားပတ်လည်မှာတော့ ခံစစ်ကြောင်းတွေ ဆောက်ထားတယ်။





"ရွာ အကျယ်အဝန်းကတော့ အလွန်ဆုံး တစ်ဧကခွဲလောက်ရှိမယ် ထင်တယ်။ အပြင်မှာ သေသေသပ်သပ် အကျအန လုပ်ထားတဲ့ ကျူရိုးခြံစည်းရိုးရှိတယ်။ အတွင်းမှာကတော့ ဝမ်ဘီရဲ့ မယားကြီးတွေနေတဲ့ လခြမ်းသဏ္ဍာန် ခပ်ကွေးကွေး ဆောက်ထားတဲ့ တဲတွေရှိသဗျ။

"မေဝါကတော့ ဒီအနေအထားတွေကို တစ်လက်မ မကျန်သိထားတာကလား။ သူက ဒီမှာနေလာခဲ့တဲ့ လူပဲ။ ရွာအဝင်ဝဆီကို သူက တည့်တည့်မတ်မတ်ကြီး ကျုပ်တို့ကို ခေါ်သွားတယ်။

"ဂိတ်တံခါးဝကနေပြီး အတွင်းကို ချောင်းကြည့်တော့ လူရိပ်သူရိပ်ဆိုလို့ အစအနတောင် မမြင်ရဘူး။ တဲတွေကိုပဲ မြင်နေရတယ်။ တဲတွေရှေ့မှာက ထုံးကျောက်သမံတလင်းကိုင်ထားတဲ့ ကွက်လပ်ရှိတယ်။ ဒီအချိန်မှာ နေမင်းကြီးက သမံတလင်းပေါ်ကို ချစ်ချစ်တောက်ပူပြီး အရောင်ထိုးနေသဗျ။ ဒါပေမဲ့ လူသူအစအနဆိုလို့ ဘာမှ မမြင်ရဘူး။ ဘာသံမှလည်း မကြားရဘူး။

"ဒီအခါ မေဝါက ဘာပြောသလဲဆိုတော့ 'တောခွေးဟာ မြေအောင်းသွားပြီ။ သူတို့ရဲ့နောက်ဘက်မှာရှိတဲ့ လိုဏ်ဂူထဲမှာ ရှိလိမ့်မယ် ထင်တယ်'

"အဲဒီလို ပြောပြီး သူကိုင်ထားတဲ့ လှံနဲ့ တခြားလခြမ်းသဏ္ဍာန်ရှိတဲ့ စည်းရိုးခပ်ငယ်ငယ်တစ်ခုဘက်ဆီကို ထိုးပြတဲ့အခါ စည်းရိုးပေါ်ကို ထိုးထွက်နေတဲ့ တဲကြီးတစ်လုံးကို မြင်ရတယ်။ တဲကြီးရဲ့ နောက်ဘက်မှာတော့ ကမ်းပါးနံရံကြီးပဲ။ ကျုပ်က စည်းရိုးကို သေသေချာချာ စိုက်ကြည့်တော့ လား ... လား .. ဟုတ်သဗျို့။ ဒီစည်းရိုးက ဆင်စွယ်ချောင်းကြီးတွေ စိုက်ပြီး လုပ်ထားတာကိုး။

"အချွန်ပိုင်းကို အပေါ်ထောင်ပြီး မြေပြင်ကကိုထုတ် စိုက်ထားတယ်။ အငယ်ဆုံးအချောင်းတွေကို အငယ်ဆုံးဆိုရပေမဲ့လို့ တစ်ခုတလေမှ ငယ်တာရယ်လို့တော့ မရှိပါဘူး။ အဲ ... အငယ်ဆုံး အချောင်းတွေကို ကမ်းပါးနံရံကြီးနဲ့ကပ်ပြီး ဟိုဘက်ဒီဘက် စိုက်ထားတယ်။ အချောင်းတွေဟာ တဖြည်းဖြည်း ကြီးကြီးလာပြီး နောက်ဆုံး ဂိတ်ပေါက်အဖြစ်လုပ်ထားတဲ့ အစွယ်ကြီးနှစ်ချောင်းဟာဆိုရင် ဒရာမအချောင်းကြီးတွေ ခင်ဗျ။ နည်းတာကြီးတွေ မဟုတ်ဘူး။ (V) ဗွီစာလုံးကို ဇောက်ထိုးပုံစိုက်ထားသလို ဂိတ်ဝမှာ ဒီအစွယ်ကြီး ၂ ချောင်းကို စိုက်ထားသဗျ။

"ကျုပ်တော့ဖြင့် ဒီဟာကြီးတွေ ကြည့်ပြီး ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ ခြေမကိုက်မိ လက်မကိုင်မိအောင် ဖြစ်သွားသေးတယ်။ ကြည့်လေဗျာ ... လက်ရွေးစင် အစွယ်ကြီးပေါင်း ၅၀၀ – ၆၀၀ လောက် တန်းစီပြီး စိုက်ထားလိုက်တာ အသာနုတ်ပြီးယူသွားရုံပဲ ဆိုပါတော့။ ဒါတွေကို မြင်လိုက်ရတဲ့ ဆင်လိုက်မုဆိုးဟာ ဘယ်မှာ ဝမ်းမသာဘဲ နေနိုင်ပါ့မလဲ၊ မုတ်ဆိတ်ကို ပျားစွဲလာမှတော့ အသာကလေး ဆွတ်စားရုံပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ရှိသဗျ။ ဘာလဲဆိုတော့ ဆင်စွယ်တွေဟာ မည်းနေပြီ။ မည်းတာက အပေါ်ပိုင်းကပါ။ ဘာကြောင့်ဆိုတော့ နှစ်ပေါင်း မရေမတွက်နိုင်လောက်အောင် နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ခံလာခဲ့ရတာကိုး၊ ဒီတော့ အပေါ်ယံမည်းကုန်တော့တာပေါ့။ ဒါပေမဲ့ အတွင်းပိုင်းကတော့ ဘာမှမဖြစ်ဘူးဆိုတာ သေချာပါတယ်။

"ကျုပ်မှာကလည်း စိတ်က အင်မတန် တက်ကြွပြီး နေလေတော့ အန္တရာယ်ကိုတောင် မစဉ်းစားနိုင်တော့ဘူး။ ဆင်စွယ်တွေဆီကို အတင်းပြေးတဲ့ပြီး အစွယ်ကြီးတစ်ချောင်းကို ဓားနဲ့ ခပ်နာနာ ခြစ်ကြည့်လိုက်သဗျ။ ဘယ်အထိမည်းနေတယ်ဆိုတာ သိချင်လို့ပေါ့လေ။ ထင်တဲ့အတိုင်းပါပဲ။ မဖြစ်စလောက်သာ မည်းနေတာပါ။ အမည်းတွေကို ခြစ်ကြည့်လိုက်တော့ အတွင်းသားက ဆွတ်ဆွတ်ဖြူနေတဲ့ ဆင်စွယ်သား ပေါ်လာတယ်။

"ကျုပ်ဖြင့် ဝမ်းသာလွန်းလို့ ကချင်စိတ်တောင် ပေါက်လာတယ်ဗျို့၊ တကယ်ပါပဲ။ အမှန်ကိုပြောရရင်တော့ ကျုပ်စိတ်က ငွေရဖို့လောက် အာသီသထားနေတာကလား။

"အခုလို ဝမ်းသာလုံးဆို့နေတုန်း ဗြုန်းဆို အကူအညီ တောင်းသံတစ်သံ ခပ်သဲ့သဲ့ ကြားလိုက်ရတယ် ခင်ဗျ။ အသံက တဲရဲ့နောက်ဘက်ဆီကဖြစ်ပြီး ဆီစုတု (Sisutu) ဘာသာစကားနဲ့ ပြောနေတာ ခင်ဗျ။ အဓိပ္ပာယ်ကတော့ 'ကယ်ကြပါ ... ကယ်ကြပါ၊ သူတို့ကျုပ်ကို သတ်နေကြပါပြီ' တဲ့။

"ဟာ ... ဒီအသံကို ကျုပ်သိတာပေါ့။ တခြားဟုတ်ပါ့မလား။ 'ဂျွန်-အော့ဗရီ' ရဲ့အသံပေါ့။ ဩော် ... ဖြစ်မှ ဖြစ်ရလေ။ ပါ့နယ် တစ်ကိုယ်ကောင်းဆန်တဲ့အကောင်ကြီးပဲလို့ ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိသေးတယ်။ ဘာကြောင့်လဲဆိုတော့ ဆင်စွယ်တွေကိုတွေ့ရလို့ လောဘရမ္မက်ထွက်ပြီး ကိုယ့်မိတ်ဆွေကြီးကို လုံးဝမေ့သွားမိလို့ပဲ။ အလိုလေး ... ဘုရား ... ဘုရား၊ ဖြစ်မှဖြစ်ရလေ၊ နောက်များကျသွားပြီလား မဆိုနိုင်ဘူး။

"နောက်တော့ နာလာရယ်၊ မေဝါရယ်၊ သူတို့စစ်သားတွေရယ် ရောက်လာကြတယ်။ အော့ဗရီရဲ့ အကူအညီတောင်းသံကို ကျုပ်ကြားသလို သူတို့လည်း ကြားလိုက်ရတယ်။ အသံကိုမှန်းပြီး ဘာပြောနေတယ်ဆိုတဲ့ အသံမှန်း သူတို့ရိပ်မိကြတယ်။ စကားလုံးတွေကိုတော့ သူတို့ သဲသဲကွဲကွဲ မကြားရဘူး။

"ဒီအခါမေဝါက 'ဒီဘက်လာကြပါလို့' လို့ အော်ပြောပြီး လမ်းပြပေးတော့ ကျုပ်တို့တစ်တွေလည်း ဝမ်ဘီရဲ့တဲကို ကွေ့ပတ်ပြီး အပြေးကလေး သွားကြရတယ်ခင်ဗျ။ တဲရဲ့နောက်မှာက လိုဏ်ဂူထဲဝင်တဲ့ လမ်းကျဉ်းကလေးရှိတယ်။ ကျုပ်တို့ဟာ ရန်သူက ချောင်းပြီးတိုက်မှာကို ဂရုမစိုက်မနေနိုင်ကြတော့ဘဲ





သမား ၄၀ နဲ့လာခဲ့တာပဲ။ ဒီကျတော့ ဝမ်ဘီက အလစ်ဝင်တိုက်တယ် ခင်ဗျ။ အားလုံးကို သတ်ပြီး သေနတ်တွေကိုယူတယ်။ သေနတ်တွေရပေမဲ့ သူ့အဖို့ သိပ်အသုံးမဝင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်နက်တွေက နောက်ထိုး လက်နက်တွေ ဖြစ်နေတာကိုး။ နောက်ပြီး သူ့အကောင်တွေကလည်း ရှိသမျှကျည်တွေကို တစ်လ၊ နှစ်လနဲ့ အကုန်သုံးပစ်လိုက်ကြတယ်။ ဒါပေမဲ့ လက်နက်တွေကတော့ ဘာမှ မပျက်စီးဘဲ အခြေအနေကောင်းတုန်းပဲ ရှိနေပါသေးတယ်။ ဟောဟိုက တဲထဲမှာ ချိတ်ထားလေရဲ့။

"ကျုပ်ကိုတော့ သူတို့မသတ်ဘဲ ချန်ထားတာကတော့ ဒီလိုပါ ... ကျုပ်တို့ကို အလစ်ဝင်မတိုက်ခင်မှာ ကျုပ်က သေနတ် တစ်လက်ကို ပြင်နေတယ် ခင်ဗျ။ အဲ ... သေနတ်ပြင်နေတာကို သူတို့မြင်သွားတယ်။ ဒါကြောင့် သေနတ်ပြင်ဆရာအဖြစ်နဲ့ ကျုပ်ကို မသတ်ဘဲထားကြတာပဲ။

"ကျုပ်လည်းပဲ ထွက်ပြေးဖို့ ကြိုးစားတာ ၂ ခါရှိပြီ။ ၂ ခါစလုံးပဲ ကျုပ်ကို ပြန်မိသွားကြတယ်။ နောက်ဆုံးအချိန်မှာ ကျုပ်ကို ဝမ်ဘီက အရိုက်နိုင်းတာများ သေလုမြောပါး ခံလိုက်ရပါတယ်ဗျာ။ သူနှိပ်စက်တဲ့ ဒဏ်ရာဒဏ်ချက်တွေကို ကျုပ်ရဲ့ ကျောပေါ်မှာ ခင်ဗျားအမြင်ပဲ မဟုတ်လား ။

"တကယ်ဆိုရင်တော့ သေဖို့ပါပဲ။ နို့ပေမဲ့ ဟောဒီက မေဝါဆိုတဲ့ သူငယ်မက တိတ်တိတ်ခိုးလာပြီး ကျုပ်ကို ပြုစုစောင့်ရှောက်ပေးတဲ့အတွက် အသက်ရှင်နေတာ ခင်ဗျ။ ကျုပ်တို့ရဲ့ ပစ္စည်းတွေထဲမှာ ခြသေ့် ထောင်ချောက်ကြီးလည်း ပါလာသလေ။ ကျုပ်အထင်တော့ လူ ၁၀၀ - ၂၀၀ လောက်ကို ဒီထောင်ချောက်ကြီးထဲ ထည့်ပြီး လူသတ်ပြီးပြီလို့ ထင်တာပဲ။

"အဲဒီလို ထောင်ချောက်ကြီးထဲထည့်ပြီး သတ်ရတာဟာ သူ့အဖို့ သူ့အကြိုက် အပျော်အပါး ကစားစရာတစ်မျိုးလို ဖြစ်နေတာပဲ။ နေ့စဉ်နေ့တိုင်းလိုလို သူဟာ ထောင်ချောက်ထဲ ထည့်ထားတဲ့ လူကို သေသွားတဲ့အထိ ဖိမ်ခံပြီး ထိုင်ကြည့်နေတတ်တယ် ခင်ဗျ။

"တစ်ခါတစ်ခါ ကျတော့လည်း သေရမယ့်လူဟာ ချက်ချင်းသေမသွားအောင် အစာရေစာပေးပြီး အချိန် ဆွဲထားလိုက် သေးတယ်ခင်ဗျ။ ဘယ်နေ့ဘယ်ရက်အထိ မသေဘဲ အသက်ရှင်နေသေးရင် လွှတ်ပေးမယ်လို့တောင် သူက ပြောလိုက်သေးတယ် ခင်ဗျ။ ဒါပေမဲ့ ဒီခွေးကောင်ကြီးဟာ စကားမတည်ပါဘူး။ လွှတ်ပေးမယ်ဆိုပေမဲ့ လွှတ်မပေးပါဘူး။ ထောင်ချောက်ထဲရောက်ပြီးတဲ့ လူမှန်သမျှ အားလုံးသေရတာချည့်ပဲ။ သေတဲ့လူတွေရဲ့ အရိုးတွေဟာ ဟိုကျောက်တုံးကြီးရဲ့ နောက်မှာ ရှိနေလေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတဲ့ စကားတွေ ကြားရတော့ ကျုပ်က 'အင်း ... ရက်စက်ပေ ဗျာ' လို့ အံကြိတ်ပြီး ရေရွတ်မိသေးတယ်။ ကျုပ်က ငါဝင်မစွက်မိဘဲ သူများတွေ သေရသလို ဒီအကောင်ကြီး သေရအောင် ပစ်ထားလိုက်ရင် အကောင်းသား လို့တောင် ကျုပ်စိတ်ထဲမှာ မ တော်မေ့မိသေးတယ်။

"အေဗရိုကလည်း ဒီလိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ဒီအကောင်ကြီးဟာ ထောင်ချောက်ရဲ့ အရသာကို မြည်းခမ်း သွားလိုက်ရတယ် မဟုတ်လား။ အဲဒါကို ပဲ ကျုပ်ကတော့ ဝမ်းသာလှပါပြီ။ ဒါဟာ သူ့တရား သူစီရင်သွားတာပေါ့။ အခုဆိုရင် အကောင်ကြီးဟာ ငရဲပြည်ကို ရောက်သွားပြီလေ၊ ငရဲပြည်မှာလည်း ... ဟွင်း ထောင်ချောက်တစ်ခု အသင့်ရှိနေရင်ကောင်းမှာပဲဗျာ။ တောက် ... အဲဒီထောင်ချောက်ကို ကျုပ်ကိုယ်တိုင်တောင် ဆင်ပေးလိုက်ချင်သေးရဲ့' လို့ ပြောသဗျ။

"အဲသလို သူက ပြောနေခုန်း ကျုပ်ကတော့ သူပြောသမျှကို န ထောင်ပြီး ဒီလူဟာ ဒီအလောက်နှစ်ပေါင်းများစွာ ကြာအောင် အညှဉ်းပန်းအနှိပ်စက် ခံနေရလျက်သားနဲ့ စိတ်မဖောက်ပြန်ဘဲ အခုလို လူကောင်းပကတိ ပြန်ဖြစ်လာ တာကိုပဲ ကျုပ်က စဉ်းစားနေမိသေးတယ်။ ဒါပေမဲ့ အခု ကျုပ်က ခင်ဗျားတို့ ပြန်ပြောနေသလို သူ့ခင်ဗျာ အင်္ဂလိပ် စကားကို တောက်လျှောက်ပြောနိုင်ရှာတာ မဟုတ်ပါဘူး။ သူပြောပုံက ဖြည်းဖြည်းလေးလေးကြီး ခင်ဗျ။ ပါးစပ်ထဲတစ်ခု ငုံထားပြီး ပြောနေသလိုပဲ နောက်ပြီးတော့လည်း တချို့အင်္ဂလိပ်စကားလုံး တော့ မေ့သွားပြီနဲ့တူပါရဲ့။ တိုင်းရင်းသားစကားလုံးကို ညှပ်သွပ်ပြီးတောင် ပြော သွားရရှာသေးတယ်ဗျာ။

"နောက်တော့ နာလာရောက်လာပြီး စားစရာများ ပြင်ဆင်ပြီးကြော လာပြောတယ်။ တကယ်ပါပဲဗျာ။ အဲဒီတုန်းက စားရသောက်ရတာ တက အရသာရှိတာပဲဗျို့။ အဲဒီလို စားသောက်ပြီးကြတော့ ကျုပ်ကိုလည်း ဆွေး တိုင်ပင်ကြရတာပေါ့ဗျာ။ ဝမ်ဘီရဲ့ စစ်သား ၁၀၀၀ လောက်ကတော့ စစ်မတိုက် နိုင်ကြတော့ဘူး။ ဒါပေမဲ့ နောက် ၂၀၀၀ လောက်ကတော့ ချုံကြီးချုံကြ ကျောက်တုံးကြီး ကျောက်တုံးတွေကြားမှာ ပုန်းခိုနေသနဲ့တူတယ်။

"ဒီလူအင်အားအပြင် ရှာမီးချုပ်စပ်က သူ့လူတွေလည်း ရှိနေ တယ်။ ဒီလူတွေဟာ ကျုပ်တို့ကို အန္တရာယ်ပြုနိုင်တဲ့ အခြေမှာရှိနေတ ဒါကြောင့် ပြဿနာက ကျုပ်တို့ရှေ့ဆက်ပြီး ဘာလုပ်ကြမလဲဆိုတာပဲ။ သူတို လိုက်တိုက်ကြမလား။ ဒါမှမဟုတ်ဘဲ သူတို့ဖာသာ ဒီအတိုင်းသွားကြမလာ အားလုံးကိုယ်ပြောလိုရာ ပြောကြတဲ့ အကြံဉာဏ်တွေကို ကျုပ်က နားထော





"ဒီနောက် ကျုပ်တို့လည်း သူ့ကို ထားခဲ့ပြီး အပြင်ထွက်လာခဲ့ကြတာ ပေါ့။ မကြာခင်ပဲ လူသတ်မာကြီးတစ်ယောက် ကမ္ဘာပေါ်က ပျောက်သွားပြန်တာ ပေါ့ဗျာ။ လိုဏ်ဂူရဲ့ အပြင်ဘက် လေကောင်းလေသန့်ရတဲ့ နေရာ ကျုပ်တို့ ရောက် သွားတော့ အေဗရိုလည်း အတော် သက်သာသွားပါတယ်။

"ကျုပ် သူ့ကိုကြည့်လိုက်တော့ဗျာ လား ... လား ... ကြည့်ရက်စရာ တောင်မရှိဘူး။ သူ့ကိုမြင်ရတော့ ကျုပ်မှာ ကြောက်လည်းကြောက်၊ ဝမ်းလည်း နည်းသွားရတယ်ခင်ဗျ။ သူဟာ မသေကာရှိမှ အသက် ၄၀ တောင်မပြည့်သေးပါ ဘူး။ ဒါပေမဲ့လည်းဗျာ ပြောရဦးမယ် သူ့မျက်နှာကတော့ ပကတိ အသက် ၆၀ အဘိုးကြီးတစ်ယောက်ရဲ့ မျက်နှာပဲ ခင်ဗျ။ နောက်ပြီး သူ့တစ်ကိုယ်လုံးမှာဆိုရင် လည်း အမာရွတ်တွေ၊ အရှိုးတွေနဲ့ကို ပြည့်နေတာပဲ။ ဝမ်ဘီဆိုကဲ့ ငနဲကြီးက အားအားရှိတိုင်း သူ့ကို အပျော်သဘောနဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက် တွေပေါ့။

"အဲ ... အတော်ကလေးလည်း သူ ထူထူထောင်ထောင်လည်း လုပ်နိုင် ရော ဆိုပါတော့။ သူဟာ အလူးအလဲထပြီး ကျုပ်ရှေ့မှာ ဒူးထောက်လိုက်တယ် ခင်ဗျ။ ဒူးထောက်ပြီး ငိုကြီးချက်မနဲ့ ငိုပါလေရောဗျို့။ ငိုရင်းနဲ့ သူ့ရဲ့ ကြုံလှီနေတဲ့ လက်တွေနဲ့ ကျုပ်ခြေထောက်ကို ဖက်ရှာတယ် ခင်ဗျ။ ခြေထောက်ကိုဖက်ပြီး နမ်းမလိုဟောင် လုပ်ရှာသေးတယ်။

"ဒီတော့ ကျုပ်က 'ဟေ့ လူ ဘာလုပ်မလို့တုန်း' လို့ ပြောလိုက်ရတယ် ခင်ဗျ။ အမှန်ကတော့ ကျုပ်ဟာ ဒါမျိုးတွေကို မကြိုက်ဘူးဗျ။ သူက ဒီလိုအောင် လုပ်ပြနေတော့ ကျုပ်မှာ မနေတတ် မထိုင်တတ် ဖြစ်သွားတာပေါ့ဗျာ။

"'ခင်ဗျားကို ဘုရားသခင် ကောင်းချီးပေးပါစေ' လို့ သူက ဆုပေးပြီး 'ကျုပ် ခံစားလာခဲ့ရတာတွေများ ခင်ဗျားသိရင်တော့လား။ အင်း ... နောက်ပြီး တော့လည်းပဲ ခင်ဗျားရဲ့ အသက်ကို ပဓာနမထားဘဲ ငွန့်တားပြီး ကျုပ်ကို လာ ကယ်တာ သိရတော့ တကယ်ပဲ ချီးမွမ်းမိပါသဗျာ။ ခင်ဗျားဟာ မိတ်ဆွေကောင်း မိတ်ဆွေမှန်တစ်ယောက် တကယ့်ကို ပီသပါပေတယ်။ အမြဲတစေ မိတ်ဆွေစစ် ကြီးပါပဲဗျာ။ မိတ်ဆွေစစ်ကြီးပါပဲ' လို့ ပြောရှာတယ်။

"ဒီတော့ ကျုပ်က 'အလကား မဟုတ်တာတွေ ပြောမနေပါနဲ့ဗျာ။ အမှန်ကတော့ ကျုပ်ဟာ စီးပွားရေးသမားပါ။ ကျုပ်လာတာကလည်း ဟိုဆင် စွယ်တွေကို လိုချင်လို့ လာခဲ့တာဗျ' လို့ ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်ပြီး ဆင်စွယ်ပုံ တပ်ကို လက်ညှိုးထိုးပြလိုက်တယ်။ 'ဒီမယ်မိတ်ဆွေ၊ ဒီလောက်များများ ဆင်စွယ် တွေရဖို့ရာ ဘယ်ဆင်လိုက်မုဆိုးဟာ သူ့ခန္ဓာကိုယ်ကို မပြောနဲ့ သူ့ဝိညာဉ်ကို တောင် စွန့်ပြီး မလိုက်ဘဲ နေမှာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့လို့ ကျုပ်က ဘယ်လောက်ပဲ ရှင်းပြ၊ ရှင်းပြ သူက နားမထောင်ဘူးခင်ဗျ။ ဘုရားသခင် ကောင်းချီးပေးပါစေလို့သာ ကျုပ်ကို သူက ဆုတောင်းပေးနေတော့တယ် ခင်ဗျ။ အဲဒီတော့ ဘရန်ဒီကလေး တစ်ကျိုက်လောက် ပေးသောက်လိုက်ရရင်တော့ ဒီလူဟာ စိတ်ငြိမ်သက်သွားမှာပလို့ တွက်ပြီး ဘူးနဲ့ အပြည့်ရှိနေသေးတဲ့ ဘရန်ဒီကို နည်းနည်း အသောက်ခိုင်းလိုက်ရတယ်။

"ကျုပ်တွက်တာ မှန်နေသဗျ။ ဘရန်ဒီလည်း အတော်ကလေး ဝင်သွားရော။ သူလည်း အံ့ဩလောက်အောင်ကိုပဲ လန်းဆန်းလတ်ဆတ်သွားရှာပါတယ်။ အဲဒီနောက် ကျုပ်လည်း ဝမ်ဘီရဲ့ တဲအတွင်းလိုက်ရှာတော့ သားရေနဲ့ စပ်ချုပ်ထားတဲ့ အင်္ကျီတစ်ထည်ကို သွားတွေ့တယ်။ အဲဒီအင်္ကျီကို ဒဏ်ရာနဲ့ပြည့်နေတဲ့ သူ့ကိုယ်ပေါ်တင်ပေးလိုက်တော့ သူလည်း ကြည့်ပျော်ရှုပျော် ဖြစ်သွားတာပေါ့ ခင်ဗျာ။

" 'နေပါဦးဗျ။ ဟိုဝမ်ဘီဆိုတဲ့ အကောင်က ခင်ဗျားကို ထောင်ချောက်ထဲ ဘာကြောင့် ထည့်ချင်ရတာလဲ' လို့ ကျုပ်က မေးတော့ သူက –

"ဒီလို ခင်ဗျ ... စစ်တိုက်ရာမှာ သူတို့ဘက်က တယ်မဟန်တာကို ကြားရပြီး မေဝါက နာလာရဲ့ စစ်တပ်ကို ဦးဆောင်ပြီး တိုက်နေတာကို သိသွားတယ်။ သစ်ရွက်တွေပေါ်မှာ ကျုပ်က စာရေးပြီး မေဝါကို ပေးလိုက်တယ်ဆိုတာကို ဝမ်ဘီရဲ့ မယားတစ်ယောက်က မြင်လိုက်ရတယ်ဆိုတဲ့အကြောင်း ဝမ်ဘီကို သွားပြောတယ် ခင်ဗျ။ ဒါက မေဝါ ကိုယ်လက်သန့်စင်ဖို့ ဆိုပြီး ရွာက ထွက်မသွားခင်မှာပေါ့ ခင်ဗျာ။

"ဒီတော့ တောင်ကုန်းကို ခင်ဗျားက သိမ်းထားတာရယ်။ တောင်ပေါ်က နေပြီး နာလာရဲ့ စစ်တပ်ဆင်းလာတာရယ်။ ဒါတွေဟာ ကျုပ်ပရောဂနဲ့ မကင်းဘူးလို့ သူက တွက်တော့တာပေါ့။ ဒါကြောင့် ဘာအကူအညီမှ ရောက်မလာနိုင်ခင် ကျုပ်ကို သေအောင် ညှဉ်းဆဲမယ်ဆိုပြီး ထောင်ချောက်ထဲ ထည့်မယ် လုပ်တော့တာပဲဗျာ။ ဘုရား ... ဘုရား ... အမယ်လေး ကံကောင်းထောက်မ၊ လို့သာ အင်္ဂလိပ်စကားပြောသံကို ကျုပ်အခုလို ပြန်ပြီး ကြားရတာပါ ခင်ဗျာ' လို့ ဝမ်းနည်းပက်လက်ပြောရှာတယ်"

ထိုအခါ ကျွန်ုပ်က –

"ဒီမယ် ... အေဗရီ ... ဒီမှာ ခင်ဗျား အကျဉ်းသားဖြစ်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"၆ နှစ်ကျော်ကျော်လောက်ရှိသွားပြီ ကွာတာမိန်းရေ။ ၆ နှစ်က ဘယ်နှစ်လစွန်းမှန်းတောင် မမှတ်မိတော့ပါဘူးဗျာ။ ကျုပ်ဒီကို လာခဲ့တာက မေဂျာအော်(လ်)ဒေးရယ်။ တခြားအင်္ဂလိပ်အမျိုးသား ၃ ယောက်ရယ်။ အထမ်း





"ဒီနောက် မေဝါက ဆက်ပြီး 'ရှင့်မယားအဖြစ်နဲ့ ပေးအပ်ခြင်းခံရတဲ့ မိန်းမ မဟုတ်လား။ ဒီမယားရဲ့ ကလေးကို ရှင် သတ်ပစ်လိုက်တယ်လေ။ ရှင့်မယား မဟုတ်ရင်လည်း ရှင်သေတာကို ကြည့်ဖို့ ရောက်လာတဲ့ ကလဲ့စားချေမယ့် ဝိညာဉ်ကောင်ပဲ သိရဲ့လား' လို့ ပြောလိုက်တာကိုး။

"အဲဒီလိုပြောရင်း မေဝါဟာ သူ့ခါးမှာ ချည်ထားတဲ့ အိတ်ကလေးထဲက ကလေးရဲ့ လက်ခြောက်ကလေးကို ဆွဲထုတ်ပြီးပြလိုက်တယ်။

"ဒါဟာ ကလေးရဲ့ လက်မဟုတ်လား။ ဘာဖြစ်လို့ ဒီကလေးရဲ့ လက်ဟာ တစ်ဘက်တည်း ဖြစ်နေရတာလဲဟင် ... သိလား၊ ကလေးရဲ့ ကိုယ်ကနေပြီး ဒီလက်ကလေးကို ဘယ်သူက ဖြတ်လိုက်တာလဲ။ နောက်ပြီး ကလေးကကော ဘယ်မှာလဲ၊ ဒါဟာ လက်မှ ဟုတ်ရဲ့လား ဟင်၊ ဒါဟာ လက်မဟုတ်ဘူးဆိုရင် ရှင့်လည်မျိုကို မကြာခင် ဆုတ်ဖြဲပစ်မယ့် အိပ်မက်ထဲမှာမြင်ရတဲ့ လက်များဖြစ်နေမလား။

"နောက်ပြီး ရှင့်စစ်သားဆိုတာတွေကော ဘယ်ရောက်ကုန်ကြပြီလဲ ဝမ်ဘီ၊ စားကြသောက်ကြပြီး ရှင်အမိန့်ပေးတဲ့အတိုင်း လုပ်ဖို့ သွားကုန်ကြပြီလား ဟင်၊ ဒါမှမဟုတ်လည်း သူတို့ သေကုန်ကြပြီလား ... ဆောင်းရာသီမှာ ကြွေပြီး လွင့်သွားတဲ့ သစ်ရွက်တွေလို လွင့်ကုန်ကြပြီလား"

"မေဝါဟာ တင်းမာခက်ထန်တဲ့ မျက်နှာထားနဲ့ အဲဒီလို ပြောနေတုန်း ဟို အကောင်ကြီးကတော့ တညည်းညည်း တညူညူနဲ့ မျက်လုံးကြီးတွေ ဝိုင်းနေတော့တာပဲ။

"ဒီနောက် မေဝါက ဆက်ပြီး 'ပြောစမ်းပါဦး ဝမ်ဘီ ... ရှင်ဟာ ဇော်ဘွားကြီးတစ်ပါး ဟုတ်သေးရဲ့လား။ ဒါမှမဟုတ်ဘဲ ရှင့်ရာထူးနဲ့ ရှင့်အာဏာတွေကို တခြားတစ်ယောက်က ယူထားပြီလား။ ဒီမယ် သခင်ကြီးရဲ့ ထောင်ချောက်ထဲမှာ ရှင်အခု ဘာလုပ်နေတာလဲ။ ဒီမယ် သခင်ကြီးရဲ့ ဇော်ဘွားကြီးရဲ့ ... ရှင် အိပ်မက်များ မက်နေတယ်လို့ ထင်သလားဟင်။ ဒါမှမဟုတ်လို့ ...'

"အဲသလို မေးလိုက်ပြီး မေဝါဟာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ သူ့လက်တွေကို ဝမ်ဘီရဲ့ မျက်နှာနဲ့ကပ်ပြီး ထိုးတော့ ကြိတ်တော့မယ့်အတိုင်း ပြောလိုက်ပြန်သဗျ။ 'ဒီလိုမှ မဟုတ်ရင်လည်း မိန်းမတစ်ယောက်ရဲ့ လက်စားချေချက် မိသွားပြီလို့ ပြောမလား ... ပြောစမ်းပါဦး၊ ရှင့်ရဲ့ မတရား ညှဉ်းပန်းတတ်တဲ့ အင်အားစုကို မိန်းမတစ်ဦးရဲ့ ဉာဏ်က အနိုင်ယူလိုက်ပြီလို့ ဆိုမလား။ ကလေး ကလေးတွေကို မသနား မညှာတာ ရက်ရက်စက်စက် သတ်လို့ ချေမှုန်းပစ်နေတဲ့ လူသတ်သမားကြီးရဲ့ ... ဒီမှာ ကြည့်စမ်းပါဦး။ ရှင်ဟာ ခေါင်းဆိုးကြီးနဲ့ ဘဖြည်းဖြည်း ဝေဒနာခံစားပြီး သေရတော့မယ် မဟုတ်လား ... ဟင်'



www.burmeseclassic.com

www.burmeseclassic.com



"မေဝါဟာ သူ့စိတ်ထဲမှာရှိတာတွေ ဖွင့်မပြောကြို ရှုရှုးဝါးဝါး အော်ရင်း ကလေးကလေးရဲ့ လက်ခြောက်ကလေးကို ငါးဖိုရဲ့ မှုက်နှာဆီ တအားလွှဲပြီး ပေါက်လိုက်တယ်။ ပေါက်လည်းပြီးရော သူကလည်း ဖိုရဲ့ပေါ်ကို သတိမေ့လဲကျ သွားတော့တာပဲ ခင်ဗျ။ သရဲသဘက်ကြီး ပမ်းတီကဆောင့်ဖို့ ဆောင်ချောက်ထဲက သံညှပ်ကြီးဆွဲကြားထဲ မိနေရာက ကိုးသာဆုတ်သာကလေးရှိတဲ့ နေရာမှာ တတ် နိုင်သမျှ ကပ်နေရင်း နာလှန်း ကြောက်လှန်းနေတဲ့ဖို့၊ သူ့မျက်လုံးဝါကြီးတွေဟာ အပြင်ကို ကျွတ်ကျမတတ် ပြူးပြီး ဟစ်ချိုဝဲ့စိမ်းတောင်း တစ်အားကုန် အော်ပြန် တော့တာပဲ။

"သူ့ကို ကြည့်ရတာ ကျုပ်ပေည်း အင်မတန် စိတ်မကောင်းဖြစ်သွား မိတယ်။ သူ့အဖြစ်ကို မကြည့်ရက်တော့ဘူးလေဗျာ။

"ဒီနောက် နာလာကို ကျုပ်က -

"ဒီမယ် နာလာ ... ဒီလောက်ဆိုရင် တော်လောက်ပါပြီလေ။ လူကြီးက တော့ တကယ့်လူယုတ်မာကြီးပါပဲ။ နို့ပေမဲ့ ထောင်ချောက်ထဲမှာ ဒီလိုပဲ ဝေဒနာ ခံစားပြီးတော့ မသေပါစေနဲ့၊ တစ်ခုခုတော့ ခင်ဗျား လုပ်ပါဦးဗျာ' လို့ ပြောလိုက် တယ်။

"ဒီတော့ နာလာက 'ဟာ ... ဘယ်ဟုတ်မလဲ၊ လူသေကို သူက ဒါ ကြီးနဲ့ ညှဉ်းဆဲပြီး သူသတ်လာခဲ့တဲ့ ဥက္ကာပဲ။ ဒီတော့ ဒါကြီးနဲ့ပဲ သူ့ကို သေရစေ မယ်ပေါ့။ သူများကို ကျွေးတဲ့ အစာသူလည်းပဲ စားရမှာပေါ့ ... မဟုတ်ဘူးလား။ သေတဲ့အထိ ဒီလိုပဲ ထားရမှာပေါ့"

"မလုပ်ပါနဲ့လေ ... ကျုပ်တော့ သဘောမတူနိုင်ဘူး။ သေရမှာဖြင့် လည်း မြန်မြန်သေတာက ကောင်းပါတယ်။ ကြည့်ပြီးစိမ်းလိုက်ပါ ... ဟုတ်လား"

"ကျုပ်က အဲဒီလိုပြောလိုက်တော့ နာလာက ပခုံးကို တွန့်ပြီး -

"ဒါကတော့ မာကူမာစန်ရဲ့ သဘောပါလေ။ ဒါပေမဲ့ ဟိုလူဖြူနဲ့ မေဝါကို အပြင်ဘက် ထုတ်သွားပါရစေဦး"

"ဒီနောက် စစ်သားတွေက မေဝါနဲ့ လူဖြူကို အပြင်ဘက်ထုတ်သွားကြ တယ်။ အေဇရီကိုတော့ စစ်သားတွေက ထမ်းပြီး ထုတ်သွားလို့ သူ့ရှေ့ကို ရောက်တဲ့အခါ သူ့စိတ်က ရက်စက်ကြမ်းကြုတ်သလောက် သရဲဘောကြောင်တဲ့ ဘသားချောကြီးက သူညှဉ်းပန်းခဲ့တဲ့ အေဇရီကိုပဲ သူက ပြန်ပြီး တောင်းပန်နေ သေးသဗျ။ သူ့အသက် ချမ်းသာရာရအောင် ပြောပေးပါတဲ့။ ကျုပ်တို့သာ အချိန် မီရောက်မလာရင် အေဇရီသေရမယ့်နည်းမျိုးနဲ့ သူ့အခု မသေပါရစေနဲ့တဲ့။ သူ့အသက်ကို ကယ်သွားပါတဲ့ ... ပြောနေရှာခင်ဗျာ။





အတွင်းကို တရကြမ်း ဝှတ်ဝင်သွားကြတာပဲ။ အတွင်းဘက် ရောက်တော့ ဒါတွေ ကို မြင်ရတာပဲဗျို့။ အလင်းကဝင်လာပြီး အထဲမှာ ခပ်မှောင်မှောင်ဆိုတော့ မြင်ရတာ ပထမ မြင်လိုက်ရတာက မသဲမကွဲပေါ့။

"လိုဏ်ဂူရဲ့အလယ်မှာ ငုတ်တိုင်ကြီးတွေကို ဟိုဘက်ဒီဘက် စိုက်ထား ပြီး ငုတ်တိုင်ကြီးပေါ်မှာ ချည်ထားတာက စပရိန်နှစ်ချောင်းတပ်ထားတဲ့ ရောမ ခြင်္သေ့ ထောင်ချောက်ကြီးခင်ဗျ။ ချွန်ထက်တဲ့ အသွားကြီးတွေက ပါးစပ်ကြီး တစ်ခု ဖြဲထားသလို ဖြဲထားတယ် ခင်ဗျ။ ညှပ်ဖို့ အသင့်ပြင်ထားပြီးပြီလေး ထောင်ချောက်ကြီးရဲ့ ဟိုဘက်နား၊ အို ... မဟုတ်သေးပါဘူး။ ထောင်ချောက်ကြီး ရဲ့ အပေါ်နားလောက် ရောက်လုမတတ်မှာပဲ ဆိုပါတော့။ လူတစ်ယောက်ဟာ တအားကုန် ရုန်းကန်နေတာ မြင်ရတယ် ခင်ဗျ။

"လူကတော့ လူဖြူတစ်ယောက်ပဲ၊ ကိုယ်မှာ ပတ်ထားတဲ့ အဝတ်မရှိ သလောက်ဘဲ ဆိုပါတော့ ခင်ဗျာ။ ဝတ်လစ်စလစ်လောက်ကို ဖြစ်နေတယ်။ မျက်နှာပေါ်က ပါးပြင်းမွေးနဲ့ မုတ်ဆိတ်မွေးတွေက သူ့ရင်ဘတ်ပေါ်ကျလို့ အတင်းရုန်းကန်နေရှာတယ်။ နို့ပေမဲ့ ဘယ်လိုရုန်းရုန်း မရဘူး ခင်ဗျ။ မိန်းမကြီး ၄-၅-၈ ယောက်လောက်က သူ့ကို ထောင်ချောက်ရှိတဲ့ နေရာကို အတင်းဆွဲခေါ် နေကြတော့ ခမျာ ဒရွတ်ဒရွက်နဲ့ ပါသွားနေရှာတယ်။

"သူတို့အထဲမှာ ယောက်ျားဆိုလို့ တစ်ယောက်တည်းပဲ တွေ့ရသဗျ။ ခပ်ဂဝ၊ မျက်လုံးသေးသေး၊ နှုတ်ခမ်းပဲ့ကြွနဲ့ မျက်နှာက အင်မတန် ရက်စက်တဲ့ ပုံပဲ။ ဒီလူကြီးဟာ တခြားသူ မဟုတ်ဘူး။ ဝမ်ဘီပဲ ခင်ဗျ။ သူကတော့ ထောင် ချောက်နားမှာ မတ်တတ်ရပ်နေတယ်လေ။ မိန်းမတွေ ဆွဲခေါ်လာတဲ့လူဖြူဟာ ထောင်ချောက်နားကို အလောတော်ရောက်တဲ့အခါ ထောင်ချောက်ထဲကို တွန်း ထည့်ဖို့ အဲဒီလူက စောင့်နေတာကိုး။

"အဲဒီအခိုက် ကျုပ်တို့ဝင်လာတာကို သူတို့မြင်သွားပါလေရော။ သူတို့ ဟာ ခဏကြက်သေသေပြီး ကြည့်နေတုန်း ကျုပ်ဖြင့် ဘာလုပ်လိုက်မှန်းတောင် မသိလိုက်ဘူး။ 'မေဝါ' ဟာ သူကိုင်လာတဲ့လှံကို ရှတ်တရက် မြှောက်တဲ့ပြီး ဝမ်ဘီရဲ့ခေါင်းကို ချိန်ပစ်လိုက်တော့တာပဲဗျို့။ လှံသွားဟာ လက်ခနဲ အရောင် ထွက်ပြီး ဝမ်ဘီဆီဘန်းသွားတာ ရိပ်ခနဲ မြင်လိုက်ရတယ်။ ဝမ်ဘီကလည်း မြန်သဗျို့။ သူ့ကိုလှံမထိအောင် ဖျတ်ခနဲ နောက်ဘက်ကို နောက်ပြန်ဆုတ်ပေး လိုက်တယ်။

"ဟောဗျာ ... အဲဒီလို ဆုတ်လိုက်တော့ ဘာပြောကောင်းမလဲ။ ဝမ်ဘီ ဟာ ခြင်္သေ့ထောင်ချောက်ထဲ ဝင်မိလျက်သားဖြစ်သွားတော့တာပဲဗျို့။ 'ကိုက် တတ်သော ပစ္စည်းကြီး' ဟာလည်း သက်ရှိသတ္တဝါကောင်ကြီးတစ်ကောင်လို



www.burmeseclassic.com

www.burmeseclassic.com



ဂိုင်းခနဲ အသံမြည်ပြီး သူ့အသွားချွန်ကြီးတွေနဲ့ ဝမ်ဘီရဲ့ အသားထဲကို မြုပ်ဝင်သွားအောင် ခဲလိုက်ပါရော။ အို ... ဘာပြောကောင်းမလဲ။ အော်လိုက်တဲ့ အသံကြီးဟာ ကျုပ်တစ်သက် ဒါလောက်ကြောက်စရာ ကောင်းတဲ့အော်သံမျိုး မကြားဖူးပါဘူးဗျ။

"လူတွေကို မရေမတွက်နိုင်အောင် ထောင်ချောက်စာ ကျွေးပြီး ညှဉ်းဆဲလာခဲ့သမျှ အခုတော့ သူကိုယ်တိုင် နပူးတွေ့ဒူးတွေ့ တွေ့သွားရပြီလေ။ ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် ခရစ်ယာန်လူကောင်းတစ်ယောက်ပါလို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ သူ့အတွက် စိတ်မကောင်းဖြစ်မိတယ်လို့ ကျုပ် မပြောနိုင်တာကတော့ အမှန်ပါပဲ။

"မေဝါရဲ့ လက်ကပစ်လွှတ်လိုက်တဲ့ လှံဟာ ရှေ့ကို လွန်သွားပြီး အေဗရီကို ဖမ်းကိုင်ထားတဲ့ မိန်းမကြီးတစ်ယောက်ရဲ့ လက်မောင်းကို စိုက်ဝင်သွားတယ် ခင်ဗျ။ ဒီတော့ မိန်းမကြီးဟာ အေဗရီကို လက်က လွှတ်ပေးလိုက်ရတာပေါ့။ ဒီမိန်းမကြီးက အေဗရီကို အဲဒီလို လွှတ်လိုက်တယ်ဆိုရင်ပဲ တခြားမိန်းမကြီးတွေကလည်း အကုန်လုံး လွှတ်ပေးလိုက်ကြရောဗျို့။ အဲဒီလိုလည်း လွှတ်ပေးလိုက်ရော အေဗရီခမျာ မြေပေါ်ကို ဘုတ်ခနဲ ကျသွားပြီး မောရှာလွန်းလို့ ဟောဟဲဟောဟဲ ဖြစ်နေရှာတော့တာပဲ။

"ဟိုမိန်းမကြီးတွေကို သတ်ပါတော့လားလို့ နာလာက မိုးချုန်းသံကြီးလို အော်ပြီး အမိန့်ပေးလိုက်တယ်။ အဲဒီလို မိန်းမကြီးတွေကို လက်ညှိုးထိုးပြရင်း သူက အမိန့်ပေးလိုက်တော့ အေဗရီက 'မသတ်ကြပါနဲ့ ... ချမ်းသာပေးလိုက်ကြပါ။ ဒီမိန်းမကြီးတွေဟာ ဝမ်ဘီက အမိန့်ပေးလို့သာ လုပ်ကြရတာပါ' လို့ ပြောပြီး ထောင်ချောက်တဲ့ မိနေတဲ့ လူဆိုးကောင်ကြီးကို လက်ညှိုးထိုးပြလိုက်တယ်။

"ဒီနောက် ကျုပ်တို့တစ်တွေ နောက်ကိုဆုတ်ပေးဖို့ မေဝါက လက်နဲ့အချက်ပြလိုက်တယ်။ သူကလဲ့စားချေဖို့ အချိန်ရောက်လာပြီ မဟုတ်လား။ ကျုပ်က နောက်ဆုတ်ပေးလိုက်တော့ မေဝါဟာ သူ့ယောက်ျားကြီးဆီကို လျှောက်သွားတယ်။ သူ့ဝတ်ရုံဖြူကို လွှားခနဲ တစ်ချက်ဖြန့်လိုက်ပြီး ဝမ်ဘီရဲ့ ရှေ့မှာ မားမားကြီး သွားရပ်လိုက်တယ်။ သူ့ရဲ့ လှပတဲ့ မျက်နှာကတော့ ကျောက်ရုပ်မျက်နှာကြီးလို တည်တည်ကြီးနဲ့ ဟိုလူကြီးကို ကြည့်လျက်ပဲ။

"ဒီနောက် 'ဒီမှာ ကြည့်စမ်း ကျုပ်ဟာ ဘယ်သူလဲဆိုတာ' လို့ မေဝါက ကြောက်ခမန်းလိလိအသံကြီးနဲ့ အော်ပြီး မေးလိုက်တော့ ဟိုလူကြီးဟာ အအော်ရပ်သွားတယ်။





တယ်။ နောက်ဆုံး ကျုပ်ရဲ့ အကြံဉာဏ်ကို ပြောဖို့ တောင်းပန်တော့မှ ကျုပ်က အဲဒီလို ပြောလိုက်တယ်။

"ဘယ်လိုပြောလိုက်သလဲဆိုတော့ 'နာလာဟာ ဇူးလူးဘုရင်တီချာကာ (T'Chaka)ရဲ့ စံနမူနာကို ယူဖို့ကောင်းကြောင်း၊ မာတူကူတွေ ဖျက်ဆီးသတ်ဖြတ်မပစ်ဘဲ မိမိ၏လူမျိုးနှင့် ရောဖက် ပေါင်းစပ်ပေးလိုက်ရင် ကောင်းမည်ထင်ကြောင်း ရန်သူ အကျဉ်းသားများတွင် မိန်းမတွေ အမြောက်အမြား ရှိနေကြောင်း သူတို့ကို စစ်သားတွေရှိတဲ့နေရာ စေလွှတ်ပြီးလိုလားချက်ကို ပြောဆိုအကြောင်းကြားနိုင်ကြောင်း။

"လိုလားချက်မှာ ဤသို့ဖြစ်ကြောင်း၊ စစ်သားများ ပြန်လာကြပြီးလျှင် လက်နက်ချကြရမည့်အကြောင်း၊ လက်နက်ချပြီးနောက် နာလာ၏သစ္စာကို ခံယူစေရမည့်အကြောင်း၊ ဤသို့ဆိုလျှင် သူတို့၏ မြို့နှင့်တကွ သူတို့ကျွဲနွား စသည်တို့ကို သူတို့အား ပြန်လည်ပေးအပ်မည့်အကြောင်း၊ ဝမ်ဘီ၏ ကျွဲ နွား စသည်တို့ကိုသာလျှင် စစ်လျော်ကြေးအဖြစ် နာလာက သိမ်းယူမည့်အကြောင်း။

"ထို့ပြင် ဝမ်ဘီတွင် သူ၏အရိုက်အရာကို ဆက်ခံရန် သားသမီးမကျန်ရစ်သဖြင့် မေဝါအား လူမျိုးစု၏ စော်ဘွားအဖြစ် ကြေညာပေးရမည့်အကြောင်း၊ သို့သော် မေဝါသည် နာလာ၏ လက်အောက်ခံ စော်ဘွားသာဖြစ်စေရမည့်အကြောင်း၊ အထက်ပါအချက်များကို ဒုတိယမြောက်နေ့ နံနက်အချိန်အထိတွင်မှ လက်ခံလိုက်လျောခြင်း မပြုလျှင် စစ်ကို ဆက်လက်တိုက်ခိုက်လိုသော ဆန္ဒရှိသည်ဟု မိမိတို့က ယူဆမည်ဖြစ်ကြောင်း။

"ဤသို့ဆိုလျှင် သူတို့၏မြို့ကို မီးတိုက်ဖျက်ဆီးပစ်မည့်အပြင် ယခုကျုပ်တို့လူများက စုဆောင်းသိမ်းယူထားသည့် မြောက်မြားလှစွာသော သူတို့၏ ကျွဲနွားများကို သိမ်းယူပြီးလျှင် သူတို့အား ပြေး၍မလွတ်အောင် လိုက်လံတိုက်ခိုက်မည်ဖြစ်ကြောင်း စသည့်တို့ကို အကြောင်းကြားဖို့ ကျုပ်က အကြံပေးလိုက်တယ် ခင်ဗျ။

"ကျုပ်ရဲ့အကြံပေးချက်ဟာ မှန်မြတ်တယ်။ သင့်လျော်တယ်ဆိုပြီး အားလုံးက သဘောတူထောက်ခံကြတယ်။ ဒီအကြံအတိုင်း ဆောင်ရွက်ကြတယ်။ မိန်းမတွေကို လွှတ်ပြီး ကျုပ်တို့ လိုလားချက်တွေ သွားပြောချေကြလို့ဆိုတော့ သူတို့ရဲ့မျက်နှာကို ကျုပ်အကဲခတ်ကြည့်တဲ့အခါ အခုလို လိုက်လျောတောင်းဆိုလိမ့်မယ်လို့ သူတို့မျှော်လင့်မထားဘူးဆိုတာ တွေ့ရသဗျ။ ဒါလောက်သာ ကျုပ်တို့က တောင်းဆိုတဲ့အတွက် သူတို့သွားရမယ့် ကိစ္စဟာ မအောင်မြင်ခရာ အကြောင်းမရှိဘူးလို့ ယူဆကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ ... ကျုပ်တို့ကတော့ ရန်သူ့ဘက်က အလစ်ဝင်မတိုက်နိုင်အောင် တစ်နေ့ခင်းလုံး ပြင်စရာဆင်စရာရှိတာတွေ ပြင်နေကြတာပဲ။ နောက်ပြီးတော့ နှစ်ဘက်စလုံးက ထိခိုက်ဒဏ်ရာရတဲ့ လူတွေကို စုဆောင်းပြီး တဲလွတ်တွေဆီကို ယူလာရတယ်။ အရေးပေါ်ဆေးရုံကလေးဆိုပါတော့ဗျာ။ အဲဒီမှာ သူတို့ကို တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ပေးရတယ်။

"အဲဒီညနေမှာတော့ အေဗရီဟာ ၆ နှစ်အတွင်း ပထမဆုံးအကြိမ် ဆေးတံကို သောက်ရခြင်းပဲခင်ဗျ။ သူ့ခများဗျာ ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျမတတ်ဖြစ်သွားရှာတယ်။ ညကျတော့ တစ်ညလုံး ဘာမှ အကြောင်းမထူးဘဲ မိုးလင်းသွားတော့တယ်။ မနက်ကျတော့ ကျုပ်တို့ပို့လိုက်တဲ့ သဝဏ်အတွက် ပြန်ကြားချက်ကို သိရသဗျ။ ဘာလဲဆိုတော့ မိန်းမတွေရယ်၊ ကလေးတွေရယ်၊ ယောက်ျားကြီးတချို့ရယ်ဟာ အုပ်စုကလေးတွေဖွဲ့ပြီး တဖွဲဖွဲ သူတို့တဲတွေဆီ ပြန်လာနေကြတာ မြင်ရတယ် ခင်ဗျ။

"တစ်ခုတော့ ရှိသပေါ့ခင်ဗျာ ... ကျုပ်တို့ဘက်က လူတွေအားလုံးကိုတော့ မလုမယက်ဖို့၊ အတင်းအဓမ္မ မယူဖို့ကိုတော့ လုံးဝပိတ်ပင်လို့ မရဘူး။ သူတို့ တိုင်းရင်းသားတွေရဲ့ ထုံးစံအတိုင်း အနည်းအပါးတော့ လုပ်ကြတာတွေ့ရတယ် ခင်ဗျ။ ဒါနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ လူဖြူတွေတောင် စစ်အောင်နိုင်ပြီးတဲ့နောက် လုယူခြင်း၊ အတင်းအဓမ္မသိမ်းပိုက်ခြင်း စတဲ့ အမှုမျိုးတွေကို ကျူးလွန်တတ်ကြသေးတယ် မဟုတ်လား။

"သို့သော် သတိပေးထားတဲ့ ကြားထဲကနေပြီး မိန်းမတစ်ယောက်ကို နှိပ်စက်ကလူပြုတဲ့ စစ်သားကိုတော့ နာလာရဲ့ အမိန့်နဲ့ သတ်ပစ်လိုက်ရသေးတယ်။ အနည်းအပါးတော့ စစ်သားတွေဟာ ပွစိပွစိ ညည်းတွားကြသေးသပေါ့ ခင်ဗျာ။ သို့သော် အဲသလို သတ်ပစ်လိုက်ပြီးတဲ့နောက်တော့ ဘာအမှုအခင်းမှ မရှိတော့ပါဘူး။ အေးအေးချမ်းချမ်း ဖြစ်သွားတော့တာပါပဲ။

"ဒုတိယမြောက်နေ့ မနက်ကျတော့ ရွာလူကြီးတွေရယ်။ နောက်လိုက်နောက်ပါတွေရယ် တစ်ဖွဲ့စီရောက်လာကြတယ် ခင်ဗျ။ နေ့လယ်လောက်ကျတော့ ရွာလူကြီးတွေရဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဘာလက်နက်မှ မကိုင်ဆောင်ဘဲ ကျုပ်တို့ဆီကို လာကြတယ်။

"သူတို့က ဘာပြောသလဲဆိုတော့ သူတို့ဟာ စစ်ရှုံးပြီဖြစ်ကြောင်း၊ ဝမ်ဘီလည်း သေပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ သူတို့အား အနိုင်ယူ တိုက်ခိုက်လိုက်နိုင်သော 'ခြင်္သေ့မင်းကြီး' ၏ စကားကိုလည်းကောင်း၊ ထောင်ထားသော တွင်းအတွင်းသို့ မိမိတို့ကျအောင် ဉာဏ်ကစားပြနိုင်သော တောခွေးလူဖြူကြီး၏ စကားကိုလည်းကောင်း၊ စစ်ပွဲ၏ကံကြမ္မာကို နောက်ဆုံး ဖန်တီးပေးလိုက်နိုင်အောင်





ဦးဆောင်တိုက်ခိုက်သော အာဇာနည် အမျိုးသမီးကြီး မေဝါ၏စကားကိုလည်းကောင်း ကြားနာရန် သူတို့ရောက်ရှိလာရကြောင်း ပြောဆိုကြသဗျ။

"ဒါနဲ့ ကျုပ်တို့ကလည်း ပြောစရာဆိုစရာတွေကို ပြောဆိုပြီးတဲ့နောက် အဘိုးကြီးတစ်ယောက်က ထတဲ့ပြီး ... 'နယ်သူနယ်သားတို့ ကိုယ်စား မိမိတို့၏ ပခုံးပေါ်သို့ တင်ပေးလိုက်သော ဝန်ထုပ်ကို ထမ်းဆောင်ရန် လက်ခံမည်ဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးတစ်ဦး၏ အုပ်ချုပ်မှုသည် ဝမ်ဘီ၏ အုပ်ချုပ်မှုလောက် ဆိုးဝါးမည် မဟုတ်သည့်အတွက်ဖြစ်ကြောင်း၊ ထို့အပြင် မေဝါကိုလည်း သိရှိထားပြီးဖြစ်ကြောင်း၊ မေဝါမှာ အာဇာနည်အမျိုးသမီးကြီးဖြစ်၍ တိုက်ရည်ခိုက်ရည်ရှိသည်ကို သိကြသော်လည်း ကြောက်စရာမဟုတ်ကြောင်း' စသည်ဖြင့် ပြောသွားတယ် ခင်ဗျ။

"အဲဒီနောက် နာလာက သူ့သမီးဖြစ်သူအား သူ့လက်အောက်ခံ စော်ဘွားရာထူးကို လက်ခံရန် ဆန္ဒရှိသလားလို့ မေးတယ်။

"ဝမ်ဘီကို ကလဲ့စားချေလိုက်ပြီးတဲ့နောက် တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက်နေတဲ့ မေဝါက 'စော်ဘွားရာထူးကို သူလက်ခံမည်ဖြစ်ကြောင်း၊ သူ့အပေါ် ကောင်းမွန်သက်ညှာသူများကို သူက ကောင်းမွန်သက်ညှာစွာ အုပ်ချုပ်မည်ဖြစ်ကြောင်း၊ သို့သော် သူ့အား ကလန်ကဆန် လုပ်သူများနှင့် ဖီဆန်သူများကို သံတုတ်ဖြင့် ရိုက်နှက်ဆုံးမ၍ အုပ်ချုပ်ရမည် ဖြစ်ကြောင်း ပြောကြားတယ် ခင်ဗျ။

"မေဝါရဲ့ စိတ်နေစိတ်ထားကို ကျုပ်က ကောင်းကောင်းကြီး သိထားလို့ သူပြောသလိုလုပ်မယ့် မိန်းမစားမှန်း ကျုပ်အကဲခတ်နိုင်ပါတယ်။

"ရွာလူကြီးတွေကလည်း ဤသို့ မေဝါပြောသည်ကို သဘောကျနှစ်ခြိုက်ကြောင်း၊ သူတို့ဘက်က ဘာမှ ပြောစရာမလိုကြောင်း စသည်ဖြင့် ပြောကြားပြီး စည်းဝေးပွဲပြီးဆုံးသွားတယ်။

"နောက်တစ်နေ့ကျတော့ ကျုပ်တို့လည်း ပြန်ဖို့ရန်အတွက် ပြင်ကြဆင်ကြရတာနဲ့ အချိန်ကုန်သွားတယ် ဆိုပါတော့ဗျာ။ ကျုပ်အဖို့ကတော့ ဆင်စွယ်ခံတပ်ကို တူးဖော်ထုတ်နုတ်ယူရာမှာ ကြီးကြပ်ပြောဆိုရတာနဲ့ပဲ တစ်နေ့တာ အချိန်ကုန်သွားသဗျ။ စိတ်ထဲမှာ ဝမ်းအသာကြီးသာ အကျေနပ်ကြီး ကျေနပ်နေသပေါ့ခင်ဗျာ။ စုစုပေါင်း ဆင်စွယ်အချောင်း ၅၀၀ လောက် ရှိသဗျ။

"ဆင်စွယ်တွေနဲ့ ပတ်သက်ပြီး အေဗရီကို မေးကြည့်တော့ ဒီခံတပ်ဟာ ဆောက်လုပ်ထားတာ ကြာလှပြီဖြစ်တဲ့အတွက် ဒီလောက်များတဲ့ ဆင်စွယ်တွေကို မှလဘယ်သူက စုဆောင်းထားခဲ့တယ်ဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်ကြောင်း၊ ဒီဆင်စွယ်တွေကို ဘယ်စော်ဘွားကမှ ရောင်းမပစ်ရဲကြကြောင်း၊ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ချပစ်လိုက်ရင် ကျိန်စာသင့်မလိုလို သူတို့မှာ ယုံကြည်စွဲလမ်းမှု ရှိနေကြကြောင်း ဒါ့ကြောင့် ဘယ်လက်ထက် ဘယ်စော်ဘွားကမှ မရောင်းရဲဘဲရှိကြောင်းနဲ့ အေဗရီ ကပြောလို့ သိရတယ် ခင်ဗျ။

"အေဗရီရယ်၊ ကျုပ်ရယ် အစွယ်တွေကို စစ်ဆေးကြည့်ရှုကြသေးတယ်။ အစွယ်တွေဟာ ဟောင်းနွမ်းလှပြီ ဖြစ်နေပေမဲ့ အကောင်းပတိ ရှိနေသေးတာကို တွေ့ရတယ်။ နောက်ပြီး အားလုံးထဲမှာလည်း အသားအပျော့စားက မဆိုစလောက်ပဲ ပါပါတယ်။ ကျုပ်မှာက နာလာကို အကူအညီပေးပြီးပြီ။ သူ့အမှုကိစ္စကိုလည်း ဆောင်ရွက်ပေးပြီးလို့ ပထမတော့ ဒီလောက် အဖိုးထိုက်တန်လှတဲ့ ပစ္စည်းတွေကို နာလာက ပေးမှပေးပါ့မလားရယ်လို့ စိတ်ထဲမှာ စိုးရိမ်သွားမိသေးတယ်။ ဒါပေမဲ့ နာလာဟာ ဒီလိုလူစားမျိုးမဟုတ်ကြောင်း သိရပါတယ်။

"ဒီကိစ္စကို သူ့ပြောကြည့်တော့ နာလာက 'ယူသွားပါ မာကူမာဇန် ... ယူသာသွားပါ။ ဒါတွေကို ခင်ဗျား ယူထိုက်ပါတယ်' တဲ့။ အင်း ... အမှန်ဆိုရရင်တော့ ဒါတွေကို ကျုပ် ရထိုက်ယူထိုက်တာဟာ အမှန်ပါပဲ။ ဘယ်သူ့များ ကျုပ် ထက်ပိုပြီး ယူထိုက်ဦးမှာလဲ။ ဒါနဲ့ပဲ မာတူကူ အထမ်းသမား ရာပေါင်း အတော်များများကို ငှားပြီး နောက်တစ်နေ့မနက်ကျတော့ ဆင်စွယ်တွေ အားလုံးကို သယ်ပိုး စေပြီး ထွက်လာခဲ့တယ် ခင်ဗျ။

"ဒါနဲ့ ကျုပ်လည်း ထွက်မလာခင် မေဝါကိုသွားပြီး နှုတ်ဆက်ရသေးတယ်။ နယ်မြေကို ငြိမ်ဝပ်ပိပြားသွားအောင် အုပ်ချုပ်နိုင်ဖို့အတွက် ကိုယ်ရံတော် သက်တော်စောင့် လူ ၃၀၀ ကို သူနဲ့ ထားပစ်ခဲ့ရတယ်။ သွားပြီး နှုတ်ဆက်တော့ သူက ဘုရင်မကြီးတစ်ပါးလိုသူ့လက်ကို ကမ်းပေးပြီး နမ်းစေသေးတယ် ခင်ဗျ။ ပြီးတော့ သူက –

" 'မာကူမာဇန် ... ရှင်ဟာ ရဲရင့်ပြီး သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အကူအညီ ကျွန်မ လိုအပ်နေတဲ့ အချိန်မှာ ရှင်ဟာ ကျွန်မကို အကူအညီပေးတဲ့ မိတ်ဆွေကြီးတစ်ဦးပါပဲ။ ဒီတော့ ရှင့်မှာ အကူအညီသော်လည်းကောင်း၊ နေရေးထိုင်ရေး အတွက်သော်လည်းကောင်း ကျွန်မထံက အကူအညီပေးဖို့ လိုအပ်ရင် မေဝါဟာ ရန်သူတစ်ဦးကို မမေ့သလို၊ မိတ်ဆွေတစ်ဦးကိုလည်း မမေ့ဘူးဆိုတာကို သတိရစေလိုပါတယ်။ ကျွန်မမှာ ရှိသမျှဟာ မာကူမာဇန်အတွက် ဖြစ်စေရမယ်ပေါ့' လို့ ပြောရှာတယ်။

"ကျုပ်လည်း သူ့ကို ကျေးဇူးတင်စကားပြောပြီး ထွက်ခွာလာခဲ့တော့တယ်။ အမှန်ပြောရရင် မေဝါဟာ ထူးခြားတဲ့ မိန်းမတစ်ယောက်ပါပဲ။ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်လောက်က သူ့အဖေကြီး နာလာ ကွယ်လွန်လို့ သူက လူမျိုးစု





၂ စုလုံးရဲ့ စော်ဘွားကြီးအဖြစ်နဲ့ တရားမျှတစွာ ကြပ်ကြပ်မတ်မတ် အုပ်ချုပ်နိုင်ဘယ်ဆိုတာလည်း ကြားသိရပါတယ်။

"တကယ်တမ်း ကျုပ်ပြောရမယ်ဆိုရင် ရက်အနည်းငယ်အတွင်းက ဝမ်ဘီရဲ့ ပြို့ကို ချီတက်အလာမှာ တောင်ကြားကို ဆင်းလာခဲ့စဉ်က ဖြစ်ပေါ်ခဲ့တဲ့ စိတ်မျိုးနဲ့ အခု ဝမ်ဘီမြို့ကအထွက် တောင်ကြားကို တက်ရတဲ့အခါမှာ ဖြစ်ပေါ်နေတဲ့ စိတ်ဟာ တစ်မျိုးတစ်ဘာသာစီလို့ ပြောရပါတယ်။ ဝမ်ဘီရဲ့မြို့ကို ချီတက်လာပြီးတဲ့နောက်ပိုင်း အားလုံးကိစ္စတွေ ချောချောမောမောဖြစ်လို့ ကျုပ် ကျေးဇူးတင် ဝမ်းမြောက်တဲ့ စိတ် ဖြစ်မိတယ်ဆိုရင် အေဗရီခမျာ ဘယ်လိုဘယ်ပုံ ဖြစ်နေရှာလိမ့်မယ်ဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ကြပါတယ် ခင်ဗျာ။

"တောင်ကြားထိပ်ကို ရောက်သွားကြတော့ အေဗရီဟာ ဘာပြောကောင်းမလဲ ... စစ်တပ်ကြီး တစ်တပ်လုံးရဲ့ ရှေ့မှောက်မှာပဲ ဒူးထောက်ချလိုက်ပြီး သူလွတ်မြောက်လာရတဲ့အတွက် မျက်ရည်တွေတာတွေတွေကျပြီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရှိသေချီးကျူးတယ် ခင်ဗျ။ သူ့ခမျာအတော့်ကိုပဲ ဒုက္ခရောက်လာရရှာတယ်လို့ ကျုပ်ကိုပြောတယ် မဟုတ်လား။ အကြောက်ကြီး ကြောက်ခဲ့တယ်ဆိုရင်လည်း မှန်တာပေါ့။

"အခုဆိုရင် သူ့ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေကိုလည်း သေသေသပ်သပ် ရိတ်ပြပြီးပြီ၊ သူ့မှာ အကျီနဲ့ဘာနဲ့ ဖြစ်လာတော့ အညှဉ်းဆဲ အနှိပ်စက်ခံဘဝမှာ ကျုပ်တို့သွားပြီး ကယ်ဆယ်လိုက်ရတဲ့ အချိန်ကနဲ့ လုံးဝ မတူတော့ဘူးဗျ။ သူ့နှလုံးသားထဲမှာ မျှော်လင့်ချက်ရောင်ခြည်လည်း သန်းနေပြီလေ။

"ဒါနဲ့ ကျုပ်တို့လည်း တောင်ကြားလမ်းထိပ်မှာပဲ နာလာနဲ့ လမ်းခွဲကြရတယ်။ အေဗရီရယ်၊ ကျုပ်ရယ်၊ ဆင်စွယ်တွေရယ်က မြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့တယ်။ လွန်ခဲ့တဲ့ ရက်သတ္တတစ်ပတ် အနည်းငယ်ကပဲ ဒီမြစ်ကြောင်းကို ကျုပ်ဆန်တက်ခဲ့ရတယ်လေ။

"နာလာကတော့ တောင်ကြီးရဲ့ဟိုဘက်မှာရှိတဲ့ သူ့ရွာကို ပြန်သွားတယ်။ ကျုပ်တို့ကို လိုက်ပြီး စောင့်ရှောက်ဖို့ဆိုပြီး လူ ၁၅၀ ထည့်လိုက်သေးတယ်။ ကျုပ်တို့နဲ့အတူ ၆ ရက်ခရီးအထိ လိုက်သွားဖို့နဲ့ မာတူကူ အထမ်းသမားတွေကို ကြီးကြပ်ကွပ်ကဲသွားဖို့ပဲ။

"ဒီနောက် ၆ ရက်ခရီးအရောက်မှာ သူတို့ပြန်ကြဖို့ပဲ။ ၆ ရက်အတွင်းမှာ ကျုပ်တို့ဟာ နယ်မြေတစ်ခုကို ရောက်နိုင်တယ်။ အဲဒီနေရာမှာ အထမ်းသမားတွေ ပေါ်တယ်။ အဲဒီကနေပြီး 'ဒီလာဂိုအာဘေး' အထိ ဆင်စွယ်တွေကို သယ်ယူသွားနိုင်တယ်ဆိုတာကို ကျုပ်သိထားတယ်။

အထက်ပါအတိုင်း ကွာတာမိန်းက ပြောပြသောအခါ ကျွန်ုပ်က –



www.burmeseclassic.com

www.burmeseclassic.com



"'ဪ ... ဒါနဲ့ ဆင်စွယ်တွေအားလုံးကို ခင်ဗျားတို့ ချောချောမောမော သယ်ယူလာနိုင်ရဲ့လားဗျ' လို့ မေးလိုက်တယ်။

"ဒီတော့ ကွာတာမိန်းက -

"အားလုံးမရခဲ့ပါဘူးဗျာ။ မြစ်တစ်ခုကို ဖြတ်အကူးမှာ သုံးပုံတစ်ပုံလောက် ဆုံးရှုံးခဲ့သဗျ။ ဖြစ်ပုံကဒီလိုလေ၊ ရုတ်တရက် ဆိုသလို မြစ်ရေက ကြီးလာတယ်။ အထမ်းသမားတွေ မြစ်ကိုကူးတဲ့ အချိန်မှာပေါ့။ ဒီတော့ အထမ်းသမား အတော်များများဟာ သူတို့အသက်ဘေးက လွတ်အောင် ဆင်စွယ်တွေကို ပစ်ပြေးကြသဗျ။ ကျုပ်တို့မှာလည်း ပိုက်နဲ့တိုက်ယူဖို့ ပစ္စည်းကလည်း မပြည့်စုံတော့ မြစ်ထဲမှာပဲ ဒီဟာတွေကို ပစ်ခဲ့ရတော့တာပေါ့။ စိတ်တော့ မကောင်းစရာပဲလေ။

"ဒါပေမဲ့ ကျန်တဲ့ ဆင်စွယ်တွေကို ရောင်းချလို့ ငွေပေါင်း ၇၀၀၀ နီးပါးရလိုက်ပါတယ်။ သိပ်မဆိုးဘူးပေါ့ခင်ဗျာ။ ငွေပေါင်း ၇၀၀၀ စလုံး ကျုပ်ရလိုက်တယ်လို့ မဆိုလိုပါဘူး။ ရတဲ့ငွေတစ်ဝက်ကို အေဗရီလက်ခံရမယ်ဆိုပြီး သူ့ကို ကျုပ်က အတင်းပေးပါတယ်။ သူ့ခမျာလည်း ရလိုက်ပါတယ်ဗျာ။ အဲ ... သူလည်း ရတဲ့ငွေနဲ့ပဲ ဆိုင်တစ်ခုဖွင့်လိုက်တာ အခုဆို အတော်ပဲ ကြီးပွားနေပြီဗျ"

ထိုအခါ ကွာတာမိန်း၏ အဇ္ဈတ္တပဗ္ဗကို နားထောင်နေကြသော ပရိသတ်များထဲမှ ဆာဟင်နရီကာတစ်က -

"နောက်ပြီးတော့ ဟိုခြင်္သေ့ ယောင်ချောက်ကြီးကိုတော့ ခင်ဗျား ဘာလုပ်ပစ်လိုက်သလဲဗျ"

"ဪ ... ဒါကြီးလား၊ ဘယ်ထားခဲ့ပါ့မလဲ။ ကျုပ်နဲ့တစ်ပါတည်း ယူလာခဲ့တယ်။ ဒါဗန်မြို့ရောက်တော့ ကျုပ်အိမ်မှာထားသဗျ။ အဖြစ်က ဒီလိုလေ ... ညဥ့်အချိန် ကျုပ်အပန်းဖြေ ဆေးတံကလေးဘာကလေး သောက်တဲ့အခါ ဒါကြီးကို ကျုပ် ရှေ့မှာထားပြီး သောက်လို့မရအောင်ကို ဖြစ်နေတယ်။ ကျုပ်စိတ်ထဲမှာ ဒါကြီးကို ကြည့်ပြီး သနားစရာ ဟိုသူငယ်ကိုရော၊ သူ့ကလေးရဲ့ လက်ပြတ်ကလေးကိုရော မျက်စေ့ထဲမှာ မြင်ယောင်နေမိတယ် ခင်ဗျ။

"ဒါတွင်ကရိုးလား။ ဒီဟာကြီးနဲ့ အညှဥ်းပန်း အနှိပ်စက်ခံပြီး ဒုက္ခရောက်ကြရတဲ့ လူတွေအကြောင်းလည်း စိတ်ထဲမှာ ပေါ်ပေါ်လာတယ်ခင်ဗျ။ ဘယ်အထိ စိတ်ထဲမှာ စွဲလန်းနေမိသလဲဆိုရင် ဒါကြီးက ကျုပ်ရဲ့ ခြေထောက်ကို တောင် ညှပ်ထားတယ်လို့ အိပ်မက်မက်ယူတယ်ဗျ။

"ဒီလောက်တောင်ဖြစ်လာတော့ ကျုပ်လည်း ဒါကြီးကို အိမ်မှာ မထားချင်တော့ဘူးလေ။ ဒါနဲ့ပဲ ဒါကြီးကို ထုတ်ပိုးပြီး ထောင်ချောက်ကို မူလလုပ်ထားတဲ့ အင်္ဂလန်က ကုမ္ပဏီကို သင်္ဘောနဲ့ပို့လိုက်သဗျ။ ကုမ္ပဏီရဲ့နာမည်ကို သံမဏိ





ပြားပေါ်မှာ တံဆိပ်နှိပ်ထားလို့ ကုမ္ပဏီရဲ့လိပ်စာကို သိရတယ်။ သူ့ထောင်ချောက်ကြီးကို ဘယ်ပုံဘယ်နည်း အသုံးချဖူးတဲ့အကြောင်းကိုလည်း စာရေးလိုက်သဗျ၊ ဒီစာကြောင့်ထင်ပါရဲ့ ကုမ္ပဏီက သူ့ထောင်ချောက်ကြီးကို ပြတိုက်တစ်ခုကို လှူဒါန်းပစ်လိုက်သလိုလို သတင်းကြားရတယ်။

ဆာဟင်နရီကာတစ်က ဆက်လက်၍ -

"အင်း ... နောက်ပြီးတော့ ခင်ဗျား ပစ်သတ်တဲ့ ဆင်ထီးကြီး သုံးကောင်ရဲ့ အစွယ်ကြီးတွေကကော၊ နာလာရဲ့ ရွာမှာထားခဲ့ထင်ပါရဲ့ ဟုတ်လားဗျ"

ဤမေးခွန်းကို မေးလိုက်သောအခါ မုဆိုးကြီး ကွာတာမိန်းမှာ မျက်နှာပျက်သွားတော့၏။

ထို့နောက် ကွာတာမိန်းက -

"အင်း ... ဒါကတော့ ပြောရမှာ စိတ်မကောင်းစရာပဲဗျာ။ ဒီအစွယ်ကြီးတွေရော၊ ကျုပ်ရဲ့ တခြား ပစ္စည်းတွေကိုပါ ဒီလာဂိုအာဘောမှာရှိတဲ့ ကျုပ်ရဲ့ ကိုယ်စားလှယ်ဆီကို ပို့ပေးမယ်လို့ နာလာက ကတိပြုတယ်။ ကတိပြုတဲ့အတိုင်းလည်း ပို့ပေးပါတယ်။ ဒါပေမဲ့လို့ ပစ္စည်းတွေ သယ်လာတဲ့ လူတွေမှာက လက်နက်မပါဘူး။ ဒါနဲ့ လမ်းမှာ ကျွန်ကုန်သည်တွေနဲ့ သွားတိုးကြရောဗျို့။ ကျွန်ဖမ်းတဲ့ လူသိုက်ကို ပေါ်တူဂီကပြားတစ်ကောင်က ဦးဆောင်လာတယ်ဗျ။ အဲဒီပေါ်တူဂီကပြားကောင်က ကျုပ်ရဲ့ အစွယ်ကြီးတွေကို သိမ်းယူလိုက်ရုံမကသေးဘူး။ အစွယ်ကြီးတွေကို သူပစ်လို့ ရတာပါလို့ ပြောနေသေးသတဲ့ဗျ။ အခံရခက်လိုက်တာများ ဘာပြောကောင်းမလဲ။ ဒါပေမဲ့ နောက်တော့ ဒီကောင်ကို ကျုပ် ကလဲ့စားချေနိုင်လိုက်ပါတယ်"

မုဆိုးကြီး ကွာတာမိန်းသည် အထက်ပါ စကားများကို ကျေနပ်စွာ ပြောလိုက်ပြီးနောက် ဆက်လက်၍ -

"ဒါပေမဲ့လို့ဗျာ အစွယ်ကြီးတွေကိုတော့ ကျုပ် ပြန်မရလိုက်တော့ပါဘူး။ ဆံပင်ဖြီးတဲ့ ဘီးရပ်(ရှု)တို့ ဘာတို့အဖြစ် ပြောင်းလဲသွားကုန်ပြီလေဗျာ"

သို့ပြောပြီးနောက် မုဆိုးကြီး ကွာတာမိန်းသည် သက်ပြင်းကြီး တစ်ချက်ချလိုက်၏။

"အင်း ... ခင်ဗျားရဲ့ ပုံပြင်ကတော့ တကယ့် အစီပတီ ပုံပြင်ပဲဗျို့။ ကွာတာမိန်းရဲ့၊ သို့သော် -

ဂွဒ်က အထက်ပါအတိုင်း ကြားဖြတ်၍ ပြောလိုက်၏။

"ဘာသို့သော်လဲဗျို့"

ကွာတာမိန်းက သရေပွဲဖြစ်မည်ကို မြင်ယောင်သဖြင့် ခက်ဆတ်ဆတ် ပြန်၍ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂွဒ်က –

"သို့သော် ကျုပ်ပြောတဲ့ ဆိတ်ထီးကြီးတွေ ပုံပြင်လောက်တော့ မကောင်းဘူး ထင်တယ်။ အဆုံးသတ်က ကျုပ်ပုံပြင်လို အဆုံးသတ်ကောင်းမှ မကောင်းဘဲ"

ဤအချက်နှင့် ပတ်သက်ပြီး မစ္စတာ ကွာတာမိန်းသည် တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မပြုချေ။ ဂွဒ်ကဲ့သို့သော လူစားကို ပြန်လည်ချေပနေရန် မလိုဟု ယူဆဟန်တူ၏။

နောက်ဆုံးတွင် ကွာတာမိန်းက –

"လူကြီးမင်းများခင်ဗျား ... အခုဆိုရင် မနက် ၂ နာရီခွဲ ရှိနေပါပြီ။ နက်ဖြန်မနက် တောကြီးထဲ ကျုပ်တို့ အမဲလိုက်ကြမယ်ဆိုရင် ဒီကနေပြီး မနက် ၉ နာရီခွဲတိတိမှာ ထွက်ကြမှ ဖြစ်မယ် ခင်ဗျ"

ထိုအခါ ကျွန်ုပ်က –

"ဒီမယ်လေဗျာ ... ခင်ဗျား နောက်ဆက်ပြီး အနှစ် ၁၀၀ ပဲ အမဲလိုက်ဦး၊ ငုံးငှက်ကြီး သုံးကောင်ကို ပစ်ချလိုက်တဲ့ စံချိန်ကိုတော့ ဘယ်တော့မှ ချိုးနိုင်မယ် မဟုတ်ဘူးဗျို့"

"နောက်ပြီးတော့ ဆင်ကြီးသုံးကောင်ကိုပစ်တဲ့ စံချိန်ကိုလည်း ခင်ဗျား ချိုးနိုင်မယ် မဟုတ်ဘူးဗျ"

ဆာဟင်နရီကာတစ်က ကျွန်ုပ်၏စကားနောက်မှ ဆက်၍ ပြောလိုက်၏။

ထို့နောက်၌ကား ကျွန်ုပ်တို့အားလုံး အိပ်ရာသို့ ဝင်ကြတော့၏။

ကျွန်ုပ်သည် အိပ်မက်မက်ရာတွင် မေဝါကို လက်ထပ်ယူသည့် အကြောင်း၊ လက်ထပ်ပြီးနောက် လုပချော့မွေ့သော်လည်း စိတ်အင်အား ကြီးမားလှသည့် မိန်းမကို ကြောက်နေရသည့် အကြောင်းများကို အိပ်မက်မြင်မက်၍ နေပါတော့သတည်း။

ဒဂုန်ရွှေမျှား

BURMESE CLASSIC .com

www.burmeseclassic.com